169

စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသိတာဂူချောင်

သဲကုန်းဆရာတော် အရှင်ဉာဏိဿရ

ဟောကြားသော

# အဘိဏှပစ္စဝေက္ခိတဗ္ဗသုတ္တန်

တရားတော်

J



သဲကုန်းဆရာတော် အရှင်ဉာဏိဿရ

သဲကုန်းဆရာတော်

အရှင်ဉာဏိဿရ

# အဘိဏှပစ္စဝေက္ခိတဗ္ဗသုတ္တန်

## တရားတော်

ဓမ္မဒါန

နေ့လင်းပိဋကတ်ပုံနှိပ်တိုက်

သာသနာ ၂၅၂၄။ ကောဇာ ၁၃၄၂၊ ခရစ် ၁၉၈၀-ခုအောက်တိုဘာ

ပထမအကြိမ်

၁၉၇၀-ပြည့်နှစ်၊ နိုဝင်ဘာလ

အုပ်ရေ ၂၅၀၀

ဘာသာရေးခွင့်ပြုအမှတ် (၁၄၉၂)

ပန်းချီ — ကျော်သူလှိုင်

ဘလောက် .... ရောင်နီဦး

အဖုံးရိုက် .... အောင်သာပုံနှိပ်တိုက်

စာအုပ်ချုပ် .... သန်းသန်းယဉ်စာအုပ်ချုပ်ဌာန

ရောင်းဈေး ၁၂-ကျပ်

ထုတ်ဝေသူ ဦးသာတင် (၀၇၁၂)

မာဃစာပေထုတ်ဝေရေး

တိုက် ၁၀၊ အခန်း ၃၁၊

ဖ-ဆ-ပ-လ၊ ရန်ကုန်။

ပုံနှိပ်သူ—ဒေါ်တင်လှ (၀၂၀၃၀)

နေလင်းစာပုံနှိပ်တိုက်

အမှတ် ၁၁-၁၂၅-လမ်း၊

ကန်တော်ကလေး၊ ရန်ကုန်။

# ဤစာအုပ်ဖြစ်ပေါ်လာရခြင်းအကြောင်း

မိမိသည် အဘိဏှသုတ် ပါဠိတော်ကို ဘုရားရှိခိုး အမျိုးမျိုး ဝတ်ရွတ်စဉ် စာအုပ်အမျိုးမျိုးတို့၌ တဆယ့်ငါးနှစ်သား အရွယ်ကပင် တွေ့ရဘူးသည်။ ကြည်ညိုသည်ဖြစ်၍ နှုတ်ရကျက်ထားခဲ့သည်။ ဘုရားရှိခိုးတိုင်း ရွတ်ခဲ့သည်။ အဘိဏှသုတ်ဟူသည် ဤမျှသာတည်းဟု ထင်မှတ်ခဲ့သည်။ ဤသုတ်၏အမည်သည် ဤမျှသာတည်းဟု ထင်မှတ်ခဲ့သည်။ တရားခမ္မ လိုက်စားကြသော ဒကာဒကာမများလည်း မိမိကဲ့သို့ပင်ဖြစ်၏။ ဘုရားရှိခိုးစာအုပ် အမျိုးမျိုးနှင့် ဝတ်ရွတ်စဉ် စာအုပ် အမျိုးမျိုးတို့၌ပါသော အဘိဏှသုတ်ကိုပင် ပြည့်စုံသော အဘိဏှသုတ်ဟု ထင်မှတ်ခဲ့ကြ၊ ကျက်ခဲ့ ရွတ်ခဲ့ကြရလေသည်။

မိမိသည် ပါဠိတော်များကို ကြည့်နိုင်သော အခြေအနေ ရောက်သောအခါ ရံခါ စာပေပို့ချလျက် တရားဟောရန် ပါဠိတော်များကို ကြည့်သောအခါ ပဥ္စကနိပါတ် အင်္ဂုတ္တရနိကာယ် ပါဠိတော်၌ "အဘိဏှပစ္စဝေက္ခိတဗ္ဗဋ္ဌာန" သုတ်ဟူသည်ကို တွေ့ရလေ၏။ ဖတ်ကြည့်သောအခါ ပထမပါဠိတော် ငါးပိုဒ်မှာ ဘုရားရှိခိုးစာအုပ်များ၊ ဝတ်ရွတ်စဉ်စာအုပ်များ၌ပါသော စာပိုဒ်များဖြစ်ကြောင်း သိရလေ၏။ ဒုတိယ ငါးပိုဒ်၊ တတိယ ငါးပိုဒ်နှင့် နိဂုံးဂါထာများကား ဘုရားရှိခိုးစာအုပ်နှင့် ဝတ်ရွတ်

စဉ်စာအုပ်များ၌ မပါပဲ ကျန်နေကြောင်း သိရလေ၏။ ကျန်သောစာပိုဒ်များမှာ အဓိပ္ပာယ်လေးနက်သော စာပိုဒ်များဖြစ်၏။ ထို့ကြောင့် လူများစုနှုတ်ထဲ ရောက်နေသော သုတ်ပါဠိတော်မှာ သုတ်၏အမည်လည်း မပြည့်စုံ၊ စာသားများလည်း မပြည့်စုံသဖြင့် ပြန့်ပွားပြီးဖြစ်နေသော အဘိဏှသုတ်ကို အမည်ရော သုတ္တန်စာသားပါ ပြည့်ပြည့်စုံစုံ ဖြည့်စွက်ဖြန့်ဖြူးချင်သော ဆန္ဒ မိမိမှာ ဖြစ်ပွားလာခဲ့ပါသည်။

ဤသို့ဖြစ်ခိုက် မိမိ၏တပည့် ဦးပဉ္ဇင်းနှစ်ပါးက ဤသုတ္တန်ကို ပို့ချပေးပါရန် တောင်းပန်သဖြင့် ပို့ချပေးခဲ့ပါသည်။ မိမိ၏ တပည့်ရဟန်းနှစ်ပါးမှာ ကောကျောင်းနေ ပုဂ္ဂိုလ်များဖြစ်၍ နေ့စဉ် ရွတ်ဖတ်ဆင်ခြင်လျက်ရှိရာမှ သဒ္ဓါတရား ဖြစ်ပွားလာသဖြင့် ဤသုတ်ကို ညတရားပွဲကြီး၌လည်း ကျယ်ကျယ်ပြန့်ပြန့် ဟောပေးပါရန် တောင်းပန်ကြပြန်ပါသည်။ သို့ဖြစ်၍ ဤသုတ်ကို မန္တလေးမြို့၊ စစ်ကိုင်းတောင်ရိုး၊ ရန်ကုန်မြို့တို့၌ ညဉ့်တရားပွဲကြီးများတွင် ဟောခဲ့ပါသည်။ ဟောပြီးပြန်တော့လည်း ဤသုတ္တန်ကိုကြားရသောပရိသတ်ထဲက ဤသုတ်ကို စာအုပ်ငယ်ကလေးများမှာပါသည့်အတိုင်း မပြည့်မစုံရထားသော ဒကာ ဒကာမ သီလရှင်အချို့သည် စာအုပ်ဖြစ်အောင် စီစဉ်ပေးပါရန်တဆင့်ထပ်၍ တောင်းပန်လာကြပြန်ပါသည်။

ဤသို့ ဘောင်းပန်ကြသူတွေထဲမှာ စစ်ကိုင်းတောင်ရိုး စိတ္တသုခချောင်တွင်နေသော လယ်ဘီဆရာသိန်းကြီး၏ သားသမီးများလည်း ရှေ့တန်းက ပါဝင်ကြပါသည်။ သူတို့၏ ဘောင်းပန်ချက်ထဲမှာ—

"ဆရာတော်— ဤအဘိဏှပစ္စဝေက္ခဏတဗ္ဗဋ္ဌာနသုတ်တရားကို တိတ်ခွေမှ ကူး၍ လက်ရေးမူအချောဖြစ်အောင် စီစဉ်ပေးပါဘုရား။ စာအုပ်ဖြစ်အောင် တပည့်တော်တို့ လယ်တီသိန်း သားသမီးများက တာဝန်ယူပါမည်"—

ဟူသော ဝန်ခံချက်များလည်း ပါဝင်လာလေသည်။ သို့ဖြစ်၍ ဤသုတ္တန်ကို ဟောထားသည့် တိတ်ခွေများထဲမှ ရန်ကုန်မြို့၊ ကံဘဲ့ ပဋ္ဌာနိကာယ သာသနာ့ဗိမာန် ကျောင်းတိုက်တွင် ဟောကြားထားသော တိတ်ခွေများမှ ရွေးချယ်၍ ကူးယူစီစဉ်လိုက်ရပါတော့သည်။

ဤ အဘိဏှ ပစ္စဝေက္ခိတဗ္ဗဋ္ဌာနသုတ် တရားတော်၌ ဆင်ခြင်ရန် အောက်ပါအချက် (၅) ချက်ကို ဟောထား၏—

(၁) ဇရာဓမ္မ၊
(၂) ဗျာဓိဓမ္မ၊
(၃) မရဏဓမ္မ၊
(၄) ပိယေဟိမနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ (ပိယဝိပ္ပယောဂဓမ္မ)၊
(၅) ကမ္မဿကတာ။

ဤအချက်(၅)ချက်တို့တွင် ဇရာ ဗျာဓိ မရဏ သုံးချက်တို့ကို ပါဠိတော်အရှိအတိုင်း ဓမ္မသံဝေဂဉာဏ်ဖြစ်အောင် ဆင်ခြင်နည်းနှင့် ဝိပဿနာဉာဏ်ဖြစ်အောင် ဆင်ခြင်နည်းတို့ကို အခြားသုတ္တန်များနှင့် တွဲဖက်၍ ဟောထားပါသည်။ ညတရားပွဲ၌

ဟောထားသော တိတ်ခွေများမှ ပြန်လည်ကူးယူရိုက်နှိပ်ထားသည်ဖြစ်သောကြောင့် စကားပြောများ၊ အမေး အဖြေများ ခက်ခဲသောအရာဌာနတို့၌ ပရိသတ်များ မှတ်မိစေချင်၍ အထပ်ထပ်ဟောထားသော စကားလုံးများ ပါဝင်နေပါလိမ့်မည်။ ညတရားပွဲကြီးထဲမှာ ဝင်ရောက်နာနေဘိသကဲ့သို့ သဘောထား၍ ဖတ်ပါ။ တရားအရသာ ကောင်းစွာခံစားရပါလိမ့်မည်။ ပါဠိတော် အပြည့်အစုံကျက်လိုသူများအတွက် ပါဠိတော်အပြည့်အစုံနှင့် အနက်ကိုလည်း နောက်၌ ထည့်သွင်းဖော်ပြထားပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက်—

(၁) တိတ်ခွေမှ လက်ရေးမူဖြစ်အောင် စိတ်ရှည် ရှည်နှင့် ကူးယူပေးသော ရန်ကုန်မြို့၊ အရှေ့ ပိန္နဲကုန်းတိုက် မိုးညှင်းစံကျောင်းနေ အရှင်သစ္စဝံသ အားလည်းကောင်း၊

(၂) လက်ရေးမူကို အစအဆုံး လက်နှိပ်စက်ရိုက်ပေးသော ရန်ကုန် ပုဇွန်တောင်၊ တောင်လုံးပြန်ရပ်၊ ကျောင်းလမ်း၊ အမှတ် ၄ နေ ဒေါ်အေးမြင့် အားလည်းကောင်း၊

(၃) စာမူမှ စာအုပ်ဖြစ်အောင် ဆောင်ရွက်ပေးသော ၅၀၅/က ကမာရွတ် ပြည်လမ်းနေ ဒကာကြီး ဦးခင်မောင်လတ်အား လည်းကောင်း၊

(၄) ဤစာအုပ် ကုန်ကျသမျှ ဓမ္မဒါန တာဝန်ယူသော မိဘများအား အမှူးထား၍ ရန်ကုန်မြို့၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် ၇-နေ ဦးကြူ - ဒေါ်ခင်မြင့် မိသားစု တို့ အား လည်းကောင်း — ကျေးဇူးတင်လျက် ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

(အရှင်ဉာဏိဿရ)

သဲကုန်းဆရာတော်

သဒ္ဓမ္မသီတဂူချောင်

စင်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။

၁၃၄၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၅-ရက်နေ့

သီတဂူ စာအုပ်အမှတ်(၂)

အဘိဓမ္မာပစ္စဝေက္ခဏာဒေသနာတော်

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိဒါန်း | .... | ၁ |
| အဘိဓမ္မာပစ္စဝေက္ခဏာဒေသနာသုတ်ပါဠိ | .... | ၁၂ |
| အဘိဓမ္မာပစ္စဝေက္ခဏာဒေသနာသုတ်နိဿယ | .... | ၁၈ |
| အဘိဓမ္မာပစ္စဝေက္ခဏာဒေသနာတရားတော် | .... | ၃၇ |
| လက်နက်ကောင်းကလေးတခုတော့ ဆောင်ထားမှ | .... | ၄၁ |
| ထွဋ်ခေါင်ဆရာတော်ရဲ့ သံပေါက်လက်ဘ | .... | ၄၅ |
| ဆောင်ထားရမဲ့ လက်နက်ကောင်း | .... | ၄၆ |
| ပြည့်ပြည့်စုံစုံဖြစ်သွားရအောင် | .... | ၄၉ |
| ဇေတဝန်တရားပွဲ | .... | ၅၀ |
| ဘိက္ခဝေါလို့ ခေါ်ရတာက | .... | ၅၂ |
| ပုဏ္ဏား ဖြယောက် တရားနာသလို | .... | ၅၄ |
| ဝါသနာ ရဟန္တာတောင် ပယ်လို့မရ | .... | ၆၂ |
| အမြဲတမ်း ဆောင်ထားရမဲ့လက်နက် ၅-မျိုး | .... | ၆၁ |
| (၁) အိုခြင်းတရား မလွန်မြောက်နိုင် | .... | ၇၂ |

| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| (၂) အိုတယ်ဆိုတာ ဘာလဲ | .... | ၇၅ |
| (၃) တေဇောခေတ်လေးပါး | .... | ၇၈ |
| (၄) ရုပ်ဇီဝိတ နာမ်ဇီဝိတ | .... | ၈၅ |
| (၅) ဏ္ဍမြွေဘရုးမျှား ရင့်ကျက်လာမှု | .... | ၈၉ |
| သူငယ်ပြန်တယ်ဆိုတာ | .... | ၉၂ |
| (၆) သခ်ဘလက္ခဏာ ၃-ပါး | .... | ၉၅ |
| (၁) ဗျာဓိတရားသည် အနေကန် | .... | ၁၀၇ |
| (၂) ရောဂါဆိုတာ ဘာလဲ | .... | ၁၁၀ |
| (၃) ရုပ်ရဲ့ဝိပရိဏာမသဘော ပိုင်အောင်ရှု | .... | ၁၁၃ |
| သေခြင်းဆိုတာ ဘာလဲ | .... | ၁၁၈ |
| (၁) ရုပ်ဇီဝိတနဲ့ နာမ်ဇီဝိတ ချုပ်ငြိမ်းမှု | .... | ၁၁၉ |
| (၂) အာယု ဥသ္မာ ဝိညာဉ်ရပ်စဲမှု | .... | ၁၂၂ |
| (၂) သေခြင်းလေးမျိုး | .... | ၁၃၀ |
| (၃) သံသေက တဆွေ့ဝ၊ပြဒါးသေက တပြည်ဝ | .... | ၁၃၄ |
| (၁) ခွဲခွါခြင်းနှစ်မျိုး | .... | ၁၄၁ |
| (၁) ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ | .... | ၁၅၅ |
| (၂) ကမ္မဿကတာသမ္မာဒိဋ္ဌိအရေးကြီးတယ် | .... | ၁၆၁ |
| (၃) ကံ ဉာဏ် ဝီရိယ ပြည့်စုံမှ | .... | ၁၆၅ |
| (၄) အားကိုးစရာ ရှာကြည့်စမ်း | .... | ၁၆၉ |
| အကျိုးတရား ၅-ပါး | .... | ၁၇၂ |

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ


(က) အိုခြင်းတရား ဆင်ခြင်ရတဲ့အကျိုး .... ၁၇၂
(ခ) နာခြင်းတရား ဆင်ခြင်ရတဲ့အကျိုး — ၁၇၉
(ဂ) သေခြင်းတရား ဆင်ခြင်ရတဲ့အကျိုး .... ၁၈၄
(ဃ) ခွဲခွာရခြင်းကို ဆင်ခြင်ရတဲ့အကျိုး .... ၁၉၀
(င) ကံတရားဆင်ခြင်ရတဲ့အကျိုး ... ၁၉၄
ဖြေပြေစရာအကြောင်း ၅-ချက် .... ၁၉၈
(က) ငါတယောက်တဲ့ အိုရတာမှ မဟုတ်ပဲ .... ၁၉၈
(ခ) ငါတယောက်တဲ့ နာရတာမှ မဟုတ်ပဲ .... ၂၀၅
(ဂ) ငါတယောက်တဲ့ သေရတာမှ မဟုတ်ပဲ .... ၂၀၈
(ဃ) ငါတယောက်တဲ့သာ ခွဲခွာရတာမှ မဟုတ်ပဲ .... ၂၁၀
(င) ကံပေးသမျှ ငါတယောက်တဲ့မှမဟုတ်ပဲ .... ၂၁၂


မာတိကာပြီး၏။

# နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ထိမထိုးပဲ ထိပေါက်ခြင်းဖြစ်ပါသည်။ ရတနာသုံးပါးနှင့် မိဘ ဆရာတို့၏ ဂုဏ်ကျေးဇူးပါပေ။ မြင့်မြတ်သော လောကီ ကုသိုလ် ဆုလာဘ်ကြီး ရခြင်းဖြစ်၍ အတိုင်းထက်အလွန် ဝမ်း မြောက်ရပါသည်။ မိမိနှင့်မှ ထိုက်တန်ပါလေစဟု တွေးတော အံ့ဩရပါသည်။ သို့ရာတွင် ကျေးဇူးရှင် သဲကုန်းဆရာတော် ဘုရားကိုယ်တိုင် ဤအဘိဓမ္မာသုတ်တွင် ဟောတော်မူသည့် "ကမ္မ ဒါယာဒေါ" ဟူသော ပုဒ်ကို ဆင်ခြင်ရပါသည်၊

ကမ္မဒါယာဒေါ-ကံသာလျှင် အမွေခံရှိချေ၏ ဟူသောအချက် ကို ဆရာတော်ဘုရားက ရှင်းသထက်ရှင်းအောင် "ကံပေးသမျှ သာလျှင် ယူထိုက်သည်၊ ရထိုက်သည်" ဟု ရှင်းလင်းပြတ်သား စွာ ဟောကြားတော်မူပါသည်။ ယင်းသို့တပြီးကား မိမိကံက ပေးသည့်အတိုင်းသာလျှင် ယူရ၊ ရရ၊ အမွေခံရမည်သာ ဖြစ် ချေသည်ဟု ဆင်ခြင်သုံးသပ် အောက်မေ့အပ်ပါသည်။

ကံ-ဟူသောအချက်ကို ဆရာတော်ဘုရားက ဤသို့ ဆက် လက် မိန့်ကြားပါသေးသည်—

အဘိဓမ္မာ-၁

ကမ္မဿကော —ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်၏၊
ကမ္မယောနိ —ကံသာလျှင် ဆင်းရဲ ချမ်းသာတို့၏ အကြောင်းရင်းဖြစ်၏၊
ကမ္မဗန္ဓု —ကံသာလျှင် အဆွေခင်ပွန်းဖြစ်၏၊
ကမ္မပ္ပဋိသရဏော—ကံသာလျှင် ကိုးကွယ်လည်းလျောင်းရာ ဖြစ်၏၊
ကလျာဏံ ဝါ —ကောင်းသည်လည်းဖြစ်သော၊
ပါပကံ ဝါ —မကောင်းသည်လည်းဖြစ်သော၊
တဿ ကမ္မဿ —ထိုကောင်းမှု မကောင်းမှုကံ၏၊
ဒါယာဒေါ —ကောင်းမွေ ဆိုးမွေခံရသည်၊
ဘဝိဿာမိ —ဖြစ်ရအံ့၊ ဣတိ-ဤသို့၊
အဘိဏှံ —နေ့ညဉ့်မပြတ်၊
ပစ္စဝေက္ခိတဗ္ဗံ —ဆင်ခြင်အပ်၏။

ဤကိုရည်၍ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ပါးစပ်ဖျားမှ "ကမ္မဿကာ—ကံအတိုင်းပေါ့၊ သဗ္ဗေ သတ္တာ ကမ္မဿကာပေါ့" ဟု တဖွဖွရေရွတ် ပြောဆိုတတ်ကြပါသည်။ ယင်းသို့ဆိုလျှင် ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျ ကမ္မဿကတာဉာဏ် အမြင်သန်လျက် ရှိနေကြပြီဟု ထင်စရာရှိပါသည်၊ သို့ရာတွင် ဤသို့ဟုတ်ချင်မှ ဟုတ်ဦးမည်၊ အဘယ့်ကြောင့်ဆိုသော် ကမ္မဿကာ-ကံအတိုင်းပေါ့ဟု ဆိုသောအခါတိုင်း မိမိကိုယ်ကို ရည်ညွှန်းသည်ထက် ဆင်းရဲဒုက္ခရောက်နေသော အခြား တပါးသောသူကို လက်ညှိုးညွှန်လျက် ဥပေက္ခာရှုနေကြခြင်း ဖြစ်တတ်ပါသည်။

ထို့ပြင် ကံ–ဟူသောစကား၏ အနက်အဓိပ္ပာယ်တွင်လည်း လွဲမှားတတ်ပါသေးသည်။ လူအသုံးများသလောက် အသုံးမှားတတ်သော စကားဖြစ်ပါသည်။ ဥပမာ—သစ်ပင်ပေါ်မှ ကျသူတဦး ကံကောင်း၍ မသေဟု ဆိုလျှင် မတော်တဆဖြစ်သော ကံကြောင့်ဟု အများက ယူဆတတ်ကြပါသည်။ ကံကောင်းထောက်မ၍ မသေဟု ဆိုလျှင် အနည်းငယ် ပို၍ရှင်းလင်းဖွယ်ဖြစ်သော်လည်း ဤအတိုင်းပင် ယူဆနိုင်ကြပါသေးသည်။

ဆရာတော်ဘုရား ဟောပြတော်မူသောကံမှာ မတော်တဆဖြစ်သော ကံကောင်းပုံမျိုး မဟုတ်ပါ။ အတိတ်သုတ်၌ လာသော ကလျာဏ ဝါ ပါပက ဝါ–ကောင်းသည်လည်းဖြစ်၊ မကောင်းသည်လည်းဖြစ်သော မိမိပြုခဲ့ဘူးသည့် ကံနှစ်မျိုးတို့တွင် အင်အားပိုမိုကြီးမားသော "အကောင်းကံ"က ကူညီထောက်မခဲ့သဖြင့် အသက်မသေခြင်း ဖြစ်ပါသည်။

ဤအချက်ကို ပြက်ပြက်ထင်ထင် သိမြင်စေရန် သံကုန်းဆရာတော်ဘုရားက—

"ကံဆိုသည်မှာ စေတနာ၊
စေတနာသည် ကံ၊
စေတနာကောင်းလျှင် ကံကောင်း၊
စေတနာဆိုးလျှင် ကံဆိုး"—

ဟု ပြတ်ပြတ်သားသားကြီး မိန့်ဆိုတော်မူပါသည်။

ဤအချက်သည် စေတနာကောင်းရှိသူတိုင်းက လက်ပမ်းခေါက်ခတ် ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုဆိုရမည့်အချက်

ဖြစ်ပါသည်။ စေတနာကောင်း စိတ်ကောင်းရှိသူတို့ ကံကောင်းသည်၊ အကျိုးပေးကောင်းသည် ဆိုသောအချက်ထက် တရားမျှတသောအချက်၊ သဘာဝကျသောအချက်၊ အကြောင်းအကျိုးကိုက်ညီသောအချက်သည် အဘယ်မှာ ရှိလိမ့်မည်နည်း။

ထို့ကြောင့်—

ကြံတိုင်းကြံတိုင်း ပါလာသည့် မနောကံစေတနာ၊ ပြောတိုင်း ပြုတိုင်းပါလာသည့် ကာယကံစေတနာတို့ကို အခြေခံသော ကံဝါဒသည် ဗုဒ္ဓဝါဒ စင်စစ်ကြီး ဖြစ်ပါသည်။

ဤစေတနာကံ၏ သဘောကို နှစ်နှစ်ကာကာ ယုံကြည်လျက် ဉာဏ်ဦးစီးသည့် ကမ္မဿကတာ သမ္မာဒိဋ္ဌိဖြစ်မှ ကောင်းသော ကုသိုလ်ကံတွေ ကိုယ်ပိုင်အဖြစ်နှင့် များများကြီး စုဘတ်၊ ဆောင်းတတ်၊ သိမ်းပိုက်တတ်၊ အဆွေခင်ပွန်းအဖြစ် ပေါင်းသင်းတတ်၊ အားကိုတတ်၊ အမွေခံတတ်သော အခြေသို့ရောက်ကြပေမည်။

စေတနာတည်းဟူသော ကံသည် မျိုးစေ့နှင့် တူသည်။ မျိုးစေ့မပါပဲ မြေဩဇာကောင်းချင်တိုင်းကောင်း၊ ရေလောင်းချင်တိုင်းလောင်း အသီးအပွင့် မဖြစ်ထွန်းနိုင်သကဲ့သို့ ဉာဏ်ကောင်းချင်တိုင်းကောင်း၊ ဝီရိယစိုက်ချင်တိုင်းစိုက် ကံမပါလျှင် အကျိုးမပေးနိုင်ပေ။ ထို့ကြောင့် ကံ၊ ဉာဏ်၊ ဝီရိယ ဟူသော အချက်သုံးခုက်တွင် ကံသာလျှင် အဓိကဖြစ်ကြောင်း အဘိဓမ္မာ သုတ်မှ ဆင်ခြင်ဖွယ် ပဋ္ဌမအချက်တွင် ထင်ရှားပါရှိပါသည်။

ကျေးဇူးရှင် သဲကုန်းဆရာတော်ဘုရား၏ ချီးမြှင့်ခြင်းကို ခံရသည်မှာ ကမ္မဒါယာဒေါ်-ကံပေးခြင်းပင် ဖြစ်သည်ဟု နှလုံးသွင်းရပါမည်။ အဘယ်ကံကို ပြုခဲ့မိသနည်း ဟူမူ ၁၃၄၁-ခုနှစ် ကဆုန်လဆန်း ၃-ရက် (၂၈-၄-၇၉) နေ့က ဆရာတော်ဘုရား၏ ခြေတော်ရင်းသို့ ဝပ်စင်းကော်ရော် အပူဇော်ရောက်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ဤကား အနီးဆုံးသော အကြောင်းဖြစ်၍ ဤထက်ဝေးသော အကြောင်းများ အဘိတ်ကံကို အပသား၍ ပစ္စုပ္ပန္နဘဝတွင် ရှိပါသေးသည်။ အဝေးဆုံးသော အကြောင်းကံမှာ ၁၃၃၉-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁-ရက် (၂၁-၁၁-၇၉) နေ့က ရေကျော် ဗိုလ်-အမ်-ဘီ-အေ-အသင်းတိုက် ညတရားပွဲအပြီးတွင် ထိပ်တန်း ရေဒီယိုပိုင်ရှင် ဦးမြင့်သိန်း ကျေးဇူးဖြင့် ဆရာတော် သီတင်းသုံးရာ ယာယီစံကျောင်း၌ သန်ကောင်ချဉ်းနေသောအချိန်၌ ပဌမဦးဆုံး ကာယဝစီ မနောချီလျက် သဒ္ဒါရိုကျိုး လက်စုံမိုး၍ ရှိခိုးဦးချကန်တော့ခဲ့ရပါသည်။

ထိုကဲ့သို့ ဆရာတော်အား ကိုယ်တိုင် မဖူးမြင်ဘူးခင်ကပင် ကက်ဆက်တိတ်ခွေတို့ ကျေးဇူးဖြင့် ဆရာတော်ဘုရား၏ တရားတော်များကို ကြားနာခွင့် ကြည်ညိုခွင့် ရခဲ့ပါသည်။ ယင်းကုသိုလ်စေတနာကံတို့ကို တက်ကြွအောင် နှိုးဆွရာ၌ တနိုင်ငံလုံးအတိုင်းအတာနှင့် ထိရောက်စွာ ထမ်းဆောင်နေကြသော ဦးမြင့်သိန်းကဲ့သို့ ဓမ္မအသံသွင်း ကုသိုလ်ရှင်များ၊ စစ်ကိုင်းတောင်ရိုးမှ ရဟန်းသာမဏေနှင့်တကွ သီလရှင်၊ အလှူခံပုဂ္ဂိုလ် ၅၀၀၀ ကျော်တို့ကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့နေကြသော

ကောင်းမှုရှင်များ၊ မလွန်စျေး ဆန်လှူအသင်းကြီး၏ အသင်းထောက်များ အနေနှင့် ကျေးဇူးရှင် သံကုန်းဆရာတော်ဘုရား၏ တရားပွဲများကို ဖြစ်မြောက်အောင် ဝေယျာဝစ္စအဝဝဖြင့် အိုးပစ် အိမ်ပစ် အချိန်လှူ လုပ်အားလှူနေကြသော ဥပါသကာ ဥပါသိကာများကို အလှူလိုက်အသည်းလိုက် ကျေးဇူးဥပကာ တင်ရှိလျက် သာဓုအနုမောဒနာ ပြုမိပါသည်။

ကောင်းမှု မကောင်းမှုကံ၏ ကောင်းမွေ ဆိုးမွေခံဖြစ်သည့် အကြောင်းမှာ အဘိဏှသုတ်၏ ပဓာနအချက် ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး ဟောကြားရာ၌ ဇရာဓမ္မော–အိုခြင်းသဘောတရားမှစ၍ ဗျာဓိဓမ္မော–နာခြင်း သဘောတရား၊ မရဏဓမ္မော–သေခြင်းတရားတို့ကို အမြဲတမ်း ဆင်ခြင်ရမည့်အကြောင်းကို အစဉ်အတိုင်း ဟောတော်မူပါသည်။

ဤအချက်သုံးချက်ကို ဟောကြားရာ၌ ပါဠိနှင့် အနက်များကို ရွတ်ဖတ်ရုံမက ကျေးဇူးရှင် ထွင့်ခေါင် ဆရာတော်ဘုရားကြီး၏ လင်္ကာလေးများနှင့် ဤသို့တန်ဆာဆင်ပါသည်—

> နုနယ်ရုပ်ဆင်း– ပျိုမျစ်ခြင်းကား– အိုခြင်း နောက်ဆုံး ရှိချေသည်တကား။
>
> ရောဂါကင်းရှင်း–ကျန်းမာခြင်းကား–နာခြင်း နောက်ဆုံး ရှိချေသည် တကား။
>
> ဇီဝိန်တင်းလင်း–သက်ရှည်ခြင်းကား–သေခြင်း နောက်ဆုံး ရှိချေသည် တကား။

ထိုမှတဆင့်တက်၍ 'ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ' ဟူသော ပုဒ်ကိုဟောရာတွင် တဦးသော ဟာရားနှာ ပုဂ္ဂိုလ်အဖို့တွင် ဆင်ခြင်ရန် အလိုအပ်ဆုံးသော တရားပေတကားဟု နှလုံးပိုက်မိပါသည်။

ပိယေဟိ–ချစ်နှစ်လိုအပ်ကုန်သော၊ မနာပေဟိ–နှလုံးကို ပွားစေတတ်သော အဆွေအမျိုး အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့နှင့်၊ နာနာဘာဝေါ–အရပ်တပါးသို့ ပြောင်းသွားသဖြင့် ရှင်ကွဲကွဲရခြင်းသည်၎င်း၊ ဝိနာဘာဝေါ–ဘဝတပါးသို့ပြောင်းသွားသဖြင့် သေကွဲ ကွဲရခြင်းသည်၎င်း၊ အမှိ–ဖြစ်တတ်ချေ၏။ ဣတိ–ဤသို့၊ အဘိဏှံ–နေ့ညဉ့်မပြတ် အဖန်ဖန် အထပ်ထပ်၊ ပစ္စဝေက္ခိတဗ္ဗံ–ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။

အထက်ပါစာပိုဒ်တွင်ပါသော မြန်မာအနက်ပေး စာလုံးများမှာ စာရေးသူ ငယ်စဉ်က မိခင်ကြီးနှုတ်ဖျားမှ တဖွဖွရွတ်သံကို ကြားခဲ့ရသည့်အတိုင်း ရေးချလိုက်ပါသည်။ လူမှန်းသိသည့်အရွယ်ကပင်စ၍ နားနှင့်ကြားခဲ့ရသော အဘိဏှသုတ်တရားတော်ဖြစ်ပါသည်။ မကြားချင်လို့ မနေရအောင် မိခင်ကြီးက နေ့ညဉ့်မပြတ် အဖန်ဖန်အထပ်ထပ်ပင် ရွတ်၍ရွတ်၍ နေပါသည်။ ကြားလည်းကြားချင်ပါသည်။ မိခင်ကြီး ပရိတ်တရားတော်များ၊ ဂါထာတော်များ ရွတ်သောအခါ ဘယ်သီချင်းသံနှင့်မျှ မတူအောင် သာယာနာပျော်ဖွယ် ရှိပါသည်။ အဇ္ဇဝေါ- သုဝေဝေါ–ပရသုဝေဝေါ ယနေ့သော်၎င်း နက်ဖြန်သော်၎င်း၊ သန်ဘက်သော်၎င်း သေရမည့်သဘောတရားကို

ဆင်ခြင်အောက်မေ့ယင်း ရွတ်ဖတ်နေသောအခါ အိမ်သွားအား လုံး ဝိုင်း၍ ရွတ်ဖတ်သံကို နာလေ့ရှိပါသည်။

"ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကာ ကွေကွင်း နောက်ဆုံးရှိချေသည်တကား"

ကျေးဇူးရှင် ထွင့်ခေါင်ဆရာတော် ဘုရားကြီး၏ လက်ာ လေးသည် ပီပြင်လှပါပေသည်။ တိကျလှပါပေသည်။ လေး နက်လှပါပေသည်။ ကလေးလူကြီးနှုတ်ဖျားတွင် ကျက်စားနေ အောင် ရွတ်လွယ်ဖတ်လွယ် ရှိလှပါပေသည်။ နာကြားသူ ဘဝင်စိမ့်အောင် စူးရှနက်နဲလှပါပေသည်။ ထို့ကြောင့်ပင် သံကုန်းဆရာတော်ကလဲ ပဂ္ဂိုဠ်တော်သားတွေကြားမှာ ညှပ်၍ ညှပ်၍ နှုတ်တက်ရွရွ တဖွဖွရွတ်ဆိုတော်မူပါသည်။

ဆရာတော်ဘုရား နှစ်နာရီဟောသည့်အတွင်း၌ တကြိမ်တဲ ရွတ်တော်မူသော လက်ာလေးကို ဤကဲ့သို့ အပြေးအလွှား မှတ်သားလိုက်ရပါသည်—

မအိုပါလို ငါကဆိုလဲ၊
ငါဆိုမရ အိုကြရ၊
အနတ္တ ခန္ဓာကိုယ်။

မနာပါလို ငါကဆိုလဲ၊
ငါဆိုမရ နေကြရ၊
အနတ္တ ခန္ဓာကိုယ်။

မသေလိုပါ ငါကဆိုလဲ၊
ငါဆိုမရ သေကြရ၊
အနတ္တ ခန္ဓာကိုယ်။

မခွဲပါလို ငါကဆိုလဲ၊
ငါဆိုမရ ခွဲကြရ၊
အနတ္တ ခန္ဓာကိုယ်။

ကျေးဇူးရှင် သဲကုန်းဆရာတော်ဘုရား၏ အဘိဓမ္မာပစ္စဝေက္ခ ဘာဝနာသုတ္တန် တရားတော်သည် ဤနေရာတွင် အဆုံးမသတ်ပါ။ အိုရမည့် သဘောတရား၊ နာရမည့် သဘောတရား၊ သေရမည့် သဘောတရား၊ ခွဲရမည့် သဘောတရား၊ ကောင်းမကောင်း ကံတို့၏ အမွေခံဖြစ်ရမည့် သဘောတရားများကို ဆင်ခြင်ရမည့် အကြောင်းမှာ ပဌမပိုင်း ဖြစ်ပါသည်။

ဒုတိယပိုင်းတွင် ဤသဘောတရား ငါးပါးကို ရဟန်းရှင် လူတို့ နေ့ညဉ့်မပြတ် အဖန်ဖန်အထပ်ထပ် ဆင်ခြင်သုံးသပ်ခြင်း အားဖြင့် မည်သို့သော အကျိုးတရား ရရှိသည်ကို တပါးစီ တပါးစီ လိ၍ ရှင်းလင်း ဟောကြားတော်မူပါသည်။

တတိယပိုင်းတွင် ဤသဘောတရား ငါးပါးကို မလွန် မြောက်နိုင်သည်မှာ ငါတယောက်တည်းသာမဟုတ်၊ သုံးလောကတွင် ရှိရှိသမျှ လူနတ်ဗြဟ္မာ သတ္တဝါမှန်သမျှ မလွန်မြောက်နိုင်ချေ ဘကားဟူ၍ မိန်းမသည်ရင်း၊ ယောကျ်ားသည်ရင်း၊ အိမ်၌ နေသော လူသည်ရင်း၊ ကျောင်း၌နေသော ရဟန်းသည်ရင်း

နေ့ညဥ့်မပြတ် အဖန်ဖန်အထပ်ထပ် ဆင်ခြင်သုံးသပ် အောက်မေ့အင်ကုန်၏ဟု နိဂုံးကမ္ပတ် အပြီးသတ်တော်မူပါသည်။

ကျေးဇူးရှင် သဲကုန်းဆရာတော် အရှင်ဉာဏိဿရ၏ တရားဒေသနာတော်ကား ပြီးဆုံးသွားပါပြီ။ သို့ရာတွင် ဆရာတော်ဘုရားကြီး၏ အသံတော်ကား နားထဲက မပျောက်သေးပါ။ နားနှင့်ကြားသည်မဟုတ်၊ စိတ်နှင့်သာ ကြားခြင်းဖြစ်၍ သောတဒွါရဖြစ်သော သဒ္ဒါရုံမဟုတ်၊ မနောဒွါရဥ္စဖြစ်သော ဓမ္မာရုံသာ ဖြစ်မည်ထင်ပါသည်။

ဆရာတော်ဘုရား၏ အသံတော်သည် အောင်မြင် ခန့်ညားလှပါပေသည်။ မြန်မာ အနက်အဓိပ္ပာယ်နှင့် လင်္ကာများ ရွတ်သောအခါ ပီပြင်ပြတ်သားလှပါပေသည်။ အနက်မပါ ပါဠိတော်သက်သက်ကို ရွတ်သောအခါ လေးဆေးတည်ငြိမ် ချိုမြိန်အေးမြလှပါပေသည်။ ဆရာတော်ဘုရား ကိုယ်တိုင်လည်း အဘဘုရား၏ မုခပါဠိတော်ကို ကြည်ညိုဆပွား သဒ္ဒါတရားနှင့် အားမရ တင်းမတိမ်နိုင်သော အရသာကို လျှာပေါ်တွင် တင်ရဘိသကဲ့သို့ မစွန့်နိုင် မလွှတ်နိုင် ရွတ်ပြီးယင်း ရွတ်ချင်နေပုံရပါသည်။ တရားမစမီ တရားရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသခင်၏ ဂုဏ်တော်ကျေးဇူးတော်များကို အာရုံရောက်အောင်ယူ၍ လက်အုပ်ချီမိုး ရှိခိုးပူဇော်ကြသောအခါ တရားဟောပုဂ္ဂိုလ် တရားနာပရိသတ်တို့ အတူတကွ သက်တော်ထင်ရှားမြတ်စွာဘုရား၏ ထံတော်မှောက်သို့ ရောက်ကြဘိသည့်အလားကြက်သီးမွေးညင်းထလောက်အောင် သဒ္ဒါတရား တဖွားဖွားပေါ်ပေါက်ကြပါသည်။ ၁၃၄၁ - ခုနှစ်၊ ကဆုန်လပြည့်·

( ၁၀ - ၅ - ၇၉ )နေ့က တက္ကသိုလ်ဓမ္မာရုံ၌ မြတ်စွာဘုရား၏ ဝင်္ဂတော် ၁၂-ပါး တရားတော်ကို ဟောတော်မူသောအခါ "ယော ဇိနေ ာ အနေကဇာတိသံသာရံ" ဘုရားရှိခိုးဖြင့် ပူဇော် သရဇ္ဈာယ်စဉ်က ဆရာတော်ဘုရား၏ နှုတ်တော်မှ "တဏှာမြေး ယှက် မပေးရက်အောင် ရမက်ပိတ်ဖုံး စိတ်နှလုံးမှ ဆိတ်သုဉ်း တော်မူသည်ဖြစ်၍"ဟု ဟောကြားကာမျှဖြင့် တရားနာပုဂ္ဂိုလ် မှာ ဖရဏာပီတိ ဂွမ်းဆီထိလျက် ပါးနှစ်ဖက်ပေါ်တွင် မျက်ရည် ပေါက်များ လိမ့်၍လိမ့်၍ ကျလျက်နေချေပြီ။

ထိုအခိုက်အတန့်၌ မြတ်စွာဘုရား၏အသံတော်ကိုကြည်ညိုနေ ယင်း နွားကျောင်းသား၏ တုတ်ချက်ဖြင့် အသက်ထွက်ရသော ဖားသူငယ်၏အဖြစ်ကို သတိရမိပါသည်။ သစ္စာလေးပါး မြတ် တရား၏ အနှစ်သာရကို တဆိတ်စာမျှ ဉာဏ်ယှဉ်၍ မရိပ်စားမိ နိုင်သော အဟိတ်တိရစ္ဆာန်ပင် ရှင်တော်ဘုရား၏ အသံတော်ကို သဘောကျရုံ ကြည်ညိုရုံမျှနှင့် နတ်ရွာသုဂတိသို့ ရောက်ပြီးသည် ၏ အခြားမဲ့ဘဝ၌ မအိုရာ၊ မနာရာ၊ မသေရာ၊ အမတစခန်းသို့ တက်လှမ်းနိုင်သည်ကို တွေးမိ၍ ပီတိသောမနဿစိတ်များ တဖွား ဖွား ခံစားမိပါသတည်း။

ဣဒံ မေ ပုညံ ဗောဓိဉာဏဿ ပစ္စယော ဟောတု။

၁၃၄၁-ခုနှစ်၊ နယုန်လဆန်း ၁-ရက်၊

(၂၆-၅-၇၉)

ဦးခင်မောင်လတ်

၅၀၅၊ ဂ–ပြည်လမ်း၊ကမာရွတ်စာတိုက်၊ ရန်ကုန်မြို့။

# အဘိဏှပစ္စဝေက္ခိတဗ္ဗဋ္ဌာနသုတ္တ

ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။ ကတမာနိ ပဉ္စ "ဇရာဓမ္မောမှိ၊ ဇရံ အနတီတော"တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ၊ "ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတော"တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ၊ "မရဏဓမ္မောမှိ မရဏံ အနတီတော"တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ၊ "သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာ[illegible]နာဘာဝေါ"တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ [illegible] ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ၊ [illegible]ကောမှိ၊ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မ[illegible]ရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမီ"တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

ကိဉ္စ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ "ဇရာဓမ္မောမှိ၊ ဇရံ အနတီတော"တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ၊ အတ္ထိ ဘိက္ခဝေ သတ္တာနံ

ယောဗ္ဗနေ ယောဗ္ဗနမဒေါ၊ ယေန မဒေန မတ္တာ ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ၊ တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော ယော ယောဗ္ဗနေ ယောဗ္ဗနမဒေါ၊ သော သဗ္ဗသော ဝါ ပဟီယတိ၊ တနု ဝါ ပန ဟောတိ။ ဣဒံ ခေါ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ “ဇရာဓမ္မောမှိ၊ ဇရံ အနတီတော”တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

ကိဉ္စ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ “ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတော”တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ၊ အတ္ထိ ဘိက္ခဝေ သတ္တာနံ အာရောဂျေ အာရောဂျမဒေါ၊ ယေန မဒေန ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ။ တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော ယော အာရောဂျေ အာရောဂျမဒေါ၊ သော သဗ္ဗသော ဝါ ပဟီယတိ၊ တနု ဝါ ပန ဟောတိ။ ဣဒံ ခေါ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ “ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတော”တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

ကိဉ္စ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ “မရဏဓမ္မောမှိ၊ မရဏံ အနတီတော” တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။ အတ္ထိ ဘိက္ခဝေ သတ္တာနံ ဇီဝိတေ ဇီဝိတမဒေါ၊ ယေန မဒေန မတ္တာ ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ။

တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော ယော ဇီဝိတေ ဇီဝိတမဒေါ၊ သော သဗ္ဗသော ဝါ ပဟီယတိ၊ တနု ဝါ ပန ဟောတိ။ ဣဒံ ခေါ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ "မရဏဓမ္မောမှိ၊ မရဏံ အနတီတော" တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

ကိဉ္စ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ "သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ"တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။ အတ္ထိ ဘိက္ခဝေ သတ္တာနံ ပိယေသု မနာပေသု ယော ဆန္ဒရာဂေါ ယေန ရာဂေန ရတ္တာ ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ။ တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော ပိယေသု မနာပေသု ဆန္ဒရာဂေါ၊ သော သဗ္ဗသော ဝါ ပဟီယတိ၊ တနု ဝါ ပန ဟောတိ။ ဣဒံ ခေါ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ "သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ" တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

ကိဉ္စ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ "ကမ္မဿကောမှိ၊ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော။ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမီ" တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။ အတ္ထိ ဘိက္ခဝေ သတ္တာနံ ကာယဒုစ္စရိတံ ဝစီဒုစ္စရိတံ၊ မနောဒုစ္စရိတံ။ တဿ တံ

ဌာနံ အဘိဏှံ ပစ္စဝေက္ခတော သဗ္ဗသော ဝါ ဒုစ္စရိတံ ပဟီယတိ၊ တနု ဝါ ပန ဟောတိ။ ဣဒံ ခေါ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ “ကမ္မဿကောမှိ၊ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမီ”တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

သ ခေါ[1] သော ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ “န ခေါ အဟမေဝေကော ဇရာဓမ္မော[2] ဇရံ အနတီတော၊ အထ ခေါ ယာဝတာ သတ္တာနံ အာဂတိ ဂတိ စုတိ ဥပပတ္တိ၊ သဗ္ဗေ သတ္တာ ဇရာဓမ္မာ ဇရံ အနတီတာ”တိ၊ တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော မဂ္ဂေါ သဉ္ဇာယတိ၊ သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ။ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ သဗ္ဗသော ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။

“န ခေါ အဟမေဝေကော ဗျာဓိဓမ္မော ဗျာဓိံ အနတီတော၊ အထ ခေါ ယာဝတာ သတ္တာနံ အာဂတိ ဂတိ စုတိ ဥပပတ္တိ၊ သဗ္ဗေ သတ္တာ ဗျာဓိဓမ္မာ ဗျာဓိံ အနတီတာ”တိ၊ တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော မဂ္ဂေါ သဉ္ဇာယတိ၊

---

၁။ သစေ (ဋ္ဌ၊ က) ၂။ အဟမေဝေကော ဇရာဓမ္မောမှိ (က)

သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ။ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ သဗ္ဗသော ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။

“နု ခေါ အဟညေဝေကော မရဏဓမ္မော မရဏံ အနတီတော၊ အထ ခေါ ယာဝတာ သတ္တာနံ အာဂတိ ဂတိ စုတိ ဥပပတ္တိ၊ သဗ္ဗေ သတ္တာ မရဏဓမ္မာ မရဏံ အနတီတာ” တိ၊ တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော မဂ္ဂေါ သဉ္ဇာယတိ၊ သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ။ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ သဗ္ဗသော ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။

နု ခေါ မယှေဝေကဿ သဗ္ဗေဟိ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ။ အထ ခေါ ယာဝတာ သတ္တာနံ အာဂတိ ဂတိ စုတိ ဥပပတ္တိ၊ သဗ္ဗေသံ သတ္တာနံ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ” တိ၊ တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော မဂ္ဂေါ သဉ္ဇာယတိ၊ သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ။ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ သဗ္ဗသော ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။

“နု ခေါ အဟညေဝေကော ကမ္မဿကော ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမိ။ အထ ခေါ ယာဝတာ သတ္တာနံ အာဂတိ ဂတိ စုတိ ဥပပတ္တိ၊

သဗ္ဗေ သတ္တာ ကမ္မဿကာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ ကမ္မပဋိသရဏာ၊ ယံ ကမ္မံ ကရိဿန္တိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒါ ဘဝိဿန္တိ'' တိ၊ တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော မဂ္ဂေါ သဉ္ဇာယတိ၊ သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ။ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ သဗ္ဗသော ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တီတိ။

ဗျာဓိဓမ္မာ ဇရာဓမ္မာ၊ အထော မရဏဓမ္မိနော။
ယထာ ဓမ္မာ တထာ သတ္တာ[1]၊ ဇိဂုစ္ဆန္တိ ပုထုဇ္ဇနာ။
အဟဉ္စေတံ ဇိဂုစ္ဆေယျံ၊ ဧဝံ ဓမ္မေသု ပါဏိသု။
န မေတံ ပဋိရူပဿ၊ မမ ဧဝံ ဝိဟာရိနော။
သောဟံ ဧဝံ ဝိဟရန္တော၊ ဉတွာ ဓမ္မံ နိရူပဓိံ။
အာရောဂျေ ယောဗ္ဗနသ္မိဉ္စ၊ ဇီဝိတသ္မိဉ္စ ယေ မဒါ။
သဗ္ဗေ မဒေ အဘိဘောသ္မိ၊ နေက္ခမ္မံ ဒဋ္ဌု ခေမတော[2]။
တဿ မေ အဟု ဥဿာဟော၊ နိဗ္ဗာနံ အဘိပဿတော။
နာဟံ ဘဗ္ဗော ဧတရဟိ၊ ကာမာနိ ပဋိသေဝိတုံ။
အနိဝတ္တိ[3] ဘဝိဿာမိ၊ ဗြဟ္မစရိယပရာယဏောတိ။

သတ္တမံ။

---

၁။ သန္တာ (သျာ၊ ကံ)
၂။ နေက္ခမ္မေ ဒဋ္ဌုခေမတံ (အံ၊ ၁၊ ၁၄၅၊ ပိဋ္ဌေ) ဥဘယတ္ထာပိ အဋ္ဌကထာယ သမေတိ။
၃။ အနိဝတ္တီ (?)

## အဘိဏှပစ္စဝေက္ခိတဗ္ဗဌာနသုတ်
## နိဿယ

ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စ၊ ငါးပါးကုန်သော။ ဌာနာနိ၊ ဤအကြောင်းအရာတို့ကို။ ဣတ္ထိယာ ဝါ၊ မိန်းမသည်၎င်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်၎င်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌တည်သူ လူဝတ်ကြောင်သည်၎င်း ။ ပဗ္ဗဇိတေန ဝါ၊ ရသေ့ရဟန်းသည်၎င်း။ အဘိဏှံ၊ နေ့စဉ်မပြတ်။ ပစ္စဝေက္ခိတဗ္ဗာနိ၊ ဆင်ခြင်အပ် ဆင်ခြင်ထိုက်ကုန်၏။

ကတမာနိ ပဉ္စ၊ အဘယ်ငါးပါးတို့ကိုနည်း။

(အဟံ၊ ငါသည်၊) ဇရာဓမ္မော၊ အိုခြင်းသဘောရှိသည်။ အမှိ၊ ဖြစ်၏၊ တံ၊ ထိုအိုခြင်းသဘောကို။ အနတီတော၊ မလွန်မြောက်နိုင်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဣတ္ထိယာ ဝါ၊ မိန်းမသည်၎င်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်၎င်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌တည်သူ လူဝတ်ကြောင်သည်၎င်း။ ပဗ္ဗဇိတေန ဝါ၊ ရသေ့ရဟန်းသည်၎င်း။ အဘိဏှံ၊ နေ့စဉ်မပြတ်၊ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ် ဆင်ခြင်ထိုက်၏။

(အဟံ၊ ငါသည်၊) ဗျာဓိဓမ္မော၊ မကျန်းမမာ ဖျားနာရခြင်းသဘောရှိသည်၊ အမှိ၊ ဖြစ်၏၊ ဗျာဓိံ၊ မကျန်းမမာ ဖျားနာရခြင်းသဘောကို။ အနတီတော၊ မလွန်မြောက်နိုင်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့၊ ဣတ္ထိယာ ဝါ၊ မိန်းမသည်၎င်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်၎င်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌

ဘည်သူ လူဝတ်ကြောင်သည်ရှင်း။ ပဗ္ဗဇိတေန ဝါ၊ ရသေ့ ရဟန်းသည်ရှင်း။ အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ် ဆင်ခြင်ထိုက်၏။

(အဟံ၊ ငါသည်။) မရဏဓမ္မော၊ သေရမည့်သဘောရှိသည်။ အမှို၊ ဖြစ်၏။ မရဏံ၊ သေရမည့်သဘောကို။ အနဘီတော၊ မလွန်မြောက်နိုင်သည်။ အမှို၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဣတ္ထိယာ ဝါ၊ မိန်းမသည်ရှင်း။ ပုရိသေန ဝါ၊ ယောကျ်ား သည်ရှင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌တည်သူ လူဝတ်ကြောင်သည် ၎င်း။ ပဗ္ဗဇိတေန ဝါ၊ ရသေ့ရဟန်းသည်ရှင်း။ အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ် ဆင်ခြင်ထိုက်၏။

(အဟံ၊ ငါသည်။) ပိယေဟိ၊ ချစ်အပ်ကုန်သော၊ မနာပေဟိ၊ စိတ်နှလုံးကို တိုးပွားစေတတ်ကုန်သော။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော ဆွေမျိုးစသောပုဂ္ဂိုလ် သတ္တဝါ အိမ်ရာ ရွှေငွေစသော ပစ္စည်း ဝတ္ထုတို့နှင့်။ နာနာဘာဝေါ၊ သက်ရှင်လျက် ခွဲခွါရခြင်းသဘောရှိသည်။ ဝိနာဘာဝေါ၊ ခန္ဓာပြတ်ကြေ သေသောအားဖြင့် ခွဲခွါရခြင်းသဘောရှိသည်။ အမှို၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဣတ္ထိယာ ဝါ၊ မိန်းမသည်ရှင်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်ရှင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌တည်သူ လူဝတ် ကြောင်သည်ရှင်း။ ပဗ္ဗဇိတေန ဝါ၊ ရသေ့ရဟန်းသည်ရှင်း။ အဘိဏှံ။ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ် ဆင် ခြင်ထိုက်၏။

(အဟံ၊ ငါသည်။) ကမ္မဿကော၊ ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိသည်။ ကမ္မဒါယာဒေါ၊ ကံပေးသမျှ အမွေဥစ္စာကိုသာလျှင် ရထိုက် ယူထိုက်သည်။ ကမ္မယောနိ၊ ကံသာလျှင် ဆင်းရဲခြင်း ချမ်းသာခြင်း၏ အကြောင်းရင်းရှိသည်။ ကမ္မဗန္ဓု၊ ကံသာလျှင် ဆွေမျိုးရင်းရှိသည်။ ကမ္မပ္ပဋိသရဏော။ ကံသာလျှင် အားကိုးရာ မှီခိုရာရှိသည်။ အမှိ၊ ဖြစ်၏။ (အဟံ၊ ငါသည်။) ကလျာဏံ ဝါ၊ ကောင်းသည်လည်းဖြစ်သော။ ပါပကံ ဝါ၊ မကောင်းသည်လည်းဖြစ်သော။ ယံ ကမ္မံ၊ အကြင်ကံကို။ ကရိဿာမိ၊ ပြုထားသည်ဖြစ်အံ့။ တဿ၊ ထိုကောင်းဆိုး နှစ်တန် နှစ်မျိုးသောကံ၏။ ဒါယာဒေါ၊ ပေးသော အမွေအကျိုးကို ရယူထိုက်သည်။ ဘဝိဿာမိ၊ ဖြစ်ရပေအံ့။ ဣတိ၊ ဤသို့။ ဣတ္ထိယာ ဝါ မိန်းမသည်ရင်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌တည်သူ လူဝတ်ကြောင်သည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ ရသေ့ ရဟန်းသည်ရင်း။ အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ် ဆင်ခြင်ထိုက်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စ အတ္ထဝသံ၊ အဘယ်အကျိုးထူးကို။ ပဋိစ္စ၊ စွဲ၍။ (အဟံ-ငါသည်။) ဇရာဓမ္မော အိုရခြင်းသဘောရှိသည်။ အမှိ၊ ဖြစ်၏။ ဇရံ၊ အိုရခြင်းသဘောကို။ အနတီတော၊ မလွန်မြောက်နိုင်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဣတ္ထိယာ ဝါ၊ မိန်းမသည်ရင်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်ရင်း၊ ဂဟဋ္ဌေန ဝါ၊ အိမ်၌တည်သူ လူဝတ်ကြောင်သည်

ငှင်း။ပဗ္ဗဇိတေန ဝါ၊ ရသေ့ ရဟန်းသည်ငှင်း။အဘိဏှံ၊ နေ့ညဉ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ် ဆင်ခြင်ထိုက်ပါသနည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တာနံ၊ သတ္တဝါတို့၏။ ယောဗ္ဗနေ၊ အရွယ်၏ နုပျိုခြင်း၌။ ယော ယောဗ္ဗနမဒေါ၊ အရွယ်နုပျိုခြင်းကို အကြောင်းပြု၍ ဖြစ်သော အကြင်မာရ်ယစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယေန မဒေန၊ အရွယ်နုပျိုခြင်းကို အကြောင်းပြု၍ဖြစ်သော အကြင်မာရ်ယစ်ခြင်းဖြင့်။ မတ္တာ၊ ယစ်မူးကြကုန်သော သတ္တဝါတို့သည်။ ကာယေန၊ ကိုယ်ဖြင့်။ ဒုစ္စရိတံ၊ မကောင်းသောအကျင့်ကို။ စရန္တိ၊ ပြုကျင့်ကြကုန်၏။ မနသာ၊ စိတ်ဖြင့်။ ဒုစ္စရိတံ၊ မကောင်းသောအကျင့်ကို။ စရန္တိ၊ ပြုကျင့်ကြကုန်၏။ တံ (ဌာနံ)၊ထိုအိုခြင်းတည်းဟူသော အကြောင်းကို။ အဘိဏှံ၊ နေ့ညဉ့်မပြတ်။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ ယောဗ္ဗနေ၊ အရွယ်၏နုပျိုခြင်း၌။ ယော ယောဗ္ဗနမဒေါ၊ အရွယ်နုပျိုခြင်းကို အကြောင်းပြု၍ ဖြစ်သော အကြင်မာရ်ယစ်ခြင်းသည်။ (အတ္ထိ) ရှိ၏။ သော (ယောဗ္ဗနမဒေါ) အရွယ်နုပျိုခြင်းကို အကြောင်းပြု၍ဖြစ်သော ထိုမာရ်ယစ်ခြင်းသည်။ သဗ္ဗသော ဝါ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်မူလည်း။ ဝါ၊အကြွင်းအကျန်မရှိသောအားဖြ မူလည်း။ ပဟီယတိ၊ ကင်းပျောက်လေဘော့၏။ တနု ဝါ၊ လျော့ပါးသည်မူလည်း။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ အတ္ထဝသံ၊ ယောဗ္ဗနမာရ်ကို အကြွင်းမဲ့ပယ်ခြင်း လျော့ပါး[illegible]ဤအကျိုးကို။

၁၉၆၄၉

ပဋိစ္စ၊ စွဲ၍။(အဟံ-ငါသည်)။ ဇရာဓမ္မော၊ အိုရခြင်းသဘော ရှိသည်။ အမှိ၊ ဖြစ်၏။ ဇရံ၊ အိုရခြင်းသဘောကို။ အနတီတော၊ မလွန်မြောက်နိုင်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဣတ္ထိယာ ဝါ၊ မိန်းမသည်ရင်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌တည်သူ လူဝတ်ကြောင်သည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ ရသေ့ ရဟန်းသည်ရင်း။ အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ် ဆင်ခြင်ထိုက်ပါပေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ကိဥ္စအတ္ထဝသံ၊အဘယ်အကျိုးထူးကို။ ပဋိစ္စ၊စွဲ၍။(အဟံ-ငါသည်၊) ဗျာဓိဓမ္မော၊ မကျန်းမမာ ဖျားနာရခြင်း သဘောရှိသည်။ အမှိ၊ ဖြစ်၏။ ဗျာဓိံ၊ မကျန်းမမာ ဖျားနာခြင်းသဘောကို။ အနတီတော၊ မလွန်မြောက်နိုင်သည်၊ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဣတ္ထိယာ ဝါ၊ မိန်းမသည်ရင်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌တည်သူ လူဝတ်ကြောင်သည်ရင်း၊ ပဗ္ဗဇိတေန ဝါ၊ ရသေ့ ရဟန်းသည်ရင်း။ အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ် ဆင်ခြင်ထိုက်ပါသနည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ အတ္ထဝသံ၊ ဤအာရောဂျမာန်ကို အကြွင်းမဲ့ပယ်ခြင်း လျော့ပါးစေခြင်းဟူသော ဤအကျိုးကို။ ပဋိစ္စ၊ စွဲ၍။ (အဟံ-ငါသည်။) ဗျာဓိဓမ္မော၊ မကျန်းမမာ ဖျားနာရခြင်းသဘောရှိသည်။ အမှိ၊ ဖြစ်၏။ ဗျာဓိံ၊ မကျန်းမမာ ဖျားနာရခြင်းသဘောကို။ အနတီတော၊ မလွန်မြောက်နိုင်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဣတ္ထိ

ယာ ဝါ၊ မိန်းမသည်ရင်း၊ ပုရိသေန ဝါ၊ ယောက်ျားသည်ရင်း၊ ဂဟဋ္ဌေန ဝါ၊ အိမ်၌တည်သူ လူဝတ်ကြောင်သည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ ရသေ့ရဟန်းသည်ရင်း အဘိဏှံ၊ နေ့ညဉ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ် ဆင်ခြင်ထိုက်ပါပေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စ အတ္ထဝသံ၊ အဘယ်အကျိုးထူးကို။ ပဋိစ္စ၊ စွဲ၍။ (အဟံ-ငါသည်။) မရဏဓမ္မော၊ သေရမည့် သဘောရှိသည်။ အမှိ၊ ဖြစ်၏။ မရဏံ၊ သေရမည့်သဘောကို။ အနတီတော၊ မလွန်မြောက်နိုင်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဣတ္ထိယာ ဝါ၊ မိန်းမသည်ရင်း။ ပုရိသေန ဝါ၊ ယောက်ျားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌တည်သူ လူဝတ်ကြောင်သည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ ရသေ့ရဟန်းသည်ရင်း။ အဘိဏှံ၊ နေ့ညဉ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ။ ဆင်ခြင်အပ် ဆင်ခြင်ထိုက်ပါသနည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တာနံ၊ သတ္တဝါတို့၏။ ဇီဝိတေ၊ အသက်ရှည်ခြင်း၌။ ယော ဇီဝိတမဒေါ၊ အသက်ရှည်ခြင်းကို အကြောင်းပြု၍ဖြစ်သော အကြင်မာန်ယစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယေန မဒေန၊ အသက်ရှည်ခြင်းကို အကြောင်းပြု၍ဖြစ်သော အကြင်မာန်ယစ်ခြင်းဖြင့်။ မတ္တာ၊ ယစ်မူးကြကုန်သော သတ္တဝါတို့သည်။ ကာယေန၊ ကိုယ်ဖြင့်။ ဒုစ္စရိတံ မကောင်းသော အကျင့်ကို။ စရန္တိ၊ ပြုကျင့်ကြကုန်၏။ ဝါစာယ၊ နှုတ်ဖြင့်။ ဒုစ္စရိတံ၊ မကောင်းသော အကျင့်ကို၊ စရန္တိ၊ ပြုကျင့်ကြကုန်၏။ မနသာ၊ စိတ်ဖြင့်။ ဒုစ္စရိတံ၊ မကောင်းသောအကျင့်ကို။ စရန္တိ၊ ပြုကျင့်ကြကုန်၏။ တံ (ဌာနံ)၊ ထိုသေရမည့်အကြောင်း

ကို။ အဘိဏှံ၊ နေ့ညဉ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်သော။ တဿ၊ ထိုယောဂါပုဂ္ဂိုလ်၏။ ဇီဝိတေ၊ အသက်ရှည်ခြင်း၌။ ယော ဇီဝိတမဒေါ၊ အသက်ရှည်ခြင်းကို အကြောင်းပြု၍ဖြစ်သော အကြင်မာန်ယစ်ခြင်းသည်။(အတ္ထိ၊ရှိ၏။) သော (ဇီဝိတမဒေါ)အသက်ရှည်ခြင်းကိုအကြောင်းပြု၍ဖြစ်သောထိုမာန်ယစ်ခြင်းသည်၊သဗ္ဗသော ဝါ၊ ခပ်သိမ်းသော အကြောင်းအရာအားဖြင့်မူလည်း၊ ဝါ၊ အကြွင်းအကျန် မရှိသောအားဖြင့်မူလည်း။ ပဟီယတိ၊ ကင်းပျောက်လေတော့၏။ တနု ဝါ၊ လျော့ပါးသည်မူလည်း။ ဟောတိ ဖြစ်၏။

ဘိက္ခဝေ၊ရဟန်းတို့။ ဣဒံ အတ္ထဝသံ၊ ဤအာရောဂျမာန်ကို။ ပဋိစ္စ၊ စွဲ၍။ (အဟံ-ငါသည်။) မရဏဓမ္မော၊ သေရမည့်သဘောရှိသည်။အမှို၊ဖြစ်၏။ မရဏံ၊သေရမည့်သဘောကို။အနတီတော၊ မလွန်မြောက်နိုင်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဣတ္ထိယာ ဝါ၊ မိန်းမသည်ရင်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌တည်သူ လူဝတ်ကြောင်သည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ ရသေ့ ရဟန်းသည်ရင်း။ အဘိဏှံ၊ နေ့ညဉ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ် ဆင်ခြင်ထိုက်ပါပေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ကိဉ္စ အတ္ထဝသံ၊ အဘယ်အကျိုးထူးကို။ ပဋိစ္စ၊ စွဲ၍။ (အဟံ၊ ငါသည်။) ပိယာယဟိ၊ ချစ်အပ်ကုန်သော။ မနာပေဟိ၊ စိတ်နှလုံးကို တိုးပွားစေတတ်ကုန်သော။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော ဆွေမျိုးစသောပုဂ္ဂိုလ် သတ္တဝါ အိမ်ရာ ရွှေငွေစသော ပစ္စည်းတို့နှင့်။ နာနာဘာဝေါ၊ အသက်ရှင်လျက် ခွဲခွါရခြင်းသဘောရှိသည်။ ဝိနာဘာဝေါ၊ ခန္ဓာ

ပြတ်ကြွေ သေသောအားဖြင့် ခွဲခွါရခြင်းသဘောရှိသည်။ အမှိ၊ ဖြစ်၏။ ဧတိ၊ ဤသို့။ ဉာတိယာ ဝါ၊ မိန်းမသည်၎င်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်၎င်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌တည်သူ လူ ဝတ်ကြောင်သည်၎င်း၊ ပဗ္ဗဇိတေန ဝါ၊ ရသေ့ ရဟန်းသည် ၎င်း။ အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ် ဆင်ခြင်ထိုက်ပါသနည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တာနံ၊ သတ္တဝါတို့၏။ ပိယေသု၊ ချစ်အပ်ကုန်သော။ မနာပေသု၊ စိတ်နှလုံးကို တိုးပွားစေတတ် ကုန်သော ဆွေမျိုးစသောပုဂ္ဂိုလ် သတ္တဝါ အိမ်ရာစသော ပစ္စည်းဝတ္ထုတို့၌။ ယော ဆန္ဒရာဂေါ၊ အကြင်ဆန္ဒရာဂဖြင့် တပ် မက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယေန ရာဂေန၊ အကြင် ဆန္ဒရာဂဖြင့်။ ရတ္တာ၊ တပ်မက်ကြသူတို့သည်။ ကာယေန၊ ကိုယ်ဖြင့်။ ဒုစ္စရိတံ၊ မကောင်းသောအကျင့်ကို။ စရန္တိ၊ ပြုကျင့် ကြကုန်၏။ ဝါစာယ၊ နှုတ်ဖြင့်၊ ဒုစ္စရိတံ၊ မကောင်းသော အကျင့်ကို။ စရန္တိ၊ ပြုကျင့်ကြကုန်၏။ မနသာ၊ စိတ်ဖြင့်။ ဒုစ္စရိတံ၊ မကောင်းသော အကျင့်ကို။ စရန္တိ၊ ပြုကျင့်ကြကုန် ၏၊ တံ ဌာနံ၊ ချစ်အပ် မြတ်နိုးအပ်သော ဆွေမျိုးစသော ပုဂ္ဂိုလ် သတ္တဝါ အိမ်ရာစသော ပစ္စည်းဝတ္ထုတို့နှင့် အသက်ရှင်လျက် ခွဲခွါရခြင်း ခန္ဓာပြတ်ကြွေ ခွဲခွါရခြင်းဟူသော ထိုအကြောင်း ကို၊ အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ ပိယေသု၊ ချစ်အပ်ကုန်သော။ မနာပေသု၊ စိတ်နှလုံးကို တိုးပွားစေတတ်ကုန်သော ဆွေမျိုး စသော ပုဂ္ဂိုလ် သတ္တဝါ အိမ်ရာစသော ပစ္စည်းဝတ္ထုတို့၌။

ယော ဆန္ဒရာဂေါ၊ အကြင်ဆန္ဒရာဂဖြင့် တပ်မက်ခြင်းသည်။ သမ္ဘာသော ဝါ၊ ခပ်သိမ်းသော အခြင်အရာအားဖြင့်မူလည်း။ ဝါ၊ အကြွင်းအကျန် မရှိသောအာ ဖြင့်မူလည်း။ ပဟီယတိ၊ ကင်းပျောက်လေတော့၏။ တနု ဝါ၊ လျော့ပါးသည်မူလည်း။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ အတ္တဝသံ၊ ဆွေမျိုးစသော ပုဂ္ဂိုလ် သတ္တဝါ အိမ်ရာစသော ပစ္စည်းဝတ္ထုတို့၌ ဆန္ဒရာဂဖြင့် တပ်မက်ခြင်းကို အကြွင်းမဲ့ပယ်ခြင်း လျော့ပါးစေခြင်းဟူသော ဤအကျိုးကို။ ပဋိစ္စ၊ စွဲ၍။ (အဟံ၊ ငါသည်။) ပိယေဟိ၊ ချစ်အပ်ကုန်သော။ မနာပေဟိ၊ စိတ်နှလုံးကို တိုးပွားစေတတ်ကုန်သော။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော ဆွေမျိုးစသောပုဂ္ဂိုလ် သတ္တဝါ အိမ်ရာ ရွှေငွေစသော ပစ္စည်းဝတ္ထုတို့နှင့်၊ နာနာ ဘာဝေါ၊ အသက်ရှင်လျက် ခွဲခွါရခြင်းသဘောရှိသည်။ (အမိုး ဖြစ်၏။) ဣတိ၊ ဤသို့။ ဣတ္ထံယာ ဝါ၊ မိန်းမသည်ရင်း။ ပုရိ သေန ဝါ၊ ယောကျ်ားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌တည် သူ လူဝတ်ကြောင်သည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ ရသေ့ ရဟန်း သည်ရင်း။ အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင် အပ် ဆင်ခြင်ထိုက်ပါပေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ကိဥ္စ အတ္ထာသံ၊ အဘယ်အကျိုးထူး ကို။ ပဋိစ္စ၊ စွဲ၍။ (အဟံ၊ ငါသည်။) ကမ္မဿကော၊ ကံသာ လျှင် ကိုယ်ပိုင်ဥစ္စာရှိသည်။ ကမ္မဒါယာဒေါ၊ ကံပေးသမျှ အမွေ ဥစ္စာကိုသာလျှင် ရထိုက် ယူထိုက်သည်။ ကမ္မယောနိ၊ ကံသာ လျှင် ဆင်းရဲခြင်း ချမ်းသာခြင်း အကြောင်းရင်းရှိသည်။ ကမ္မ

ဗန္ဓု၊ ကံသာလျှင် ဆွေမျိုးရှိသည်။ ကမ္မပဋိသရဏော၊ ကံသာလျှင် အားကိုးရာ မှီခိုရာရှိသည်။ အမို၊ ဖြစ်၏။ (အဟံ၊ ငါသည်။) ကလျာဏံ ဝါ၊ ကောင်းသည်လည်းဖြစ်သော။ ပါပကံ ဝါ၊ မကောင်းသည်လည်းဖြစ်သော။ ယံ ကမ္မံ၊ အကြင်ကံကို။ ကရိဿာမိ၊ ပြုထားသည်ဖြစ်အံ့။ တဿ၊ ထိုကောင်းဆိုးနှစ်တန် နှစ်မျိုးသောကံ၏။ ဒါယာဒေါ၊ ပေးသောအမွေအကျိုးကို ရယူထိုက်သည်။ဘဝိဿာမိ၊ ဖြစ်ရပေအံ့။ ဣတိ၊ ဤသို့။ ဣတ္ထိယာ ဝါ၊မိန်းမသည်ရင်း၊ ပုရိသေန ဝါ၊ ယောကျာ်းသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌တည်သူ လူဝတ်ကြောင်သည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ ရသေ့ ရဟန်းသည်ရင်း။ အဘိဏှံ၊ နေ့ညဉ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ် ဆင်ခြင်ထိုက်ပါသနည်း။

ဘိက္ခဝေ၊ ရဟန်းတို့၊ သတ္တာနံ၊ သတ္တဝါတို့၏။ ကာယဒုစ္စရိတံ၊ ကာယဒုစရိုက်သည်ရင်း။ ဝစီဒုစ္စရိတံ၊ ဝစီဒုစရိုက်သည်ရင်း။ မနောဒုစ္စရိတံ၊ မနောဒုစရိုက်သည်ရင်း။ အတ္ထိ၊ ရှိ၏။ တံ (ဌာနံ)၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည် ကံပေးသမျှ အမွေဥစ္စာကို ရယူထိုက်သည် ကံသာလျှင် အကြောင်းရင်းရှိသည် ကံသာလျှင် မိတ်ဆွေရှိသည် ကံသာလျှင် အားကိုးရာရှိသည်ဟူသော ထိုအကြောင်းကို။ အဘိဏှံ၊ နေ့ညဉ့်မပြတ်။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ တံ ဒုစ္စရိတံ၊ ထိုဒုစရိုက်တရားသည်။ သဗ္ဗသော ဝါ၊ ခပ်သိမ်းသောအခြင်းအရာအားဖြင့်မူလည်း။ ဝါ၊ အကြွင်းအကျန် မရှိသောအားဖြင့်မူလည်း။ ပဟီယတိ၊ ကင်းပျောက်လေတော့၏။ တနု ဝါ၊ လျော့ပါးသည်မူလည်း။ ဟောတိ၊ ဖြစ်၏။

၁၉၉
စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
...ရေးအဖွဲ့

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ အတ္တဝသာ၊ ဒုစရိုက်တရားကို အကြွင်းမဲ့ပယ်ခြင်း လျော့ပါးစေခြင်းဟူသော ဤအကျိုးကို။ ပဋိစ္စ၊ စွဲ၍။ (အဟံ၊ ငါသည်။) ကမ္မဿကော၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်။ ကမ္မဒါယာဒေါ၊ ကံပေးသမျှ အမွေဥစ္စာ ကိုသာလျှင် ရထိုက် ယူထိုက်သည်။ ကမ္မယောနိ၊ ကံသာလျှင် ဆင်းရဲခြင်း ချမ်းသာခြင်း၏ အကြောင်းရင်းရှိသည်။ ကမ္မဗန္ဓု၊ ကံသာလျှင် ဆွေမျိုးရှိသည်။ ကမ္မပဋိသရဏော၊ ကံသာလျှင် အားကိုးရာ မှီခိုရာရှိသည်။ အပိ၊ ဖြစ်၍။ (အဟံ၊ ငါသည်။) ကလျာဏံ ဝါ၊ ကောင်းသည်လည်းဖြစ်သော။ ပါပကံ ဝါ၊ မကောင်းသည်လည်းဖြစ်သော။ ယံ ကမ္မံ၊ အကြင်ကံကို။ ကရိဿာမိ၊ ပြုထားသည်ဖြစ်အံ့။ တဿ၊ ထိုကောင်းဆိုးနှစ်တန် နှစ်မျိုးသောကံ၏။ ဒါယာဒေါ၊ ပေးသောအမွေအကျိုးကို ရယူ ထိုက်သည်။ ဘဝိဿာမိ၊ ဖြစ်ရပေအံ့။ ဣတိ၊ ဤသို့။ ဣတ္ထိ ယာ ဝါ၊ မိန်းမသည်ရင်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌တည်သူ လူဝတ်ကြောင်သည်ရင်း။ ပဗ္ဗဇိ တေန ဝါ၊ ရသေ့ ရဟန်းသည်ရင်း။ အဘိဏှံ၊ နေ့ည၌ ခပ်မြဲ။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ် ဆင်ခြင်ထိုက်ပါပေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သော အရိယသာဝကော၊ ထိုအရိ ယာ သာဝကသည်။ ဣတိ၊ ဤသို့။ သစေ ပဋိသဉ္စိက္ခတိ၊ အကယ် ၍ ဆင်ခြင်စဉ်းစားသည်ဖြစ်အံ့။ အဟမေဝေကော၊ (အဟံ+ ဧဝ+ဧကော) ငါတယောက်တည်းသာလျှင်။ ဧရာဓမ္မော၊ အို ရခြင်းသဘောရှိသည်၊ နု၊ မဟုတ်သေး။ အထခေါ၊ အဟုတ် သော်ကား။ ယာဝတာ၊ အကြင်မျှလောက်ကုန်သော။ သတ္တာနံ၊

သတ္တဝါတို့၏။ အာဂတိ၊ ထိုထိုဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ လာရခြင်းသည်။ ဂတိ၊ ဤပစ္စုပ္ပန်ဘဝမှ ထိုထိုဘဝသို့ သွားရခြင်းသည်။ စုတိ၊ သေရခြင်းသည်။ ဥပပတ္တိ၊ ပဋိသန္ဓေနေရခြင်းသည်။ အတ္ထိ၊ ရှိ၏။ တာဝတာ၊ ထိုမျှလောက်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ သတ္တာ၊ သတ္တဝါတို့သည်။ ဇရာဓမ္မာ၊ အိုရခြင်းသဘောရှိကုန်၏။ ဇရံ၊ အိုရခြင်းသဘောကို။ အနတီတာ၊ မလွန်မြောက်နိုင်ကြလေကုန်။ ဣတိ၊ ဤသို့။ သဗ္ဗေ ပဋိသဉ္စိက္ခတိ၊ အကယ်၍ ဆင်ခြင်စဉ် စားသည်ဖြစ်အံ့၊

တံ ဌာနံ၊ ခပ်သိမ်းသောသတ္တဝါတို့၏ အိုရခြင်းဟူသော ထိုအကြောင်းကို။ အဘိဏှံ၊ နေ့ညဉ့်မပြတ်။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ ယံ မဂ္ဂံ၊ အကြင်အရိယာ မဂ်ကို။ အာသေဝတိ၊ မှီဝဲ၏၊ ဘာဝေတိ၊ ပွားများ၏။ ဗဟုလီကရောတိ၊ ကြိမ်ဖန်များစွာပြုလုပ်၏။ တံ မဂ္ဂံ၊ ထိုအရိယာမဂ်ကို။ အာသေဝိတော၊ မှီဝဲသော။ ဘာဝယတော၊ ပွားများသော။ ဗဟုလီကရောတော၊ ကြိမ်ဖန်များစွာပြုလုပ်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏ (သန္တာန်၌။) သံယောဇနာနိ၊ သံယောဇဉ်တို့သည်။ ပဟီယန္တိ၊ ကင်းပျောက်ကုန်၏။ အနုသယာ၊ အနုသယတို့သည်။ ဗျန္တီ၊ ကင်းပျောက်ပျက်စီးခြင်းအဆုံးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဟညေဝေကော၊ ငါတယောက်တည်းသာလျှင်။ ဗျာဓိဓမ္မော၊ မကျန်းမမာ ဖျားနာရခြင်းသဘောရှိသည်။ န၊ မဟုတ်သေး။ ဗျာဓိံ၊ မကျန်းမမာဖျားနာရခြင်းသဘောကို။ အနတီတော၊ မလွန်မြောက်နိုင်သည်။ န၊ မဟုတ်သေး။ အထခေါ

အဟုတ်သော်ကား။ ယာဝတာ၊ အကြင်မျှလောက်ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ အာဂတိ၊ ထိုပစ္စုပ္ပန်ဘဝသို့ လာရခြင်းသည်။ ဂတိ၊ ဤပစ္စုပ္ပန်ဘဝမှ ထိုထိုဘဝသို့ သွားရခြင်းသည်။ စုတိ၊ သေရခြင်းသည်။ ဥပပတ္တိ၊ ပဋိသန္ဓေနေရခြင်းသည်။ အတ္ထိ၊ ရှိ၏။ တာဝတာ၊ ထိုမျှလောက်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဗျာဓိဓမ္မာ၊ မကျန်းမမာ ဖျားနာရခြင်းသဘောရှိကုန်၏။ ဗျာဓိံ၊ မကျန်းမမာ ဖျားနာရခြင်းသဘောကို။ အနတီတာ၊ မလွန်မြောက်နိုင်ကြကုန်။ ဣတိ၊ ဤသို့။ (သစေ ပဋိသဉ္စိက္ခတိ၊ အကယ်၍ ဆင်ခြင်စဉ်းစားသည်ဖြစ်အံ့။)

တံ ဌာနံ၊ ခပ်သိမ်းသောသတ္တဝါတို့၏ မကျန်းမမာ ဖျားနာရခြင်းဟူသော ထိုအကြောင်းကို။ အဘိဏှံ၊ နေ့ညဉ့်မပြတ်။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ မဂ္ဂေါ၊ အရိယမဂ်သည်။ သဉ္ဇာယတိ၊ ဖြစ်ပေါ်လာ၏။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ တံ မဂ္ဂံ၊ ထိုအရိယမဂ်ကို။ အာသေဝတိ၊ မှီဝဲ၏။ ဘာဝေတိ၊ ပွားများ၏။ ဗဟုလီကရောတိ၊ ကြိမ်ဖန်များစွာ ပြုလုပ်၏။ တံ မဂ္ဂံ၊ ထိုအရိယမဂ်ကို။ သေဝတော၊ မှီဝဲသော။ ဘာဝယတော၊ ပွားများသော။ ဗဟုလီကရောတော၊ ကြိမ်ဖန်များစွာပြုလုပ်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏ (သန္တာနေ၌)။ သံယောဇနာနိ၊ သံယောဇဉ်တို့သည်။ ပဟီယန္တိ၊ ကင်းပျောက်ကုန်၏။ အနုသယာ၊ အနုသယတို့သည်။ ဗျန္တီ၊ ကင်းပျောက် ပျက်စီးခြင်း အဆုံးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဟုသေဝေကော၊ ငါတယောက်တည်းသာလျှင်။ မရဏ ဓမ္မော၊ သေရမည့်သဘောရှိသည်။ နု၊ မဟုတ်သေး။ မရဏံ၊ သေရမည့်သဘောကို။ အနတီတော၊ မလွန်မြောက်နိုင်သည်။ နု၊ မဟုတ်သေး။ အထ ခေါ၊ အဟုတ်သော်ကား။ ယာဝတာ၊ အကြင်မျှလောက်ကုန်သော။ သတ္တာနံ၊သတ္တဝါတို့၏။ အာဂတိ၊ ထိုထိုဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ လာရခြင်းသည်။ ဂတိ၊ ဤ ပစ္စုပ္ပန်ဘဝမှ ထိုထိုဘဝသို့ သွားရခြင်းသည်။ စုတိ၊ သေရ ခြင်းသည်။ ဥပပတ္တိ၊ ပဋိသန္ဓေနေရခြင်းသည်၊ အတ္ထိ၊ ရှိ၏။ သတ္တာ၊ သတ္တဝါတို့သည်။ မရဏဓမ္မာ၊ သေရမည့်သဘောရှိ ကုန်၏။ မရဏံ၊ သေရမည့်သဘောကို။ အနတီတာ၊ မလွန် မြောက်နိုင်ကြကုန်။ ဣတိ၊ဤသို့။(သစေပဋိသဉ္စိက္ခတိ၊ အကယ်၍ ဆင်ခြင်စဉ်းစားသည်ဖြစ်အံ့။)

တံ ဌာနံ၊ ခပ်သိမ်းသောသတ္တဝါတို့၏ သေရခြင်းဟူသော ထိုအကြောင်းကို။ အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော တဿ၊ ထို ယောဂီပုဂ္ဂိုလ်၏။ မဂ္ဂေါ၊ အရိယ မဂ်သည်။ သဉ္ဇာယတိ၊ ဖြစ်ပေါ်လာ၏။ သော၊ ထိုယောဂီ ပုဂ္ဂိုလ်သည်။ တံ မဂ္ဂံ၊ ထို အရိယမဂ်ကို။ အာသေဝတိ၊ မှီဝဲ၏။ ဘာဝေတိ၊ ပွားများ၏။ ဗဟုလီကရောတိ၊ ကြိမ်ဖန်များစွာ ပြုလုပ်၏။ တံ မဂ္ဂံ၊ ထို အရိယမဂ်ကို။ အာသေဝတော၊ မှီဝဲ သော။ ဘာဝယတော၊ ပွားများသော။ ဗဟုလီကရောတော၊ ကြိမ်ဖန်များစွာ ပြုလုပ်သော။ တဿ၊ ထို ယောဂီပုဂ္ဂိုလ်၏ (သန္တာနဲ၌)။ သံယောဇနာနိ၊ သံယောဇဉ်တို့သည်။ ပဟီယန္တိ၊ ကင်းပျောက်ကုန်၏။ အနုသယာ၊ အနုသယတို့သည်။ ဗျန္တိ၊

ကင်းပျောက်ပျက်စီးခြင်း အဆုံးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

မယှေဝေကသ၊ ငါတယောက်ဘည်းသာလျှင်။ ပိယေဟိ၊ ချစ်အပ်ကုန်သော။ မနာပေဟိ၊ စိတ်နှလုံးကို တိုးပွားစေတတ်ကုန်သော။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော ဆွေမျိုး စသော ပုဂ္ဂိုလ်သတ္တဝါ အိမ်ရာ ရွှေငွေ စသော ပစ္စည်းဝတ္ထုတို့နှင့်။ နာနာဘာဝေါ၊ အသက်ရှင်လျက် ခွဲခွါရခြင်း သဘောရှိသည်။ ဝိနာဘာဝေါ၊ ခန္ဓာပြတ်ကြွေ သေသောအားဖြင့် ခွဲခွါရခြင်း သဘောရှိသည်။ နု၊ မဟုတ်သေး။ အထ ခေါ၊ အဟုတ်သော်ကား။ ယာဝတာ၊ အကြင်မျှလောက်ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ အာဂတိ၊ ထိုထိုဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ လာရခြင်းသည်။ ဂတိ၊ ဤပစ္စုပ္ပန်ဘဝမှ ထိုထိုဘဝသို့ လာရခြင်းသည်။ စုတိ၊ သေရခြင်းသည်။ ဥပပတ္တိ၊ ပဋိသန္ဓေနေရခြင်းသည်။ အတ္ထိ၊ ရှိ၏။ တာဝတာ၊ ထိုမျှလောက်ကုန်သော။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ပိယေဟိ၊ ချစ်အပ်ကုန်သော။ မနာပေဟိ၊ စိတ်နှလုံးကို တိုးပွားစေတတ်ကုန်သော ဆွေမျိုး စသော ပုဂ္ဂိုလ်သတ္တဝါ အိမ်ရာ ရွှေငွေ စသော ပစ္စည်းဝတ္ထုတို့နှင့်။ နာနာဘာဝေါ၊ အသက်ရှင်လျက် ခွဲခွါရခြင်းသဘောရှိသည်။ ဝိနာဘာဝေါ၊ ခန္ဓာပြတ်ကြွေ သေခြင်းသဘောရှိသည်။ (ဟောတိ၊ ကော့မုချဖြစ်ရပါတကား)။ ဣတိ၊ ဤသို့။ (သဥပေက္ခိတဗ္ဗံ၊ အကယ်၍ ဆင်ခြင်စဉ်းစားသည်ဖြစ်အံ့)။

တံ ဌာနံ၊ ဆွေမျိုး စသော ပုဂ္ဂိုလ်သတ္တဝါ၊ အိမ်ရာ ရွှေငွေ စသော ပစ္စည်းဝတ္ထုတို့နှင့် သက်ရှင်လျက် ခွဲခွါရခြင်း၊ ခန္ဓာ ပြတ်ကြွေ သေသောအားဖြင့် ခွဲခွါရခြင်းဟူသော ထိုအကြောင်းကို။ အဘိဏှံ၊ နေ့ညဉ့်မပြတ်၊ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ မဂ္ဂေါ၊ အရိယမဂ်သည်။ သဉ္ဇာယတိ၊ ဖြစ်ပေါ်လာ၏။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ တံ မဂ္ဂံ၊ ထို အရိယမဂ်ကို။ အာသေဝတိ၊ မှီဝဲ၏။ ဘာဝေတိ၊ ပွားများ၏။ ဗဟုလီကရောတိ၊ ကြိမ်ဖန်များစွာ ပြုလုပ်၏။ တံ မဂ္ဂံ၊ ထို အရိယမဂ်ကို။ အာသေဝတော၊ မှီဝဲသော။ ဘာဝယတော၊ ပွားများသော။ ဗဟုလီကရောတော၊ ကြိမ်ဖန်များစွာပြုလုပ်သော။ တဿ၊ ထို ယောဂီပုဂ္ဂိုလ်၏ (သန္တာန်၌)။ သံယောဇနာနိ၊ သံယောဇဉ်တို့သည်။ ပဟီယန္တိ၊ ကင်းပျောက်ကုန်၏။ အနုသယာ၊ အနုသယတို့သည်။ ဗျန္တိ၊ ကင်းပျောက် ပျက်စီးခြင်း အဆုံးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဟညေ်ဝကော၊ ငါတယောက်တည်းသာလျှင်။ ကမ္မဿကော၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်။ ကမ္မဒါယာဒေါ၊ ကံပေးသမျှ အမွေဥစ္စာကိုသာလျှင် ရထိုက်ယူထိုက်သည်။ ကမ္မယောနိ၊ ကံသာလျှင် ဆင်းရဲခြင်း ချမ်းသာခြင်း၏ အကြောင်းရင်းရှိသည်။ ကမ္မဗန္ဓု၊ ကံသာလျှင် ဆွေမျိုးရှိသည်။ ကမ္မပဋိသရဏော၊ ကံသာလျှင် အားကိုးရာ မှီခိုရာရှိသည်။ နှ၊ မဟုတ်သေး။ (အဟံ-ငါသည်။) ကလျာဏံ ဝါ၊ ကောင်းသည်လည်းဖြစ်သော။ ပါပကံ ဝါ၊ မကောင်းသည်လည်းဖြစ်သော ။ ယံ ကမ္မံ၊ အကြင်ကံကို။ ကရိဿာမိ၊ ပြုသည်ဖြစ်အံ့။ တဿ

(ကမ္မဿ)၊ ထို ကောင်းဆိုးနှစ်တန် နှစ်မျိုးသောကံ၏။ ဒါယာဒေါ၊ ပေးသော အမွေအကျိုးကို ရယူဆိုက်သည်။ ဘဝိဿာမိ၊ ဖြစ်ရမည်ကား။ နု၊ မဟုတ်သေး။

အထ ခေါ၊ အဟုတ်သော်ကား။ ယာဝတာ၊ အကြင်မျှလောက်ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ အာဂတိ၊ ထိုထိုဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ လာရခြင်းသည်။ ဂတိ၊ ဤပစ္စုပ္ပန်ဘဝမှ ထိုထိုဘဝသို့ လားရခြင်းသည်။ စုတိ၊ သေရခြင်းသည်။ ဥပပတ္တိ၊ ပဋိသန္ဓေ နေရခြင်းသည်။ အတ္ထိ၊ ရှိ၏။ တာဝတာ၊ ထိုမျှလောက်ကုန်သော၊ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်၊ ကမ္မဿကာ၊ ကံသာလျှင်ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သည်။ ကမ္မဒါယာဒါ၊ ကံပေးသမျှ အမွေဥစ္စာကိုသာလျှင် ရယူဆိုက်ကြကုန်၏၊ ကမ္မယောနီ၊ ကံသာလျှင် ဆင်းရဲခြင်း ချမ်းသာခြင်း အကြောင်းရင်း ရှိကြကုန်၏၊ ကမ္မဗန္ဓူ၊ ကံသာလျှင် ဆွေမျိုး ရှိကြကုန်၏၊ ကမ္မပဋိသရဏာ၊ ကံသာလျှင် အားကိုးရာ မှီခိုရာ ရှိကြကုန်၏။ ကလျာဏံ ဝါ၊ ကောင်းသည်လည်း ဖြစ်သော။ ပါပကံ ဝါ၊ မကောင်းသည်လည်း ဖြစ်သော။ ယံ ကမ္မံ၊ အကြင်ကံကို။ ကရိဿန္တိ၊ ပြုကြကုန်လတံ့။ တဿ၊ ထိုကောင်းဆိုး နှစ်တန် နှစ်မျိုးသောကံ၏၊ ဒါယာဒါ၊ ပေးသော အမွေအကျိုး ကို ရယူဆိုက်ကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကြရကုန်လိမ့်မည်၊ ဣတိ၊ ဤသို့။ (သခစ ပဋိသမ္ဘိဒါကွဘိ၊ အကာယ်၍ ဆင်ခြင်မှု ...ားသည် ဖြစ်အံ့။)

တံ ဌာနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏ ကံပေးသမျှ အမွေအကျိုးကိုရယူဆိုက်ခြင်း ဟူသော ထိုအကြောင်းကို။ အဘိဏှံ၊

နေ့ ညဉ့်မပြတ်။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ မဂ္ဂေါ၊ အရိယမဂ်သည်။ သဉ္ဇာယတိ၊ ဖြစ်ပေါ်လာ၏။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ တံ မဂ္ဂံ၊ ထိုအရိယမဂ်ကို။ အာသေဝတိ၊ မှီဝဲ၏။ ဘာဝေတိ၊ ပွားများ၏။ ဗဟုလီကရောတိ၊ ကြိမ်ဖန်များစွာ ပြုလုပ်၏။ တံ မဂ္ဂံ၊ ထိုမဂ်ကို။ အာသေဝတော၊ မှီဝဲသော။ ဘာဝယတော၊ ပွားများသော။ ဗဟုလီကရောတော၊ ကြိမ်ဖန်များစွာ ပြုလုပ်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏ သန္တာန်၌။ သံယောဇနာနိ၊ သံယောဇဉ်တို့သည်။ ပဟီယန္တိ၊ ကင်းပျောက်ကုန်၏။ အနုသယာ၊ အနုသယတို့သည်။ ဗျန္တိ၊ ကင်းပျောက် ပျက်စီးခြင်း အဆုံးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဓမ္မာ၊ အိုခြင်း စသော တရားတို့သည်။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ဗျာဓိဓမ္မာ၊ မကျန်းမမာ ဖျားနာရခြင်း သဘောရှိကုန်၏။ ဇရာဓမ္မာ၊ အိုခြင်း သဘောရှိကုန်၏။ အသော၊ ထိုပြင်၊ မရဏဓမ္မိနော၊ သေရမည့် သဘောလည်း ရှိကုန်၏။ ပုထုဇ္ဇနာ၊ သူတော်ကောင်း ဖြစ်ကြကုန်သော ပုထုဇဉ်တို့သည် (တံ ဓမ္မံ ထိုဇရာ စသော သဘောတရားကို) ဇိဂုစ္ဆန္တိ စက်ဆုပ်ကြကုန်၏

အဟဉ္စ၊ ငါသည်လည်း၊ ဧဝံ ဓမ္မေသု၊ ဤသို့ အိုခြင်း စသော သဘောရှိကုန်သော။ ပါဏီသု၊ သတ္တဝါတို့၌။ တံ ဓမ္မံ၊ ဤ အိုခြင်းစသော သဘောကို။ ဇိဂုစ္ဆေယျံ၊ စက်ဆုပ်ရာ၏။ ဧဝံ၊ ဤသို့။ ဝိဟာရိနော၊ နေလေ့ရှိသော။ မမ၊ ငါအား၊

တော်၊ ဤ ဇရာဓမ္မ စသည်ကို စက်ဆုပ်ခြင်းသည်။ ပဋိရူပံ။ လျောက်ပတ်သည်။ န အဿ၊ မဖြစ်ရာ။

ဧဝံ၊ ဤသို့။ ဝိဟရန္တော၊ နေသော။ သော—အဟံ၊ ထိုငါ သည်။ နိရုပဓိံ၊ ကာမုပဓိ၊ ကိလေသုပဓိ၊ အဘိသင်္ခါရုပဓိမှ ကင်းရာဖြစ်သော။ ဓမ္မံ၊ အရဟတ္တဖိုလ်တရားကို။ ဉတွာ၊ သိ၍။ အာရောဂျေ၊ အနာကင်းခြင်း ကျန်းမာခြင်း၌၎င်း။ ယောဗ္ဗနသ္မိံ စ၊ အရွယ်နုပျိုခြင်း၌၎င်း။ ဇီဝိတသ္မိံ စ၊ အသက်ရှည်ခြင်း၌ ၎င်း။ ယေ မဒါ၊ အကြင်မာန်ယစ်ခြင်းတို့သည်။ အဟုံ၊ ရှိကုန် ၏။

သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ မဒေ၊ ထိုမာန်ယစ်ခြင်းတို့ ကို။ အဘိဘော၊ နှိပ်စက်လွှမ်းမိုးနိုင်သည်။ အသ္မိ၊ ဖြစ်၏။ နေက္ခမ္မံ၊ ကာမမှ လွတ်မြောက်ကြောင်း ဖြစ်သော ရဟန်းအဖြစ် ကို။ ခေမတော၊ ဘေးမရှိသော အားဖြင့်။ ဒဋ္ဌု၊ ရှု၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အဘိပဿတော၊ ရှုမြင်သော၊ တဿ မေ၊ ထိုငါ့အား။ အဟံ၊ ငါသည်။ ဧတရဟိ၊ ယခုအခါ၌။ ကာမာနိ၊ ဝတ္ထုကိ လေသာနှစ်ဖြာသော ကာမတို့ကို။ ပဋိသေဝိတုံ၊ မှီဝဲခြင်းငှာ။ န ဘဗ္ဗော၊ မထိုက်တော့။ ဗြဟ္မစရိယပရာယဏော၊ သာသနာတော် တည်း ဟူသော မြတ်သောအကျင့်လျှင် လည်းလျောင်းရာရှိသည် ဖြစ်၍။ အနိဝတ္တိ၊ သာသနာတော်မှ မဆုတ်နစ်သည်။ ဘဝိ- ဿာမိ၊ ဖြစ်အံ့၊ ဣတိ၊ ဤသို့။ ဥဿာဟော၊ အားထုတ်ခြင်း သည်။ အဟု၊ ဖြစ်ပြီ။

ဣတိ ဤသို့။ အဝေါစ၊ မိန့်တော်မူပြီ။

# အဘိဓမ္မာပစ္စယပစ္စဝေက္ခဏတမ္ဘသုတ္တန်တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁၃၄၀-ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂-ရက်နေ့ည ရန်ကုန်မြို့ ပဒ္ဓနိကာယ သာသနာ့ဗိမာန်ဘော်၌ ဘာနတိကျောင်း ရွှေပြောင်း ကျောင်းထိုင်တော်မူပြီးသော "အဘိဓဇမဟာရဋ္ဌဂုရု" မစိုးရိမ်ဆရာတော်ဘုရားကြီး ပဒ္ဓနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်ကြီး၏ ကျောင်းဒကာကြီး ထိုပုဂ္ဂိုလ်နှစ်ဦးတို့၏ ဓမ္မဒါန အမတဒါနအလို့ငှာ ဆင်ယင်ကျင်းပသည့် ဓမ္မသဘင်ဝယ်ဟောကြားအပ်သော အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ်ပါဠိတော်၌ လာသော အဘိဏှပစ္စဝေက္ခိတဗ္ဗသုတ္တန်တရား။

အဘိဏှပစ္စဝေက္ခိတဗ္ဗသုတ္တန်ဆိုတဲ့ သုတ္တန်တခု ဒီကနေ့ည မနက်ဖန်ည ဒီဘသုတ်တည်းပဲ နှစ်ညတိုင်တိုင် ဟောကြ နာကြရအောင်၊ ဒီကနေ့ညတော့ တရားခပ်တိုတို တနာရီ၊ တနာရီခွဲလောက်နဲ့ သိမ်းကြရအောင်—

အဘိဏှပစ္စဝေက္ခိတဗ္ဗသုတ္တန်တရား ဖြစ်လာတဲ့အချိန်၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း ကိုန်းအောင်းစံပျော် မွေ့လျော်သော အခါ သံဃာ့အစည်းအဝေး သံဃာ့ပရိသတ်မှာ ဟောတဲ့တရား။

ဒါကြောင့် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်ရဲ့အတွင်း မင်္ဂလမာဠလို့ ခေါ်ဆိုတဲ့ သံဃာများစွာ စည်းဝေးညီမူရာ တန်ဆောင်းကြီးရဲ့အတွင်းမှာ သံဃာတော်ပေါင်း မြောက်မြားစွာ ဘုရားရှင်ကိုယ်တော်မြတ်ဟောကြားလတံ့ဖြစ်တဲ့ အဘိဏှပစ္စဝေက္ခိတဗ္ဗသုတ္တန်တရား နာကြားနေတော်မူတဲ့ပုံကိုလဲ အာရုံယူကြပြီး၍ ညဉ့်ဦးယံကာလအချိန် ဗုဒ္ဓ မမ္မ သံဃ ပလ္လင်ထက်က နေ၍ ဤအဘိဏှပစ္စဝေက္ခိတဗ္ဗသုတ္တန်တရား ဟောကြားတော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကိုလဲပဲ အာရုံရအောင် ယူကြပြီး တော့ ဒီနေရာက ဘုရားရဲ့ ဂုဏ်တော် ကျေးဇူးတော်များကို ကြည်ညိုသဒ္ဓါပွားများကြပြီး လက်အုပ်ချီမိုး၍ ရှိခိုးကြရအောင် အားလုံးပဲ လက်အုပ်ချီပြီးတော့ ဘုရားမြတ်စွာရဲ့ ဂုဏ်တော် ကျေးဇူးတော်များ အာရုံရအောင် ယူလိုက်ကြပါ။

ယော ဇိနော အနေကဇာတိယံ၊
သပုတ္တဒါရ·မင်္ဂဇီဝိတမ္ပိ။
ဗောဓိပေမတော အလဂ္ဂမာနသော၊
အဒါသိယေဝ အတ္ထိကဿ။

ဒါနပါရမိံ တတောပရံ အပူရိ၊
သီလပါရမျာဒိကမ္ပိ။
တာသမိဒ္ဓိယောပယာတမဂ္ဂတံ၊
တမေကဒ္ဒိပကံ နမာမ။

**ယောဗ္ဗနေ၊** ငါးပါးမာန်ညွန့် ရန်အဝှန့်ကို မရှုံမထိတ် ခြင်္သေ့စိတ်ဖြင့် နှင်းနိုင်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ အကြွင်အောင်တော်မူ မြတ်စွာဘုရားသည်။

**အနေကဇာတိယံ၊** တစ်နှစ်သုံးလေး ဂဏန်းရေ၍ ချင့်တွေး မလွယ် များကြွယ်လှစွာ ဘဝါဘဝ လေးအသင်္ချေနှင့် ကမ္ဘာ တသိန်းတို့ ကာလအတွင်း၌။

ဗောဓိပေမတော၊ ဗောဓိဉာဏ်ကြီး ရွယ်တိုင်းပြီးသည့် ထွတ်ထီး ဗိတာန် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရန်စိတ်ထား လိုလား တောင့်တတော်မူခြင်းကြောင့်။

သပုတ္တဒါရံ၊ ကိုယ်တော့်ရင်သွေး အသက်ပေး၍ ချစ်ရေး ဖြာစည် သဲနှလုံးနှင့် ပမာမှီရသည့် ဇာလီ ကဏှာဇိမ်တို့ကဲ့သို့သော သမီးသား မဒ္ဒီဒေဝီတို့ကဲ့သို့သော ဇနီးမိဖုရားနှင့်တကွဖြစ်သော။

အင်္ဂဇီဝိတမ္ပိ၊ မဟာသွေး မဟာရည် ရာဇရင်ဂုဏ်အင်ညီ၍ ဖြိုးစည်သပ္ပာယ် ကိုယ်အင်္ဂါကြီးငယ်နှင့်တကွ လူဝယ်အမြတ် ခေါ်မှတ်တွင်ညောင်း အသက်တချောင်းကိုပင်သော်လည်း။

အလဂ္ဂမာနသော၊ ငါ့သားငါ့သမီး ငါ့ဇနီးက ငါ့ထီးငါ့နန်း ငါ့ကြငှန်းတည့် ငါ့သန်းရုံရွှေ ငါ့ရွှေငွေနှင့် ငါ့မြေ ငါ့ရာ ငါ့ဥစ္စာ ဟု တဏှာမြေးယှက် မပေးရက်အောင် ရမ္မက်ပိတ်ဖုံး စိတ်နှလုံးမှ ဆိတ်သုဉ်းတော်မူနှဲ့သည်ဖြစ်၍။

အတ္ထိကဿ၊ အလိုရှိလတ် ချဉ်းလာကပ်သား ယုတ်မြတ်မဟူ အလှူခံပုဂ္ဂိုလ် များထိုထိုအား။

အဒါသိမေဝ၊ သဗ္ဗညုဉာဏ် ရဘို့ရန်ဟု စိတ်သန်ဖြူဖွေး သဒ္ဓါရှေး၍ လှူပေးတော်မူခဲ့သည်သာလျှင်တည်း။

ဒါနပါရမီ၊ အပြားသုံးလီ ဒါနပါရမီတော်မြတ်ကိုရင်း။ ဝါ- ဒါနပါရမီ၊ ဒါနပါရမီ ဒါနဥပပါရမီ ဒါနပရမတ္ထပါရမီဘည်းဟူသော အပြားသုံးလီ ဒါနပါရမီတော်မြတ်ကိုရင်း။

တဘောပရံ၊ ထိုဒါနပါရမီမှ ဘမျိုးတခြား တပါးသောလျှင် ဖြစ်သော။

သီလပါရမျာဒိကမ္ပိ၊ သီလပါရမီ နေက္ခမ္မပါရမီ ပညာပါရမီ ဝီရိယပါရမီ ခန္တီပါရမီ သစ္စာပါရမီ မေတ္တာပါရမီ အဓိဋ္ဌာန်ပါရမီ ဥပေက္ခာပါရမီတည်းဟူသော ပါရမီတော်မြတ်အပေါင်းကိုရင်း။

အပူရိ၊ သဗ္ဗညုဉာဏ် ရဘို့ရန်ဟု စိတ်သန်ရည်စူး သစ္စာထူးဖြင့် ဖြည့်ကျင့်တော်မူခဲ့လေပြီ။

တာသံ၊ ထိုပါရမီဆယ်ပါး အကျယ်ပွားက အပြားသုံးဆယ်နှုန်းမလွယ်တို့၏။

ဣဒ္ဓိယာ၊ တစွန်းတစ မကျန်ရအောင် လောက်ငကုံလုံ ပြည့်စုံတော်မူခြင်းကြောင့်။

အဂ္ဂတံ၊ ဗြဟ္မာနတ်လူ သုံးဘုံသူတွင် မည်သူမျှ မယှဉ်အပ်မယှဉ်နိုင် မတုအပ် မတုနိုင်သည့် အမြတ်ခေါင်မှူး ပုဂ္ဂိုလ်ထူးအဖြစ်သို့။

ဥပယာတံ၊ ဆုကြီးပွင့်စည် ခါတန်ပြီဟု ပါရမီတော် နှိုးပင့်ဆော်၍ ရောက်တော်မူပြီးထသော။ ဝါ၊ ရောက်တော်မူခြင်းကြောင့်။

ကောဒိပကံ၊ အစမထင် ကမ်းမမြင်ပဲ သံသရာတကြောတမျောတဲ မျောခဲ့ရသည့် လူရောနတ်ပါ ဗြဟ္မာမကြွင်း သတ္တဝါ

ခပင်းတို့ ခိုမှီးရာဘခုတည်းသော ကိုင်း ကျွန်းကြီးသဖွယ်လည်း ဖြစ်တော်မူထသော။

တံ ဇိနံ၊ ငါးပါးမာရ်ညွန့် ရန်အဝှန့်ကို မရှိခထိတ် ခြသေ့ ဝိဘ်ဖြင့် နင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ ထို အောင်တော်မူ မြတ်စွာဘုရားကို။

မယံ၊ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ်ဟု ဆိုကြကုန်သော ထိုဆိုချားစွာ ငါးခန္ဓာကို သူ ါသမုတ် အကျွန်ုပ်တို့သည်။ နမာမ ကာယဝစီ မနောခါလျက် အဥ္ဇလီညှတ်ကျိုး လက်အုပ်ချီမိုး၍ ရှိခိုးဦးညွှတ်ပါကုန်၏ မြတ်စွာဘုရား။

နမာမ၊ ကိုယ်-နှုတ်-နှလုံး သုံးပါးပြောင်းပျော့ မာရ်ကို လျော့၍ ကန်ဘော့မြတ်နိုး လက်စုံ မိုး၍ ရှိခိုးဦးညွှတ်ပါကုန်၏ မြတ်စွာဘုရား။

## လက်နက်ကောင်းကလေးတခုတော့ ဆောင်ထားမှ

အဘိဏှပစ္စဝေက္ခဏာဘဗ္ဗသုတ္တန်ဆိုတာ အမြဲတမ်းဆင်ခြင်အပ်တဲ့ တရားများကို ဖော်ပြထားတဲ့ (သုတ္တန်) အတွက် (အမြဲတမ်းဆင်ခြင်အပ်တဲ့ တရားများ) လက်သုံးဘောင်ဝှေးသဖွယ် အမြဲတမ်း ဆောင်ထားရမည့် တရားများလို့(ဒီလို) ဆိုပါတယ်။

ခရီးကသည်း ရှည်(တယ်)၊ခရီးကသည်း ကြမ်း(တယ်)၊ဘောကသည်း နက်(တယ်)။ အဲဒီလို တောကြီးအလွန်နက်ပြီးတော့ ခရီးရှည် ခရီးကြမ်းကို ပင်ပန်းနွမ်းနယ်စွာ သွားရမဲ့ ခရီးသည် ဘယောက်သည် ကိုယ်သွားရမည့် ခရီးမှာ မည်သည့်အန္တရာယ်

(ကြုံမယ်ဆိုတာ မပြောနိုင်ဘူး)၊ မည်သည့် အခက်အခဲတွေနဲ့ ကြုံမယ်ဆိုတာ မပြောနိုင်ဘူး။

အဲဒီတော့ခရီးရှည်ခရီးကြမ်းသွားမဲ့ပုဂ္ဂိုလ်တယောက်(သည်) ထို ခရီးမဝင်ခင် (ကတဲက)၊ ခရီးစမယ်လို့ ကြိုတင်ပြင်ဆင်ကတဲက လက်နက်ကောင်းလေးတခုတော့ ဆောင်ထားရမယ်၊ လမ်းမှာ တွေ့မဲ့ကြုံမဲ့ဆုံမဲ့ အန္တရာယ်များ တားဆီးဘို့ရန်၊ကာကွယ်ဘို့ရန် အဲဒီ လက်နက်ကောင်းလေးများ ဆောင်ထားရမယ်။

ဥပမာ—အလွန်တရာ တောကလည်းနက် ခရီကလဲရှည်တဲ့ တောလမ်းခရီးသွားမဲ့ ခရီးသည်တယောက် တောထဲဝင်မယ်ဆို ကြိုကတဲက အနဲဆုံး တုတ်ကလေးတချောင်းတော့ ပါသွားမှ ဖြစ်မယ်။ ဓားကလေးတချောင်းတော့ ပါသွားမှ၊ လှံကလေး တချောင်း တခုခုတော့ ပါသွားမှ၊ ဘာကြောင့်လဲ တောကြီး ထဲမှာ လမ်းကကြမ်း၊ ခရီးကကြမ်း၊ တောကထူ၊ အဲဒီတော့ တောထဲမှာ ဘာတွေနဲ့တွေ့မယ်ဆိုတာ မပြောနိုင်ဘူး။ မြွေဆိုးနဲ့ ကြုံမလား၊ သားရဲတိရစ္ဆာန်ကြမ်းတွေနဲ့ ကြုံမလားဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။

အဲဒီလို မြွေကြမ်း၊ ဆင်ကြမ်း၊ မြင်းကြမ်း၊ သားရဲတိရစ္ဆာန်ကြမ်း၊ ကျား၊ ကျားသစ်၊ ခြင်္သေ့ဆိုတဲ့ တိရစ္ဆာန်တွေနဲ့ ရင်ဆိုင်တွေ့နေမှဖြင့် ကြိုတင်ပြီးတော့ ကိုယ့်မှာ လက်နက်မပါယင် ရင်ဆိုင်တွေ့တဲ့အချိန်ကျမှ ဟိုဆွဲ ဒီဆွဲ ဆိုယင် သားရဲ တိရစ္ဆာန်တွေက ကိုယ့်ကို လက်ဦးသွား လိမ့်မယ်။

အဲဒါကြောင့် ခရီးကြမ်း၊ ခရီးပမ်းသွားမဲ့ ပုဂ္ဂိုလ်တယောက် ဟာ ကြိုတင်ပြီးတော့ လက်နက်ကိုင်သွားမှ၊ ခုနကပြောတဲ့ သားရဲတိရစ္ဆာန်တွေနဲ့ တွေ့ယင်ပဲဖြစ်ဖြစ်၊ မြွေဆိုးနဲ့ ဆုံတွေ့တဲ့ အခါပဲဖြစ်ဖြစ် ကြုံတွေ့လာခဲ့ယင် ကိုယ့်လက်ထဲမှာပါတဲ့ လက် နက်နဲ့ ရင်ဆိုင်တွေ့တဲ့အချိန် အဲဒီမှာ ခုခံကာကွယ်နိုင်မယ်။ အဲဒ်လို ခုခံကာကွယ် စရာကလေးအဖြစ် လက်နက်ကလေး တခုတော့ ဆောင်ထားသင့်တယ်။

အဲဒီလို တောလမ်းခရီးမပြောနဲ့ ဘုန်းကြီးတို့ လေလမ်းခရီး က အခု ဘုန်းကြီးတို့ လာခဲ့ရတာဘောင် ပါးစပ်က အမြဲတမ်း ရွတ်ဖတ်ခဲ့ရတယ်။ လေလမ်းခရီးကနေ လာခဲ့ရတယ်။ ပေပေါင်း နှစ်သောင်းကျော်တဲ့အမြင့်က ကျခဲ့ယင် အရိုးအသား ရှာတွေ့ မှာမဟုတ်ဘူး။ အဲဒါကြောင့် ပါးစပ်က အမြဲမပြတ် ရွတ်ပြီး တော့ လာခဲ့ရတယ်။ ဘာလဲလို့ဆိုတော့ ဒါကြိုတင်ပြီးတော့ ကိုယ့်အတွက် လက်နက်ဆိုတာ ဆောင်ထားတာပဲ။ အဲဒီလိုမှ လက်နက် ကြိုတင်မဆောင်ထားတဲ့ ပုဂ္ဂိုလ်တွေယင် ရန်သူနဲ့ ရင်ဆိုင်တွေ့တဲ့အခါ ရန်သူက လက်ဦးသွားလိမ့်မယ်။

အဲဒီလို အမြဲတမ်း ဆောင်ထားရတဲ့ လက်နက်ဆိုတာကို ဘုန်းကြီးတို့ ဒီပါဠိတော်မှာ ဒီသုတ္တန်အရပြောရယင် အဘိဏှ ပစ္စဝေက္ခိတဗ္ဗသုတ္တန်ဟာ ဘုန်းကြီးတို့ ပရိသတ်တွေအတွက် လက်နက်တခုပါဘဲ။ အဘိဏှ=အမြဲတမ်း နေ့ရောညပါ တရစပ် ပစ္စဝေက္ခိတဗ္ဗ=ဆင်ခြင်အပ်သောတရားတဲ့။ အဲဒါလက်နက်တခု။

ဘုန်းကြီးတို့ ပရိသတ်တွေလဲ သံသရာခရီးမှာ အရှည်ကြီး သွားကြရအုံးမဲ့ သံသရာခရီးသည်တွေ၊ ဟော–ဒီကမ္ဘာမြေ အပြင်ပေါ်မှာလဲပဲ ခရီးအရှည်ကြီး နေ့စဉ် နေ့စဉ် သွားနေကြ ရတဲ့ ခရီးသည်တွေ၊ သံသရာခရီးသည်တွေ ဖြစ်တဲ့အတွက် နေ၊ လေ၊ တောင်ကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်း ဆိုတဲ့ ဘေးဒုက္ခတွေနဲ့ ဒီပုဂ္ဂိုလ်တွေ ရင်ဆိုင်တွေ့ကြရမှာတော့ အားလုံး ပဲ သေချာနေပါတယ်။

ဆရာတော်။ ။ဒို့ ပရိသတ်၊ မသေချာဘူးလား။

ဓမ္မယောဂီများ ။ ။သေချာပါတယ်ဘုရား။

ဆရာတော်။ ။တောလမ်းခရီးသွားယင် မြွေဆိုးနဲ့ရင်ဆိုင် တွေ့ရမယ် ဆိုတာက သိပ်မသေချာဘူး ။ သံသရာခရီး အရှည်ကြီးသွားမဲ့ ဘုန်းကြီး တို့ပရိသတ်တွေ၊ အို၊ နာ၊ သေဘေး ဒုက္ခနဲ့ တွေ့မယ်ဆိုတာကရော။

ဓမ္မယောဂီများ။ ။သေချာပါတယ်ဘုရား။

ဆရာတော်။ ။သေချာတယ်၊ ချစ်တဲ့သူနဲ့ ခွဲရမယ်ဆိုတာ ကရော မသေချာဘူးလား။

ဓမ္မယောဂီများ။ ။သေချာပါတယ်ဘုရား။

ဆရာတော်။ ။ချစ်တဲ့သူတွေနဲ့ ဆရာတပည့်ပဲ ဖြစ်ဖြစ်၊ သမီးသားနဲ့ ဇနီးမယားနဲ့ပဲ ဖြစ်ဖြစ်၊ မိတ်ဆွေအချင်းချင်းပဲ ဖြစ်ဖြစ်၊ တပည့်

ဒကာ ဧကာမပဲ ဖြစ်ဖြစ်၊ ဇနီးခင်ပွန်းပဲ ဖြစ်ဖြစ် ချစ်ခင်နှစ်သက်တဲ့ ပုဂ္ဂိုလ်တွေနဲ့ တနေ့ ဒီလူတွေ အကုန်လုံး ခွဲခွာခြင်းမှာ အဆုံးသတ်ရမယ် ဆိုတာ အားလုံး သေချာတယ်နော်။

**စမ္မယောဂီများ။** ။မှန်ပါဘုရား။

## ထွဋ်ခေါင်ဆရာတော်ရဲ့ သံပေါက်လင်္ကာ

ဒါကြောင့် ဘုန်းကြီးတို့ စစ်ကိုင်းတောင်ရိုး မင်းတုန်းမင်း တရားကြီးလက်ထက်က ထင်ရှားကျော်ကြားတော်မူတဲ့ ထွဋ်ခေါင် ဆရာတော်ဘုရားကြီး ရေးသားသွားတဲ့ ကမ္မဋ္ဌာန်း သံပေါက် ဘုန်းကြီးတို့ ရိသတ် အရချကြတယ်။

**ဆရာတော်။** ။ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား
နောက်ဆုံး—ဘာတဲ့လဲ နောက်နားက—

**စမ္မယောဂီများ။** ။ကွေကွင်း နောက်ဆုံးပါဘုရား။

**ဆရာတော်။** ။ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား
ကွေကွင်းနောက်ဆုံး ရှိချေသည်တကား၊
ဟုတ်လား။

**စမ္မယောဂီများ။** ။မှန်ပါဘုရား။

ဆရာတော်။ ။နုနယ်ရုပ်ဆင်း၊ ပျိုမျစ်ခြင်းကား၊ အိုမင်း
နောက်ဆုံး ရှိချေတကား။
ဇီဝိန်တင်းလင်း သက်ရှည်ခြင်းကား၊ သေ
ခြင်းနောက်ဆုံး ရှိချေတကား။
ရောဂါကင်းရှင်း ကျန်းမာခြင်းကား၊ နာ
ခြင်း နောက်ဆုံး ရှိချေတကား—
ဆိုပြီး နောက်ဆုံး ရှိတယ်။

ဘဝတခု အဆုံးသတ်ယင် အဲဒါနဲ့ အဆုံးသတ်ရတယ်။ ဘယ်လောက် ကျန်းမာတယ်ပြောပြော၊ ရောဂါတခုခုနဲ့ အဆုံးသတ်သွားတယ်။ ဘယ်လောက် အဲဒီပုဂ္ဂိုလ် နုပျိုလန်းဆန်းနေပါတယ်ပြောပြော၊ အိုမင်းရင့်ရော်ခြင်းမှာ အဆုံးသတ်သွားတယ်။ ဘယ်လောက်ပင် အသက်ရှည်တယ်ပြောပြော၊ တနေ့မှာ သေခြင်းမှာ အဆုံးသတ်ရတယ်။ ချစ်တဲ့သူတွေနဲ့ ဘယ်လောက်ပင် အတူတွဲပြီးတော့ တအိုတဲ တအိမ်တဲမှာ နေရတယ်ပြောပြော၊ ဆရာနဲ့ ဒကာ ဘယ်လောက်ပဲ တွဲပြီးတော့ နေကြရတယ်ပြောပြော၊ တနေ့ ခွဲခွါခြင်းမှာ အဆုံးသတ်တယ်တဲ့။

## သောင်ထောရမဲ့ လက်နက်ကောင်း

အဲဒီအဆုံးသတ်တဲ့ သဘောကလေးတွေကို အဆုံးမသတ်ခင်ကတဲက ကိုယ့်နှလုံးထဲ ထည့်သွားလိုက်ယင် ခုနက အဆုံးသတ်မဲ့ သဘောကလေးတွေကို အဆုံးမရောက်သေးခင်ကတဲက ကိုယ့်

နှလုံးထဲ ကြိုတင်ထည့်ထားလိုက်ယင် ဒါဟာ လက်ထဲမှာ အဲဒါ လက်နက်ကောင်းတခုပါပဲ၊ ရ-ထားသလိုပါပဲ။

ဆရာတော်။ ။ခရီးကြမ်းတော့ ဘုန်းကြီးတို့ ပရိသတ်ရဲ့ သွားရမဲ့ဟာ ဘယ့်နှယ်လဲ၊ ဘယ်လိုခရီးမျိုးလဲ။

ခမ္မယောဂီများ။ ။ဝဲကြမ်းကြီးပါတဲ့ဘုရား။

အလွန်တရာကြမ်းတမ်းတဲ့ ခရီးကြမ်းပဲ၊ အိုခြင်းဆိုတဲ့ ဘေးဆိုး နှိပ်စက်ခံရ၊ နာခြင်းဆိုတဲ့ ဘေးဆိုးကြီးလဲ နှိပ်စက်ခံရ၊ သေခြင်းဆိုဘဲ့ ဘေးဆိုးလဲ နှိပ်စက်ခံရ၊ ချစ်ခင်နှစ်သက်တဲ့ပုဂ္ဂိုလ် တွေနဲ့ ခွဲခွါရမယ်ဆိုတဲ့ ဘေးဆိုးကလဲ နှိပ်စက်ခံ နေရတယ်တဲ့၊ ဒီလောက ဒီခရီးဟာ အလွန်တရာ ကြမ်းတမ်းတဲ့ သံသရာခရီး ကြမ်းပါ။

အဲဒီလို ကြမ်းတမ်းလှတဲ့ လောကကြီးမျက်မဲမှာသွားမဲ့ ခရီး ကြမ်းသွားနဲ့ ခရီးသည် လက်ထဲမှာ ဓား၊ လှံ၊ လေး၊ မြား ဆိုတဲ့ လက်နက်ကိုင်ပြီးတော့သွားသလို ဒီကနေ့ သံသရာ ခရီး အရှည်ကြီးထဲ ခရီးပြင်း နှင်နေကြတဲ့ ဒို့ တရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့ရဲ့ သန္တာန်မှာလဲပဲ လက်ထဲ လက်နက်ကိုင်ပြီးတော့ ထားရမယ်။ လက်ထဲမှာ ဆောင်ထားအပ် တဲ့ အဲဒီလက်နက်ကိုဖြင့် ဒီသုတ္တန်မှာ ဘုရားမြတ်စွာ ထုတ်ဖော် ပြီးတော့ ဟောထားပါတယ်။

အဲဒီ အဆုံးသတ်ချမဲ့သဘောတရားတွေကို အဆုံးသတ်ဝင် ကတဲကိုက ကိုယ့်ရင်ထဲ နှလုံးထဲထည့်ထားယင် တကယ်အဆုံးသို့

ရောက်ပြီလဲဆိုရော ကိုယ်ကကြိုတင်ပြင်ဆင်ပြီးသား ဖြစ်နေတော့ (အဲဒီလို) မီးမလောင်ဘူးပေါ့။ မကြာခင် ဒီနည်းတွေနဲ့တော့ အဆုံးသတ်ရမှာပဲလို့ ကြိုတင်ပြီးတော့ ကိုယ့်ရင်ထဲ နှလုံးထဲ (ဟော့) ဒီဆေးဝါး မန္တန်လက်နက်ကလေးတွေ ထည့်ထားတဲ့အတွက်ကြောင့် အကယ်၍ ကိုယ်ချစ်တဲ့သူနဲ့ ခွဲခွာရတဲ့ဘေးနဲ့ ကြုံတွေ့လာရသည့်အတိုင်း မခွဲခင်ကတဲက ခွဲရမယ်ဆိုတာ သိပြီးသားဆိုတော့—

ဆရာတော်။ ။သိတဲ့သူက မသက်သာဘူးလား၊ သက်သာသလား၊ ဒို့ပရိသတ်။

ဓမ္မယောဂီများ။ ။သက်သာပါတယ်ဘုရား။

ဆရာတော်။ ။သိရက်သားနဲ့ ခွဲခွာရတာ သက်သာတယ်၊ မခွဲခွာရတော့ဘူး ထင်ထားတဲ့ အထင်ကြီးနဲ့ ခွဲခွာရတာက လောင်တတ်တယ်နော။

ဓမ္မယောဂီများ။ ။မှန်ပါ့ဘုရား။

ဒါ့ကြောင့် ကြိုတင်ပြီးတော့ ဆောင်ထားခြင်းအားဖြင့် လက်နက်တခုပါပဲလို့၊ အဲဒါကို အဘိဏှပစ္စဝေက္ခဏသုတ္တန်မှာ ဘုရားမြတ်စွာ ညွှန်ပြတယ်။ အဲဒါ ဘုန်းကြီးဘို့ပရိသတ်ကို ဒီကနေ့ ဘုန်းကြီးတို့အနေနဲ့ သတိပေးချင်ပါတယ်။ ဓမ္မဒါနတရား အလှူပေးလိုပါတယ်။ နောက်တခါ ဒီ အဘိဏှပစ္စဝေက္ခဏသုတ္တန်ကို လက်ကမ်းစာရွက်ကလေးတွေ လက်ဆောင်

စာအုပ်ကလေးတွေထဲမှာ နှစ်ပေါင်းများစွာကတဲက ဒို့ပရိသတ် လက်ထဲ ဟိုကဒီက ထည့်ပေးလိုက်လို့ ရောက်နေတာတွေ ရှိလိမ့်မယ်။

ဆရာတော်။ ။ဘုန်းကြီးတို့ ပရိသတ်၊ မရှိဘူးလား၊ ရှိသလား။

ဓမ္မယောဂီများ။ ။ရှိပါတယ်ဘုရား။

## ပြည့်ပြည့်စုံစုံ ဖြစ်သွားရအောင်

ဟိုက ဒီကနေ ရိုက်နှိပ်ဝေငှလိုက်လို့ စာအုပ်ကလေးတွေ သေးသေးကလေးတွေ ဟုတ်လား။ အဲဒီ အဘိဓမ္မာသုတ္တန်ဆိုပြီး တော့ လူတွေရနေကြတယ်။ ဘုန်းကြီးတို့လဲ လူလားမြောက်တဲ့အချိန် အဘိဓမ္မာသုတ္တန်တို့ ဘာတို့ ဝတ်ရွတ်စဉ်အမျိုးမျိုး ကောက်ကိုင်တဲ့အခါကျတော့ အဲဒီ အဘိဓမ္မာသုတ္တန်ကိုတွေ့ဘယ်။

"မြတ်စွာဘုရားဟောဖော် ပါဠိတော် အဘိဓမ္မာသုတ္တန်ကလဲ ဘယ့်နှယ်လဲ တိုတောင်းလှချည်လား၊ ဒီခလောက်ပဲလား" လို့ ထင်ခဲ့တယ်။ နောက် မိမိကိုယ်တိုင် ပါဠိဘော်များ ကြည့်နိုင်တဲ့အချိန် ကြည့်တဲ့အခါကျတော့မှ ဟယ်ဟုတ်မလဲ၊ အဘိဓမ္မာသုတ္တန်ကို မြတ်စွာဘုရား ဟောထားတာ ဒါထက်လေးနက်တယ်။ ဘုန်းကြီးတို့ ပရိသတ်တွေ လက်ထဲရောက်နေတဲ့ စာအုပ်ကလေးတွေ ထက် အလွန်တရာလေးနက်ကြွယ်ဝတဲ့ အဓိပ္ပာယ်တွေ ကျမ်းရင်းမှာ အများကြီး ကျန်နေရစ်ခဲ့တယ်။ ဒါတွေရတယ်၊

ဒိဋ္ဌိပရိယသတ်တွေရဲ့ လက်ထဲရောက်နေတာက ပါဠိတော်အစနားလေးက အပိုဒ်လေး လေးငါးပိုဒ်ပဲ ရောက်ဘယ်။ တိုတိုကလေးသာ ရောက်တယ်။ အလွန်လေးနက်တဲ့ အဓိပ္ပာယ်တွေဟာ နောက်နားမှာ များစွာကျန်နေတယ်။ အဲဒါနဲ့ပဲ ဒီအဘိဓမ္မာသုတ္တန်အပြည့်အစုံကိုလဲပဲ ဒိဋ္ဌိပရိယသတ်ကို အသိပေးချင်တဲ့ ဆန္ဒဖြစ်ပေါ်လာတာ ဘောဘောကြာခဲ့ပြီ၊ အဲဒါနဲ့ အဘိဓမ္မာသုတ္တန်ကို ဘုန်းကြီးနုတ်သဲချအောင် ဆောင်ထည့်ခဲ့ပြီး မန္တလေးနေပြည်တော်မှာ တပွဲဟောခဲ့ပြီးပါပြီ။

ယခုတော့ ဒီနေရာမှာ ဒီကနေ့ညနဲ့ နက်ဖန်ည ပြည့်ပြည့်စုံစုံ သုတ္တန်ကို ဟောပါမယ်။

ကိုင်း–ဘုန်းကြီးတို့ဟောခဲ့ အဘိဓမ္မာပစ္စဝေက္ခဏသုတ်တရား။

ဇေတဝန်တရားပွဲ

"ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတ
ဝနေ အနာထပိဏ္ဍိကဿ အာရာမေ"။

ဧကံ သမယံ၊ အခါတပါး၌၊ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ သာဝတ္ထိယံ သာဝတ္ထိပြည်အနီး၌၊ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေးကြီး၏၊ အာရာမေ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းပေသော။ ဇေတဝနေ၊ ဇေတဝန် ကျောင်းမောင်း သခင့်ကျောင်း၌။ မဟာဂါ ဂုဏ်ဘွဲ့ပြိုင် မြဲမြံမှန်ခဲ့သော။ ဝါ၊ အနေအထွက်အားဖြင့်လည်း များပြားလှစွာသော။ ဘိက္ခုသံဃနှင့်၊ ရဟန်း

သံဃာတော်အပေါင်းနှင့်။ သဒ္ဓိ၊ အတူအကွ။ ဝိဟာရတိ၊ ဣရိယာပထ မျှတရှင်ပြုံး သီတင်းသုံးလျက် ရှိနေတော်မူခဲ့ပါ၏။

ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတိုက်၌ သံဃာတော်များစွာ ခြံရံကိန်းအောင်း စံပျော်၍ မွေ့လျော်တော်မူတဲ့အချိန်။ တနေ့ တနေ ဇေတဝန် တရားပွဲသည် နေ့အခါ လူဒကာ ဒကာမတွေအတွက် တရားပွဲ၊ ညချမ်းအခါမှာ သံဃာတော်အရှင်မြတ်တို့အတွက် တရားပွဲ၊ ညသန်းခေါင်ယံအချိန် ကျော်သွားပြီးအချိန်ကျတော့ နတ်ဗြဟ္မာတွေအတွက် တရားပွဲ။

ဆရာတော်။　　။“ဘုန်းကြီးတို့ပရိသတ်များ၊ ဇေတဝန်တရားပွဲ တနေ့ ဘယ်နှစ်ကြိမ်လဲ”

ဒမ္မယောဂီများ၊　　။“သုံးကြိမ်ပါဘုရား”

ဝေဠုဝန်၊ ပုဗ္ဗာရုံ၊ ဃောသိတာရုံ၊ နိဂြောဓာရုံတို့၊ မဟာရုံတို့က ဘယ်ကျောင်းပဲ သီတင်းသုံးသုံး တရားတနေ့သုံးကြိမ် ဟော။ နေ့အခါ လူပရိသတ်က တရားနာ။ ညနေစောင်းယံ လူတွေ မြို့ပြန် ရွာပြန်။ ဘုရား အနားယူ တော။ ညဦးယံ သံဃာ အစည်းအဝေးခေါ်။ ဇေတဝန်မဏ္ဍလမာဠ်မှာ သံဃာတော်တွေကို တရားဟော၊ ညဉ့်ဦးယံကုန်တော့ သံဃာတော်တွေက ကမ္မဋ္ဌာန်း ကျောင်း ဝင်တော့မှ နတ်ဗြဟ္မာတွေ ရောက်လာ၊ သန်းခေါင်ယံ နတ်ဗြဟ္မာတရားပွဲ၊

ယခု အဘိဏှသုတ္တန် ဟောနေတဲ့အချိန် တညသည့်ဦးယံ အချိန် ဇေတဝန်သံဃာ့အစည်းအဝေးမှာ ဟောပါတယ်။ ည

ဦးယံအချိန်ဆိုလို့ရှိရင် ယခု ဘုန်းကြီးတို့ ဟောဒီ ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်ကြီးထဲ ယခု ဘုန်းကြီးတို့ ဟောနေတဲ့အချိန်မျိုး ဖြစ်မှာပဲလို့ အာရုံယူပြီးတော့ ဇေတဝန်ကို လှမ်းပြီးတော့ ကြည့်ကြပါ။

ဘုရားရှင်ကိုယ်တော်မြတ်က အနာထပိဏ်ကျောင်းဒကာကြီး ဆောက်လုပ်ပြီးတော့ထားတဲ့ မဏ္ဍလမာဠ=သံဃာတော်တွေ စုဝေးပြီးတော့ တရားနာရာဖြစ်တဲ့ ယခုလိုတန်ဆောင်းကြီး ရဲ့ အတွင်း ဘုရားရှင်ကိုယ်တော်မြတ်အတွက် ခင်းကျင်းပြီးတော့ ထားတဲ့ ဗုဒ္ဓါသနမွေလ္လင်ပေါ်က နေပြီးတော့ ထိုင်၍ သံဃာတော် အရှင်မြတ်တွေကလဲပဲ ဘုရားရှင်ရှေ့မှောက် အချို့၊ ယာဘက်က တချို့၊ လမင်းကြီးကို ကြယ်တာရာတွေ ဝန်းရံပြီး နေဘိသကဲ့သို့ ဟတ္ထကုက္ကုစ္စ-ပါဒကုက္ကုစ္စ=လက်က တလှုပ်လှုပ်၊ ခြေက တလှုပ်လှုပ်၊ ချောင်းက တဟန့်ဟန့် မရှိပါပဲနဲ့ ငြိမ်နေတဲ့ သံဃာ ပရိသတ်တွေရဲ့ အလယ်မှာ—

### ဘိက္ခဝေါ လို့ ခေါ်ရတာက

"တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ"

တတြ ခေါ၊ ထိုကဲ့သို့ ဘုရားမြတ်စွာ ဇေတဝန်ကျောင်း မှာ သံဃာတော်များစွာခြံရံ ကိန်းအောင်းစံပျော် မွေ့လျော် ၍ နေတော်မူသောအချိန်၌။ ဝါ၊ တခြားသံဃာ ထိုအစည်း အဝေး၌၊ ဝါ- တ[illegible]၊ ထိုဇေတဝန်ကျောင်းတိုက်၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။ ဘိက္ခူ၊ ရဟန်း

တို့ကို။ ဘိက္ခဝေ ါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ၊ အမိန့်ရှိ
သိစေတော်မူခဲ့လေပြီ။

ချစ်သားရဟန်းတို့၊ တရားစမယ်လို့ ကြံရုံရှိသေးတယ်၊ မြတ်စွာဘုရားက ရဟန်းတော်တွေကို "ဘိက္ခဝေ ါ" ရဟန်းတို့လို့ ခေါ်လိုက်တယ်။

ဆရာတော်။ ။ဘုန်းကြီးတို့ပရိတ်၊ ရဟန်းတော်တွေကို တရားစမယ်ကြံယင် မြတ်စွာဘုရား ခေါ်တယ်နော်။

ဓမ္မယောဂီများ။ ။မှန်ပါဘုရား။

အဲဒါ ဘာပြုလို့ခေါ်ရတာလဲ။ တရားမဟောသေးခင် သံဃာတော်တွေကို ခေါ်ကြည့်လိုက်သေးတယ်။ ဘာပြုလို့လဲ ဒို့ပရိသတ်၊ အဲဒီ တရားစမယ်ကြံရုံပဲ ရှိသေးတယ်၊ ထိနမိဒ္ဓ မကောင်းတဲ့ပုထုဇဉ် ကိုယ်တော်တွေ အများကြီးပါသေးတယ်။ အဲဒီလို ထိနမိဒ္ဓမကောင်းတဲ့ ကိုယ်တော်တွေများမှာ တရားစမယ်ကြံရုံ ရှိသေးတယ်။ ငိုက်များငိုက်နေမလားပေါ့။ အဲဒီလို အဓိပ္ပာယ်မျိုး ဟုတ်လား။ ဝိက္ခိတ္တစိတ္တ စိတ်တွေများပျံ့လွင့်နေကြမသလား၊ အဲဒီလို အဓိပ္ပာယ်မျိုး။

စိတ်တွေ ပျံ့လွင့်နေယင် မပျံ့လွင့်အောင်၊ အိပ်ချင်ငိုက်မျဉ်းနေယင်လဲ အိပ်ချင်ငိုက်မျဉ်းမှု ပြေပျောက်သွားအောင် တရားပွဲထဲ ထိုင်ပြီးတော့ တရားဆွေးနွေးနေကြယင်လဲပဲ အဲဒီဆွေးနွေးတဲ့ လုပ်ငန်း ရပ်သွားအောင်၊ ထိုင်ပြီးတော့ တရားနှုတ်လုံးသွင်းနေကြယင် နှုတ်လုံးသွင်းတဲ့လုပ်ငန်းတွေကို ရပ်သွားအောင်၊ ရပ်စေအောင် အဲဒီ အဓိပ္ပာယ်နဲ့ "ဘိက္ခဝေ ါ" ချစ်သားရဟန်းတို့လို့ ခေါ်လိုက်တယ်။

ခေါလဲခေါလိုက်ရော၊ သံဃာတော်တွေရဲ့ ဆွေးနွေးပွဲတွေ အကုန်ရပ်၊ တရားထိုင်နေတာတွေ တခါတဲ အကုန်ရပ်၊ စိတ်ပျံ့လွင့်နေတဲ့ ကိုယ်တော်တွေ ဘုရားရဲ့ ရွှေနှုတ်တော်ဆီကို နားဖွင့်၊ အိပ်ချင်ငိုက်မျဉ်းနေတဲ့ ကိုယ်တော်ကလေးတွေဟာလဲ မျက်လုံးကလေးဘာလေး ပွတ်ပေါ့၊ဟုတ်လား။ အဲဒါကတော့ စာထဲမှာ ပါမှာမဟုတ်ဘူး။ ကိုယ်ကမှန်းပြီးတော့ ပြောကြည့်တာ၊ ဒီပရိသတ်ကို ဘုန်းကြီးက ဒါသတိပေးတာ၊ တချို့မျာ း တရားစမယ်ကြံရုံရှိသေးတယ်၊ ထိုင်ပြီးတော့ တိုင်မှီပြီးတော့ မျက်လုံးကို စင်းနေတာပဲ။

## ပုဏ္ဏား ၆-ယောက် တရားနာသလို

ဘုရားရှင်ကိုယ်တော်မြတ် တရားပွဲတပွဲမှာ ဘုန်းကြီးတို့ပရိသတ်၊ ပုဏ္ဏားတွေ တရားနာကြတယ်။ ပုဏ္ဏားတယောက်ဟာ တိုင်မှီပြီး တခါတဲ မှိန်းပြီးတော့ ငိုက်နေသတဲ့။ ပုဏ္ဏားတယောက်က မြေကြီး လက်ကလေးနဲ့ ခြစ်ခြစ်နေတယ်။ ပုဏ္ဏားတယောက်ကတော့ မြေကြီးကို လက်ကလေးနဲ့ ဟိုတူးဒီတူး တူးနေတယ်။ ပုဏ္ဏားတယောက်ကတော့ သစ်ပင်မှီပြီး တရားနာတာ၊ အဲဒီသစ်ပင်ကို ကျောနဲ့ မှီလိုက်၊ ခေါင်းနဲ့ မှီလိုက်၊ လက်နဲ့ လှုပ်လိုက် သစ်ပင် ငြိမ်ငြိမ် မနေရဘူး၊ တလှုပ်လှုပ်ဖြစ်နေတယ်။ ပုဏ္ဏားတယောက်ကတော့ ခေါင်းမော့ပြီး တောင်ကြည့် မြောက်ကြည့်၊ ဟိုကြည့် ဒီကြည့်၊ခေါင်းအောက်ကို မချဘူး၊ ပုဏ္ဏားတယောက်ကတော့ ငြိမ်ပြီး မျက်လွှာကလေး အသာချထားပြီးတော့ ဘုရားရဲ့ တရားကို နားစွင့်နေပါတယ်။

**ဆရာတော်။** ။ဒီပရိသတ်၊ ပုဏ္ဏား ဘယ်နှစ်ယောက်လဲ၊ ခု ပြောလိုက်တာ။

**ဓမ္မယောဂီများ။** ။ခြောက်ယောက်ပါဘုရား။

အဲဒီမှာ မြေကြီး လက်နဲ့ ခြင်ခြစ်ပြီးနေတဲ့ ပုဏ္ဏားကို ရှင်အာနန္ဒာမြင်တော့ ဘုရားလျှောက်တယ်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ပုဏ္ဏားတယောက်က မြေကြီး ခြင်ခြစ်နေတယ်၊ တရားနာတာတောင် လက်ကအငြိမ်မနေဘူး၊ ဒီပုဏ္ဏားဘာဖြစ်ပါလိမ့်မလဲ။ "ဇေတဝန်တရားပွဲ ပြောတာပါနော်၊ ပစ္စုနိကာယက ပရိသတ် ဘုန်းကြီး ဘာမှ မပြောရသေးဘူး။ အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်က ကြည့်တယ်။ အဲဒီပုဏ္ဏားကြည့်လိုက်တော့ ဘာသွားတွေ့တုံးဆိုတော့ "ချစ်သား အာနန္ဒာ၊ ဟောဒီမြေကြီး လက်နဲ့ ခြင်ခြစ်လုပ်နေတဲ့ပုဏ္ဏားဟာ လွန်ခဲ့တဲ့ ဘဝတုန်းက သူသည် ဗေဒင်ဆရာဖြစ်လာခဲ့တယ်။ ကျောက်သင်ပုန်းနဲ့ ကျောက်တံ ခြင်ခြင်လုပ်နေတဲ့အလေ့ဟာ မကုန်ဘူး။ အဲဒါ တရားနာယင်းတောင် မြေကြီး လက်နဲ့ ခြင်တုန်းပဲတဲ့၊ ဗေဒင်ဆရာ တရားနာနည်းမှတ်လိုက်နော်။

"ဒါဖြင့် မြေကြီး လက်ညှိုးကလေးနဲ့ တူးနေတဲ့ပုဏ္ဏားက ဘာဖြစ်တာပါလဲဘုရား"။ ကြည့်လိုက်တော့ တွေ့တယ်။ "ချစ်သား အာနန္ဒာ၊ မြေကြီးကို လက်ညှိုးနဲ့ တူး၍တူး၍နေဘဲ့ လက်မနဲ့ တူး၍တူး၍နေတဲ့ ပုဏ္ဏားက တခြားမဟုတ်၊ အဲဒီ ပုဏ္ဏားက လွန်လေပြီးတဲ့ ဘဝတုန်းက တီကောင်ဖြစ်ပြီးတော့ လာခဲ့တယ်။

ဆရာတော်။ ။တီကောင်ဘဝ မြေကြီးအမြဲတမ်း တူးနေတာ ပဲ မဟုတ်လား။

ဓမ္မယောဂီများ။ ။မှန်ပါဘုရား။

အဲဒါ ဝါသနာ မကုန်သေးဘူး၊ တရားနာယင်း မြေတူး တုန်းရှိသေးတယ် အဲဒီပုဏ္ဏား၊ အဲဒါ တီကောင်ရဲ့ တရားနာ နည်း၊ တီကောင်ဘဝက လာတဲ့ပုဏ္ဏားရဲ့ တရားနာနည်း။ "အဲ ဒါဖြင့်ယင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ကောင်း ကင် တမော့မော့လုပ်နေတဲ့ ပုဏ္ဏားက ဘာဖြစ်တာပါလဲ၊" ကြည့်လိုက်တော့ မြတ်စွာဘုရားက ဘယ်နှယ်မြင်ဘုံး၊ အဲဒီ ပုဏ္ဏားကောင်းကင်မော့နေတာ တခြားမဟုတ်ဘူး၊လွန်ခဲ့တဲ့ဘဝ တုန်းက သူသည် နက္ခတ်တာရာဆရာ ဖြစ်ခဲ့ဘယ်"တဲ့။ တရားနာ ယင်း နက္ခတ်ကြည့်တုန်းပဲ၊ အလေ့အလာတွေဘာ တယ်များကိုး။

"ဒါဖြင့်ယင် သစ်ပင်မှီပြီးတော့ တလှုပ်လှုပ်နဲ့ လုပ်နေတဲ့ ပုဏ္ဏားကတော့ ဘာဖြစ်ဘာပါလဲ။ လက်က တလှုပ်လှုပ်၊ ခြေက တလှုပ်လှုပ်၊ ခေါင်းက တလှုပ်လှုပ်နဲ့၊ အဲဒီသစ်ပင်လေး ယိမ်း ထိုးနေတယ်။ အဲဒီပုဏ္ဏားက ဘယ်ဘဝက လာဘာပါလဲဘုရား" ကြည့်ပြန်တော့ "ချစ်သား အာနန္ဒာ၊ တခြားမဟုဘ်ဘူး၊ ဒီ ပုဏ္ဏားဟာ လွန်ခဲ့တဲ့ဘဝတုန်းက တောထဲမှာ မျောက်ဖြစ်လာ တယ်"တဲ့၊ တောမျောက်ဘဝက လာခဲ့တာမို့ အငြိမ်မနေနိုင် ဘူး။

ဇေဝန်ပုရိသတ်ကို ပြောပါတယ်၊ ပုဏ္ဏား ၆-ယောက်ကို ပြောတာ မဟုတ်လား "တိုင်မှီပြီးတော့ မှိန်းနေတဲ့ပုဏ္ဏားက

ဘာဖြစ်တာပါလဲ”လို့ ဆိုတော့ ရှင်အာနန္ဒာက အဲဒီပုဏ္ဏားကို တွေးနေတာအမျိုးမျိုး၊ နံပါတ်ဖိုးများ မိနေသလားမသိဘူး ဟုတ်လား၊ တွေးစရာကြီး ဖြစ်မနေဘူးလားလို့။

လွန်ခဲ့တဲ့ စစ်ကိုင်းတောင်ရိုး တရားပွဲတပွဲမှာ ကြံ့ကြံ့ဖန်ဖန် လူတယောက် ပလ္လင်အောက်က တရားထောက်လုပ်နေတာ ရှားရှားပါးပါး ဘုန်းကြီးတွေ့ခဲ့တယ်။ ဘာလဲလို့ဆိုတော့ ဟီးရိုးအင်းတော့မဟုတ်ဘူး၊အရက်သမားတရားထောက်ဖြစ်နေတယ်။

အဲဒီလူတယောက်နဲ့ တရားဟောရတာ ဒိုပရိသတ်ရေ၊ စိတ်ပျက်စရာ ကောင်းလိုက်ပုံတော့ ကိုယ်က သူ့မမေးဘူး၊သူ့ချည်း အောက်ကနေ အကုန်လုံး တွန်းဖြေနေတော့ တော်တော်ခက်နေတယ်၊ ကိုယ်က တရားစမယ် ကြံရုံရှိသေးတယ်၊ သူက ဟောတော်မူပါဘုရား၊ မိန့်တော်မူပါဘုရားချည်းပဲ။ ပလ္လင်အောက်က ဘယ်သူပါလိမ့်ခလဲ၊ ဒီသူ ခက်နေပါပြီ၊ တရားပွဲလဲပြီးရော ကြည့်လိုက်တော့ မူးနေတဲ့လူ ဖြစ်နေတယ် ဟုတ်လား။ စိတ်ဆိုးရလဲ ခက်၊ ပလ္လင်ပေါ်က ငေါက်ရလဲ ခက်၊ အဲဒါ စစ်ကိုင်းတောင်ရိုး ဘုန်းကြီးပျံတခု ဟောရတာ၊ အဲဒီလူနဲ့ တွေ့ခဲ့ရတယ်။

## ဝါသနာ ရဟန္တာတောင် ပယ်လို့မရ

ဒါဖြင့် ခုန တိုင်မှုပြီးတော့ မိန်းနေတဲ့လူ ဘာတဲ့လဲဆိုတော့ “ချစ်သား အာနန္ဒာ၊ အဲဒါ လွန်ခဲ့တဲ့ဘဝက သူသည် နဂါးဖြစ်ခဲ့တယ် ချစ်သား၊ အိပ်ရေးမဝလို့ တရားနာယင်း မှိန်းနေတာ”

တဲ့၊ ဟုတ်လား။ "ဒါဖြင့်ယင် ငြိမ်ပြီးတော့ ဒီအတိုင်း မျက်လွှာကလေးချ ရွှန်ရွှန်ရရ တရားနာတာက ဘာပါလဲ" ဆိုတော့ "သူသည် လွန်ခဲ့တဲ့ဘဝတုန်းက ဝေဒကျမ်းတွေကို သရဇ္ဈာယ်လာခဲ့တဲ့ပုဂ္ဂိုလ်" တဲ့။

ဤရှ ယဇု သာမ အာထဗ္ဗဏ အဲဒီဝေဒလေးပုံ နှုတ်ထဲဆောင် အမြဲတမ်း ဝေဒကျမ်းတွေကို ရွတ်ဖတ်သရဇ္ဈာယ်လာတဲ့ပုဂ္ဂိုလ်၊ ဟိုတုန်းက ရွှန်ရွှန်နဲ့ ဒီကျမ်းတွေ သရဇ္ဈာယ်လာတာ၊ ယခုလဲ တရားနာယင်း အဲဒီဝါသနာအတိုင်းပဲ။

ကိလေသာတရားပယ်ဘို့ ဆိုတာ ဘုန်းကြီးတို့ ပရိသတ်များ၊ ဝါသနာပယ်ဆိုတာ ဘုရားမှတပါး ကျန်တဲ့ပုဂ္ဂိုလ်တွေ ဝါသနာဘယ်သူမှ မပယ်နိုင်ဘူး။ ဘုန်းကြီးတို့ ပရိသတ်ထဲက တရားအားထုတ်လို့ ရဟန္တာဖြစ်ကြပြီဆိုယင် အဲဒီဝါသနာလေးတွေဟာ ကျန်နေတတ်တယ်။

ရှင်ပိလိန္ဒဝစ္ဆကြီး ဘယ်ဘဝကနေပြီးတော့ သာသနာတော်ရောက်ခဲ့သလဲ။ အလွန်ဇာတ်မြင့်တဲ့ ပုဏ္ဏားဘဝကနေ သာသနာရောက်၊ အလွန်ဇာတ်ကြီးတဲ့ ပုဏ္ဏားဘဝ၊ ဒို့အမျိုးအမြတ်ဆုံးဆိုတဲ့ ပုဏ္ဏားဘဝက သာသနာရောက်၊ လွန်ခဲ့တဲ့ ဘဝဟောင်းတွေတုန်းကလဲ အဲဒီပုဏ္ဏားဘဝ အဖြစ်များ၊ ယခု ဂေါတမသာသနာမှာလဲ ဇာတ်မြင့်တဲ့ ပုဏ္ဏားဘဝကနေ သာသနာရောက်။ တတ်လိုက်တာ ပိလိန္ဒဝစ္ဆ မထေရ်ကြီး၊ ဂန္ဓာရီဝိဇ္ဇာဆိုတာ ကျကျနနတတ်တယ် စူဠဂန္ဓာရီအတတ်ကို။ အဲဒီလောက်အတတ်တွေက သိပ်သိပ်ဘတ်၊ ဇာတ်ကမြင့်တော့ ကျန်တဲ့သူတွေ

အကုန်လုံး ယုတ်ညံ့တယ် ဆိုပြီးတော့ အကုန် အထင်သေးတယ်။

အဲဒီ ပိလိန္ဒဝစ္ဆ သာသနာရေးကိစ္စမှာ ရဟန်းဖြစ်ပြီလဲ ဆိုရော သီတင်းသုံးဖော်အချင်းချင်း ဆက်ဆံရေး ဘယ်လိုဖြစ်နေသလဲ ဆိုတော့ တွေ့တဲ့ကိုယ်တော်တွေ အကုန်လုံးကို "ဝသလ ဝသလ" ချည်း လျှောက်လျှောက်ခေါ်တာ။ "ဝသလ" ဆိုတာ လူယုတ် ဆိုတဲ့ အဓိပ္ပာယ်ရတယ်။ သူငယ်ချင်း အချင်းချင်း၊ သီတင်း သုံးဖော်အချင်းချင်း ခေါ်လိုက်မှဖြင့် အရှင်ဘုရားတို့၊ ဘာတို့၊ ဘန္တေတို့၊ အာယသ္မာတို့ မလာဘူး။ သူ့ပါးစပ်၊ ပိလိန္ဒဝစ္ဆနှုတ်က ထွက်လာတာ။ "ဟဲ့-ဝသလ" တဲ့။ လူယုတ်အဓိပ္ပာယ်ပေါ့၊ သီတင်း သုံးဖော်အချင်းချင်းဟာ လူယုတ်မာချည်း ဖြစ်နေတယ်။

ဆိုလိုတဲ့ အဓိပ္ပာယ်က ဝါသနာ ရဟန္တာ ပယ်လို့မရဘူး၊ ဒါပြောလိုပါတယ်၊ ရဟန္တာဘောင်မှ ဝါသနာပယ်လို့မရတာ၊ ခုနက တရားနာတဲ့ ပုဏ္ဏားပုဏ္ဏေးတွေ ဘယ်ပယ်လို့ ရပါ့မလဲ ဟုတ်လား။ အဲဒီတော့ ဒိုဘုရားပွဲ တရားနာလာကြတဲ့ ပရိသတ်က အားရှိစရာကြီးပေါ့။ ဝါသနာ ရဟန္တာဘောင်မှ ပယ်လို့ မရတာ ဒို့လဲမရဘူးပေါ့။ ကိစ္စမရှိဘူး၊ လှုပ်ချင်လဲလှုပ်၊ ငိုက်ချင် လဲငိုက်၊ ပရိသတ်ကြီး ဝါသနာမို့လို့ ဟုတ်ပြီလား။ ဝါသနာ မို့လို့ လက်ကလေးက လှုပ်ချင်လှုပ်မယ်၊ ခေါင်းကလဲ မှိန်းချင် မှိန်းမယ်ပေါ့။ အဲ-ကြိုက်သလိုသာ နာကြ၊ ဒါ ဝါသနာ အတိုင်းပဲ။

အေး—ဒါကြောင့်မို့လို့ ဘုန်းတော်ခြောက်ပါးသခင် ဘုရား ရှင် ကိုယ်တော်မြတ်က "ဘိက္ခဝေါ" တိ၊ ရဟန်းတော်တို့

ဟူ၍။ အာမန္တေသိ၊ အမိန့်ရှိ သိစေတော်မူခဲ့လေပြီ။ ဇေတဝန်ရွှေကျောင်းက သံဃာတော်တွေကို "ရဟန်းတို့" လို့ အမိန့်ရှိခေါ်တော်မူရပါတယ်။ ဘာ့ကြောင့် "ရဟန်းတို့" လို့ တရားအစခေါ်ရတဲ့ အဓိပ္ပာယ်ကို နားလည်လောက်ပါပြီ။ တရားအာရုံစူးစိုက်စေချင်လို့ ခေါ်ရတာ။

ဓမ္မံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ၊ တံ သုဏာထ
သာဓုကံ မနသိကရောထ ဘာသေဿာမိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ အဟံ၊ ငါဘုရားသည်။ ဝေါ၊ သင်တို့အား။ ဓမ္မံ၊ တရားကို။ ဒေသေဿာမိ၊ ဟောကြားပေတော့အံ့။ တံ ဓမ္မံ၊ ထိုငါဘုရား ဟောကြားလတံ့ ဖြစ်တဲ့ တရားတော်ကို။ တုမှေ၊ သင်ချစ်သားတို့သည်။ သာဓုကံ၊ ကောင်းမွန်စွာ။ မနသိကရောထ၊ နှလုံးသွင်းကြကုန်တော့လော့။

ချစ်သားတို့၊ ငါဘုရား တရားဟောမယ်။ သာဓုကံ မနသိကရောထ၊ ကောင်းကောင်း နှလုံးသွင်းပြီးတော့ နာကြပါ။

သုဏာထ သာဓုကံ မနသိ ကရောထ။

သုဏာထ၊ ကောင်းစွာ နားစိုက်ကြကုန်လော့။ သာဓုကံ၊ ကောင်းမွန်စွာ။ မနသိကရောထ၊ နှလုံးသွင်းကြကုန်တော့လော့။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင် ကိုယ်တော်မြတ်သည်၊ ဘိက္ခူ၊ ရဟန်းတော်တို့ကို။ အာမန္တေသိ၊ အမိန့်ရှိ သိစေတော်မူခဲ့လေပြီ။

အထ ခေါ၊ ထိုကဲ့သို့ ငါဘုရားမြတ်စွာ တရားဟောမယ်ကောင်းစွာနှလုံးသွင်းနာကြလို့ မိန့်တော်မူလိုက်တဲ့အခါ၌။ တေ ဘိက္ခူ၊ ထိုရဟန်းတော်တို့သည်။ ဘဒ္ဒန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဣတိ၊ ဤသို့၊ ဘဂဝတော၊ မြတ်စွာဘုရားရဲ့ ပစ္စနံ၊ စကားတော်ကို။ ပစ္စဿောသုံ၊ ရှေ့နားတော်ကြားအောင် ပြန်ကြားလျှောက်ထားလေကုန်၏။

ဘုရားရှင် ကိုယ်တော်မြတ်က "ချစ်သားရဟန်း တို့၊ ငါဘုရားတရားဟောမယ်။ နာ ထောင်ကြ၊ ကောင်းစွာ နှလုံးသွင်းကြ"လို့ မိန့်တော်မူပြီးတော့ သံဃာတော်အရှင်မြတ်တို့ကလဲ "ကောင်းလှပါပြီ မြတ်စွာဘုရား"လို့ ပြန်ကြားပြီ တဲ့ အချိန်ကျတော့မှ–

ဘဂဝါ၊ ဘုရားရှင်ကိုယ်တော်မြတ်သည်။ တေ ဘိက္ခူ၊ ထိုရဟန်းတော်တို့ကို။ ဧတံ ဝစနံ၊ ဤဆိုလတံ့ဖြစ်သောစကားကို။ အဝေါစ၊ မိန့်တော်မူခဲ့လေပြီ။

ဒီတော့မှ ဘုရားမြတ်စွာက တရားစတယ်။

### အမြဲတမ်း ဆောင်ထားရမဲ့ လက်နက် ၅ မျိုး

> ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ။
>
> (အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ-အဘိဏှ-၆၃)

ဘိက္ခဝေ၊ ရဟန်းတော်များ အို–ချစ်သားတို့။ အဘိဏှံ၊ အမြဲမပြတ်။ ပစ္စဝေက္ခိတဗ္ဗာနိ ဆင်ခြင်အပ်ကုန်သော။ ဌာနာ

နိ၊ အကြောင်းအရာတို့သည်ကား။ ဣမာနိ ပဉ္စ၊ ဤငါးပါးတို့ ပါပေတည်း။

ချစ်သားတို့၊ အမြဲတမ်း ဆင်ခြင်နေရမဲ့တရားသည် ငါးမျိုး ရှိတယ်။ အမြဲတမ်း ဆင်ခြင်နေရမဲ့ အကြောင်းအရာဌာနသည် ငါးမျိုးရှိတယ် ချစ်သားတို့။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်၊ ဘိက္ခူ၊ ရဟန်းတော်တို့ကို။ အာမန္တေသိ၊ မိန့်တော်မူခဲ့လေပြီ။

ကတမာနိ ပဉ္စ။ (အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ-၆၃)

ကတမာနိ ပဉ္စ၊ အဲဒီ ဆင်ခြင်ရမဲ့ တရားငါးမျိုးဆိုသည် ကား အဘယ်နည်း။ အဲဒီ ငါးမျိုးက ဘာလဲဆိုယင် "ဇရာဓမ္မောမှိ၊ ဇရံ အနတီတော" တဲ့ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။ (အင်္ဂုတ္တရ နိကာယ ပဉ္စကနိပါတပါဠိ-၆၃)။

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ အဟံ၊ ငါသည်။ ဇရာဓမ္မော၊ အိုရမည့်သဘောရှိသည်။ အဟံ၊ ဖြစ် လေတော့၏။ ဇရံ၊ အိုရမည့်သဘောကို။ အနတီတော၊ မလွန် မြောက်နိုင်သည်။ အဟံ၊ ဖြစ်လေတော့၏၊

ဣတ္ထိယာ ဝါ၊ အမျိုးသမီးသည်ရင်း။ ပုရိ သေန ဝါ၊ အမျိုးသားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌နေသူ သည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ ကျောင်းမှာနေတဲ့ ရှင်ရဟန်း သည်ရင်း။ အဘိဏှံ၊ အမြဲမပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင် အပ်၏။

အဘိဓာပစ္စဝေက္ခဏတဗ္ဗသုတ္တန်မှာ ငါးခု ငါးခု အတွဲလိုက် သုံးလီ ဟောထားတယ်၊ ငါးခု ငါးခု သုံးလီ။

ဆရာတော်။ ။ဒိုပရိသတ်ကြီး၊ ငါးခု ဘယ်နှစ်လီလဲ။

ဓမ္မယောဂီများ။ ။သုံးလီပါဘုရား။

အဲဒီ ငါးခုသုံးလီ ဆင်ခြင်စရာအချက်တွေထဲက ယခု ပဌမ ငါးခုဘတွဲမှာ နံပါတ်(၁)စတယ်။ ဘုန်းကြီးတို့ ပရိသတ် လက်ထဲရောက်နေတဲ့ စာအုပ်ငယ်ကလေးတွေထဲမှာ ငါးခုတလီဘဲ ပါတယ်။ နောက်ပိုင်းက ငါးခုနှစ်လီ။ အဲဒါ ဘယ်စာအုပ်မှ သည့်ပြီးတော့ ရိုက်မထုတ်ဘူး။

"ဇရာဓမ္မောမှိ၊ ဇရံ အနတီတော" တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ လိုရင်းဆင်ခြင်ဘိုရန်အတွက် ဒိုပရိဘ်သတ် နှုတ်ထဲဆောင် မယ်ဆိုယင် ပဌမ ငါးခုတတွဲထဲကနေ—

(၁) ဇရာဓမ္မောမှိ၊ ဇရံ အနတီတော။

အဲဒါလေးဟာ နှုတ်ထဲဆောင်၊ အမြဲဘမ်း ဆင်ခြင်နေရ မယ့် လိုရင်းအပိုဒ်ပါ။ [illegible]ယာ ဝါ ပုရိသေန ဝါ ဆိုဘာ က လိုရင်းတွေ မဟုတ်ပါဘူး။

ဇရာဓမ္မောမှိ၊ ဇရံ အနတီတော။

ဘိက္ခဝေ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ အဟံ၊ ငါသည်။ ဇရာဓမ္မော၊ အိုခြင်းသဘောရှိသည်။ အမှိ၊ ဖြစ်၏။

ဇရံ၊ အိုရမည့်သဘောကိုဖြင့်။ အနတီတော၊ မလွန်မြောက်နိုင်သည်။ အမှို၊ ဖြစ်လေတော့၏။

အဲဒါလေး အမြဲတမ်း ဆင်ခြင်ပြီးတော့ နေရမယ်တဲ့။

ဣတ္ထိယာ ဝါ၊ အမျိုးသမီးသည်၎င်း။ ပုရိသေန ဝါ၊ အမျိုးသားသည်၎င်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌နေသော လူသည်၎င်း။ ပဗ္ဗဇိတေန ဝါ၊ ကျောင်း၌နေသော ရှင်ရဟန်းသည်၎င်း။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ဧဝံ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ပါဠိတော်အတိုင်း ရိုးရိုးကလေး တခုကိုမှတ်ထားလိုက်။ နောက် အဓိပ္ပာယ်ပြန်ပြောမယ်။ နောက်တခါ ဒုတိယအချက်–

"ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတော" တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

(အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ၊ အဘိဏှ-၆၃)

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ အဟံ၊ ငါသည်။ ဗျာဓိဓမ္မော၊ ဖျားနာရသည့် သဘောရှိသည်။ အမှို၊ ဖြစ်လေတော့၏။ ဝါ ဗျာဓိဓမ္မော၊ အနာရောဂါ နှိပ်စက်ခံရသည့် သဘောရှိသည်။ အမှို၊ ဖြစ်လေတော့၏။ ဗျာဓိံ၊ အနာရောဂါနှိပ်စက်ခံရမည့် သဘောကို။ အနတီတော၊ မကျော်လွှားနိုင်သည်။ အမှို၊ ဖြစ်လေတော့၏။

ဇာတိ၊ ဤသို့။ ဣတ္ထိယာ ဝါ၊ အမျိုးသမီးသည်၎င်း။ ပုရိသေန ဝါ၊ အမျိုးသားသည်၎င်း။ ဂဟဋ္ဌေန ဝါ၊ အိမ်မှာနေသော သူသည်၎င်း။ ပဗ္ဗဇိတေန ဝါ၊ အိမ်မှာမနေ ကျောင်း၌နေသော ရှင်ရဟန်းသည်၎င်း။ အဘိဏှံ၊ အမြဲတမ်း။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ဒုတိယတချက် ထုတ်လာတာက—

(၂) ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတော။

အမြဲတမ်း ဆင်ခြင်ရမဲ့အထဲက လိုရင်းအချက်၊ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေနဝါတို့က လိုရင်းမကျဘူး၊ လိုရင်းကျတာကတော့ ဒါပဲ။

နောက်တခါ နံပါတ် (၃) က—

(၃) မရဏဓမ္မောမှိ၊ မရဏံ အနတီတော တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

(အင်္ဂုတ္တရနိကာယ ပဥ္စကနိပါတပါဠိ-၆၄)

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ အဟံ၊ ငါသည်။ မရဏဓမ္မော၊ သေရမည့်သဘောရှိသည်။ အမှိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ မရဏံ၊ သေရမည့်သဘောကို။ အနတီတော၊ ဘယ်သို့နည်းနှင့်မျှ မကျော်လွှားနိုင်သည်၊ မလွတ်မြောက်နိုင်သည်။ အမှိ၊ ဖြစ်လေတော့၏။

ဣတ္ထိ၊ ဤသို့။ ဣတ္ထိသာ ဝါ၊ အမျိုးသမီးသည်ရင်း။ ပုရိသေန ဝါ၊ အမျိုးသားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်မှာနေတဲ့သူသည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ အိမ်မှာမနေ ကျောင်းမှာနေတဲ့ ရှင်ရဟန်းသည်ရင်း။ အဘိဏှံ၊ အမြဲဘမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

**ဆရာတော်။** ။ဘယ်နှစ်ချက် ရပြီလဲ။

**ခမ္မယောဂီများ။** ။သုံးချက်ပါဘုရား။

ပါဠိတော် လိုရင်းကလေးတွေ မှတ်သားထားရမယ်။

(၁) ဇရာဓမ္မောမှိ၊ ဇရံ အနတီတော။

(၂) ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတော။

(၃) မရဏဓမ္မောမှိ၊ မရဏံ အနတီတော။

လိုရင်းအချက်ကလေးများ၊ အဲဒါ ဒိုပရိသတ်များ နှုတ်ထဲ သည့်သား၊ အဓိပ္ပာယ်လဲ နားလည်ပြီးတော့မှ အဲဒီပါဠိတော်များကို နှုတ်သဲဆောင်ပြီးတော့ ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ခန္ဓာထဲ ဉာဏ်သွင်းသားလိုက်သင့် ဒိုပရိသတ်၊ အဲဒါ ဘာဝနာ ဖြစ်တယ်။

နောက်ဆုံးနားကျတော့ မဂ္ဂေါ သဥ္စာယတိ အထိ မြတ်စွာဘုရား ပြတယ်။ အဲဒီလို အမြဲဘမ်းဆင်ခြင်ယင် မဂ္ဂေါ သဥ္စာယတိ–မဂ်တောင်မှ ဖြစ်လာပါတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်

လာတယ်ဆိုပြီး အကျွတ်တရားများ အကျယ်အပြန့် ပြတယ်။ နောက် စတုတ္ထအချက် စဉ်းစားရအောင်—

"သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ"တိ၊ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။
(အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ—၆၄)

ဘိက္ခဝေ၊ ငရိသတ်လေးပါး ချစ်သားချစ်သမီးတို့။ မေ၊ ငါ့အား။ ပိယေဟိ၊ ချစ်အပ်ကုန်သော။ မနာပေဟိ၊ စိတ်နှလုံးကို တိုးပွားစေတတ်ကုန်သော။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော ပုဂ္ဂိုလ်သတ္တဝါ သင်္ခါရပစ္စည်းဝတ္ထု အစုစုတို့နှင့်။ နာနာဘာဝေါ၊ မသေပဲနဲ့ ခွဲခွာရခြင်း။ ဝိနာဘာဝေါ၊ သေသဖြင့် ခွဲခွာရခြင်းဆိုတဲ့ ခွဲခွာရခြင်းနှစ်ပါး တပါးပါးဖြင့် ခွဲခွာရတယ်ဆိုတာ။ အတ္ထိ၊ ရှိလေကုန်သေး၏။ တံ ခမ္မံ၊ ထိုချစ်ခင်နှစ်သက်တဲ့ ပုဂ္ဂိုလ် သတ္တဝါသင်္ခါရတို့နဲ့ ခွဲခွာရခြင်းဆိုတဲ့ သဘောကို။ မေ—မယာ၊ ငါသည်။ အနတီတော၊ မလွန်မြောက်နိုင်သည်။ အမှိ၊ ဖြစ်လေသေး၏။

အနတီတောဆိုတဲ့ ပါဠိတော် ဒီအပိုဒ်ကတော့ မပါပေမဲ့ အဲဒါ ထည့်ပြီးဘော့မှ ပိုကောင်းတယ်။ ဒါကြောင့်—

တံ ခမ္မံ၊ ထိုကဲ့သို့ သေကွဲ ယှဉ်ကွဲ ချစ်တဲ့သူနဲ့ ခွဲရတယ်ဆိုတဲ့ သဘောကို။ မေ—မယာ၊ ငါသည်။ အနတီတော၊ ဘယ်နည်းနဲ့မှ မကျော်လွန်နိုင်သည်။ အမှိ၊ ဖြစ်ရလေတော့၏။

ဂ္လာတိ၊ ဤသို့။ ဂ္လတ္တိယာ ဝါ၊ အမျိုးသမီးသည်ငှင်း။ ပုရိသေန ဝါ၊ အမျိုးသားသည်၎င်း။ ဂဟဋ္ဌေန ဝါ၊ အိမ်မှာနေတဲ့ သူသည်၎င်း။ ပဗ္ဗဇိတေန ဝါ၊ အိမ်မှာမနေ ကျောင်းမှာနေတဲ့ ရှင်ရဟန်းသည်၎င်း။ အဘိဏှံ၊ အမြဲဘမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ချစ်တဲ့ပုဂ္ဂိုလ်တွေနဲ့ ခွဲရမယ်၊ ထိုချစ်ခင်နှစ်သက်တဲ့ ပစ္စည်းတွေနဲ့ တနေ့ ခွဲရမယ်။ အဲဒီလို လူပဲဖြစ်ဖြစ်၊ ရှင်ပဲဖြစ်ဖြစ် အမြဲတမ်း ဆင်ခြင်ပြီးတော့နေရမယ်။ စတုတ္ထအပိုဒ်ပါဠိတော် လိုရင်း ကောက်မယ်ဆိုယင်—

(၄) သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ တံ ဓမ္မံ အနတီတော”

တံ ဓမ္မံ အနတီတော က ဘုန်းကြီးတို့ ထည့်တာ။

သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ၊ တံ ဓမ္မံ အနတီတော=အလွန်ဆိုးချစ်အပ်ကုန်သော ပုဂ္ဂိုလ် သတ္တဝါ သင်္ခါရ ပစ္စည်းဝတ္ထု အစုစုနဲ့ ဘယ်လောက်ပဲ ချစ်ချစ်၊ အခုစ်ကြီးသေလေ အဲဒီကြီးတဲ့အချစ်တွေက တနေ့ကျတော့ အပူမီးတောက်လေလေ။ ခွဲရတဲ့ဘနေ့ ပူဘယ်ဆိုတာ ကြိုတင်ပြီးတော့ ဇဉ်းစားထား၊ ဒီအချက်ကို ဆင်ခြင်ရမယ်။

ပဉ္စမအချက်က—

(၅)“ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော ယံ ကမ္မံ ကရိဿာမိ

**ကလျာဏံ ဝါ ပါပကံ ဝါ တဿ ဒါယာဒေါ ဘဝိဿာမိ”** တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

(အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ အဘိဏှ-၅၇)

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ အဟံ၊ ငါသည်။ ကမ္မဿကော၊ ကံသာလျှင် ငါ့ပိုင်တဲ့၊ ဘဝတပါး ငါသွားတဲ့အခါကျတော့ ငါ့ပိုင်ဥစ္စာ အဖြစ်နဲ့ ယူသွားရမဲ့ သဘောရှိသည်။ ဝါ ကမ္မဿကော၊ ဘဝတပါး ငါပြောင်းတဲ့ အခါကျယင် ငါ့ကံကိုသာလျှင် ငါယူသွားရမဲ့ သဘောရှိသည်။ အမှို၊ ဖြစ်လေတော့၏။ ကမ္မဒါယာဒေါ၊ ကံပေးသမျှ ရယူ ကြရသည်။ အမှို၊ ဖြစ်လေတော့၏။ ဝါ၊ ကံပေးသမျှ ရယူ ကြရမည့် သဘောရှိသည်။ အမှို၊ ဖြစ်လေတော့၏။

ကမ္မဒါယာဒေါကို ဋီကာဆရာက–

ကမ္မုနာ ဒါတဗ္ဗံ အာဒီယတီတိ ကမ္မဒါယာဒေါ။

အဲဒီလိုဖွင့်တော့ယင် ကမ္မုနာ၊ ကံသည်။ ဒါတဗ္ဗံ၊ ပေးသမျှကိုသာလျှင်။ အာဒီယတိ၊ ယူကြရမယ်။ ကံပေးသမျှကိုသာ လျှင် ယူထိုက်ပါတယ်။ တသ္မာ၊ ဒါ့ကြောင့်။ ကမ္မဒါယာဒေါ၊ ကမ္မဒါယာဒ မည်၏။

ကမ္မဒါယာဒေါကို ကံသာလျှင် အမွေခံရှိတယ်ဆိုတဲ့အနက် မျိုး တယ်မရှင်းဘူး။ ခုန ဋီကာဖွင့်အနက်က ပိုကောင်းသွား

တယ်။ ကမ္မုနာ ဒါတဗ္ဗံ အာဒိယတိတိ ကမ္မဒါယာဒေါ=ကံပေး
သမျှ ယူကြရမယ်၊ ကံပေးသမျှ ရယူကြရမယ်။

ဣတိ၊ ဤသို့။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိ
တဗ္ဗံ၊ ဆင်ခြင်ရမယ်။ ကမ္မယောနိ၊ ကံသာလျှင် ဆင်းရဲချမ်း
သာ နှစ်ပါးအတွက် အကြောင်းရင်း ဖြစ်နေပါတော့တယ်။
ဣတိပိ။ ဤသို့လဲပဲ၊ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိ
တဗ္ဗံ၊ ဆင်ခြင်ရမယ်။

ဆင်းရဲတဲ့အကြောင်းရင်းသည် ကံတရား၊ ချမ်းသာတဲ့
အကြောင်းရင်းသည် ကံတရားဆိုတာကို အမြဲတမ်း ဆင်ခြင်နေ။

ကမ္မဗန္ဓု၊ ကံတရားကိုသာလျှင် မိတ်ဆွေဖွဲ့ပြီးတော့ နေကြ
ရမယ်။ ဣတိပိ၊ ဤသို့လဲပဲ။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။
ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်ရမယ်။

အဟံ၊ ငါသည်။ ယံ ကမ္မံ၊ အကြင်ကောင်းတဲ့ကံ မကောင်း
တဲ့ကံ ဆိုတဲ့ ကံနှစ်ပါးကို။ ကရိဿာမိ၊ ပြုပေတော့အံ့။ ဝါ၊
ပြု၏။ တဿ ကမ္မဿ၊ ထိုသို့ ငါပြုထားတဲ့ ကောင်းတယ်
မကောင်းဘူး ဆိုတဲ့ကံ၏။ ဒါယာဒေါ၊ ပေးသမျှကိုသာလျှင်
ငါရသည် ယူသည်၊ ဘဝိဿာမိ၊ ဖြစ်အံ့။ ဣတိပိ၊ ဤသို့လဲပဲ။
အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်ရမယ်။

ကလျာဏံ ဝါ၊ ကောင်းယင်လဲ ကောင်းလိမ့်မယ်။ ပါပကံ
ဝါ၊ ယုတ်မာချင်ယင်လဲ ယုတ်မာပြီးတော့ နေလိမ့်မယ်။ တံ
ကမ္မံ၊ ထိုကောင်းတာ မကောင်းတာ ဆိုတဲ့ ကံနှစ်မျိုး တမျိုး

မျိုးကို။ အဟံ၊ ငါသည်။ ကရိယာမိ၊ ပြုပေလိမ့်မယ်။ တဿ၊ ထိုငါပြုထားတဲ့ ကောင်းတယ် မကောင်းဘူး ဆိုတဲ့ ကံနှစ်ပါး တပါးပါးရဲ့။ ဒါယာဒေါ၊ ပေးသမျှ ရကြရ ယူကြရတဲ့ အမွေခံ ပုဂ္ဂိုလ်သည်။ အမှိ၊ ဖြစ်လေတော့၏။ ဣတိပိ၊ ဤသို့လဲပဲ။ အဘိဏှံ၊ အမြဲတမ်း။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ဣတ္ထိယာ ဝါ၊ အမျိုးသမီးသည်၎င်း။ ပုရိသေန ဝါ၊ အမျိုးသားသည်၎င်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌နေသူသည်၎င်း။ ပဗ္ဗဇိတေန ဝါ၊ အိမ်မှာမနေ ကျောင်းမှာနေသည့် ရှင်ရဟန်းသည် ၎င်း။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင် နေကြရမယ်။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။ ပစ္စဝေက္ခိတဗ္ဗာနိ၊ အမြဲတမ်း ဆင်ခြင်ပြီးတော့ နေရမဲ့အကြောင်း တရားငါးပါးတို့ကို။ အဝေါစ၊ ကရုဏာ ရှေ့သွား မေတ္တာအားဖြင့် ဟောကြားတော်မူလိုက် ပါပေ သတည်း။

**ဓမ္မယောဂီများ။**   ။သာဓု–သာဓု–သာဓုပါဘုရား။

အဘိဏှသုတ် ပါဠိတော်ကြီး ငါးခုရှိသည့်အနက်က ပထမ တွဲပါဠိရွတ်ပြီး အနက်အဓိပ္ပာယ်ပြောတော့ အေး–ဒီရထား တာ ဒါပဲလို့ သိသွားတယ်။ အဲဒီလို ရထားတာ ဒါပဲဆိုတဲ့ အထဲ မှာ နဲနဲအဓိပ္ပာယ် တိုးချဲ့ပြီးတော့ စဉ်းစားကြည့်ရအောင်–

ပထမဆင်ခြင်ဘို့ရန် မြတ်စွာဘုရား ပေးထားတဲ့အချက်က–

"ဇရာဓမ္မောမှိ၊ ဇရံ အနတီတော"

ဆရာတော်။ ။အဲဒီ ဘုရားရဲ့ မုခပါဠ် ပါဠိတော်ကို ဘုန်းကြီးတို့ပရိသတ်ထဲ ဆောင်လိုက်ယင် မကောင်းဘူးလား။

ဝိပဿနာယောဂီများ။ ။ကောင်းပါတယ် ဘုရား။

ဆရာတော်။ ။ကောင်းယင် ဆောင်ရအောင် လိုက်ဆို။ ဇရာဓမ္မာမှိ၊ ဇရံ အနတီတော။ (သုံးကြိမ်တိုင်)

ဝိပဿနာယောဂီများ။ ။ဇရာဓမ္မာမှိ၊ ဇရံ အနတီတော။ (သုံးကြိမ်ဆို)

ဆရာတော်။ ။ထွက်ခေါင် ဆရာတော် ဘုရားကြီးရဲ့ သံပေါက်နဲ့ လိုက်— နုနယ်ရုပ်ဆင်း၊ လှပခြင်းကား၊ အိုခြင်း နောက်ဆုံး ရှိချေတကား။ (သုံးကြိမ်တိုင်)

ဝိပဿနာယောဂီများ။ ။နုနယ်ရုပ်ဆင်း၊ လှပခြင်းကား၊ အိုခြင်း နောက်ဆုံး ရှိချေတကား။ (သုံးကြိမ်ဆို)

(က) ဇရာဓမ္မာမှိ၊ ဇရံ အနတီတော

## (၁) အိုခြင်းတရား မလွန်မြောက်နိုင်

ဇရာဓမ္မာမှိ၊ ဇရံ အနတီတော။ [အဟံ၊ ငါသည်။ ဇရာဓမ္မာ၊ အိုရမဲ့ သဘောရှိသည်။ အမှိ၊ ဖြစ်ချေတော့၏။ ဇရံ၊

အိုရမဲ့ သဘောကို။ အနတ္တတော၊ မလွန်မြောက်နိုင် မကျော်လွှားနိုင်သည်။ အမို၊ ဖြစ်ချေတော့၏။

**ဆရာတော်။**　　။အိုခြင်းဘေးကို ဒွိပရိသတ် ကျော်လွန်လို့ ရပါ့မလား။

**ခမ္မယောဂီများ။**　　။မရပါဘုရား။

အိုချမည့်သဘောကို ငါ့ကျော်လွန်လို့ မရဘူးလို့ မြတ်စွာဘုရား ဟောထားပါလျက်နဲ့ ဒွိပရိသတ်က ဘာပြုလို့ ဆံပင်နက်တဲ့ဆေးတွေ ခေါင်းမှာဆိုးနေရတာလဲ။အဲဒါ မြတ်စွာဘုရားစကားကို တော်လှန်ရာ မကျဘူးလား။ အိုမှာပါဆိုတဲ့ဥစ္စာကို ဒွိပရိသတ်က ကြံကြံဖန်ဖန် အဲဒါ အသုဘကို သုဘဖြစ်အောင် ပြောင်းပြန်လှန်။ ဘယ်ရမလဲ။ သင်္ခါတရားရဲ့သဘော ဘယ်သူမှ မလွန်ဆန်နိုင်ဘူး၊ဟုတ်လား။ ဘယ်သူမှ မလွန်ဆန်နိုင်တဲ့ ဒီသင်္ခါသဘောကို ဘုန်းကြီးတို့ပရိသတ်က သင်္ခါနယ်ထဲက နေ လွန်ဆန်မလို့ ကြိုးစားနေကြတယ်။

**ဆရာတော်။**　　။သင်္ခါရဲ့ တရားသဘော လက္ခဏာကို ကျော်လွန်ချင်ယင် သင်္ခါ နယ်ထဲက ထွက်မှ ကျော်လွန်လို့ရမယ် မဟုတ်လား။

**ခမ္မယောဂီများ။**　　။မှန်ပါဘုရား။

သင်္ခါနယ်ထဲမှာ ရှိနေသမျှတော့ သင်္ခါရဲ့ သဘောကို မကျော်လွန်နိုင်ဘူး၊ သင်္ခါကို ကျော်လွန်ချင်ယင် အသင်္ခါကို

ရအောင်လုပ်ရမယ်။ သခ်ဘ တရားရဲ့ အပြင်ဘက်ထွက်။ အသခ်တနယ်ထဲ ရောက်ပြီဆိုယင် ဒီသခ်တကို နိုင်ပြီ။

ဒါကြောင့် သခ်တတရား၊ အသခ်တတရား အချင်းချင်း တော့ ဘယ်လိုပဲ ကြိုးစားကြိုစား အခုည်းနှီးသာ ဖြစ်မယ်။ ကြိုးစားလိုက်ကြတာ ဆံဖြူတဲ့သူက မဖြူအောင်၊ သွားကျိုးတဲ့ သူက မကျိုးအောင်၊ မျက်စိမှုံတဲ့သူက မမှုံအောင်၊ နားပင်းတဲ့ သူက မပင်းအောင်၊ အရေအသားတွေ တွန့်နေတဲ့သူတွေကလဲ အဲဒါလေးတွေ ပြေပြစ်အောင်လို့ ဟိုကဖို့ ဒီကဖို့။

ဆရာတော်။ ။ဒို့ပရိသတ်၊ မလုပ်ရဘူးလား။

ဝမ္ပယောဂိများ။ ။လုပ်ရပါတယ်ဘုရား။

နည်းမျိုးစုံနဲ့ ဘယ်လိုပဲ အားသွန်ကြိုးပမ်း ကြိုးပမ်း။ ဒီသခ်ဘ ရုပ်နာမ်ကြီး မပြိုလဲအောင်လုပ်လုပ်၊ တနေ့ ပြိုလဲခြင်းမှာ အဆုံး သတ်သွားရတယ်။ သခ်တ တရားရဲ့ သဘောကို မလွန်ဆန်နိုင် ဘူးတဲ့ မြတ်စွာဘုရားကနေ၌။ အဲဒါ ဇရာဓမ္မောမှို၊ ဇရံ အန တီတော လို့ အမြဲဟာမ်း ဆင်ခြင်နေ။

အဟော၊ ငါသည်။ ဇရာဓမ္မော ဆွေးမြေ့ယိုယွင်း အိုမင်း ရင့်ရော်တဲ့သဘောရှိသည်။ အမှို၊ ဖြစ်ချေ၏။ ဇရံ၊ ဒီရုပ်တရား ကြီးရဲ့ ဆွေးမြေ့ယိုယွင်း အိုမင်းရင့်ရော်တဲ့သဘောကို။ အနတီ တော၊ ဘယ်လိုနည်းနဲ့မှ ဘယ်နည်းတွေနဲ့လုပ်လုပ် ဘယ်လောက် ခေတ်မီတဲ့နည်းတွေနဲ့လုပ်လုပ် ဘယ်လိုနည်းနှင့်မျှ မလွန်မြောက်

နိုင်သည်။ အမှို၊ ဖြစ်ပါပေ၏။ ဣတိပိ၊ ဤသို့လဲပဲ။ ပစ္စဝေက္ခဏ တဗ္ဗံ၊ ဆင်ခြင်ပါ ဆင်ခြင်ရမယ်။

## (၂) အိုတယ်ဆိုတာ ဘာလဲ

ဒီတော့ ဇရာတရားတဲ့။ အိုတယ်ဆိုတာ ဇရာတရား။ အဲဒီ အိုတဲ့ ဇရာသဘောဆိုတာ ဘာပြောလဲဆိုလို့ရှိယင်—

ကတမာ စ ဘိက္ခဝေ ဇရာ။ (ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိ— ၂၄၄)

ဘုန်းကြီးတို့ ခမ္မစကြာမှာ ဒုက္ခသစ္စာပိုင်း လှမ်းကြည့်လိုက် စမ်း။ ဇာတိပိ ဒုက္ခာ လို့ ဟောတယ်။ နောက်နားကျတော့ ဇရာပိ ဒုက္ခာ လို့ ဟောတယ်။ နောက်နားကျတော့ ဗျာဓိပိ ဒုက္ခာ လို့ ဟောတယ်။ နောက်နားကျတော့ မရဏံပိ ဒုက္ခံလို့ ဟောပါတယ်။ နောက်နားကျတော့ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော လို့ ဟောပါတယ်။

ဒီတော့ ဒီ အဘိဏှပစ္စဝေက္ခဏဗုဒ္ဓသုတ္တန်က ဆင်ခြင်ဘို့ဆိုတာ ဟောထားလိုက်တာ၊ တိုတိုချုံးယင် ဒုက္ခသစ္စာကို ဆင်ခြင်ဘို့ ဟောထားတာ မဟုတ်လား။ အဘိဏှပစ္စဝေက္ခဏဗုဒ္ဓသုတ္တန်ရဲ့ လိုရင်းအချက်သည် ဒုက္ခသစ္စာကို ချဲ့သားဘို့ နှလုံးသွင်းနေကြ။

ဇာတိပိ ဒုက္ခာတဲ့။ သူလဲ ဒုက္ခသစ္စာ။ ဇရာပိ ဒုက္ခာတဲ့။ အိုတယ်ဆိုတာ ဒုက္ခသစ္စာ၊ ဗျာဓိပိ ဒုက္ခာ။ နာတယ်ဆိုတာလဲ ဒုက္ခသစ္စာ။ မရဏံပိ ဒုက္ခံ။ သေတယ်ဆိုတာလဲ ဒုက္ခသစ္စာ။

ဆရာတော်။ ။အဲဒီ ဒုက္ခသဘောတွေကို နှလုံးသွင်းနေဘို့ ရန် အဘိဏှသုတ္တန်ထဲ မြတ်စွာဘုရား ထည့် မပြဘူးသလား၊ ပြသလား။

ဓမ္မယောဂီများ။ ။ပြပါတယ်ဘုရား။

ဆရာတော်။ ။ဒါဖြင့်ယင် ဘုန်းကြီးတို့ပရိသတ်၊ ဒုက္ခကို တွေ့အောင် မလုပ်ရဘူးလား၊ လုပ်ရ မလား။

ဓမ္မယောဂီများ။ ။လုပ်ရပါ့မယ်ဘုရား။

ဆရာတော်။ ။ဒုက္ခကို ဉာဏ်မှာတွေ့အောင် လုပ်ကို လုပ်ရ မယ်၊ အဘိဏှပစ္စဝေက္ခဏာမှ အမြဲတမ်း ဒီ ဒုက္ခ ကြည့်နေတဲ့။

ဓမ္မယောဂီများ။ ။မှန်ပါဘုရား။

ဆရာတော်။ ။ဟုတ်ပြီနော်၊ ဒီတော့ယင် ဓမ္မစကြာ ဒေသနာတော်ကတော့ ဇရာပိ ဒုက္ခာ=အို တယ်ဆိုတာ ဒုက္ခတရား။ အိုရတယ်ဆိုတာ ဘာတရားလဲ၊

ဓမ္မယောဂီများ။ ။ဒုက္ခတရားပါဘုရား။

အဲဒီ အိုရတယ်ဆိုတဲ့ ဒုက္ခကိုဖြင့်ယင် မဟာသတိပဋ္ဌာန်သုတ္တန် ထဲ လှမ်းပြီးတော့ ကြည့်မယ်ဆိုယင်—

ကတမာ စ ဘိက္ခဝေ ဇရာ။ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဇရာ။ (မဇ္ဈိမနိကာယ မူလပဏ္ဏာသပါဠိ၊ မဟာသတိပဋ္ဌာန သုတ္တန်၊ ဒုက္ခသစ္စနိဒ္ဒေသ–၈၂)

ဓမ္မစကြာက ဇရာပိ ဒုက္ခာ၊ ဒါလောက်ပဲ ဟောတယ်။ ဟော ဒီ အဘိဏှပစ္စဝေက္ခိတဗ္ဗသုတ္တန် ဒေသနာတော်ကျတော့ အဲဒီ ဇရာတရား ဒုက္ခသဘောကို နှလုံးသွင်းပါလို့ ဟောတယ်။ အဲဒီ ဇရာဒုက္ခ နှလုံးသွင်းရမယ်။ ကျယ်ပြန့်တဲ့ အဓိပ္ပာယ်ကိုတော့ မဟာသတိပဋ္ဌာန်သုတ္တန် ကြည့်လိုက်တဲ့အခါ—

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ဇရာ၊ အိုတယ်ဆိုတဲ့ သဘောသည်ကား။ ကတမာစ၊ အဘယ်ခလေ နည်း။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့ရဲ့၊ တမှိ တမှိ သတ္တနိကာယေ၊ ထိုထိုသတ္တလောက ရဲ့အတွင်း၌။ ယာ ဇရာ၊ အကြင် အိုတယ်ဆိုတဲ့ သဘောသည်။ အတ္ထိ၊ ရှိ၏။ ယာ ဇီရဏတာ၊ အဲဒီ အိုတယ်ဆိုတာက—ဇီရဏတာ၊ ဆွေးမြေ့သွားတဲ့ သဘော။

ဆရာတော်။ ။အိုတယ်ဆိုတာက အဓိပ္ပာယ်ဖွင့်လိုက်တော့။

ဓမ္မယောဂီများ။ ။ဆွေးမြေ့သွားတဲ့သဘောပါဘုရား။

ဇိရဏတာဘဲ့။ဆွေးမြေ့သွားတဲ့သဘော ဟုတ်လား။ သစ်တုံးကြီး မြေထဲချထား၊ ရေထဲချထား၊ တဖြေးဖြေးနဲ့ နေပူထိ၊ လေပူထိ၊ ရေပူထိ၊ အဲဒီ နေဒဏ်၊ ရေဒဏ်၊ လေဒဏ်၊ မြေဒဏ်တွေ ထိတော့ သစ်တုံးကြီးဟာ မြေကြီးပေါ်မှာ တဖြည်းဖြည်းနဲ့ ဆွေးပြီးတော့ တခါတဲ ပြိုကျပျက်စီးသွားတာ ဒို့ ပရိသတ် တွေ့ဘူးပါတယ်။

ပကတိသစ်တုံးကြီး နေပူဒဏ်၊ လေပြင်းဒဏ်၊ ရေပြင်းဒဏ်၊ လေပြင်းဒဏ်တို့ ထိလို့ ဆွေးမြေ့ပျက်စီးဆိုတာလိုပဲ။ အဲဒီလမ်းပေါ်ချထားတဲ့။ မြေကြီးပေါ်ချထားတဲ့ သစ်တုံးကြီးနဲ့ သိပ်တူတဲ့ ဒို့ရဲ့ခန္ဓာဟာလဲပဲ အဲဒီ လေပူ နေပူ မြေပူ ဆိုဘဲ အပူဓာတ်တွေ နှိပ်စက်လို့ ဆွေးမြေ့ပျက်စီးသွားတယ်ဆိုတာကိုဟုတ်လား။ ဆွေးမြေ့တယ်ဆိုတဲ့နေရာမှာ ဘုန်းကြီးတို့ ပရိသတ်၊ တေဇောဓာတ်လောင်လို့ ဆွေးမြေ့ပါတယ်။

ဆရာတော်။ ။ဘာဖြစ်ယင် ဆွေးမြေ့တယ်။

ခမ္ဗယောဂီများ။ ။တေဇောဓာတ်လောင်ယင် ဆွေးမြေ့ပါတယ် ဘုရား။

## (၃) တေဇောဓာတ်လေးပါး

ဘုန်းကြီးတို့ပရိသတ်၊ ဝါယောဓာတ်ခြောက်ပါး ရှိတယ်။ တေဇောဓာတ်က လေးပါးရှိတယ်၊ သန္တပ္ပနတေဇော၊ ဒဟတေဇော၊ ပါစကတေဇော၊ ဇိရဏတေဇော။

(၁) သန္တပ္ပနတေဇော။ ။ဘုန်းကြီးတို့ပရိသတ်၊ ခန္ဓာကိုယ်တကိုယ်လုံး ပြဒါးတိုင်နှင့် တိုင်းကြည့်လိုက်စမ်း။ ပြဒါးတိုင်လေး ချိုင်းကြားထဲထည့်၊ လျှာအောက်သွင်း၊ တိုင်းကြည့်လိုက်စမ်း။ တရာကျော်နေပြီလဲဆိုရောဘာပြောသလဲ၊ အဲဒါ အဖျားတက်တယ်တဲ့။

ဆရာတော်။ ။သေသေချာချာပြောယင် အပူတွေလောင်နေတာ မဟုတ်ပါလား။

ဓမ္မယောဂီများ။ ။ဟုတ်ပါတယ်ဘုရား။

ပူတဲ့အတွက်ကြောင့် ဒီပြဒါးတိုင် ငြိမ်ငြိမ်မနေဘူး၊ အပေါ်တက်လာတယ်။ ပူယင် ကျွမ်းတဲ့သဘော ပါလာတယ်ဆိုတာရှင်းသွားပြီ။ ဒါကြောင့် ပြဒါးကလေးဟာ အောက်မှာ မနေတော့ဘူး၊ အပေါ်တက်သွားတယ်။

ဆိုလိုတဲ့အဓိပ္ပာယ်- ဘေဇောခတ်ဖောက်ပြန်ယင် ဝါယောပါ ဖောက်ပြန်သွားဘယ်။ အဲဒါကြောင့်မို့လို့ ထိုကဲ့သို့သောတကိုယ်လုံး အပူလောင်နေနဲ့ ပုဂ္ဂိုလ်ရဲ့သဏ္ဌာန်ကြည့်ယင် ဒါမျိုးကို သန္တပ္ပန တေဇောဟုတ်လား။

(၂) ဒဟတေဇော။ ။ဒဟတေဇောဆိုတာကသွေးစုနာကြီးပေါက်တယ် ဆိုကြပါစို့၊ သွေးစုနာတွေ ပေါက်လိုက်တာ တင်ပါးမှာ၊ ပေါင်မှာ၊ လက်မှာ၊ ချိုင်းမှာ၊အဲဒီလိုပေါက်လာဘဲ သွေးစုနာ ပြည်မထွက်သေးခင် လက်နဲ့စမ်းပြီးကြည့်၊ အကြိတ်အခဲကြီးဖြစ်ပြီးတော့ ပူနေတယ်။ ပူလာ

တယ်။ အဲဒီအပူတွေစုပြီး လောင်တဲ့သဘောကြောင့် ဟောဒီး အသားတွေဟာလဲ ဆွေးမြေ့ကုန်တယ်။ သွေးတွေဟာလဲ ပုပ် သွားတယ်၊ အကြောကလေးတွေဟာလဲ ဆွေးသွားတယ်။ အသားတွေ၊ အကြောတွေ၊ အမွေးတွေ ပုပ်ဆွေးသွားတဲ့အထိ လောင်တဲ့ တေဇောမျိုးကို ဒဟတေဇော၊ ဟုတ်လား။ တေ ဇောဓာတ်လောင်ယင် ဆွေးမြေ့ပျက်စီးတယ်ဆိုတဲ့ အဓိပ္ပာယ် ရှင်းသွားတယ်နော်။

(၃) ပါစကတေဇော။ ။အစာအိမ်ထဲ အပူဓာတ် ရှိတယ်။ အစာအိမ်ထဲမှာ ပူနေတယ်ဆိုတဲ့ တေဇောဓာတ်က ဘယ်ကလာတဲ့ တေဇောလဲဆိုယင် ကံနှင့်တကွ လာခဲ့တာ။ အဲဒါကို ကမ္မဇတေဇောလို့လဲ ခေါ်တယ်။

အဲဒီလို ကံနဲ့တကွဖြစ်ပြီးတော့ လာခဲ့တဲ့ ကမ္မဇတေဇောက အစာအိမ်ထဲရှိမှ၊ မရှိယင် ဘုန်းကြီးတို့ပရိသတ် ဝမ်းခေါင်းထဲ ထည့်လိုက်တာ ပျော့ပျော့လဲထည့်၊ မာမာလဲထည့်၊ အကုန်လုံး ပါးစပ်ကနေ ထည့်နေတယ်။ ထည့်လေသမျှ ပျော့တာမာတာ အကုန်လုံးကို ထိုအစာအိမ်ထဲမှာ ရေတွေနဲ့ပေါင်းပြီး ဝမ်း ခေါင်းထဲ အစာအိမ်ထဲက အပူက ချက်တော့ယင် အဲဒါ ကျက် သွားတယ်။

ဒါတလေမျှား ဘုန်းကြီးတို့ပရိသတ်၊ အရိုးတွေကို ကြက် တွေ၊ ဘဲတွေ၊ ဝက်တွေဟာ တွေ့တဲ့အရိုးတွေကို ဝါးပြီးတော့ မာမာကြီး မျိုချလိုက်တယ်။ အဲဒီအရိုးတွေလဲပဲ ဒီအစာအိမ်ထဲကျ အားလုံး ကျက်သွားတာပဲ။ အဲဒီလို မာကြောတဲ့အရာဝတ္ထု

တွေကို ကြေကျက်သွားအောင် လောင်တဲ့ တေဇောသည် ဘာတေဇောလဲဆိုယင် ပါစကတေဇော။

**ဆရာတော်။**　　။ဒို့ပရိသတ်၊ ဘာတေဇောလဲ။

**ဓမ္မယောဂီများ။**　　။ပါစကတေဇောပါဘုရား။

ကံတရား ဘယ်လောက်ဆန်းကြယ်သလဲ။ ဒီအစာအိမ်ထဲ ဝင်ရောက်သွားတဲ့ အစာကိုသာလျှင် လောင်တယ်နော်။ အစာ အိမ်ကြီး ပုပ်သွားအောင် လောင်သလားဆိုတော့ ဒီလိုတော့ မလောင်ဘူး။ ဒါဖြင့်ယင် အဲဒီအစာအိမ်ထဲမှာ သိပ်ပြီးတော့ အစာကနဲ့ အချဉ်ဓာတ်တွေက များပြီဆိုတဲ့အခါကျပြန်တော့ အဲဒီ အပူဓာတ်ဟာ အစာအိမ်ကို နဲနဲ နဲနဲတော့ လောင်တယ်။

ဒို့ပရိသတ်၊ မီးဖိုပေါ် အိုးထဲတခုခုပေါ့ ထမင်းပဲဖြစ်ဖြစ် ဟင်းပဲဖြစ်ဖြစ် ထည့်ပြီးတော့ မီးနာနာထိုး။ အဲဒီ အိုးထဲ ထမင်းတို့ ဟင်းတို့ ရေတို့ ရှိတဲ့အခါကျတော့ အိုးကြီး အပူ သက်သာလာတယ်ပေါ့။ ထမင်း ဟင်း ရေ မရှိပဲနဲ့ အိုးချည်း အခွံအတိုင်း တယ်ပြီဆိုတဲ့အခါကျတော့ အိုးကြီး ပျော်ကျ မသွားတောင်မှ တော်တော်တော့ လောင်ပစ်လိုက်တယ် မဟုတ် လား။ အဲဒီလောက်တော့ လောင်တယ်၊ ဒါမျိုး ပါစက တေဇော အစာအိမ်ထဲမှာ ရှိတယ်။

သန္တပ္ပနတေဇော တကိုယ်လုံးမှာ လွှမ်းခြုံပြီးတော့ လောင် တယ်၊ ဖျမ်းမျှလောင်တဲ့ တေဇော၊ ဒဟနတေဇော ဆိုတာက ဟိုနေရာ ဒီနေရာ သွေးတွေ ပြည်တွေပုပ်ပြီးတော့ ယိုစီးကျလာ အောင် ကွက်၍ ကွက်၍ လောင်တဲ့ တေဇော။

(၄) ဇီရဏတေဇော။ ။အသားတွေ တွန့်သွားအောင်၊
အရေပြားတွေ ရှုံ့သွားအောင်၊
ဆံပင်တွေ မဲနေရာက ဖြူသွားအောင်၊ သွားကလေး သုံးဆယ့်နှစ်ချောင်းကနေ တချောင်းစီ တချောင်းစီ ကျွတ်သွားအောင်၊ ကြည်လင်နေတဲ့ချက်လုံး နောက်သွားအောင်၊ ကြည်လင်နေတဲ့ နား နောက်သွားအောင်၊ ကြည်လင်နေတဲ့လျှာ နောက်သွားအောင် လောင်ကျွမ်းတဲ့ တေဇောကျတော့ ဇီရဏတေဇော။

ဆရာတော်။ ။ဘာတေဇောလဲ။

ဝမ္မယောဂီများ။ ။ဇီရဏတေဇောပါ ဘုရား။

ဆရာတော်။ ။တကိုယ်လုံး ရှိတဲ့ ရုပ်တရားတွေ ဆွေးမြေ့ရင့်ကျက်အောင် လောင်တဲ့တေဇောသည် ဇီရဏတေဇော၊ တေဇော ဘယ်နှစ်ပါး ရ။

ဓမ္မယောဂီများ။ ။လေးပါးရပါပြီ ဘုရား။

အဲဒါ တရားကိုယ်ကောက်လို့ရှိယင် ပူတဲ့သဘောနဲ့ အေးတဲ့ သဘော ဒီနှစ်ခုဘဲ ရတယ်၊ ကောဋ္ဌာသနဲ့ပုံယင် တေဇော ကောဋ္ဌာသလေးပါ၊ လက္ခဏာကောက်လိုက်တဲ့အခါကျတော့ လက္ခဏာအနေနဲ့ယူယင် ပူတာ အေးတာ တပါးတည်းပါပဲ၊

အဲဒီပူသဘော ကြပ်ကြပ်နှိပ်ပါက၊ အေးမှုသဘော ကြပ်ကြပ် နှိပ်လိုက်ယင် ဒီဓာတ်ကြီးဟာ ဆွေးမြေ့သွားတယ်။ မီးကြပ်ကြပ် [illegible] သပ် ပြုပြုပ်တယ်၊ ရေကြပ်ကြပ်စိမ်တဲ့ သပ်ဘာ [illegible] ကြွသွားတယ်၊ ဒီ [illegible] ဟုတ်သလား။ ဒါကြောင့်—

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ တေသံ
တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့ရဲ့။ တမှိ တမှိ သတ္တနိကာယေ၊
ထိုထိုသတ္တနိကာယ၌။ ယာ ဇရာ၊ အကြင်အိုမင်းရင့်ကျက်တယ်
ဆိုတဲ့ သဘောသည်။ အတ္ထိ၊ ရှိ၏။ ယာ ဇီရဏတာ၊ အကြင်
ချုပ်တရားကြီး တေဇောဓာတ်လောင်တဲ့အတွက်ကြောင့် ဆွေး
မြေ့သွားတယ် ဆိုတဲ့ သဘောသည်။ အတ္ထိ၊ ရှိလေတော့၏၊
သတိပဋ္ဌာန်သုတ်ကနေ၌၊ တေဇောဓာတ်လောင်ယင် ဆွေး
သွားတယ်၊ မီးလောင်ခံရတဲ့ သစ်တုံး ပြာဖြစ်တာမျိုး၊ နောက်
တနည်း ရေကြပ်ကြပ်စိမ်ထားတဲ့သစ်တုံး တဖြေးဖြေး အမှုန့်
အမွှားဖြစ်ပြီး ကြွေကျသွားတာမျိုး တေဇောဓာတ်လောင်ယင်
ဆွေးမြေ့သွားတယ်။ ဒါကြောင့်—
ယာ ဇီရဏတာ၊ အကြင်ဆွေးမြေ့ပါတယ်လို့ ဆိုတဲ့သဘော
သည်။ ယံ ခဏ္ဍိစ္စံ၊ အကြင်သွားတွေ တချောင်းစီ တချောင်းစီ
ကျိုးထွက်သွားပါတယ် ဆိုတဲ့ သဘောသည်။ ယံ ပါလိစ္စံ၊
အကြင် မဲနက်နေတဲ့ ဆံပင်ရဲ့ နက်သော အရောင်ကနေ ဖြူတဲ့
အရောင် ပြောင်းသွားပါတယ် ဆိုတဲ့ သဘောသည်။ ယံ ဝလိတ္တ
စတာ၊ အကြင် အရေပြားတွေရဲ့ တွန့်လိမ်သွားပါတယ် ဆိုတဲ့
သဘောသည်။ အတ္ထိ၊ ရှိလေတော့၏။
ဘုန်းကြီးတို့ ပြောနေကျပါ။ ခရမ်းသီးလေး နေလှမ်းသလို
မနက်စောစော နေလှမ်းထားတဲ့ ခရမ်းသီးလေး၊ တင်းနေ
ခရမ်းသီးနဲ့ ကြည့်လိုက်စမ်း၊ မနက်စောစောဘော့ ကြည့်
ကောင်း၊ ရှု ကောင်း ဟုတ်သား၊ နေပူထဲ ပင်သားလိုက်စမ်း
ပါ။ တဖြည်းဖြည်း နေမြင့်လာတော့ အပူရှိန် ကြပ်ကြပ်နှပ်စက်

တော့ ထိုခရမ်းသီး တင်းနေတဲ့သဘောဟာ တဖြည်းဖြည်းနဲ့ လျော့သွားတယ်၊ ညနေလေး တော်တော်စောင်းပြီလဲဆိုရော ဘယ့်နှယ်ဖြစ် ရှုံ့သွားပါတယ်၊ အပေါ်ယံ အရေကလေးတွေ တွန့်နေတာပဲ။

ဆရာတော်။ ။တွေ့ဘူးတယ် မဟုတ်လား။

ဝပ္ပယောဂီများ။ ။တွေ့ဘူးပါတယ်ဘုရား။

အပြင် ဗဟိဒ္ဓရုပ်တရား၊ ပထဝီ တေဇောလောင်သဖြင့် တွန့်လိမ်သွားယင် အဇ္ဈတ္တ ငါတို့ရဲ့ ရုပ်တရားကြီးမှာကား ဇီရဏ တေဇောလောင်တဲ့ အတွက်ကြောင့် အဘယ်မှာလျှင် မတွန့်မလိပ်ပဲ ရှိပါအံ့နည်း။ အဇ္ဈတ္တဉာဏ် ရောက်အောင် နှလုံးသွင်းလိုက်ပါ။

ဆရာတော်။ ။ဒီနေ့ ဒီတရားပွဲထဲက ဒို့မှန်ပါ့ဘုရား ဒကာကြီးတွေ၊ ဒကာမကြီးတွေလဲ ညနေလေး တော်တော်စောင်းယင် ကိုယ့်ခန္ဓာ ကိုယ်ပြန်ကြည့်၊ ခရမ်းသီးနေလှမ်းထားတာနဲ့ တူပြီဗျနော်။

ဝပ္ပယောဂီများ။ ။မှန်ပါ့ဘုရား။

ဆရာတော်။ ။အဲဒါ အမြဲတမ်းကြည့်နေတဲ့၊ ဒါအမြဲတမ်း ကြည့်နေရမှာကို ဒီလိုမဖြစ်အောင် ဟိုလိုပြင် ဒီလိုပြင်၊ ဒို့ပရိသတ် ပြင်လို့ရပါ့မလား။

စမ္မယောဂီများ။　။မရပါဘုရား။

ဆရာတော်။　။ဆေးကလေး ထိုးထားလိုက်မယ်တဲ့၊ ရပါ မလား။

စမ္မယောဂီများ။　။မရပါဘုရား။

ဆရာတော်။　။လက်ဖွဲ့ကလေး ချီထားလိုက်မယ်၊ မအို အောင်တဲ့၊ ရပါ့မလား။

စမ္မယောဂီများ။　။မရပါဘုရား။

ဆရာတော်။　။ဒို့ပရိသတ်၊ မရဘူး ပြောတာနော်၊ ကိုယ်က တော့ မပြောဘူး ဟုတ်လား။ တော်ကြာ ရပါတယ်ဆိုတဲ့လူကကို မကျေနပ်ပဲ ဖြစ် နေလိမ့်အုံးမယ်။

## (၄) ရုပ်ဇီဝိတ နာမ်ဇီဝိတ

သခ်ာတရားသဘော မလွန်ဆန်နိုင်ဘူး။ ဒီ သခ်ာ တ သခ်ာတအချင်းချင်း လုပ်နေလို့ကတော့ ဒို့ပရိ သတ် မလွယ်ဘူးဆိုတဲ့သဘောတော့ သဘောကျ ထား။

အာယုနော သံဟာနိ။

အာယုနော၊ ရုပ်ဇီဝိတ နာမ်ဇီဝိတဆိုတဲ့ ဒီဇီဝိတရုပ်နာမ် နှစ်ပါးရဲ့။ ယံ သံဟာနိ၊ အကြင်ယုတ်လျော့သွားပါတယ်ဆိုတဲ့ သဘောသည်။ အတ္ထိ၊ ရှိ၏။

ဣန္ဒြိယာနံ ပရိပါကော။

ဣန္ဒြိယာနံ၊ ဣန္ဒြေတို့ရဲ့။ ယော ပရိပါကော၊ အကြင်ရင့်ကျက်သွားပါတယ်ဆိုတဲ့ သဘောသည်။ အတ္ထိ၊ ရှိလေတော့၏။

ရုပ်ဇီဝိတကလဲ အားနဲ့သွားပြီ။ နာမ်ဇီဝိတကလဲ အားနဲ့သွားပြီ။ အိုတယ်ဆိုတဲ့သဘောကို မြတ်စွာဘုရား အမျိုးမျိုး ဟောတယ်။ ရုပ်ဇီဝိတ နာမ်ဇီဝိတနှစ်ပါး အားနဲ့သွားတယ်တဲ့။ ဒို့ပရိသတ်ရဲ့ ရုပ်နာမ်နှစ်ပါးကို စောင့်ရှောက်နေတာဟာ ဘယ်သူ စောင့်ရှောက်နေသလဲဆိုယင် မှတ်ထားပါ။ အနုပါလန လက္ခဏာ=စောင့်ရှောက်တဲ့ လက္ခဏာရှိ ဆိုတာဟာ ရုပ်ဇီဝိတရယ်၊ နာမ်ဇီဝိတရယ်။

ရုပ်တရား ၂၈-ပါးထဲမှာ ဇီဝိတရုပ်ဆိုတာ တခုရှိတယ်။ နာမ်တရားတွေမှာလဲပဲ၊ နာမ်တေပညာသဆိုတဲ့ နာမ်တရား ၅၃ ပါးထဲမှာလဲပဲ ဇီဝိတစေတသိက် ရှိပါတယ်။ နာမ်တရားတို့ရဲ့ အစဉ်အတန်းကြီး မရပ်အောင် ဆက်သွယ်ပေးထားတဲ့ သဘော၊ အဲဒါကို နာမ်ဇီဝိတ။

ရုပ်တရားတို့ရဲ့ ဖြစ်ပြီးယင် ပျက်၊ ပျက်ပြီးယင် ဒီနေရာမှာ နောက်ထပ်အစား လာရမယ်ဆိုပြီး အစဉ်အတန်းကြီး မရပ်စဲအောင် ဆက်သွယ်ပေးတဲ့သဘော၊ စောင့်ရှောက်ဆာ တဲ့ သဘော အနုပါလနရှိတဲ့ ရုပ်တရားသည် ရုပ်ဇီဝိတ။

ရုပ်တရားတို့ရဲ့အစဉ်အတန်း မရပ်စဲအောင် စောင့်ရှောက်တဲ့ သဘော ရုပ်တရားတို့ရဲ့ ဇီဝိတ၊ နာမ်တရားတို့ရဲ့ အစဉ်အတန်း

ကြီး မရပ်သွားအောင် စောင့်ရှောက်ပေးထားတဲ့ သဘောက နာမ်ဇီဝိတ။ အဲဒီ ဇီဝိတဆိုတဲ့ ရုပ်နာမ်နှစ်ပါးကိုပင်လျှင် ဒီကနေ့ ပရိသတ်အပေါင်း သူတော်ကောင်းတို့က အသက်လို့ ခေါ်နေကြတယ်။ တရားကိုယ်ကောက်လိုက်ယင် ရုပ်တရားဆိုတဲ့ ဇီဝိတ၊ နာမ်တရားဆိုတဲ့ ဇီဝိတ။ အဲဒီ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတတရား နှစ်ပါးသာရှိတယ်။ သမ္မုတိသစ္စာနယ်ကတော့ အသက်ပါ။ မြတ်စွာဘုရားကတော့ ရုပ်တရားနဲ့ နာမ်တရား။

ဆရာတော်။ ။ဘာတရားနဲ့ ဘာတရား။

ဓမ္မယောဂီများ။ ။ရုပ်တရားနဲ့ နာမ်တရားပါဘုရား။

အသက်လို့ ခေါ်တဲ့အထဲမှာ တရားကိုယ်ကောက်ယင် နှစ်လုံးရတယ်။

(၁) ရုပ်ဇီဝိတ၊

(၂) နာမ်ဇီဝိတ။

ရုပ်တရား နာမ်တရားနှစ်ပါး။ ဗမာလို ပြောတော့ အသက်။ အဲဒီ အသက်လို့ဆိုတဲ့ ရုပ်ဇီဝိတ နာမ်ဇီဝိတတို့ဟာ စောင့်ရှောက်တဲ့ အားတွေ နဲ့သွားတဲ့သဘောကို (အာယုနော သံဟာနီ တဲ့။ ဒီရုပ်အစဉ်အတန်း နာမ်အစဉ်အတန်းကြီး မရပ်အောင် စောင့်ရှောက်ရမဲ့ကိစ္စသည် ဘယ်သူ့မှာ ရှိသလဲ၊ ရုပ်ဇီဝိတနဲ့နာမ်ဇီဝိတ။

အဲဒီ ရုပ်ဇီဝိတ နာမ်ဇီဝိတမှာ တာဝန်ပေးထားတဲ့ ဒီ ရုပ်နာမ်အစဉ်အတန်းကြီး မရပ်စဲအောင် မင်းစောင့်ရှောက်ရမယ်၊ ဘယ်သူက တာဝန်ပေးထားသလဲ။ “ကံ” ဆိုတဲ့ မင်းတရားက

တာဝန်ပေးထားသည်။ "ကံမင်းဟာရှားပေးတဲ့ တာဝန်၊ ဒီ ရုပ်ဇီဝိတ နာမ်ဇီဝိတက ထမ်းနေရတာ တော်တော်လေးကြာပြီ။ ထမ်းနေရတဲ့နှစ်ပေါင်း တော်တော်ကြာပြီဆိုတော့ တာဝန် တော်တော်ပေါ့သွား။

တာဝန်ဆိုတာ ထမ်းကာစသာ လေးလေးနက်နက်၊ ကြာ တဲ့အခါကျ ခပ်ပေါ့ပေါ့လုပ်တတ်တယ်။ အဲဒါကြောင့် နှစ် ပေါင်း ခြောက်ဆယ် ခုနစ်ဆယ်လောက် ရောက်ပြီဆိုတော့ ရုပ် ဇီဝိတ နာမ်ဇီဝိတဟာ ရုပ်အစဉ် နာမ်အစဉ်ကြီး စောင့်နေတဲ့ သူမှာ ပေါ့သွားဘယ်၊ အဲဒါကို သံဟာနိ=ယုတ်လျော့သွား တယ်တဲ့။

ဘာကြောင့် သူစောင့်ရှောက်ဟဲ့ အားတွေ နဲ့သွားသလဲဆို တော့ ခုနက ဘုန်းကြီးပြောခဲ့တဲ့အထဲက "ကံ" ဆိုတဲ့ ရှင်ဘုရင်က လဲ တဖြည်းဖြည်းနဲ့ မျက်နှာလွှဲလာဘယ်၊ တာဝန်ဆိုတာ တခ ဏတော့ အလေးအနက် သူက ကြည့်၊ ငါက ကြည့်၊ တော် တော်ကြာပြီဆိုတော့ မျက်နှာလွှဲဘာ များတယ်။ လူကြီးပိုင်းက လဲ အဲဒါ လူကြီးပိုင်း မျက်နှာလွှဲပြီးတော့ အောက်ပိုင်းတာဝန် ထမ်းတဲ့ သူတွေကလဲ ပေါ့ကုန်ရော၊ ဒီလိုမဟုတ်လား။

နှစ်ပေါင်း ခုနစ်ဆယ်လောက်ကြာတော့ "ကံ" ရှင်ဘုရင် တာဝန်ပေးနေတဲ့ "ကံ" ရှင်ဘုရင်ကလဲ ဒီ့ပရိသတ်ကို မျက်နှာ လွှဲစပြုပြီ။ ကံကလဲ အားနဲ့သွားပြီ ဆိုလိုတယ်။ ကံက အားနဲ့ သူက မျက်နှာလွှဲလာတော့ သူတာဝန်ပေးထားလို့ အသက်နဲ့ ခန္ဓာမြဲအောင် စောင့်ထိန်းရတဲ့ ဇီဝိတရုပ်နာမ်နှစ်ပါး တာဝန်

သမ်းသမားတွေကလဲပဲ တာဝန်တွေ လျော့လာကြတယ်။ အဲဒါကို သံဟာနီ တဲ့။

ဒါကြောင့် ရုပ်ဇီဝိဘ နာမ်ဇီဝိတနှစ်ပါး အားနဲ့လာခြင်းကို ဇရာလို့ ခေါ်လိုက်၊ ဇရာရှိသဘော အနက်အဓိပ္ပာယ်အမျိုးမျိုး ဖွင့်တယ်။ နောက်တမျိုး ဖွင့်ပြန်တယ်။

## (၅) ဣန္ဒြေတရားများ ရင့်ကျက်လာမှု

ဣန္ဒြိယာနံ ပရိပါကော။ ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ဣန္ဒြိယာနံ၊ စက္ခု သောတ ဃာန ဇိဝှါ ကာယဆိုတဲ့ ဣန္ဒြေခြောက်ပါးတို့ကလဲပဲ။ ယော ပရိပါကော၊ အကြင်တရွေ့ရွေ့နဲ့ ရင့်ကျက်လာတဲ့သဘောသည်။ အတ္ထိ၊ ရှိလေတော့၏။

ရင့်ကျက်လာတဲ့သဘော၊ဘာတွေ ရင့်ကျက်လာသလဲ ဆိုလို့ရှိယင် ဣန္ဒြေရင့်ကျက်လာတာ ဇရာ။

ဆရာတော်။ ။ဘာ ရင့်ကျက်လာတာ။

ဓမ္မယောဂီများ။ ။ဣန္ဒြေရင့်ကျက်လာတာပါဘုရား။

ဆရာတော်။ ။ဣန္ဒြေရင့်ကျက်လာယင် ဘာဖြစ်တယ်။

ဓမ္မယောဂီများ။ ။ဇရာဖြစ်ပါတယ်ဘုရား။

ဇရာလို့ခေါ်တယ်၊ ဇရာဆိုတာ ဣန္ဒြေရင့်ကျက်သွားတယ်။ ဘယ်ဣန္ဒြေတွေ ရင့်ကျက်သွားသလဲ ဆိုလို့ရှိယင် စက္ခုဣန္ဒြေ ရင့်သွားပြီ၊ စက္ခုဣန္ဒြေ ရင့်သွားမှုကြောင့် ဒီကနေ့ ဒိုပရိသတ်

အပေါင်း သူတော်ကောင်းတို့ရဲ့စက္ခုတွင် ရုပ်အကြည်ဆိုတဲ့ပသာဒသည် စက္ခုပသာဒ ရင့်သွားလိုက်တာ ကောင်းကောင်း မမြင်တော့ဘူး၊ ဒီလိုပြောတယ် မဟုတ်လား။

မျက်စိမှုံတယ်၊ တရားကိုယ်ကောက်လိုက်ယင် စက္ခုဓြေ ဆေးမြေ့ပျက်စီးသွားတဲ့သဘော၊ နားတွေက ကောင်းကောင်း မကြားချင်ဘူး၊ သောတဓြေ၊ သောတပသာဒရုပ် ပျက်စီးသွားတဲ့သဘော၊ နှာခေါင်းကလဲပဲ ဘာပဲရှူလိုက်ရှူလိုက် အနံ့ ကောင်းကောင်း မရချင်ဘူးတဲ့၊ ဃာနဓြေပျက်စီးရင့်ကျက်တဲ့ သဘော မဟုတ်ဘူးလား။

အစောင့်အရှောက်နဲ့ယင် ဇီဝိတအားနဲ့ယင် ပျက်တယ်နော၊ တဖက်ကလဲပဲ တေဇောကလဲ လောင်တယ်၊ တဖက်က "ကံ" မင်းတရားက အကြည့်အရှု နဲ့သွားတယ်၊ ဇီဝိတကလဲ အားနဲ့တယ်၊ အဲဒီအကြောင်းတွေ စုံဘဲ့အတွက်ကြောင့် ဘာဖြစ်သွားသလဲ၊ ရင့်ကျက်ပျက်စီးလာပါတယ်။

"ကံ"မင်းတရားရဲ့ အကြည့်အရှုကလဲ တပြည်းတပြည်း အားနဲ့လာတာက တချက်၊ ရုပ်ဇီဝိတ နာမ်ဇီဝိတ စောင့်ရှောက်မှု တာဝန်ယူကြတဲ့ အနုပါလနမှ ဇီဝိတ ရုပ်နာမ်တွေကလဲ အားနဲ့သွားတယ် တချက်၊ ဇီရဏ တေဇောလို့ခေါ်တဲ့ ဟောဒီရုပ်ကြီး ဆေးမြေ့အောင် လောင်ကျွမ်းတဲ့ တေဇောဓာတ်ကလဲ တရွေရွေနဲ့ အားကောင်းလာတယ် တချက်၊ ဒါကြောင့်မို့လို့ ဘာဖြစ်သွားသလဲ၊ စက္ခုဓြေ အားနဲ့သွားတယ်၊ သောတဓြေ အားနဲ့သွားတယ်၊ ဃာနဓြေ အားနဲ့သွားတယ်၊ ဆေးမြေ့လာတယ်၊ ပျက်စီးလာတယ်၊ ရင့်ကျက်လာတယ်။

ဇိဝှိန္ဒြေ လျှာပေါ် ဘယ်အစားအစာကိုပဲ တင်လိုက်တင်လိုက် တယ်ပြီးတော့ မတွေ့ဘူး၊ စားလို့မကောင်းဘူး၊ ဒကာကြီးတွေ၊ ဒကာမကြီးတွေ ညည်းကြတယ်မဟုတ်လား။ ထမင်းစားလို့ကွယ် ဘာအရသာမှ မတွေ့ဘူး၊ အရသာမတွေ့ဘူးဆိုတာ ဘာပြုလို့ လဲ၊ ဇိဝှာပသာဒရုပ်ကြီး ပျက်စီးသွားဘယ်၊ ပသာဒရုပ်ပျက် ယင် ထိုဇိဝှာပသာဒမှာ ထမင်း၊ ဟင်း အစရှိတဲ့ ရသာခါတ် တို့ရဲ့ အတွေ့ဟာ ဒွိပရိသတ်၊ ဒီမှာ မပေါ်တော့ဘူး၊ အရသာ ရုပ်တွေကတော့ ရှိပါတယ်၊ ဇိဝှာပသာဒရုပ် မရှိတဲ့အတွက် ကြောင့် အရသာရှိတဲ့ ပသာဒနဲ့ ဖဿသဘော ဒီနေရာမှာ ဖော်လို့မရဘူး၊ ဖဿသဘော ဖော်မရတဲ့အတွက်ကြောင့် ဝေဒ နာနှင့် ခံစားလို့ မဖြစ်ဘူး။ အဲဒီတော့ ဘာပြောသလဲ၊ စားလို့ မကောင်းဘူး တဲ့၊

ဆရာတော်။　　။စားလို့မကောင်းဘာလား ဒွိပရိသတ်၊ ဇိဝှါ ပသာဒရုပ်ကြီး မကောင်းတာလား။

ဓမ္မယောဂီများ။　　၊ဇိဝှာပသာဒရုပ်ကြီး မကောင်းတာပါ ဘုရား။

အဲဒီဇိဝှာပသာဒရုပ်ကြီး မကောင်းတဲ့သဘောကို ဇရာရယ် လို့ ဒွိပရိသတ် ဆင်ခြင်ရမယ်နော်၊ ကာယိန္ဒြေ ကာယပသာဒရုပ် ကလဲ အားနဲ့လာတယ်။ ဘာကြောင့် အားနဲ့လာသလဲ၊ တေဇော ဓာတ်က လောင်ကျွမ်းလို့ပါ။ တေဇောဓာတ် ကြပ်ကြပ်သောင် လို့ ကာယပသာဒရုပ်အားနဲ့တော့ ဒီခန္ဓာကိုယ်ကြီး အပူနဲ့ထိ

အအေးနဲ့ထိတော့ ထိချင်တာနဲ့ထိ၊ တခါတလေများ ပူဘာလဲ မသိဘူး၊ အေးတာလဲ မသိဘူး။

ဆရာတော်။ ။ခြေထောက်တွေ လက်တွေ ထုံပြီးတော့ မနေဘူးလား။

ဓမ္မယောဂီများ။ ။နေပါတယ်ဘုရား။

ဘာဖြစ်သွားတာလဲ၊ ကာယပသာဒရုပ် ပျက်စီးနေလို့၊ ဖောဋ္ဌဗ္ဗကို ဒီနေရာမှာ အရသာဖော်လို့မရ ဖြစ်သွားတယ်။ ဖောဋ္ဌဗ္ဗအရသာ ဖော်မရအောင် ပျက်စီးတဲ့ ကာယပသာဒရုပ် ဇရာသဘောကို ဤန္ဒြိယာနံ ပရိပါကော ရယ်လို့ ဆင်ခြင်ပါတဲ့။ ကိုင်း—ခုနိန္ဒြေဆိုတဲ့စိတ် ကြည့်လိုက်အုံး။

## သူငယ်ပြန်တယ်ဆိုတာ

ခြောက်ဆယ်ကျော် ခုနစ်ဆယ်အတွင်းဆိုလို့ရှိယင် ကိုယ့်သားသမီးတောင် ကိုယ်ကောင်းကောင်း မမှတ်မိချင်ဘူး။ ကိုယ့်လုံချည် ကိုယ်ဘယ်ထားမှန်း မသိဘူး။ ကိုယ့်အကျီ ကိုယ်ဘယ်ထားမှန်းမသိဘူး။ ထမင်းစားပြီးသွားလဲ ပြီးမှန်းမသိဘူး။ ကျင်ကြီး စွန့်ပြီးတာလဲ မသိဘူး။ မစွန့်ရသေးတာလဲ မသိဘူး။ ကျင်ကြီး ကျင်ငယ် စွန့်သင့်တယ် မစွန့်သင့်ဘူးဆိုတာ နားမလည်ဘူးဆိုတော့ ဘာတွေ ပျက်စီးကုန်သလဲဆိုယင် မနိန္ဒြေပျက်သွားတယ်။

ဆရာတော်။ ။ဒို့ပရိသတ်၊ ဘာပျက်တယ်။

**ဓမ္မယောဂီများ။** ။မနိန္ဒြေပျက်ပါတယ်ဘုရား။

အဲဒီ မနိန္ဒြေဆိုတဲ့ စိတ်တွေကလဲ ပျက်စီးသွားတယ်၊ အရင်ထဲ ပြောတော့ "သူငယ်ပြန်တယ်တဲ့"။

**ဆရာတော်။** ။အရပ်ထဲ ပြောတော့။

**ဓမ္မယောဂီများ။** ။သူငယ်ပြန်ပါတယ်ဘုရား။

သူငယ်ဘဝအခြေအနေမျိုးကို ပြန်ရောက်သွားတယ်။ မွေးခါစ ဖွားခါစ ကလေးတွေ ကျင်ကြီးမှန်း မသိ၊ ကျင်ငယ်မှန်း မသိ ဖြစ်သလို ဒီအဖိုးကြီးတွေ ဒီအဖွားကြီးတွေ ရှစ်ဆယ်ကျော် ကိုးဆယ်တွင်း ရောက်ပြီးတော့ သူငယ်လေးများ ကျင်ကြီး ကျင်ငယ် မသိသလိုပဲ၊ ဒီဘဝမျိုး ပြန်သွားတာ။ ဒါ သူငယ်ပြန်တယ်၊ တရားကိုယ်ကောက်တော့ မနိန္ဒြေဆိုတဲ့စိတ် ပျက်စီးခြင်းပါပဲ။ ကဲ—မနဆိုတဲ့စိတ်သည် ကာယမှာ မှီပြီးတော့ ဖြစ်ရတယ်။

**ဆရာတော်။** ။ မနစိတ် ဘယ်မှီဘယ်။

**ဓမ္မယောဂီများ။** ။ကာယမှာ မှီပါတယ်ဘုရား။

**ဆရာတော်။** ။ဟောဒီ ကာယ၌ ရှိနေသော ဓာတ်လေးပါး ဖောက်ပြန်ယင် ဖောက်ပြန်နေတဲ့ ဓာတ်တွေကို မှီရတဲ့ စိတ်သဘော။ ဒိပရိသတ်၊ မဖောက်ပြန်ပဲ ရှိပါ့မလား။

**ဓမ္မယောဂီများ။** ။မရှိပါဘုရာ ။

အောက်ခြေက တလှုပ်လှုပ်ဖြစ်သာယင် အပေါ်ကလဲ ငြိမ် နေလို့ မဖြစ်ဘူးဗျနော်။ အိမ်ကြီးတလုံး အောက်ခြေပြတ်ယင် လေလေးတိုက်ယင် အပေါ်က တလှုပ်လှုပ်နေသလိုပဲ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ်ကြီးလေးပါး ပျက်စီးလာ တဲ့ ခန္ဓာကိုယ်၊ မှီနေရတဲ့ ဒီဓာတ်တွေကကော တည်ငြိမ်နေတဲ့ သဘော မရနိုင်တဲ့အတွက်ကြောင့် ဓာတုကမ္ဘာဘရုပ်ကို မှီရတဲ့ နာမ်တရားသည် အမြဲတမ်း ချောက်ချား ချောက်ချားပြီးတော့ နေပါတယ်။ အဲဒါကို မနိန္ဒြေပျက်စီးတယ်လို့ ခေါ်ရမယ်။ ဒါ ကြောင့်မို့လို—

ဣန္ဒြိယာနံ၊ စက္ခု သောတ ဃာန ဇိဝှာ ကာယ မနဆိုတဲ့ ဣန္ဒြေတို့ရဲ့၊ ယော ပရိပါကော၊ အကြင်ရင့်ကျက်သွားပါတယ် ဆိုတဲ့သဘောသည်၊ အ[illegible]၊ ရှိလေတော့၏။

ဘိက္ခဝေ၊ ပဉ္စသဘ်လေးပါး ချစ်သား ချစ်သမီးတို့၊ အယံ သဘာဝေါ၊ ဤဆိုခဲ့တဲ့ ဤပြောခဲ့တဲ့ သဘောတရားတွေကို။ ဇရာတိ၊ ဇရာရဲ့သဘောပါပဲနယ်လို့။ ဝုစ္စတိ၊ မှတ်ချက်နှင်းသော ဆို အပ်ပါပေတော့သတည်း၊

ဓမ္မယောဂမျာ။ သာဓု–သာဓု–သာဓုပါဘုရား။

ဇရာရဲ့သဘောတဲ့၊ ဒါဒီလို သဘောကျပြီးတော့—

ဘိက္ခဝေ၊ ပဉ္စသဘ်လေးပါး ချစ်သား ချစ်သမီးတို့။ အဟံ၊ ငါသည်။ ဇရာဓမ္မော၊ အိုခြင်းသည့်သဘောရှိသည်၊ အနိုး ဖြစ် လေတော့၏။ ငါ့၊ ဝို့မှည့်သဘောကို။ အနတိတော၊ မလွန်

မြောက်နိုင်သည်။ အနို၊ ဖြစ်လေ့တော့၏။ ဣတိ၊ ဤသို့။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်ရမယ်။

အဲဒီသဘောတွေကို အမြဲတမ်း နှလုံးသွင်းပြီးတော့ နေကြပါ။ ဒီတော့ တရားကိုယ်ကောက်လိုက်စမ်း။ ဇရာသဘော ဆိုတာ ရုပ်တရားကြီး ဖောက်ပြန်နေတာရယ်၊ နာမ်တရား ဖောက်ပြန်နေတာရယ်၊ ဒီနှစ်ခု တရားကိုယ်ကောက်လို့ရတယ်၊ ရုပ်တရား ဖောက်ပြန်နေတာနဲ့ နာမ်တရား ဖောက်ပြန်နေတာ ဒီနှစ်ခုသည် ဇရာထဲဝင်ပါတယ်။

## (၆) သင်္ခတ လက္ခဏာ ၃-ပါး

တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ၊ ကတမာနိ တီဏိ။ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ သင်္ခတဿ၊ ဟောဒီသင်္ခတကြီးရဲ့။ လက္ခဏာနိ၊ လက္ခဏာတို့သည် ကား။ ဣမာနိ တီဏိ၊ ဤသုံးမျိုးတို့ပါပေတည်း။ ကတမာနိ၊ အဘယ်သုံးပါးမျိုးတို့ ဟူမူကား။ ဥပ္ပါဒေါ၊ ဖြစ်လာတယ်ဆိုတဲ့ သဘောသည်။ ပညာယတိ၊ ထင်ရှား၏။ (တချက်) ဝယော၊ ဖြစ်တဲ့တရားမှန်သမျှ ပျက်စီးတယ်ဆိုတဲ့ သဘောသည်။ ပညာယတိ၊ ထင်ရှား၏။ (နှစ်ချက်) ဌိတဿ အညထတ္တံ၊ ဖြစ်တိုင်း ဖြစ်တိုင်းသော အဲဒီသင်္ခတ တရားတို့ရဲ့ ဖြစ်တဲ့အတိုင်း မနေပါ

ပဲနဲ့ ပျက်မဲ့ဘက် တရိပ်ရိပ်ပြေးပြီးတော့ တမျိုးတဖုံ ပြောင်းလဲ နေတဲ့ သဘောသည်။ ပညာယတိ၊ ထင်ရှားလေ၏။

ဆရာတော်။ ။ဘယ်နှစ်ချက်လဲ။

ဓမ္မယောဂီများ။ ။သုံးချက်ပါဘုရား။

ဆရာတော်။ ။သင်္ခါ တရားမှာဖြင့်ယင် ဥပ္ပါဒရယ်၊ အညထတ္တ ဆိုတာရယ်၊ ဝယ ဆိုတာရယ် ဘယ်နှစ်ပါးလဲ။

ဓမ္မယောဂီများ။ ။သုံးပါးပါ ဘုရား။

ဥပ္ပါဒ အညထတ္တ ဝယ၊ ဥပ္ပါဒက အစ၊ အညထတ္တ က အလယ်ပိုင်း၊ ဝယဆိုတာက အဆုံးပိုင်း၊ သတ္တဝါတွေရဲ့ ဘဝ တခုကို ကြည့်လိုက်စမ်း၊ ဇာတိသည် ဘဝတခုရဲ့ အစပိုင်း၊ ဗျာဓိနဲ့ ဇရာသည် ဘဝတခုရဲ့ အလယ်ပိုင်း၊ မရဏသည် ဘဝ တခုရဲ့ အဆုံးပိုင်း။

ဒါကြောင့် ဥပ္ပါဒေါ ဆိုသည်မှာ ဇာတိကိုယူလိုက်။ အညထတ္တ ဆိုသည်ကား ဗျာဓိနဲ့ ဇရာကို ယူလိုက်။ ဝယဆိုသည် ကား မရဏကိုယူလိုက်။ သင်္ခါတရားနဲ့ ဇာတိ ဇရာ ဗျာဓိ မရဏနဲ့ တွဲလိုက်ယင် သင်္ခတလက္ခဏာသုံးချက် ဟပ်မိရော မဟုတ်လား။

အဲဒါကို ဋီကာဆရာကြီးက သေသေချာချာ ကဗျာနဲ့ ရေးပြ တယ်။

ဥပ္ပါဒေါ ဇာတိ အက္ခာတော၊
ဘင်္ဂေါ ဝုတ္တော ဝယောတိ စ။

အညထတ္တံ ဇရာ ဝုတ္တာ၊
ဌိတိ စ အနုပါလနာ။

ဥပ္ပါဒေါ၊ ဖြစ်တယ်ဆိုတဲ့ ဥပ္ပါဒကို။ ဇာတိတိ၊ ဇာတိပါပဲလို့။ အက္ခာတော၊ ဆိုအပ်၏။ ဥပ္ပါဒ=ဖြစ်ဆိုတဲ့သဘောကို ဇာတိလို့ မှတ်လိုက်။

**ဆရာတော်။** ။ဥပ္ပါဒနဲ့ ဇာတိနဲ့ အတူတူလား၊ တခြားစီလား။

**ဓမ္မယောဂီများ။** ။အတူတူပါဘုရား။

**ဆရာတော်။** ။ဒါကြောင့် ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းတဲ့ အခါကျတော့ ဥပ္ပါဒေါ=ဖြစ်တရားမှန်သမျှ ဇာတိပဲ။ ရုပ်တရားပဲ ဖြစ်ဖြစ်၊ နာမ်တရားပဲဖြစ်ဖြစ် ပရိသတ်၊ ဘာဖြစ်ပြီလဲ။

**ဓမ္မယောဂီများ။** ။ဇာတိဖြစ်ပါပြီ ဘုရား။

**ဆရာတော်။** ။ဇာတိဖြစ်ယင် ဒုက္ခဖြစ်မလား၊ သုခဖြစ်မလား။

**ဓမ္မယောဂီများ။** ။ဒုက္ခဖြစ်မှာပါဘုရား။

ဘာပြောစရာ လိုတော့လဲ။ ဓမ္မစကြာ ကိုယ့်ဟာကိုယ် ရွတ်ရုံပေါ့။ ဇာတိပိ ဒုက္ခာ။ ဇာတိ၊ ဖြစ်တယ်ဆိုတဲ့ တရားမှန်သမျှသည်လည်း။ ဒုက္ခာ၊ ဒုက္ခတရားတွေ။

ဒီတော့ ဒီအဘိဓမ္မာသုတ္တန်ထဲက ဇာတိကို ထည့်မဟောဘူး နော်။ မဟောပေမဲ့လဲ ဘုန်းကြီးတို့ပရိသတ်၊ ဒီမှာ ဇရာနဲ့မရဏ ဟောယင် ဇာတိဆိုတာ ရှေ့နားက ပါလာတယ်။

ဆရာတော်။ ။ဇာတိမရှိပဲနဲ့ ဇရာနဲ့မရဏ ရှိပါ့မလား။

မွေယောဂီများ။ ။မရှိပါဘုရား။

ဒါကြောင့် ဘုန်းကြီးတို့လဲပဲ ဇာတိတော့ နဲနဲတော့ ထည့်ထားအုံးမှ ဒို့ပရိသတ်၊ ဒါ့ကြောင့်—

ဥပ္ပါဒေါ၊ ဖြစ်ပါတယ်ဆိုတဲ့ သဘောကို။ ဇာတိတိ၊ ဇာတိပါပဲလို့။ အက္ခာတော၊ ဆိုအပ်၏။

ဖြစ်တယ်ဆိုယင် ဇာတိ၊ဘာတွေဖြစ်သလဲလို့ ကြည့်လိုက်မယ်ဆိုယင်—

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညာ ဒုက္ခာ နိရုဇ္ဈတိ။

(သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ ဝဇိရာသုတ်-၁၃၇)

ဒုက္ခမေဝ၊ ဒုက္ခဘရားသည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်၍ ဖြစ်၍ လာပါတယ်။

ဆရာတော်။ ။ဖြစ်လာခဲ့တရား မှန်သမျှ ဘာတွေဖြစ်သလဲ။

ခမ္မယောဂီများ။ ။ဒုက္ခ ဖြစ်ပါတယ်ဘုရား။

ဆရာတော်။ ။ဒါဖြင့် ဖြစ်အောင်လုပ်ယင်ကော၊ ဒုက္ခ ဖြစ်အောင် လုပ်ကြတာပါပဲတဲ့နော်။

ခမ္မယောဂီများ။ ။မှန်ပါဘုရား။

ဆရာတော်။ ။ဒါကြောင့် အဖြစ်တရားမှန်သမျှ အကုန်လုံး ဒုက္ခသစ္စာနယ်ထဲက ကင်းရဲ့လား။

ခမ္မယောဂီများ။ ။မကင်းပါဘုရား။

ဥပ္ပါဒေါ ဇာတိ အက္ခာတော။ ဥပ္ပါဒေါ၊ ဖြစ်ပါတယ် ဆိုတဲ့သဘောကို။ ဇာတိတိ၊ ဇာတိပါပဲလို့။ အက္ခာတော၊ ဆိုအပ်၏။ ဣတိပိ၊ အဲဒီဖြစ်လာတဲ့ တရားမှန်သမျှလဲ။ ဒုက္ခာ၊ ဒုက္ခတရားတွေ ဖြစ်တယ်။ ဒါကြောင့်–

ဒုက္ခမေဝ၊ ဒုက္ခတရားသည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်၍ ဖြစ်၍ လာလေတော့၏။ ဒုက္ခမေဝ၊ ဒုက္ခတရားသည်သာလျှင်။ တိဋ္ဌတိ၊ ထင်ရှား၍ ထင်ရှား၍ နေလေတော့၏။

ဆရာတော်။ ။ထင်ရှားလို့ ဌီဆိုတဲ့သဘောကလဲပဲ ဒို့ရဲ့ သတ်၊ ဘာတရားလဲ။

ခမ္မယောဂီများ။ ။ဒုက္ခတရားပါဘုရား။

ဆရာတော်။ ။ဒုက္ခတရား၊ ဒို့ရှိသတ်နှင့်သား၊ ထင်ရှား နေတဲ့ ဌီဆိုပြီးတော့ တည်နေတဲ့ တရား ကကော။

ဓမ္မယောဂီများ။ ။ဒုက္ခပါဘုရား။

ဒုက္ခတရား၊ ဒီတော့ ခုနက သင်တသုတ္တန်ကလဲပဲ အလယ်ပိုင်း ဘာဟောလဲ ဌီတဿ အညထတ္တံ၊ ထင်ရှားလာတဲ့တရားဟာ နဂိုအတိုင်းမနေဘူးတဲ့။ အညထတ္တံ– အမြဲတမ်း ပြောင်းနေတာတဲ့။ အဲဒီ အမြဲတမ်းပြောင်းလဲနေတဲ့သဘောကို တမျိုးတဖုံ ပြောင်းနေတယ်၊ ပြောင်းနေတယ်ဆိုတဲ့သဘောကို။ ဇရာတိ၊ ဇရာပါပဲလို့။ ဝုစ္စတိ၊ မှချကိန်းသေ ဆိုအပ်ပါပေ၏။

အညထတ္တဆိုတာ ဇရာကို ပြောနေတာ၊ တမျိုးတဖုံပြောင်းနေတယ်၊ ပြောင်းနေတယ်ဆိုယင် အဲဒါ ဇရာရဲ့ လက္ခဏာ ပြပါပြီ။

ဆရာတော်။ ။တမျိုးပြီးတမျိုး၊ တခုပြီးတခု၊ သဘောတရား တမျိုးပြီးတမျိုး ပြောင်းပြောင်းနေယင် ဘုန်းတော်ကြီးပရိသတ်၊ ဘာလက္ခဏာပြသလဲ။

ဓမ္မယောဂီများ။ ။ဇရာ ရဲ့လက္ခဏာ ပြပါတယ်ဘုရား။

ဇရာရဲ့လက္ခဏာ ဖြစ်လာယင် ဖြစ်တဲ့အတိုင်းမနေပဲနဲ့ အမြဲတမ်း ပြောင်းရွေ့နေတဲ့သဘောကို ဇရာပါပဲလို့ မှတ်လိုက်၊ ဖြစ်တယ်ဆိုတာ ဘဝတခုရဲ့အစ။

ဆရာတော်။ ။ဖြစ်တယ်ဆိုတာက။

ဓမ္မယောဂီများ။ ။ဘဝတခုရဲ့အစပါဘုရား။

ဆရာတော်။　　။မွေစကြာမှာ ဇာတိလို့ဟောတယ်၊ ဖြစ်ပြီးယင် အလယ်ပိုင်းလဲကျရော ဗျာဓိနဲ့ဇရာနှစ်ခုပဲရှိတယ်။ အဲဒီဗျာဓိနဲ့ဇရာသည် ဒိုပရိသတ်၊ပါဠိတော်ရွတ်လိုက်တဲ့အခါကျတော့ ဘယ့်နှယ်ဟောထားသလဲ။

ဓမ္မယောဂီများ။　　။ဒုက္ခပါဘုရား။

ဆရာတော်။　　။ဒုက္ခပဲ ဟောထားတယ်။

ဓမ္မယောဂီများ။　　။ဒုက္ခပါဘုရား။

ဒုက္ခပဲဟောဘယ်။ ဒီတော့ ဒိုပရိသတ်က ဘဝကစကတဲကကို ဒုက္ခနဲ့ စထားတာ၊ အလယ်ပိုင်းလဲ ဒုက္ခနဲ့တည်နေတယ်၊ အဆုံးသတ်တော့လဲပဲ မရဏမှာ ဒုက္ခနဲ့ အဆုံးသတ်တယ်။

ဆရာတော်။　　။မရဏပြီးတော့ကော နောက်ထပ် ဒုက္ခ မလာဘူးလား၊ လာသလား။

ဓမ္မယောဂီများ။　　။လာပါတယ်ဘုရား။

ကိုင်း—ဒိုပရိသတ်၊လယ်နေတဲ့စက်ဟာ ဒုက္ခထဲမှာလယ်နေပါတယ်။ ဘဝစကတဲက ဒုက္ခနဲ့စပြီးတော့ အလယ်ပိုင်းမှာလဲ ဇရာဗျာဓိကို ဒုက္ခနဲ့နေရပြီတော့ အဆုံးသတ်ကြပြန်တော့လဲ မရဏဒုက္ခနဲ့ အဆုံးသတ်တယ်။ ဒါကြောင့်-

ဒုက္ခမေဝဟိ၊ ဒုက္ခတရားသည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်၍ဖြစ်၍ နေ၏။ ဒုက္ခမေဝ၊ ဒုက္ခတရားသည်

သာလျှင်။ တိဋ္ဌတိ၊ ထင်ရှား၍ ထင်ရှား၍ နေ၏။ ဒုက္ခမေဝ၊ ဒုက္ခတရားသည်သာလျှင်။ ဝေတိ၊ ပျက်စီး၍ ပျက်စီး၍ သွား၏။

နာညတြ ဒုက္ခာ သမ္ဘောတိ။ ဒုက္ခာ၊ ဒုက္ခတရားမှ။ အညတြ၊ အခြားတပါးသည်။ န သမ္ဘောတိ၊ ဖြစ်လာတယ်ဆိုတာ မရှိ။

ဒုက္ခမှတပါး အဖြစ်တရားမှန်သမျှ အခြားဘရားတွေဖြစ်တယ်ဆိုတာ မရှိ။

နာညံ ဒုက္ခာ နိရုဇ္ဈတိ၊ ဒုက္ခာ၊ ဒုက္ခတရားမှ၊ အညံ၊ အခြားတပါးသော တရားသည်။ န နိရုဇ္ဈတိ၊ ပျက်စီးတယ်ရယ်လို့မရှိ။

ဒုက္ခမှတပါး ဖြစ်တယ်ဆိုတာမရှိ။ ဒုက္ခမှတပါး ထင်ရှားတည်ရှိနေတယ်ရယ်လို့မရှိ။ ဒုက္ခမှဘပါး ပျက်စီးတယ်ရယ်လို့မရှိ။ ဖြစ်တာလဲ ဒုက္ခ၊ ထင်ရှားနေတာလဲ ဒုက္ခ၊ ပျက်စီးတာလဲ ဒုက္ခ။

ဒီတော့ ယောဂီရဲ့ဉာဏ်နဲ့ ဖြစ်တိုင်းဖြစ်တိုင်း ဖြစ်ပျက်လို့ ရှုတိုင်း ရှုတိုင်း ဒုက္ခတွေချည်း မြင်လာရမယ်။ ဖြစ်ပျက်ကို ရှုတိုင်းရှုတိုင်း ဖြစ်တိုင်းဖြစ်တိုင်းလဲပဲ ဒုက္ခတွေဖြစ်တယ်။ ပျက်တိုင်းပျက်တိုင်းလဲပဲ ဒုက္ခတွေ ဖြစ်တယ်။

ဆရာတော်။ ။အဲဒီလိုမြင်ယင် ဖြစ်ပျက်ဆိုတဲ့ အနိစ္စလက္ခဏာရော အနိစ္စနဲ့အတွဲလိုက် ဒုက္ခလက္ခဏာရော တပေါင်းတည်း မပါဘူးလား၊ ပါသလား။

**ဓမ္မယောဂီများ။**　။ပါပါတယ်ဘုရား။

**ဆရာတော်။**　။အဲဒီ ဒုက္ခအစုအပုံပျက်ပြီးတော့ နောက်ထပ် အစားပြန်မလာဘူးလား၊ လာသလား။

**ဓမ္မယောဂီများ။**　။လာပါတယ်ဘုရား။

**ဆရာတော်။**　။ပျက်စီးသွားတဲ့ ဒုက္ခအစုအပုံကြီးနဲ့ နေရမှာ နောက်ထပ် ဒုက္ခဘခု ပြန်ရချင်သလား၊ မရချင်ဘူးလား။

**ဓမ္မယောဂီများ။**　။မရချင်ပါဘူးဘုရား။

မရချင်ပေမဲ့ မနေရဘူး၊ ဇာတိ နောက်ထပ်တခါ ပြန်လာပြန်တယ်၊ မရဏ ရဲ့နောက်နား ဇာတိက ကပ်ရက်ပဲ နေပြန်တယ်။ ဒါကြောင့် မရချင်ပဲနဲ့ ဇာတိနောက်ထပ် ပြန်ရတယ်။မရချင်ဘူးဆိုတဲ့ မရဏ ပြန်ပြန်ပြီးတော့ ရနေတယ်၊ ရတိုင်းရတိုင်း ဇာတိနဲ့ မရဏကလဲ ဒုက္ခပါပဲဆိုတော့ ကိုယ်မဖြစ်ချင်တာတွေ ဖြစ်ဖြစ်နေရဘာက—

အဝသဝတ္တနဋ္ဌေန အနတ္တာ။ အဝသဝတ္တနဋ္ဌေန၊ ငါ့အလို အတိုင်း ဘာမှမပါဘူးဆိုတဲ့ အနက်သဘောကြောင့်။ အနတ္တာ၊ အတ္တမဟုတ်တဲ့ တရားတဲ့။

**ဆရာတော်။**　။ကိုယ်မဖြစ်ချင်တာ ဖြစ်နေရတော့ ဘာတရားတဲ့လဲ။

**ဓမ္မယောဂီများ။**　။အနတ္တတရားပါဘုရား။

ဓမ္မယောဂီများ။ ။ဒီတော့ အနတ္တလက္ခဏာကိုတင်၊ ဖြစ်ပျက်ကိုမြင်၊ ဖြစ်ပျက်ကို မြင်တော့ ဒုက္ခလက္ခဏာ ပါ တပါတဲ ဝင်၊ ဒုက္ခအစုအပုံကြီး မြင်တော့ အနတ္တသဘာဝ မပါဘူးတဲဝင်၊ ဖြစ်ပျက်ဆိုတဲ့အခိုက်မှာ လက္ခဏာသုံးပါး ပါ တပါသား၊ ပါသလား။

ဓမ္မယောဂီများ။ ။ပါပါတယ်ဘုရား။

ယခု ဘုရားမြတ်စွာ အဘိဏှ ဒေသနာ ဟောတာကတော့ ပကတိမျက်စိနဲ့ မြင်နေရတဲ့ တရားသဘောကို ဆင်ခြင်ဘို့ ပါဠိတော်မှာ ဒီလောက်ပဲ လာတယ်၊ ဘယ်ပါဠိတော်လဲလို့ဆိုတော့ ရွှေပိုင်း ဘုန်းကြီးတို့ ရွတ်နေတဲ့ ပါဠိတော်မှာ၊ ပါဠိတော်ငါးခု၊ ငါးခုသုံးလီလို့ ပြောပါတယ်နော်။

အခု ပဉ္စမ ငါးခုတလီထဲမှာကတော့ ပကတိဇရာ၊ တကယ့် မျက်စိအမြင်ထင်ရှားတဲ့ ဇရာကို နှလုံးသွင်းဘို့ရန် ဟောတယ်။ ပကတိမျက်စိနဲ့ မြင်နေရတဲ့ သွားကျိုးခြင်း၊ ဆံဖြူခြင်းဆိုတဲ့ ဒီဇရာ သဘောကို ဆင်ခြင်ရုံနဲ့ ဒိုပရိသတ်၊ မဂ်ဉာဏ်ပေါ်နိုင် မပေါ်နိုင် စဉ်းစားရမယ်၊ ပကတိမျက်စိနဲ့ မြင်နေရတဲ့ သွားတွေ ကျိုးသွားပြီတဲ့။ ဒါ ဇရာဒုက္ခ၊ ဇရာဒုက္ခ ဒီလောက်နဲ့ မဂ်ဉာဏ်မလာဘူး။ ဆံပင်တွေ ဖြူသွားပြီတဲ့၊ ဇရာတဲ့၊ ဇရာဒီလောက် ဆင်ခြင်ရုံနဲ့တော့ မဂ်ဉာဏ်မလာဘူး။

အခု ဘုန်းကြီးပြောတဲ့ ရုပ်တရားရဲ့လက္ခဏာကို ဉာဏ်ရောက်အောင် ဆင်ခြင်မှသာလျှင် မဂ်ဉာဏ်ရောက်လာပါလိမ့်မယ်နော်။ ဒါကြောင့် ဒီသင်္ခါရလက္ခဏာသုံးချက်ကို ဘုန်းကြီး ထည့်ပြီး

ခေတာ့ ပြောခြင်းဖြစ်ပါတယ်။ မဂ်ဉာဏ်နဲ့ စီးသွားတဲ့ ဒီဝိပဿနာ အခြေခံ ဟုတ်ပြီနော်။ ဒါကြောင့်—

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ အဟံ၊ ငါသည်။ ဇရာဓမ္မော၊ အိုမင်းရင့်ရော်တဲ့သဘော ရှိသည်။ အမှိ၊ ဖြစ်လေတော့၏။ ဇရံ၊ အိုမင်းရင့်ရော် တယ်ဆိုတဲ့အဖြစ်ကို။ အနတီတော၊ မလွန်မြောက်နိုင် သည်။ အမှိ၊ ဖြစ်လေဘော့၏။

ဟောဒီ ပကတိမျက်စိနဲ့ မြင်နေရတဲ့ ရုပ်တရားကြီ ရဲ့ ဆွေး မြေ့တဲ့သဘော ဆင်ခြင်၊ အပေါ်ယံ ဓမ္မသံဝေဂဉာဏ်ဝင်၊ သဟောတ္တပ္ပ ဓမ္မသံဝေဂဉာဏ် ရပါတယ်။ အဲဒီ သဟောတ္တပ္ပ ဓမ္မသံဝေဂဉာဏ် အခြေခံရင်တရာ ရဲ့ သင်္ခါရလက္ခဏာသုံးချက် ပြောပြီးပြီနော်။

ရုပ်တရားကြီး ဖြစ်လာကတဲကိုက ဒုက္ခတုံးကြီး ဖြစ်လာ တာ၊ ရုပ်တရားကြီး ထင်ရှားနေကတဲကိုက ဒုက္ခအစုအပုံကြီး ထင်ရှားနေတာ၊ ရုပ်တရားကြီး ပျက်တိုင်းပျက်တိုင်းလဲ ဒုက္ခ တွေ အစုအပုံကြီး ပျက်စီးနေတယ်လို့ သင်္ခတတရားရဲ့ လက္ခဏာ သုံးချက် ဉာဏ်မှာဝင်ယင်—

ဒုက္ခမေဝ၊ ဒုက္ခအစုအပုံကြီးသာလျှင်။ သမ္ဘောတိ၊ ဖြစ်၍ ဖြစ်၍ လာလေတော့၏။ ဒုက္ခမေဝ၊ ရုပ်တရားဆိုတဲ့ ဒုက္ခအစု အပုံကြီးသာလျှင်။ တိဋ္ဌတိ၊ ထင်ရှားထင်ရှား၍ နေလေတော့၏။ ဒုက္ခမေဝ၊ ဟောဒီ ရုပ်တရားကြီး ဖြစ်ပျက်နေတယ်ဆိုတဲ့ ဒုက္ခ အစုအပုံကြီးသည်သာလျှင်။ ဝေတိ၊ ပျက်စီး၍သွားလေတော့

၏။ ဣတိပိ၊ ဤသို့လဲပဲ။ သင်္ခတလက္ခဏာဝသေန၊ သင်္ခါရပ်တရားရဲ့လက္ခဏာကို ကောင်းစွာထိုးထွင်း သိမြင်သည်၏အစွမ်းအားဖြင့်။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဝိပဿနာဉာဏ် အခြေခံရအောင် ကောင်းစွာထင်ထင် ဆင်ခြင်အပ်ပေတော့၏။

ဣတ္ထိယာ ဝါ၊ အမျိုးသမီးသည်၎င်း။ ပုရိသေန ဝါ၊ အမျိုးသားသည်၎င်း။ ဂဟဋ္ဌေန ဝါ၊ အိမ်မှာနေတဲ့သူသည်၎င်း။ ပဗ္ဗဇိတေန ဝါ၊ အိမ်မှာမနေ ကျောင်းမှာနေတဲ့ ရှင်ရဟန်းသည်၎င်း။ ဣမံ ဇရာဓမ္မံ၊ ဤဇရာရှိသောဘောကို။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်၍ နေရမယ်။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ဘုရားရှင်သည်။ ဣမံ ဓမ္မကထံ၊ ဤဓမ္မကထာ ဒေသနာတော်ကို။ ဒေသေတိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု–သာဓု·သာဓုပါဘုရား။

ဒီတော့ ဘုန်းကြီးတို့ပရိသတ်၊ ဇရာသဘောနဲ့ ဇရာဓမ္မာမို့၊ ဇရံ အနတီတော။ ဒီပါဠိတော်နဲ့ ပတ်သက်လို့ ဒီလောက်ဆိုတော်လောက်ပြီ။

ဇရာတလုံးတဲ့နဲ့ တညမကုန်စေနဲ့။ ရှေ့အမျာကြီးကျန်သေး၊ အဲဒီမှာ ဘုန်းကြီးတို့ပရိသတ်၊ ဆင်ခြင်ရမည့် နှုတ်ဆောင်ကလေး ခုနက ရှေ့နားက တိုင်ပေးပြီးပြီ။ အဲဒါလေး ပြန်ဆိုလိုက်။ အဲ လိုက်ဆို။

| | |
|---|---|
| ဆရာတော်။ | ။ဇရာဓမ္မောမှိ၊ ဇရံ အနတီတော။ (သုံးကြိမ်တိုင်ပေး) |
| ဓမ္မယောဂီများ။ | ။ဇရာဓမ္မောမှိ၊ ဇရံ အနတီတော။ (သုံးကြိမ်ဆို) |
| ဆရာတော်။ | ။ငါသည် အိုရမည့်သဘောရှိခြင်း၊ အိုရမည့်သဘောကို မလွန်မြောက်နိုင်ချေတကား။ (သုံးကြိမ်တိုင်ပေး) |
| ဓမ္မယောဂီများ။ | ။ငါသည် အိုရမည့်သဘောရှိခြင်း၊ အိုရမည့်သဘောကို မလွန်မြောက်နိုင်ချေတကား။ (သုံးကြိမ်ဆို) |
| ဆရာတော်။ | ။နုနယ်ရုပ်ဆင်း၊ ပျိုမျစ်ခြင်းကား၊ အိုခြင်းနောက်ဆုံး ရှိချေသည်တကား။ |
| ဓမ္မယောဂီများ။ | ။နုနယ်ရုပ်ဆင်း၊ ပျိုမျစ်ခြင်းကား၊ အိုခြင်းနောက်ဆုံး ရှိချေသည်တကား။ |

## (ခ) ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတော

### (၁) ဗျာဓိတရားသည် အနေကန်

ဗျာဓိဓမ္မောမှိ၊ ဗျာဓိံအနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

(အင်္ဂုတ္တရနိကာယ-ပဉ္စကနိပါတ ပါဠိ အဘိဏှ-၆၃)

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။ အဟံ၊ ငါသည်။ ဗျာဓိဓမ္မော၊ ဖျားနာရမည့်သဘောရှိသည်။ အနာရောဂါ နှိပ်စက်မည့်သဘော ရှိသည်။ အမှို၊ ဖြစ်လေတော့၏။ ဗျာဓိံ၊ အနာရောဂါနှိပ်စက်ခံရမည့် သဘောကို။ အနတီတော၊ ဘယ်သောအခါမှ မလွန်မြောက်နိုင်သည်။ အမှို၊ ဖြစ်လေတော့၏။ ဣတိပိ၊ ဤကဲ့သို့လဲပဲ၊ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

"ငါသည် အနာရောဂါနှိပ်စက်ခံရမည့် သဘောရှိ၏။ အနာရောဂါနှိပ်စက်ခံရမည့်သဘောကို မလွန်မြောက်နိုင်ချေတကား" ဒီလိုလဲ ဆင်ခြင်ပြီးတော့ ပေးရမယ်။ ဒီတော့ယင် ဒီကနေ့ ဒို့ဘုရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ ဆင်ခြင်ပြီးတော့ ပြောကြတာက အနာရောဂါနှိပ်စက်ယင် ရောဂါဖြစ်လာယင် ဘယ့်နှယ်ပြောသလဲ၊ ဝေဒနာရှု ဟုတ်လား။ ဒီတော့ ရောဂါဆိုတာ ဘာတဲ့လဲ၊ ဒီနေရာ စဉ်းစားရမယ်။

ဓမ္မစကြာ ဒေသနာတော် လှမ်းပြီးတော့ ကြည့်လိုက်ယင်တော့ "ဗျာဓိပိ ဒုက္ခာ" ဒါပဲ ပြတယ်။ ဗျာဓိပိ၊ အနာရောဂါ နှိပ်စက်တယ်ဆိုတာလဲ။ ဒုက္ခော၊ ဒုက္ခသစ္စာတရား။

ဆရာတော်။ ၊ဗျာဓိ-အနာဖြစ်ယင် ဒုက္ခလား သုခလား။

ဓမ္မယောဂီများ။ ။ဒုက္ခပါဘုရား။

အနာဖြစ်ယင် ဒုက္ခဆိုတော့ အဲဒီ ဗျာဓိဒုက္ခအကြောင်းကို ဘုန်းကြီးတို့ မဟာသတိပဋ္ဌာနသုတ္တန်ကျတော့ မဟောတော့ဘူး။ မြတ်စွာဘုရားက ဘာကြောင့် ဗျာဓိဒုက္ခ မဟောသလဲ

ဆိုယင် ဗျာဓိဒုက္ခသည် သတ္တဝါတိုင်း သတ္တဝါတိုင်းမှာ ကျေန် ဖြစ်ရမည့် သဘောမျိုး မဟုတ်ဘူး။ ဆိုလိုတာက ဗျာဓိ အနာ ရောဂါ လူတိုင်းမှာ မဖြစ်ဘူး။ တချို့ သေတဲ့အထိ တသက်လုံး ဘာရောဂါမှ မဖြစ်တဲ့လူတွေ အများကြီးရှိတယ်၊ ဆိုကြပါစို့ နတ်တွေဗျာ။

ဆရာတော်။　　။နတ်တွေ ဆိုလို့ရှိယင် ဘုန်းကြီးတို့ ပရိသတ် များ အနာရောဂါ နှိပ်စက်လို့ ဆေးရုံတက် ရတဲ့ နတ်သမီး, နတ်သားတွေ ဘယ်တွေ့ ဘူးလဲ။

ဓမ္မယောဂီများ။　　။မတွေ့ဘူးပါဘုရား။

ဆရာတော်။　　။နတ်ပြည်မှာ ဆရာဝန်တွေကောရှိသလား။

ဓမ္မယောဂီများ။　　။မရှိပါဘူး ဘုရား။

အဲ-ဆိုလိုတဲ့အဓိပ္ပာယ်က နတ်များ၊အနာရောဂါဖြစ်တယ်လို့ ဒီလိုမရှိဘူး၊ လူ့ပြည်မှာလဲပဲ အနာရောဂါ ကင်းရှင်းကျန်းမာ ခြင်းနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ၊ ဘေဒဂ်ရတဲ့ ဗာကုလကြီးတို့များ ကြည့်လိုက်ပေါ့။ ဒါကြောင့် ဗျာဓိဒုက္ခသည် ကိန်းသေမဟုတ် ဘူး။ ဒါကြောင့် မဟာသတိပဋ္ဌာန်ထဲကျတော့ ဗျာဓိဒုက္ခကို ထည့်ပြီးတော့ မဟောဘူးတဲ့၊ ကျေန်မဟုတ်သို့။

အဲဒီအနာမျိုး ၉၆-ပါး ဆိုတာတွေကတော့ ဟုတ်လား၊ ဘုန်းကြီးတို့ ပါဠိတော်တွေထဲ ဒီပြင်ပါဠိတော်တွေ ဟောထား တာ ရှိပါတယ်။ အဲဒီ အနာမျိုး ၉၆-ပါး အရှင်ဘုရား ရွတ်ပြော

အိုးမလားလို့ မမေးနဲ့၊ ၉၆-ပါး အနာတွေ ဘုန်းကြီးတို့ မရှုတ်တော့ဘူး၊ ဆရာဝန်တွေ သွားမေးကြ ဟုတ်လား။

## (၂) ရောဂါဆိုတာ ဘာလဲ

ဘုန်းကြီး ပြောချင်တာတခုတည်း။ အနာရောဂါဆိုတာ ဘာတဲ့လဲဆိုတာကို အဖြေကလေး ပြောထားခဲ့မယ်။ ဘုရားရှင်ကိုယ်တော်မြတ် လက်ထက်တော်အခါက ရဟန်းတော်တပါးက မြတ်စွာဘုရားကို မေးတယ်—

ရောဂေါ ရောဂေါတိ ဘန္တေ ဝုစ္စတိ။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ရောဂေါ ရောဂေါတိ၊ ရောဂါ၊ ရောဂါလို့။ ဝုစ္စတိ၊ လောကလူတွေ တယ်ပြီးတော့ ပြောကြပါတယ် မြတ်စွာဘုရား။ ကတမော၊ အဘယ်တရားကို။ ရောဂေါတိ၊ ရောဂါဟူ၍၊ ဝုစ္စတိ၊ လောကက ပြောကြပါသလဲ မြတ်စွာဘုရား။

ရောဂါဖြစ်တယ်၊ ရောဂါဖြစ်တယ်လို့ လောကမှာ တယ်ပြီးတော့ ပြောတယ်။ ဘယ်တရားကို ရောဂါဖြစ်တယ်လို့ ဆိုပါသလဲဘုရား။ ဒီအခါမှာ ဘုန်းတော်ခြောက်ပါးသော ဘုရားရှင်ကိုယ်တော်မြတ်က —

ရောဂေါတိ ခေါ ဘိက္ခု ရူပါနမေတံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ ရောဂေါတိ ဧတံ အဓိဝစနံ၊ ရောဂါ ရောဂါဆိုတဲ့ စကားသည်။ ရူပါနံ၊ ရုပ်တရားတို့ရဲ့၊ အဓိဝစနံ၊ အမည်ဖြစ်တယ်။

ရောဂါဆိုတာ ဘာခေါ်ပါသလဲဆိုတဲ့ ရဟန်းဘုပါးရဲ့ အမေးကို မြတ်စွာဘုရားက ချစ်သားရဟန်း၊ ရောဂါဆိုတာ ရုပ်တရားကို ခေါ်တယ်။

ဆရာတော်။ ။ဒို့ပရိသတ်၊ ရောဂါဆိုတာ ဘာတရား။

ဓမ္မယောဂီများ။ ။ရုပ်တရားပါဘုရား။

ကိုင်း—အဲဒါအဖြေပဲ။ ရောဂါဆိုတာ ရုပ်တရားတဲ့၊ ရုပ်တရားကြီးဖောက်ပြန်ယင် ရောဂါဖြစ်ပြီဆိုတာမှတ်။ ရုပ်တရားကြီးရတဲ့အချိန်ကစပြီးတော့ ငါတော့ ရောဂါတွေရလာတယ်လို့ ဆိုတာမှတ်။ ပထဝီရုပ်၊ အာပေါရုပ်၊ တေဇောရုပ်၊ ဝါယောရုပ် အဲဒီရောဂါတွေ။

ဆရာတော်။ ။ပူလို့ရှိယင် ရောဂါမဖြစ်ဘူးလား၊ ဖြစ်သလား။

ဓမ္မယောဂီများ။ ။ဖြစ်ပါတယ်ဘုရား။

ဆရာတော်။ ။အအေးမိပြန်တော့လဲ ရောဂါတဲ့၊ အပူမိပြန်တော့လဲ ရောဂါတဲ့၊ တောင့်တင်းပြန်တော့လဲ ရောဂါတဲ့၊ လေတိုးလို့ ရောဂါ၊ အမယ်လေး တကိုယ်လုံး ရောဂါချည်းပဲ မဟုတ်လား။

ဓမ္မယောဂီများ။ ။မှန်ပါတယ်ဘုရား။

ဆရာတော်။ ။ပထဝီဓာတ် ရကတဲ့က ဘာရသလဲ။

ဓမ္မယောဂီများ။ ။ရောဂါရပါတယ်ဘုရား။

ဆရာတော်။ ။အဲဒီပထဝီဓာတ် နှိပ်စက်ယင် ဖြစ်မယ့် ရောဂါရမယ်၊ ဝါယောဓာတ်တွေ ရကတဲ့ က။

ဓမ္မယောဂီများ။ ။ရောဂါရပါတယ်ဘုရား။

ဆရာတော်။ ။အာပေါဓာတ်တွေရကတဲ့က။

ဓမ္မယောဂီများ။ ။ရောဂါရပါတယ်ဘုရား။

ဆရာတော်။ ။တေဇောဓာတ် ရကတဲ့က။

ဓမ္မယောဂီများ။ ။ရောဂါရပါတယ်ဘုရား။

ဓာတ်ကြီးလေးပါး အစုအပေါင်း ရုပ်တုံးရုပ်ခဲကြီး ဖြစ်ဇာတိ၊ ရုပ်ရဲ့ဇာတိရကတဲ့ဘာ ဒို့ရောဂါရပြီ။ ငါတို့ရဲ့ဘဝတခု ရုပ်တရားရဲ့ ဇာတိအခိုက်မှာကတဲ့က ရောဂါရပြီလို့ နှလုံးသွင်းနော်။ ဒါကြောင့်—

ရောဂေါတိ ခေါ ဘိက္ခု ရူပါနမေတံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ ရောဂေါတိ ဧတံ အဓိဝစနံ၊ ရောဂါဖြစ်တယ် ရောဂါဖြစ်တယ်ဆိုတဲ့ စကားသည်။ ရူပါနံ၊ ရုပ်တရားတို့ရဲ့။ အဓိဝစနံ၊ အမည်ဖြစ်ပါပေ၏။

ရောဂါဆိုတာ ရုပ်တရားကို ခေါ်တယ်။ ရုပ်တရား ဖောက်ပြန်ယင် ရောဂါရလိမ့်မယ်။ အဲဒီရုပ်တရားဖောက်ပြန်တဲ့ အချက်ကို နှလုံးသွင်းပါ။ ရောဂါကိုနှလုံးသွင်းရမယ်ဆိုယင်၊ ဗျာဓိဒုက္ခ နှလုံးသွင်းရမယ်ဆိုယင်၊ ရောဂါဖြစ်နေတဲ့အခြေအနေကို နှလုံးသွင်းရမယ်ဆိုယင် ရုပ်တရားရဲ့ဖောက်ပြန်ပုံကို နှလုံးသွင်းပါ။

ဒို့ပရိသတ်၊ လိုရင်းမိအောင် မှတ်လိုက်။ ဗျူး မိဒုက္ခ နှလုံးသွင်း မယ်ကြံယင် ရုပ်တရားရဲ့ဖောက်ပြန်မှုကို မိအောင်နှလုံးသွင်း။ အနာရောဂါတွေဖြစ်တုန်းကို ဒုက္ခတဲ့။ ဒုက္ခတဲ့လို့ နှလုံးသွင်းယင် ရှေးနားက ပြောခဲ့တဲ့ သဘောတွ ပွဓမ္မသံဝေဂဉာဏ်လောက် ရတယ်။ အနာရောဂါလောက်နဲ့ ရင်မနေပဲနဲ့ အဲဒီအနာဖြစ်တယ် ဆိုတာ ရုပ်တွေဖောက်ပြန်နေတာပဲလို့ ရုပ်ရဲ့သဘောလက္ခဏာကို ပိုင်အောင် နှလုံးသွင်းလိုက်တော့ ဝိပဿနာဉာဏ်ထဲ တခါတည်း ဝင်သွားတယ်။ အဲဒါမဂ်နဲ့ နီးစပ်သွားတယ်နော်။

## (၃) ရုပ်ရဲ့ဝိပရိဏာမသဘော ပိုင်အောင်ရှု

ဒါကြောင့် ရုပ်တရားကို ပထမပိုင်ထားရမယ်။

**ဆရာတော်။** ။ဘယ်တရားပိုင်ထားရမယ်။

**ဓမ္မယောဂီများ။** ။ရုပ်တရား ပိုင်ထားရပါမယ်ဘုရား။

**ဆရာတော်။** ။ရုပ်တရားပိုင်ချင်ယင် ရုပ်တရားရဲ့လက္ခဏာကို မိအောင်ဖမ်းရမယ်။ ရုပ်တရား ပိုင်ချင်ယင် ဘယ်တရာကို ဖမ်းရမယ်။

**ဓမ္မယောဂီများ။** ။ရုပ်တရားရဲ့ လက္ခဏာကိုပါဘုရား။

**ဆရာတော်။** ။ရုပ်တရားရဲ့ လက္ခဏာကို မိအောင်ဖမ်း၊ ရုပ်တရားရဲ့သက္ခဏာကိုမိယင် ရောဂါတွေ ပြီတဲ့။ ရုပ်တရားရဲ့လက္ခဏာကိုမိယင် ဘာ ဘွေ့ကဲ့။

**ဓမ္မယောဂီများ။** ။ရောဂါတွေ့ပါတယ်ဘုရား။

အဲဒီလို ရုပ်တရားရဲ့လက္ခဏာကို မိတဲ့အချိန်ကျတော့—

အဟံ၊ ငါသည်။ ဗျာဓိဓမ္မော၊ အနာရောဂါ နှိပ်စက်ခံရတဲ့ သဘောတွေရှိ၍ နေသည်။ အမှိ၊ ဖြစ်လေတော့၏။ ဗျာဓိ၊ အနာရောဂါ နှိပ်စက်ခံရမည့် သဘောတရားကို။ အနတီတော၊ မလွန်မြောက်နိုင်သည်။ အမှိ၊ ဖြစ်လေတော့၏။ ဣတိ၊ ဤသို့။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ရုပ်တရားရဲ့ ဝိပရိဏာမသဘာဝကို ဆင်ခြင်ပြီးနေရမယ်။

ဘုန်းကြီးတို့ဟောထားတဲ့ ဆန္နောဝါဒသုတ္တန် ပြန်စဉ်းစားပါလား။

ရှင်ဆန္နမထေရ် ရောဂါနှိပ်စက်၊ ရှင်သာရိပုတ္တရာကြီးမေးတော့ ဘယ့်နှယ်လျှောက်ထားသလဲ၊ တည့်ဘော်ရဲ့ခေါင်းထဲ သံချွန်ကြီးနဲ့ ထိုးဆွနေသလိုပဲ။

ဆရာတော် ။ဘာတွေနှိပ်စက်တာလဲ။
ဓမ္မယောဂီများ။ ။ရောဂါနှိပ်စက်တာပါဘုရား။
ဆရာတော်။ ။ဘာတရားနှိပ်စက်တာလဲ။
ဓမ္မယောဂီများ။ ။ရုပ်တရားနှိပ်စက်တာပါဘုရား။
ဆရာတော်။ ။ဘယ်ရုပ်နှိပ်စက်တာလဲ။
ဓမ္မယောဂီများ။ ။
ဆရာတော်။ ။သွားပြီ၊ ဟုတ်လား။

သေယျထာပိ အာဝုသော သာရိပုတ္တ ဗလဝါ ပုရိသော တိဏှေန သိခရေန မုဒ္ဓနိ အဘိမတ္ထေယျ၊ ဧဝမေဝ ခေါ မေ အာဝုသော သာရိပုတ္တ အဓိမတ္တာ ဝါတာ မုဒ္ဓနိ ဟနန္တိ။

(မဇ္ဈိမနိကာယ ဥပရိပဏ္ဏာသပါဠိ-၃၀၇–၃၀၈)

အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတ္တရာ။ သေယျထာပိ၊ နှိုင်းယှဉ်စရာ ဥပမာနှင့် ပြရမယ်ဆိုလျှင်။ ဗလဝါ၊ အားကောင်းလှစွာသော။ ပုရိသော၊ ယောကျ်ားတယောက်သည်။ တိဏှေန၊ ထက်လှစွာသော။ သိခရေန၊ သံချွန်ကြီးနှင့်။ မုဒ္ဓနိ၊ ဦးထိပ်၌၊ အဘိမတ္ထေယျ သေယျထာပိ၊ ထိုးဆွမွှေနှောက်လေရာဘိသကဲ့သို့။ ဧဝမေဝ–ဧဝံတထာ၊ ပမာထားယူ ထို့အတူ။ မေ၊ တပည့်တော်ရဲ့။ သိရသ္မိံ၊ ဦးခေါင်း၌။ မုဒ္ဓနိ၊ ဦးထိပ်၌၊ အဓိမတ္တာ၊ အလွန်တရာပြင်းထန်၍ နေကြကုန်သော။ ဝါတာ၊ ဝါယောဓာတ်တို့သည်။ ဟနန္တိ၊ နှိပ်စက်၍ နေကြပါကုန်တော့သည်ဘုရား။

ရှင်ဆန္နမထေရ် ဒီအတိုင်းလျှောက်တယ်။ ညောင်စောင်းပေါ် လျောင်းသေလုလုဖြစ်နေတဲ့ ရှင်ဆန္နက တပည့်တော်ရဲ့ ဦးခေါင်း အားကောင်းတဲ့ယောကျ်ား သံချွန်နဲ့ထိုးမွှေသလိုပဲ ဦးခေါင်းကွဲမတတ် ဝါယောတွေ ထိုးနေပါတယ်ဘုရား။

ဆရာတော်။ ။ဗမာလိုပြောတော့ ခေါင်းကိုက်တယ်ပြောမှာပေါ့။

ဓမ္မယောဂီများ။ ။မှန်ပါဘုရား။

ဆရာတော်။ ။ယခုဖြစ်နေတာ ဆန္ဒ တဲ့တဲ့ပြောလိုက်တာ က-ဝါယောဓာတ် ထိုးဆွနှိပ်စက်လို့တဲ့။ ဝါယောဓာတ် ထိုးတဲ့အတွက်ကြောင့် ခေါင်းကွဲမတတ် ခံစားရတာဟာ ဘာရောဂါတဲ့လဲ။

ဝမ္မယောဂီများ။ ။ဝါယောရုပ် ဖောက်ပြန်တဲ့ ရောဂါပါဘုရား။

ဝါယောရုပ် ဖောက်ပြန်တော့ ခေါင်းကိုက်တဲ့ ရောဂါ။ အဲဒါကို ဗျာဓိဒုက္ခော ခေါင်းကိုက်တယ်၊ ခေါင်းကိုက်တယ်။ ဒါလောက်နဲ့ယင် မထားနဲ့၊ ဝါယောဓာတ် ထိုတဲ့သဘော ပိုင်အောင်ရှု၊ ဒီလိုမဟုတ်လား။ အပေါ်ယံ ခေါင်းကိုက်တဲ့ ဗျာဓိဒုက္ခလောက် နှလုံးသွင်းယင် သံဝေဂဉာဏ် ဖြစ်ပါတယ်။ ဝါယောဓာတ် ထိုးပုံကို နှလုံးသွင်းနဲ့ယင် ပရမတ္ထဉာဏ်အမြင် ရောက်လို့ ဝိပဿနာ ဖြစ်ပါတယ်မဟုတ်လား။ ဒါကြောင့်—

ဣတိပိ၊ ဤသို့လဲပဲ။ အဟံ၊ ငါသည်။ ဗျာဓိဓမ္မော၊ နာဖျားရခြင်းသဘောရှိသည်။ အမှို၊ ဖြစ်၏။ ဗျာဓိ၊ အနာရောဂါ နှိပ်စက်ခံရမည့် သဘောကို။ အနတီတော၊ ဘယ်လိုနည်းတွေနဲ့မှ မလွန်မြောက်နိုင်သည့်၊ အမှို၊ ဖြစ်လေတော့၏။ ဣတိပိ၊ ဤသို့လဲပဲ။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဗျာဓိဒုက္ခရဲ့အကြောင်းကိုရင်း၊ နောက်တနည်း ရုပ်တရားကြီးရဲ့ ဖောက်ပြန်ပုံကိုရင်း၊ နောက်တနည်း- ရုပ်တရား ရကတဲ့ကိုက ရောဂါရပြီး ရောဂါဆိုတာ ရုပ်တရားကို ခေါ်တယ်ဆိုတဲ့

အကြောင်းကို။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ကောင်းစွာမသွေ ရှုမှတ်၍ နေအပ်ပါပေတော့သတည်း။

သာဓု—သာဓု—သာဓု ပါဘုရား။

ဆရာတော်။ ။လိုက်ဆို၊ ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတော (သုံးကြိမ်တိုင်ပေး)

ဓမ္မယောဂီများ။ ။ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတော။ (သုံးခေါက်ထပ်ဆို)

ဆရာတော်။ ။ငါသည် အနာရောဂါ နှိပ်စက်ခံရမည့် သဘောရှိ၏။ အနာရောဂါနှိပ်စက်ခံရမည့် ဒုက္ခမှ မလွန်မြောက်နိုင်ချေတကား။

ဓမ္မယောဂီများ။ ။ငါသည် အနာရောဂါ နှိပ်စက်ခံရမည့် သဘောရှိ၏။ အနာရောဂါနှိပ်စက်ခံရမည့် ဒုက္ခမှ မလွန်မြောက်နိုင်ချေတကား။

ဆရာတော်။ ။ရောဂါကင်းရှင်း၊ ကျန်းမာခြင်းကား၊ နာခြင်းနောက်ဆုံး ရှိချေသည်တကား။

ဓမ္မယောဂီများ။ ။ရောဂါကင်းရှင်း၊ ကျန်းမာခြင်းကား၊ နာခြင်းနောက်ဆုံး ရှိချေသည်တကား။

## (●) မရဏာဓမ္မောမှိ၊ မရဏံ အနတီတော။ သေခြင်းဆိုတာဘာလဲ

မရဏဓမ္မောမှိ၊ မရဏံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

(အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ အဘိဏှ- ၆၄)

ဘိက္ခဝေ၊ ပရိသတ်လေးပါး ခုစ်းသားချစ်သမီးတို့။ အဟံ၊ ငါသည်။ မရဏဓမ္မော၊ သေရမည့်သဘော ရှိသည်။ အမှိ၊ ဖြစ်လေတော့၏။ မရဏံ၊ သေခြင်းကို။ အနတီတော၊ မလွန်မြောက်နိုင်သည်။ အမှိ၊ ဖြစ်လေတော့၏။

ဣတိ၊ ဤသို့။ ဣတ္ထိယာ ဝါ၊ အမျိုးသမီးသည်ရင်း။ ပုရိသေန ဝါ၊ အမျိုးသားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်မှာနေတဲ့လူသည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ အိမ်မှာမနေ ကျောင်းမှာနေတဲ့ ရှင်ရဟန်းသည်ရင်း။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

တတိယ ဆင်ခြင်ရမည့်အချက်က မရဏဓမ္မောမှိ၊ မရဏံ အနတီတော။ ငါသည် သေရမည့်သဘောရှိ၏။ သေရမည့် သဘောကို ငါသည် မလွန်မြောက်နိုင်။

ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်က ဘဝတခုရဲ့ အဆုံးပိုင်းဖြစ်တဲ့ မရဏ သေခြင်းတရားကိုလဲပဲ အမြဲတမ်း ဆင်ခြင်ပြီးတော့ ပေးရမယ်ဆိုတဲ့အကြောင်း တတိယ နေရာမှာဟောတယ်၊ မရဏတရား။

## (၁) ရုပ်ဇီဝိတနဲ့ နာမ်ဇီဝိတ ချုပ်ငြိမ်းမှု

ဥပ္ပါဒေါ ဇာတိ အက္ခာတော၊
ဘင်္ဂေါ ဝုတ္တော ဝယော'တိ စ။
အညထတ္တံ ဇရာ ဝုတ္တာ၊
ဌိတိ စ အနုပါလနာ။

(သံယုတ္တအဋ္ဌကထာ ၂၊ ၂၄၅ သခ်တလက္ခဏာအဖွင့်)

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့၊ ဥပ္ပါဒေါ၊ ဖြစ်ပါတယ်ဆိုတဲ့သဘောကို။ ဇာတိတိ၊ ဇာတိပါပဲလို့။ အက္ခာတော၊ ဆိုအပ်၏။ ဘင်္ဂေါ၊ ပျက်ပါတယ်ဆိုတဲ့ သဘောကို။ ဝယော'တိ စ၊ ဝယဟူ၍၎င်း။ မရဏန္တိ စ၊ မရဏဟူ၍၎င်း။ ဝုတ္တော၊ ဆိုအပ်၏။

အညထတ္တံ၊ ဖြစ်လာတဲ့တရား ပင်ကိုအတိုင်း မနေပါပဲနဲ့ တမျိုးတဖုံ ပြောင်းလဲ ပြောင်းလဲပြီးတော့ နေတယ်ဆိုတဲ့အဖြစ်ကို၊ ဇရာ တိ၊ ဇရာပါပဲလို့။ ဝုတ္တာ၊ ဆိုအပ်၏။ ဌိတိ စ၊ ထင်ရှား တည်ရှိနေတဲ့သဘောကိုတော့။ အနုပါလနာ၊ ရုပ်ဇီဝိတ၊ နာမ် ဇီဝိတ နှစ်ပါးရဲ့ စောင့်ရှောက်ထားပါတယ်ဆိုတဲ့ သဘောပါ ပဲလို့။ ဝုတ္တာ၊ ဆိုအပ်၏။

ဖြစ်တယ်ဆိုတာ ဇာတိ၊ ပျက်သွားတယ်ဆိုတာက မရဏ၊ ထို အဖြစ်နဲ့ အပျက်နှစ်ခု အလယ်ခေါင်ရှိနေတဲ့ အညထတ္တဆို တာက ဇရာနဲ့ ဗျာဓိ၊ ထိုအကြောင်းကို မနေ့တုန်းက တရား စကတဲက ချပေးထားတယ်၊ ဘင်္ဂဟူ၍၎င်း၊ ဝယဟူ၍၎င်း၊ ဟောတဲ့ မရဏကို ဒီကနေ့ ဆင်ခြင်ရမယ်။

ဒီတော့ မရဏ သေဘယ်ဆိုဘာ ဘာဖြစ်တာလဲ ဆိုတဲ့ သဘောကို ဘုန်းကြီးတို့ ပရိသတ် သိသွားဘို့ လိုအပ်ဘယ်။

ဆရာတော်။ ။ဒို့ပရိသတ်၊ ဘာဖြစ်တာလဲ သေတယ်ဆို တာ။

ဓမ္မယောဂီများ။ ။

ဆရာတော်။ ။ဒို့ပရိသတ်၊ သေဘယ်ဆိုဘာ အသက်ချုပ် တာပေါ့၊ ဟုဘ်သား။

သေတာကို အသက်မရှူဘာသောက်သာ သိနေဘော့ ဘုန်းကြီးတို့ ပရိသတ်ရဲ့ မရဏာနုဿတိဟာ မခလးနက်ဘူး၊ သေဘယ်ဆိုတဲ့ သဘောဟာဖြင့်ယင် ဘုန်းကြီးတို့ ဝိသုဒ္ဓိမဂ် ပြောတာလေး—

မရဏန္တိ ဧကဘဝပရိယာပန္နဿ ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ။ (ဝိသုဒ္ဓိမဂ်၊ ပ—၂၂၂)

ဝိသုဒ္ဓိမဂ် အဋ္ဌကဘာ မရဏဿတိအခန်းရဲ့ အဖွင့်မှာ—

ဧကဘဝပရိယာပန္နဿ၊ ဘဝဘခုရဲ့ အတွင်း ဝင်၍နေသော။ ဘဝတခုရဲ့အတွင်းမှာ အကျုံးဝင်ပြီးတော့ နေပေထသော။ ဇီဝိတိန္ဒြိယဿ၊ ရုပ်ဇီဝိတ နာမ်ဇီဝိဘယို့ခေါ်ဆိုနေတဲ့ အဲဒီ ဇီဝိတိန္ဒြေရဲ့၊ ဥပစ္ဆေဒေါ၊ ပြတ်စဲ၍သွားခြင်းသည် ရပ်စဲ၍ သွားခြင်းသည်။ မရဏံ၊ မရဏခေါ်တယ်။

ဘဝတခုရဲ့အတွင်း ပါဝင်နေတဲ့ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ တွေ ရပ်ဆိုင်းသွားတာကို မရဏ ခေါ်တယ်။ မရဏဆိုဘာက

ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ ရုပ်စဲသွားခြင်း၊ ဇီဝိတရုပ်နဲ့ နာမ်ရဲ့ အကြောင်းကို မနေ့ကပြောထားတယ်။

ရုပ်တရားရဲ့ ဖြစ်လိုက် ပျက်လိုက်၊ ပျက်ပြီး ဒီနေရာ အသစ် အသစ် ပြန်ဖြစ်လိုက်နဲ့ ဖြစ်ပြီးတော့ ပျက်ပြီးတော့ အသစ်ဖြစ် ဆိုတဲ့ အဲဒီအစဉ်အတန်းကြီး မပြတ်စဲပဲနဲ့ ထင်ရှား တည်ရှိနေ အောင် စောင့်ရှောက်ထားတဲ့သဘောသည် ဇီဝိတ။

အဲဒီ ဇီဝိတက ဒီ ရုပ်အစဉ်၊ နာမ်အစဉ်ကို မစောင့်တော့ ဘူး။ ရင့်ပြီတဲ့လို့ဆိုယင် အဲဒါ မရဏပဲတဲ့။ ရုပ်အစဉ်၊ နာမ် အစဉ်ကို ဇီဝိတသဘောက ရုပ်ဇီဝိတိန္ဒြေ၊ နာမ် ဇီဝိတိန္ဒြေလို့ ခေါ်တဲ့ ဇီဝိတ တရားများက မစောင့်ရှောက်တော့ဘူးဟော့ ဆိုလို့ရှိယင် အဲဒါ မရဏလို့ခေါ်တယ်။ ဒါကို အဋ္ဌကထာ ဆရာတော်က—

ကောဘဝပရိယာပန္နဿ၊ ဘဝတခုအတွင်း အကျုံးဝင်၍ နေပေထသော။ ဇီဝိတိန္ဒြိယဿ၊ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတနှစ်ပါးရဲ့။ ဥပစ္ဆေဒေါ၊ ရုပ်စဲ၍သွားခြင်းသည်၊ ပြတ်စဲ၍သွားခြင်းသည်။ မရဏံ နာမ၊ မရဏခေါ်၏။

မရဏဆိုတာက ရုပ်ဇီဝိတ၊ နာမ်ဇီဝိတတဲ့။ ရုပ်ဇီဝိတက ရုပ် အစဉ်အတန်းကြီးကို မစောင့်ရှောက်ပဲနဲ့ ရုပ်စဲသွားတာ၊ နာမ် ဇီဝိတဆိုတာလဲ နာမ် အစဉ်အတန်းကြီးကို မစောင့်တော့ပဲနဲ့ ရုပ်စဲသွားတာသည် မရဏပါ။ ပိုပြီးတော့ အဓိပ္ပာယ်ပြည့်စုံသွား အောင်—

## (၂) အာယု ဥသ္မာ ဝိညာဉ်ရပ်စဲမှု

အာယု ဥသ္မာ စ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိ မံ၊
အပဝိဒ္ဓေါ၊ တဒါ သေတိ၊ ပရဘတ္တံ အစေတနံ။
(သံယုတ္တနိကာယ ခန္ဓဝဂ္ဂသံယုတ္တပါဠိ—၁၁၇)

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ အာယု စ၊ ရုပ်ဇီဝိတ နာမ်ဇီဝိတခေါ်ဆိုတဲ့ အာယုသည်၎င်း။ ဥသ္မာ စ၊ ကမ္မဇတေဇောဓာတ်လို့ ခေါ်ဆိုရတဲ့ အပူငွေ့ကလေးသည်၎င်း။ ဝိညာဏံ စ၊ သိတတ်ပါတယ်ဆိုတဲ့ အဲဒီစိတ်ဝိညာဉ်သည်၎င်း။ ဣတိ၊ ဤသို့။ တယော ဓမ္မာ၊ သုံးခုသောတရားတို့သည်။ ဣမံ၊ ဟောဒီအမောင်တို့ အမိတို့ ခန္ဓာကိုယ်ကြီးကို၊ ဇဟန္တိ၊ စွန့်ခွါ၍သွားကြလေကုန်၏။

တဒါ၊ ထိုကဲ့သို့ အာယု ဥသ္မာ ဝိညာဉ် ဒီတရားသုံးပါး ဒီခန္ဓာကိုယ်ကြီးစွန့်ခွာသွားကြပြီဆိုတဲ့အချိန်၌။ အယံ ကာယော၊ ဤ အမောင်တို့ အမိတို့ ခန္ဓာကိုယ်ကြီးသည်။ အပဝိဒ္ဓေါ၊ မသေမီခါ ချစ်လှစွာသော ဆွေညာတိရင်း မိတ်ခပင်းတို့သည် ထိုလူတဖန် ပြန်၍ ဇီဝိတမဆက်တော့ပြီ မှန်လှသည်ဟု ရည်ရွယ် ရိုးရင်း အပြီးတိုင် ငဲ့ကွက်ခြင်း ကင်းကြကုန်သည်ဖြစ်၍။ သေတိ၊ မသာခေါင်းဝယ် လျောင်းရရှာလေတော့၏။

သေတယ်ဆိုတဲ့ မရဏသဘောကို ဘုန်းကြီးတို့ ယက္ခသံယုတ် ပါဠိတော်ကတော့ ဒီလို ကျယ်ကျယ်ပြန့်ပြန့် ဟောတယ်။ သေတယ်ဆိုတာ သုံးခုရပ်စဲသွားတယ်တဲ့။ ဘာတဲ့လဲ၊ အာယုဆိုတာ·

ရုပ်စဲသွားတယ်၊ ဥတုသာဆိုတာလဲ ရုပ်စဲသွားတယ်တဲ့။ ဝိညာဉ်ကလဲ ရုပ်စဲသွားတယ်။

**ဆရာတော်။**　　။ဘုန်းကြီးတို့ ပရိသတ်များ၊ ဘယ်နှစ်မျိုး ရုပ်စဲသွားသလဲ။

**ဓမ္မယောဂီများ။**　　။သုံးမျိုးပါဘုရား။

**ဆရာတော်။**　　။အာယုရယ်၊ ဥသ္မာရယ်၊ ဝိညာဉ်ရယ်၊ အဲဒီ သုံးမျိုးရုပ်သွားယင် ဒီလူကို အသေကောင် လို့ မခေါ်ဘူးလား၊ ခေါ်သလား။

**ဓမ္မယောဂီများ။**　　။ခေါ်ပါတယ်ဘုရား။

အာယုဆိုသည်ကား မနေ့ကပြောခဲ့တဲ့ ရုပ်ဇီဝိတ၊ နာမ် ဇီဝိတ ရုပ်နာမ်အစဉ် အတန်းကြီးမရပ်အောင် စောင့်ပေးတဲ့ သဘောသည် အာယုဇီဝိတ။ အဲဒီ အာယုကစောင့်ပြီးတော့ ပေးထားတဲ့အတွက်ကြောင့် ရုပ်အစဉ် နာမ်အစဉ်မှာ ကံကနေ ပေးထားသဖြင့် ပါဝင်ပြီးတော့လာခဲ့တဲ့ တေဇောဓာတ်-ကမ္မဇ တေဇောဓာတ်ဆိုတဲ့ အပူငွေ့ဟာ ဒီရုပ်ထဲမှာ ရှိတယ်။ အဲဒီ ကံကပေးတဲ့ ကမ္မဇတေဇောလဲ ရုပ်ပြီဆိုယင် ဒီလူဟာ သေတော့ တာပဲ။

**ဆရာတော်။**　　။ကမ္မဇတေဇောက အပူငွေ့ကလေးကလဲ ရုပ်၊ အာယုလို့ခေါ်တဲ့ ရုပ်ဇီဝိတ၊ နာမ် ဇီဝိတကလဲ ရုပ်။ ထိုရုပ်ဇီဝိတ၊ နာမ် ဇီဝိတချုပ်ပြီဆိုယင် သူ့ကို မှီ၍တည်၍ နေ

ရတဲ့ ဝိညာဉ်ကလေးကော ဒို့ပရိသတ်၊ တည်လို့ဖြစ်သေးသလား။

ဓမ္မယောဂီများ။ ။မဖြစ်တော့ပါဘုရား။

ဆရာတော်။ ။ဘယ်နှစ်မျိုးရပ်သွားသလဲ။

ဓမ္မယောဂီများ။ ။သုံးမျိုးရပ်သွားပါဘယ်ဘုရား။

ဆရာတော်။ ။အာယုရယ်၊ ဥသ္မာရယ်၊ ဝိညာဉ်ရယ်နော်။

ဓမ္မယောဂီများ။ ။မှန်ပါ့ဘုရား။

ဝိညာဉ်ရပ်တယ်ဆိုတော့ ဝိညာဏက္ခန္ဓာကို ဦးတည်ဟော ထားဘယ်။ ဝိညာဏက္ခန္ဓာကိုဦးတည်ဟောထားသဖြင့် ဝိညာဉ် ရပ်ယင် ဒီလူသေတယ်လို့ပြောသဖြင့် ထိုဝိညာဉ်နှင့် အတူတကွ ကျွံကူးယင် ရေပါဆိုတာလို ဟုတ်လား၊ ကျွံသွားတော့ ကျွံ သွားတဲ့နောက်က ရေတွေအရှိန်နဲ့ပြေ ပြီးတော့ လိုက်သွားတာ ရေထဲမှာ သင်္ဘောကြီးတစုန် ဝုန်းနဲ့ မောင်းသွား၊ သင်္ဘော နောက်က ရေတွေပြေးလိုက်တာ မြင်ဘူးတယ်မဟုတ်လား။

ဒီအတိုင်းပဲပေါ့ ဝိညာဏက္ခန္ဓာခေါင်းဆောင်ယင် ဝေဒနာ က္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတွေလဲပဲ သင်္ဘောကြီး နောက်က ရေတွေတဟုန်ထိုးလိုက်သွားသလိုပဲ လိုက်ကြတာပဲ။

ဆရာတော်။ ။ဒါကြောင့် ဝိညာဏက္ခန္ဓာရပ်ယင် ဝေဒနာ က္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတွေ နေလို့ဖြစ်သေးသလား။

မမ္မယောဂီများ ။ ။မဖြစ်တော့ပါဘုရား။

ဆရာတော်။ ။အေး—ဇေ့ပွါဒနော်၊ ဝိညာဉ်နဲ့ အတူတူပဲ ဖြစ်ကြတယ်။ ဧကနိရောဓ ဝိညာဉ်ရပ်ယင် ကျန်တဲ့နာမက္ခန္ဓာသုံးပါးလဲပဲ။

မမ္မယောဂီများ။ ။ချုပ်သွားပါတယ်ဘုရား။

အေး—ဒါကြောင့် အာယု ဥသ္မာ စ ဝိညာဏံ။ အာယု ့စ၊ ရုပ်ဇီဝိတ နာမ်ဇီဝိတဆိုတဲ့ အာယုသည်ငင်း၊ ဥသ္မာ စ၊ ခန္ဓာ ကိုယ် တကိုယ်လုံးကို စောင့်ရှောက်ပေးထားတယ်ဆိုတဲ့ တေဇော ဓာတ်သည်ငင်း။

ဆရာတော်။ ။ဘုန်းကြီးတို့ပရိသတ်များ၊ထမင်းပဲဖြစ်ဖြစ်၊ ဟင်းပဲဖြစ်ဖြစ်၊ သစ်သီးပဲဖြစ်ဖြစ် မုန့်ပဲ သားရေစာအသားဘစုံဘခု စားဖွယ်ခဲဖွယ် ကို ရေခဲသေတ္တာထဲမှာထည့်ထားယင် နာရီ ပေါင်း ဘော်တော်ကြာ မပုပ်သိုးပဲနဲ့ နေ တယ်မဟုတ်လား။

မမ္မယောဂီများ။ ။ဟုတ်ပါတယ်ဘုရား။

ဆရာတော်။ ။အဲဒီ အစားအစာတွေ ရေခဲသေတ္တာထဲ မပုပ်မသိုးအောင် ဘယ်သူက စောင့်ရှောက် ပေးလို့ မပုပ်သိုးသလဲဆိုယင် တေဇော ဓာတ်က စောင့်ပေးထားတယ်၊ ဘာဓာတ် က စောင်ပေး။

ဓမ္မယောဂီများ။ ။တေဇောဓာတ်က စောင့်ပေးထားပါတယ် ဘုရား၊

ဆရာတော်။ ။အေးလှချည့်ဆိုတာလဲ တေဇောပဲ။အေးတဲ့ ဥစ္စာ တေဇောဓာတ်မဟုတ်ဘူးလို့ မပြင်းနဲ့၊ အေးတာတဲ့တေဇောဓာတ်ပဲ၊ ပူတာလဲ တေဇောဓာတ်ပဲ နော်။

ဓမ္မယောဂီများ။ ။မှန်ပါဘုရား။

ဆရာတော်။ ။ဒီတော့ အေးတဲ့တေဇောကျတော့ ဘုန်းကြီးတို့ စာကပြောတာက သီတတေဇော လို့ ပြောတယ်၊ ပူတဲ့ တေဇောကျတော့။

ဓမ္မယောဂီများ။ ။ဥဏှတေဇောပါဘုရား။

ဥဏှတေဇော များနေလို့ စောင့်ရှောက်တာ။ လွန်ကဲသင် လောင်သွားတယ်၊ ဒီအအေးတွေဟာလဲ ရှမ်းပြည်မြောက်ပိုင်း တို့ ဘာတို့ကြည့်လိုက်။ ဆောင်းရာသီ ပြာသို တပို့တွဲ နှင်း တွေ တမှုံမှုံကျပြီဆိုလို့ရှိယင် အဲဒီ နှင်းကျခံရတဲ့ သစ်ပင်တွေ အကုန်လုံးမဲပြီးတော့ သစ်ရွက်တွေ မရှိတော့ဘူး။ အရိုးတီ ကလေးတွေပဲ ကျန်တယ်၊ မဲသို့၊ မီးလောင်ငုတ်ကလေးတွေလိုပဲ။ ဘာဖြစ်သလဲဆိုတော့ အဲဒါ ဒီ နှင်းတွေကျလို့ သစ်ပင်တွေ လောင်သွားတာပဲ။ အရွက်တွေကြွေ၊ အပင်တွေ တပင်လုံး မဲ သွားတာပဲနော်။

ဒါကြောင့် သီတတေဇောလဲ လောင်တဲ့သဘောရှိတယ်။ ဥဏှတေဇောကလဲ ပြာဖြစ်တဲ့အထိ လောင်တဲ့သဘောရှိတယ်။

-အဲဒီ သီတနဲ့ဥဏှ နှစ်ခုရဲ့အလယ်မှာ မျှပြီးတော့ သမဖြစ်နေတဲ့ အချိန်မှာ ဘုန်းကြီးတို့ပရိသတ်အတွက် ဒါနေလို့ကောင်းတယ်။ အနုပါလနဖြစ်ပါတယ်။ သီတပိုင်းကိုလဲ လွန်လွန်ကဲကဲမရောက်၊ ဥဏှပိုင်းကိုလဲပဲ လွန်လွန်ကဲကဲမရောက်ပဲနဲ့ အလယ်ခေါင် သမ ဖြစ်ပြီးတော့ မျှတနေတဲ့အချိန်မှာ ဒီအသက်က ခန္ဓာကို စောင့် ရှောက်တဲ့ အနုပါလနသဘောတွေ။ ဒီခဏဇောမှာရှိတယ်။ ဟုတ် ပြီနော်။

မျှတနေတဲ့အချိန် စောင့်ရှောက်တယ်။ လွန်ကဲတဲ့အချိန်ကျ တော့ ဖောက်ပြန်လို့ နှိပ်စက်တယ်ဗျာ။ ဒါကြောင့် ဟောဒီ ခန္ဓာထဲရှိနေတဲ့ ဥဿ္မာအပူဓာတ်ကလေးဟာ မျှမျှတတလေး ဒီရုပ် ကြီး မဆွေးသွားအောင်၊ မပျက်စီးအောင်၊မပုပ်သွားအောင်၊ ရေခဲသေတ္တာထဲကအသားတွေ မပုပ်သွားအောင်ရေခဲသေတ္တာ ထဲမှာ ရှိပြီးတော့နေတဲ့ တေဇောဓာတ်က စောင့်ထားတယ်ဆို တာလိုပဲ။ ဘုန်းကြီးတို့ပရိသတ်၊ ဒီခန္ဓာကိုယ်ကြီးက အသား တွေ အသွေးတွေ မပုပ်သိုးရအောင် စောင့်ထားတဲ့သဘော သည် အဲဒီတေဇောဓာတ်ကတဲ့။

အဲဒီတော့ တေဇောဓာတ် ရပ်ပြီဆိုယင် ဒီခန္ဓာကိုယ်ကြီး ဟာ ပုပ်တော့တာပဲ။ သုံးရက်ထက် ပိုမကြာဘူးနော်။ အာယု ရပ်တဲ့အခါကျတော့ အာယုလို့ခေါ်တဲ့ ရုပ်ဇီဝိတ နာမ်ဇီဝိတ နှစ်ပါးရဲ့ စောင့်ရှောက်မှုက ကင်းပြီဆိုတဲ့အချိန်ကျတော့ ဥသ္မာ ဆိုတဲ့ အပူဓာတ်ကလဲပဲ စောင့်ရှောက်ခြင်း ကင်းသွားပြီ၊ ဥသ္မာ အပူဓာတ် စောင့်ရှောက်မှု ကင်းသွားပါပြီ ဆိုတဲ့အတွက်ကြောင့်

ဝိညာဉ်ကလဲပဲ တည်လို့မှီလို့ မရနိုင်တော့ပဲနဲ့ ဤခန္ဓာကိုယ်သည်ဘာဖြစ်သလဲ။

အပဝိဒ္ဓေါ တဒါ သေတိ၊ ပရာဘတ္တံ အစေဘနံ။
(သံယုတ္တနိကာယ ခန္ဓဝဂ္ဂသံယုတ်ပါဠိ-၁၁၇)

တဒါ၊ ထိုကဲ့သို့ အာယု ဥသ္မာ ဝိညာဉ် သုံးပါးစွန့်လိုက်ပြီဆိုတဲ့အချိန်၌။ အယံ ကာယော၊ ဤအမောင်တို့ အမိတို့ ခန္ဓာကိုယ်ကြီးကို။ အပဝိဒ္ဓေါ၊ မသေမီခါ ချစ်လှစွာတည့် ဆွေညာတိရင်း မိတ်ခပင်းတို့က ထိုသူတဖန် ပြန်၍ မဆက်တော့ပြီ မှန်လှသည်ဟု ရည်ရွယ်ရိုးရင်း အပြီးတိုင် ငဲ့ကွက်ခြင်းကင်းကြကုန်သည်ဖြစ်၍။

မသေမီခါ ချစ်လှစွာသည့် ဆွေညာတိရင်း မိတ်ခပင်းတို့က မသေခင်တုန်းက ချစ်လိုက်ကြတာ ခွဲလို့ကို မရဘူး။ သူ့မျက်နှာ ငါကြည့်၊ ငါ့မျက်နှာ သူကြည့်၊ မမြင်ရ သေမဘတ်။

ဆရာတော်။ ။အာယု ဥသ္မာ ဝိညာဉ် သုံးခုစွန့်ပြီဆိုတဲ့အချိန်ကျတော့ ကြည့်ချင်သေးသလား။

ဓမ္မယောဂီများ။ ။မကြည့်ချင်တော့ပါဘုရား။

အနပေက္ခော၊ ထိုသူတဖန် အသက်ပြန်၍ မဆက်တော့ပြီ မှန်လှသည်ဟု ရည်ရွယ်ရိုးရင်း အပြီးတိုင် ငဲ့ကွက်ခြင်း ကင်းကြကုန်သည်ဖြစ်၍။

အပြီးတိုင် ငဲ့ကွက်ခြင်းကင်းဆိုတာ အဲဒီအချိန်ပဲ။ အာယု ဥသ္မာ ဝိညာဉ် စွန့်သွားတဲ့အချိန်ပဲ။ ဒီအသက်ရှင်နေတဲ့ ဇနီး

မောင်နှံနှစ်ယောက် ကတောက်ကဆဖြစ်လို့ သူနဲ့ငါ မတွေ့ဘူး ဆိုပြီးတော့ ဘယ်လောက်ပဲ ကြေငြာချက်တွေ ထုတ်နေနေ ပြတ်စဲခြင်း ဘာပဲပြောပြော ငဲ့ကွက်ခြင်းဆိုတာ နဲနဲတော့ ကျန်သေးတယ်။

အပြီးတိုင် ငဲ့ကွက်ခြင်း မကင်းသေးပဲနဲ့ ကြေငြာချက်ထုတ်တာဖြစ်မယ်။ အသက်ရှင်နေတုန်း၊ အာယု ဥသ္မာ ဝိညာဉ်ရှိနေတုန်း တယောက်နဲ့တယောက် စွန့်ခွာကြတယ်ဆိုတာဟာ ငဲ့ကွက်ခြင်း မကင်းသေးပဲနဲ့ စွန့်ကြတာ။ တနည်းနည်း ငြိတာကလေးတော့ ကျန်သေးတယ်။ မယုံသင် ဘုန်းကြီးဘို့ပရိသတ်၊ ကိုယ့်ဘာဝ ကိုယ် ပြန်တွေးကြည့်လိုက်ကြပေါ့၊ ဟုတ်လား။ အေး—ယခု အာယု ဥသ္မာ ဝိညာဉ် သုံးခု စွန့်သွားပြီဆိုတဲ့ အချိန်ကျတော့ ဘယ်သူကမှ ဘယ်သူ့ကို မငဲ့ပဲ စွန့်ကြတယ်—ဟုတ်လား ။

အနုပေက္ခာ၊ ထိုသူတဖန် ပြန်၍အသက် မဆက်တော့ပြီ မှန်လှသည်ဟု ရည်ရွယ်ရိုးရင်း အပြီးတိုင် ငဲ့ကွက်ခြင်း ကင်းကြကုန်သည်ဖြစ်၍။ အပဝိဒ္ဓေါ၊ ခြောက်ပေတွင်းမှာ စွန့်ပစ်ခံရသည်ဖြစ်၍။ ပရာဘုတ္တော၊ ကျီး ခွေး လင်းတ ပိုးလောက်တို့ရဲ့ အစာဖြစ်လျက်။ အစေတနံ၊ စိတ်စေတနာ မရှိတော့ပါပဲနဲ့၊ သေတိ၊ မသာခေါင်းဝယ် လျောင်းရှာလေတော့၏။

ဒါက ဘုန်းကြီးတို့ သံယုတ်ပါဠိတော်မှာ သေတယ်ဆိုတဲ့ သဘောကို ထိုကဲ့သို့ အဓိပ္ပာယ်ဖွင့်တယ်၊ ခုနက ဝိသုဒ္ဓိမဂ်ဆရာကြီးကတော့ တိုတိုပဲ ရုပ်ဇီဝိတ နာမ်ဇီဝိတနှစ်ပါးရပ်တာကို သေတယ်ခေါ်ပါတယ်၊ ပါဠိတော်ကကျ ပိုကောင်းသွားတယ်။ အာယုစွန့်ယင်လဲ သေတယ်၊ ဥသ္မာနုပ်ယင်လဲ သေတယ်။ ဝိညာဉ်

ရပ်ယင်လဲပဲ သေတယ်။ အဲဒီသုံးမျိုး တချို့မျိုးရပ်ယင် ဒီသတ္တဝါကို သေတယ် ခေါ်ကြပါတယ်။

ဆရာတော်။ ။သေတယ်ဆိုတဲ့သဘောအဓိပ္ပာယ်ဟာ ဒီသုံးမျိုး တမျိုးမျိုးရပ်စဲခြင်း၊ သို့မဟုတ်နှစ်မျိုးရပ်စဲခြင်း၊ သို့မဟုတ် သုံးမျိုးလုံး ရပ်စဲခြင်းနော်။

ဓမ္မယောဂီများ။ ။မှန်ပါဘုရား။

ဒီတော့ သေတယ်ဆိုတာ ဘာဖြစ်သလဲဆိုဘာ အသက်မရှုဘူးလို့ ဒီလို မပြောလိုက်နဲ့။ ဒီသုံးမျိုး တချို့မျိုးရပ်ဆိုင်းသွားတာပါပဲလို့ သဘောကျ။

ကောဘဝပရိယာပန္နသ ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ။
(ဝိသုဒ္ဓိမဂ်၊ပ—၂၂၂)

ကောဘဝပရိယာပန္နဿ၊ ဘဝတခုအတွင်း အကျုံးဝင်၍နေပေသော။ ဇီဝိတိန္ဒြိယဿ၊ ဇီဝိတိန္ဒြေ၏။ ဥပစ္ဆေဒေါ၊ ပြတ်စဲသွားခြင်းသည်။ မရဏံ နာမ၊ မရဏခေါ်ဆိုလေတော့၏။

## (၂) သေခြင်း ၄-မျိုး

အဲဒီမရဏသဘော ပြိုင်းပြိုင်ရဲဉာဏ်ဘဲ ပေါ်အောင်ဖော်ပြီး တော့တား။ ဒီတော့ မရဏသဘော နားလည်ပြီးဘဲ့အခါကျ တော့မှ မရဏ အမျိုးအစားတွေ သေမှု သေခြင်းဆိုဘာ ဘယ်နှစ်မျိုးရှိသလဲဆိုလို့ရှိယင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာတော်က—

အာယုက္ခယမရဏံ၊ ကမ္မက္ခယမရဏံ၊
ဥဘယက္ခယမရဏံ၊ ဥပစ္ဆေဒကမရဏံ။
(ဝိသုဒ္ဓိမဂ်-ပ-၂၂၂)

အာယုက္ခယ—အသက်တမ်းစေ့ယင်လဲပဲ ဟောဒီမရဏဆိုတာ ဖြစ်တယ်။ လူ့လောက သတ်မှတ်ထားတဲ့ အသက်တမ်းစေ့လို့ပဲ ရှေးနားက ပြောခဲ့တဲ့ အာယု ဥသ္မာ ဝိညာဉ်တွေ စွန့်ပြီးတော့ ဒီလိုသေတယ်။

ကမ္မက္ခယ—အသက်တမ်းတော့ မစေ့သေးဘူးတဲ့။ ဒီအသက်တမ်းရောက်အောင် ပို့တဲ့ကံ မရှိတော့တဲ့အတွက်ကြောင့်လဲပဲ သေပါတယ်။ အသက်တမ်းတော့ ရှိသေးသားပဲ။ သို့သော်လဲ ထိုအသက်တမ်းကို ရောက်အောင်ပို့တဲ့ ကံ မရှိတော့လို့ သေတာ တမျိုး၊ ကံရှိသေးပေမဲ့လဲပဲ လောကခမ္မတာ အသက်တမ်းက ဒီအချိန် ဒီအခါ ဒီလိုပဲ သေနေကြဆိုတဲ့ အတွက်ကြောင့် သေသွားတာက တမျိုးတဲ့။

အသက်တမ်းကလဲ ကုန်တယ်။ ကံဘရားကလဲ ကုန်တယ်။ ဒို နှစ်ပါးတို့ တပြိုင်နက်ကုန်လို့ သေသွားကြတယ်ဆိုတာက တမျိုး။ အသက်ကုန်လို့ သေခြင်း၊ ကံကုန်လို့ သေခြင်း၊ အသက်ကံ နှစ်ပါးစုံ ကုန်၍သေခြင်း။

အသက်တမ်းကလဲပဲ ကျန်သေးပါရဲ့၊ ကံဘရားတွေကလဲပဲ ကုန်ပါသေးရဲ့၊ ဒီပေမဲ့ လတ်တလော ဘဝဟောင်းကနေပြီး တော့ ကံဟောင်းတွေ၊ အလွန်တရာကြီးလေးတဲ့ ကံဟောင်းတော့ ဝင်ရောက်နိုင်စက်လို့ ဖြတ်တနဲ့ဆို သေတယ်။ အလွန်ကြီးလေး

တဲ့ကံကြီးတခု ရုတ်တရက် ဖြုန်းကနဲဝင်လာပြီးတော့ နှိပ်စက်လိုက်ယင်လဲ သေသွားတာပဲဆိုတော့-

ဆရာတော်။ ။သေနည်း ဘယ်နှစ်နည်းလဲ။

ဓမ္မယောဂီများ။ ။လေးနည်းပါဘုရား။

လေးနည်းရှိတယ်။ အသက်ဘမ်းစေ့လို့ သေခြင်း၊ ကံကုန်လို့ သေခြင်း၊ အသက်တမ်းရော ကံရော နှစ်ပါးစုံကုန်၍ သေခြင်း၊ ထိုနှစ်ပါးစုံ မကုန်သေးပေမဲ့ ကံကြီးတခုခု ဝင်ရောက်နှိပ်စက်ပီးဘော့ဖြတ်လို့ သေခြင်း၊ ဥပစ္ဆေဒကကံနော်။

သတ္တဝါတွေ အဲဒီသေနည်း လေးနည်း တနည်းနည်းနဲ့ သေကြရတယ်။ ထိုသေနည်းလေးနည်းကို ထပ်ပြီးတော့ ခွဲမယ်ဆိုယင် ကာလမရဏ၊ အကာလမရဏ ဒီလိုဖြစ်သွားတယ်။ ရှေ့ပိုင်းသုံးခုက ကာလမရဏ၊ နောက်ပိုင်းတခုက အကာလ မရဏ။

အသက်တမ်းကုန်လို့ သေတာရယ်၊ ကံကုန်လို့ သေတာရယ်၊ အသက်ကံ နှစ်ပါးစလုံးကုန်လို့ သေတာရယ်။ အဲဒါက သေချိန်ရောက်လို့ သေတာမို့လို့ ဒါမျိုးကို ကာလမရဏခေါ် အသက်နဲ့ကံ နှစ်ပါးရှိသေးရက်နဲ့ ရုတ်တရက် ဓား၊ လှံ၊ လေးမြားအစရှိတဲ့ အန္တရာယ်တွေ ဖြုန်းကနဲ ဝင်နှိပ်စက်လို့ သေသွားကြတော့ အဲဒါ အချိန်မကျသေးပဲနဲ့ ကံလဲ မကုန်သေးဘူး။ အသက်တမ်းကလဲ ကျန်သေးရဲ့။ သို့သော်လဲပဲ ကံကြီးတခု ဝင်နှိပ်စက်လို့ သေသွားတာ။ အဲဒါ အကာလမရဏ၊ သေချိန်မကျသေးပဲနဲ့ သေတယ်။

ဘုန်းကြီးတို့ပရိသတ်။ ဆင်ခြင်ရမဲ့မရဏသည် အဲဒီ ကာလရော အကာလရော နှစ်ခုလုံးသော ဒီမရဏ။ ဒီသေနည်း နှစ်နည်း တနည်းနည်း။ အဲဒါကို ဘုန်းကြီးတို့ပရိသတ် နှလုံးထဲစွဲနေအောင် ဆင်ခြင်ထား။ ဒါကို အဘိဏှပစ္စဝေက္ခိတဗ္ဗ တရားတဲ့။

နောက်တခုရှိသေးတယ်။ သမုတိမရဏ၊ သမုစ္ဆေဒ မရဏ တို့ဆိုဘာ ရှိသေးတယ်။ သမုတိမရဏ၊ လောကသမုတ်ထား လို့သာ သေတယ်ပြောတာ။ တကယ်သေတတ်တဲ့ သဘောရှိမှ မရှိပဲ။ သစ်ပင်ကလေး သေသွားသတဲ့။

ဆရာတော်။　　။ဒို့ပရိသတ်၊ ဘာသေသွားသလဲ။

ခမ္မယောဂီများ။　　။သစ်ပင်သေသွားပါတယ်ဘုရား။

ငါ့ခြံထဲစိုက်ထားတဲ့ သစ်ပင်ပန်းပင်လေး သေသွားပြီ။ ငှက် ပျောပင်တွေ၊ သရက်ပင်တွေ သေပြီ။ အဲဒီသရက်ပင် သေတတ် တဲ့သဘော နဂိုက မရှိဘူး။

ဆရာတော်။　　။ဘုန်းကြီးတို့ပရိသတ်၊ သေတယ်ဆိုတာ ရှေးနားက ပြောခဲ့ပြီးပြီ၊ အာယု ဥသ္မာ ဝိညာဉ် ဒီသုံးခု စွန့်တာကို သေတယ်ဆို မဟုတ်လား။

ခမ္မယောဂီများ။　　။မှန်ပါဘုရား။

သစ်ပင်မှာ အာယုမရှိဘူး၊ ဥသ္မာမရှိဘူး၊ ဝိညာဉ်မရှိဘူး၊ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ မရှိ။ အဲဒီ ဇီဝိတရုပ်နာမ်မရှိတဲ့ အနိန္ဒြိယ ဗဒ္ဓရုပ် ဖြစ်နေသော ထိုဗဟိဒ္ဓ သစ်ပင်တွေ တောတောင်တွေကို

မသေပဲနဲ့ သေတယ်လို့ ပြောနေခြင်းသည် ဒိဋ္ဌိပရိသတ်၊ ဒါ သမ္မုတိမရဏာ။ သေတတ်တဲ့သဘောမရှိတဲ့ အရာဝတ္ထု။ ရုပ်ဇီဝိတ နာမ်ဇီဝိတ လုံးလုံးကင်းနေတဲ့အရာဝတ္ထု။အာယု ဥသ္မာ ဝိညာဉ် ဆိုတာတွေ လုံးလုံးကင်းနေတဲ့ အရာဝတ္ထု။

ဆရာတော်။ ။သစ်ပင်တွေ မသေတတ်ပဲနဲ့သေတတ်တယ်လို့ ပြောနေကြတာက ဘာမရဏာပါလိမ့်။

ဓမ္မယောဂီများ။ ။သမ္မုတိ မရဏာပါဘုရား။

ဆရာတော်။ ။သမ္မုတိမရဏာ—လောကက သမုတ်ထားလို့ သေတဲ့အသေ၊ တကယ်သေတာမဟုတ်ဘူး နော်။

ဓမ္မယောဂီများ။ ။မှန်ပါဘုရား။

## (၃) သံသေက တဆွေ၀၊ ပြဒါးသေက တပြည်၀

အင်္ဂရိတ်ဆရာတွေ လောဘကျတော့ ပြဒါးထိုးလိုက်တာ ငါ့ပြီဒါးလုံးတော့ သေပြီတဲ့။သံတွေထည့်ထိုး၊ သံသေသွားပြီတဲ့။

ဆရာတော်။ ။ပြဒါးသေယင် ဘယ်နှစ်ပြည် ၀သလဲ။

ဓမ္မယောဂီများ။ ။တပြည်၀ပါတယ်ဘုရာ ။

ပြဒါးသေတော့ တပြည်၀၊ သံသေဘော့ တဆွေ၀၊ ဟုတ်လား မသိဘူး။ ကိုယ်လဲ မှန်းရွတ်လိုက်တာ။ တပြည်ပဲ၀၀ တဆွေပဲ၀၀ ပြဒါးတွေ သံတွေ သေသေနေတဲ့ ဘုန်းကြီးတို့

ပရိသတ်၊ တကယ်သာ သေလို့ တကယ်ပေါ်တယ် ဆိုယင်လဲပဲ ဒီလောက် ဆင်းရဲတဲ့ တိုင်းပြည် ပြဒ္ဒါးလေးတလုံးလောက်တော့ ထိုင်ထိုးနေယင် မကောင်းဘူးလားလို့ တပြည်လုံး တဆွေလုံး အကုန်ဝသွားအောင်။

ပြီးတော့ ဘုန်းကြီးတို့ စဉ်းစားကြည့်တယ်—သစ်ပင်သေသွားလဲ ဘာမှအသုံးမကျဘူး။ လူသေသွားလဲ ပစ်သိုက်ရုံပဲ ဘာမှအသုံးမကျဘူး။ ဟောဒီပြဒ္ဒါးလုံး သေတာမှ အသုံးကျတယ်။ ဒါလဲပဲ စဉ်းစားစရာကြီး ဟုတ်လား။ မသေမှသာ အသုံးကျဖို့ကောင်း၊ သေသွား ဘယ်နှယ်လုပ် အသုံးကျမလဲ။ သေသွားယင် အပပိငဒ္ဒါ၊ မင့်မကွက် ရက်ရက်စက်စက် စွန့်ပစ်ခံရသည်ပြစ်၍။ လူများ သေ မင့်မကွက် စွန့်ပစ်ဘယ်ဟုတ်လား။

အေး—အဲဒီတော့ မသေတဲ့ဥစ္စာကို သေတယ်လို့ ပြောခြင်းဟာလဲပဲ ဒါပြောင်းပြန် သမ္မုတိမရဏ မဟုတ်လား။

**ဆရာတော်။** ။ပြဒ္ဒါးတွေ သံတွေထဲမှာ အာယု ဥသ္မာ ဝိညာဉ် ရှိရဲ့လား။

**ဓမ္မယောဂီများ။** ။မရှိပါဘုရား။

အာယု ဥသ္မာ ဝိညာဉ် မရှိပါပဲနဲ့ အဲဒီသေတတ်တဲ့သဘော မရှိတဲ့ အရာဝတ္ထု သေတယ်လို့ ပြောနေခြင်းသည် သမ္မုတိ မရဏ။

**ဆရာတော်။** ။ဘာ မရဏတဲ့။

**ဓမ္မယောဂီများ။** ။သမ္မုတိမရဏပါ ဘုရား။

ဆရာတော်။ ။အဲဒီ အသေလုံးကြီးနဲ့ ပြန်ပြီးတော့ ဒီလောကကြီးကို ကုစားမယ်တဲ့။ ပြဒါးတို့ သံတို့ဘာတရားတွေလဲဗျာ၊ သင်္ခတ တရားလား၊ အသင်္ခတ တရားလား။

ဝမ္မယောဂီများ။ ။သင်္ခတ တရားပါဘုရား။

ဆရာတော်။ ။သင်္ခတ တရား၊ တရစပ် ပျက်စီးနေတဲ့ ဒီသင်္ခတ တရားကြီးနဲ့ တရစပ် ပျက်စီးနေတဲ့ ဒီသင်္ခတလောကကို ဘယ်လိုများ ပြုပြင်အုံးမလဲ၊ သင်္ခတဆိုတာ ဘယ်သင်္ခတပဲဖြစ်ဖြစ် မပျက်စီးရတဲ့ သင်္ခတရယ်လို့ ရှိသေးသလား။

ဓမ္မယောဂီများ။ ။မရှိပါဘုရား။

မရှိဘူး၊ သင်္ခတ တရားမှန်သမျှ အကုန်ပျက်တဲ့ သဘောချည်းပါပဲ။ ဇာတိဇရာ မရဏ သင်္ခတ တရားတိုင်း အကုန်လုံးရှိတယ်၊ အဲဒါကြောင့်မို့လဲ သင်္ခတတရားမှန်သမျှ သဗ္ဗေ သင်္ခါရာ အနိစ္စာ ရှိတယ်နော်။ ဒါကြောင့် အနိစ္စတရား အကုန်လုံးထဲ ပါဝင်နေတဲ့ ဟောဒီသင်္ခတတရားစင်စစ် ဖြစ်နေတဲ့ အရာဝတ္ထုတွေနဲ့ တရစပ်ပျက်စီးနေတဲ့ သင်္ခတ တရားစင်စစ် ဖြစ်နေတဲ့ အရာဝတ္ထုများနဲ့ တရစပ်ပျက်စီးနေတဲ့ ဒီသင်္ခတ လောကကြီးကို ပြန်ပြီးတော့ ပြုပြင်မယ်လို့ ဒို့ပရိသတ်နော်။ ဘုရားရှင် ကိုယ်တော်မြတ်ကတော့—

မရဏဓမ္မောမှိ၊ မရဏံ အနတီတော။

အဟံ၊ ငါသည်။ မရဏဓမ္မော၊ သေရမည့်သဘောရှိသည်။ အမှိ၊ဖြစ်ရချေတော့၏။ မရဏံ၊ သေရမည့်သဘော ပျက်စီးရမည့်သဘောကို။ အနတီတော၊ ဘယ်လိုနည်းနဲ့မှ မလွန်မြောက်နိုင်ပါ။

ဆရာတော်။　　။သေခြင်းတရား လွန်မြောက်အောင်လုပ်လို့ ရပါ့မလား။

ဓမ္မယောဂီများ။　　။မရနိုင်ပါဘုရား။

သခ်တနယ်ကနေ လုပ်၊ လုပ်ချင်တဲ့နည်းနဲ့ လုပ်၊ ဟောဒီ မရဏတရားကို လွန်အောင်လုပ်နိုင်တဲ့နည်း သခ်တနယ်မှာ မရှိ။

ဆရာတော်။　　။သခ်တနယ်ရဲ့ အပြင်ရောက်လို့ အသခ်တနယ်ထဲဝင်ပြီဆိုယင်တော့ မတကို ပြောင်းပြန်ပြန် အမတ မရဘူးလား။

ဓမ္မယောဂီများ။　　။ရပါတယ်ဘုရား။

ဆရာတော်။　　။သေတဲ့တရားကို ပြောင်းပြန်ပြန် မသေတဲ့တရားဟာ အသခ်တနယ်မှာ ရှိတယ်တဲ့နော်။

ဓမ္မယောဂီများ။　　။မှန်ပါ့ဘုရား။

ဆရာတော်။　　။ဒါကြောင့် သခ်တနယ်ထဲမှာ နေယင်တော့ ဒီသေခြင်းတရား ထပ်တလဲလဲ ဆင်ခြင်နေ

ခြင်းဖြင့် အမဘကို တဖြည်းဖြည်းသွားကြ၊
ရမယ် မဟုတ်လား။

**ဓမ္မယောဂီများ။** ။မှန်ပါဘုရား။

တရစပ်သေတတ်တဲ့လူတွေဟာ ဒီသေခြင်းတရားပဲ ထပ်တလဲလဲဆင်ခြင်ပြီးတော့ မသေတဲ့ဆီသို့ တရွေ့ရွေ့သွားကြရမယ်။ အဲဒါကြောင့်—

အဟံ၊ ငါသည်။ မရဏဓမ္မော၊ သေရမည့်သဘောရှိသည်။ အမို၊ ဖြစ်၏။ မရဏံ၊ သေရမည့်သဘောတရားတွေကို။ အနတိတော၊ ဘယ်လိုနည်းတွေနဲ့မှ မလွန်မြောက်နိုင်သည်။ အမို၊ ဖြစ်လေဘော၏။

ဣတိ၊ ဤသို့။ ဣတ္ထိယာ ဝါ၊ အမျိုးသမီးသည်ရင်း။ပုရိသေန ဝါ၊အမျိုးသားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်မှာနေသောလူသည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ အိမ်မှာမနေ ကျောင်းမှာနေတဲ့ရှင်ရဟန်းသည်ရင်း။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ တတိယံ၊ သုံးခုမြောက်ဖြစ်သော။ အဘိဏှပစ္စဝေက္ခိတဗ္ဗံ၊ အမြဲ အမ်းဆင်ခြင်ရမည့် တရားကို။ ဒေသေတိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

အဘိဏှပစ္စဝေက္ခိတဗ္ဗ ဓမ္မကသာ ဒေသနာတော်၌ တတိယဆင်ခြင်ရမည့်အချက်က သေခြင်းတရားကို မပြတ်မပြတ်ဆင်ခြင်

တဲ့။ အဲဒါကြောင့် မသေလိုလျှင်သုသာန်သို့နာနာသွား၊မရဏ သတိကိုပွား၊ မသေလိုတဲ့ပုဂ္ဂိုလ်တွေ ဘုန်းကြီးတို့ပရိသတ်တို့ကို လေးမှတ်လိုက်၊ သေခြင်းတရားကို စူးစူးစိုက်စိုက်ကြည့်။

ဆရာတော်။ ။မသေချင်တဲ့ပုဂ္ဂိုလ်တွေ ဘာကို စူးစူးစိုက်စိုက်ကြည့်ရ။

ဓမ္မယောဂီများ။ ။သေခြင်းတရားကိုပါဘုရား။

မသေလိုတဲ့ပုဂ္ဂိုလ်တွေဟာ သေခြင်းတရားကို စူးစူးစိုက်စိုက် ကြည့်ပါ။ ဒါကြောင့် အဘိဏှပစ္စဝေက္ခိတဗ္ဗ မပြတ်ဆင်ခြင်အပ် တယ်။ ဒီတော့ ပါဠိတော်ကို ထုတ်လိုက်သင် မရဏဓမ္မောမှိ၊ မရဏံ အနတီတော။ ဒီလိုလာတယ်နော်၊ ကိုင်း—ဘုန်းကြီးတို့ ပရိသတ်၊ နှုတ်ထဲထည့်ဆို၊

ဆရာတော်။ ။မရဏဓမ္မောမှိ။ မရဏံ အနတီတော။ (သုံးကြိမ်တိုင်ပေး)

ဓမ္မယောဂီများ။ ။မရဏဓမ္မောမှိ၊ မရဏံ အနတီတော။ (သုံးကြိမ်လိုက်ဆို)

ဆရာတော်။ ။မရဏဓမ္မောမှိ၊ မရဏံ အနတီတော=ငါသည် သေရမည့်သဘောရှိ၏၊ သေရမည့်သဘောကို မလွန်မြောက်နိုင်သေးဘကား။ ဒီလိုဆင်ခြင်ရမယ်။ ကိုင်—လိုက်ဆို။ ''ငါသည်သေရမည့်သဘောရှိ၏။ငါသည် သေခြင်းတရားကို မလွန်မြောက်နိုင်ပါတကား''

ဓမ္မယောဂီများ။ ။ငါသည် သေရမည့် သဘောရှိ၏။ ငါသည် သေခြင်း တရားကို မလွန်မြောက်နိုင်ပါ တကား။

ဆရာတော်။ ။ဇီဝိန်တင်းလင်း၊ သက်ရှင်ခြင်းကား သေခြင်းနောက်ဆုံး ရှိချေသည်တကား။ (သုံးကြိမ်တိုင်ပေး)

ဓမ္မယောဂီများ။ ။ဇီဝိန်တင်းလင်း၊ သက်ရှင်ခြင်းကား၊ သေခြင်းနောက်ဆုံး ရှိချေသည်တကား။ (သုံးကြိမ် လိုက်ဆို)

မရဏ ဓမ္မောမှိ၊ မရဏံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

အဟံ၊ ငါသည်။ မရဏဓမ္မော၊ သေရမည့် သဘောရှိသည်။ အမှိ၊ ဖြစ်ချေတော့၏။ မရဏံ၊ သေရမည့်သဘောကို။ အနတီတော၊ ဘယ်လိုနည်းနဲ့မှ မလွန်မြောက်နိုင်သည်။ အမှိ၊ ဖြစ်ချေတော့၏။

ဘဝတခုတခု ရလာလို့ရှိယင် ဘဝရဲ့အဆုံးဆိုတာ မရဏပေါ့ပဲလို့။

ဣတိ၊ ဤသို့။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ကောင်းစွာမသေ့ ဆင်ခြင်၍နေအပ်၏။

**(ဃ) သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ။**

## (၁) ခွဲခွါခြင်းနှစ်မျိုး

“သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ” တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

(အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ ပါဠိ၊ အဘိဏှ-၆၄)

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ မေ၊ ငါအား၊ ပိယေဟိ၊ ချစ်အပ်ကုန်သော။ မနာပေဟိ၊ စိတ်နှလုံးကို ရွှင်ပြုံးတိုးပွားစေကုန်တတ်သော။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော ပုဂ္ဂိုလ်သတ္တဝါသင်္ခါရ သက်ရှိသက်မဲ့ အရာဝတ္ထုတို့နှင့်။ နာနာဘာဝေါ၊ သေပြီးတော့ ခွဲခွာကြရတယ်ဆိုတာ။ အတ္ထိ၊ ရှိ၏။ ဝိနာဘာဝေါ၊ မသေခင်နဲ့ အကြောင်းတမျိုး မျိုးကြောင့် ခွဲခွာကြရတယ်ဆိုတာဟာလဲ။ အတ္ထိ၊ ရှိ၏။

ဣတိ၊ ဤသို့။ ဣတ္ထိယာ ဝါ၊ အမျိုးသမီးသည်ရင်း။ ပုရိသေန ဝါ၊ အမျိုးသားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်၌နေသော သူသည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ အိမ်မှာမနေ ကျောင်းမှာနေသော ရှင်ရဟန်းသည်ရင်း။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဧတုတ္တံ၊ လေးခုမြောက် ဖြစ်သော။ အဘိဏှ ပစ္စဝေက္ခိတဗ္ဗံ၊ အမြဲ

တမ်း ဆင်ခြင်အပ်သော မဓ္ဘာဂထာ ဒေသနာကို။ ဒေသတိ၊ ကရုဏာခရှေထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

စတုတ္ထ ဆင်ခြင်ရမည့် အချက်က ဘာပြောတုံး ဆိုလို့ရှိယင်—

သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ
ဝိနာဘာဝေါ။

ပိယဝတ္ထု၊ သာတဝတ္ထု၊ ချစ်အပ် သာယာအပ်တဲ့ အရာဝတ္ထုတွေနဲ့ တနေ့တော့ ခွဲကြရအုံးမှာပဲ။ မခွဲချင်လဲ ခွဲကြရမှာပဲ။ သေလို့ခွဲရတာလဲ ရှိတယ်၊ မသေပဲနဲ့ ဘဝခြားပြီးတော့ အကြောင်းအမျိုးမျိုးနဲ့ ကွဲနေရတာလဲ ရှိတတ်တယ်တဲ့။

ဒါ့ဒီလို ဘယ်လောက်ပဲရှိရှိ တနေ့ ချစ်တဲ့ပုဂ္ဂိုလ်တွေဟာ ခွဲခွာခြင်းမှာ အဆုံးသတ်ပါတယ်၊ မခွဲနိုင်ဘူးလို့ ဘယ်လောက်ပဲ တယောက်လည်ပင်း တယောက်ဖက်နေနေ တနေ့ ခွဲခွာရတာမှာ အဆုံးသတ်သွားတယ် ဆိုတဲ့အကြောင်းကိုပဲ အမြဲဘမ်း နှလုံးသွင်းနေကြ ချစ်သားတို့လို့ မြတ်စွာဘုရား စတုတ္ထဆင်ခြင်ရမည့် အချက်ကို ဟောတယ်။

ဘုန်းကြီးတို့ မဓ္ဓကြာဒေသနာတော် လှမ်းပြီးတော့ ကြည့်လိုက်စမ်းပါ။ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ နောက်နားက ဒုက္ခောနော်။

ဆရာတော်။ ။ချစ်တဲ့သူနဲ့ခွဲရယင် ဒုက္ခလား၊ သုခလား။

ဓမ္မယောဂီများ။ ။ဒုက္ခပါဘုရား။

အဲဒီ ဒုက္ခသစ္စာကို ကြိုတင်ပြီးတော့ နှလုံးသွင်းထားလိုက်။ ချစ်တဲ့သူနဲ့ ခွဲရမယ့် ဒုက္ခတဲ့၊ ဒီဒုက္ခ တနေ့ ငါတွေ့ရတော့မှာလို့ ကြိုတင်ပြီးတော့ နှလုံးသွင်းထား၊ အလွန်တရာ ကြမ်းတမ်းလှစွာသော တောကြီးမြက်မဲ သွားမည့်တောသားသည် လက်ထဲ လက်နက်ကလေးတခု ကိုင်သွားဘို့ လိုတာကိုး။ ဘုန်းကြီးတို့ ပရိသတ် သွားရမည့် ခရီးဟာ အလွန်တရာ ကြမ်းတမ်းပါတယ်။

သံသရာ့ခရီး အလွန်တရာ ကြမ်းတမ်း၊ အိုဘေးဆိုးက နှိပ်စက်၊ နာဘေးဆိုးက နှိပ်စက်၊ သေဘေးဆိုးက နှိပ်စက်၊ အဲဒီ သေဘေးဆို နှိပ်စက်ယင် ချစ်တဲ့လူနဲ့ ခွဲရတယ်ဆိုတဲ့ ပိယဝိပ္ပယောဂ ဒုက္ခဆိုးကြီးက နှိပ်စက်။

ဒုက္ခအပေါင်းနဲ့ပွလီနေတဲ့ ခရီးကြမ်း သွားမည့် ဒို့ပရိသတ်သည်—

ပိယေဟိ၊ ချစ်ခင်နှစ်သက်အပ်ကုန်သော။ မနာပေဟိ၊ စိတ်နှလုံးကို ရွှင်ပြုံးတိုးပွားစေကုန်သော။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော ပုဂ္ဂိုလ်သတ္တဝါ သင်္ခါရ သက်ရှိသက်မဲ့ အရာဝတ္ထုတို့နှင့်။ နာနာဘာဝေါ၊ ဘဝခြားသဖြင့် ခွဲခွာကြရမယ်။ ဝိနာဘာဝေါ၊ မသေပဲနဲ့ တနည်းနည်းနဲ့ ခွဲခွာကြရမယ်၊

သေယင်လဲ ခွဲ—မသေပဲနဲ့လဲ ခွဲဆိုတဲ့ ခွဲနည်းတွေနဲ့ ခွဲကြရမယ်ဆိုတာကို အမြဲတမ်း ဆင်ခြင်ပြီးတော့ နေကြမယ်ဆိုယင် တောကြီးထဲသွားတဲ့ တောသားလက်ထဲ တုတ်ကလေးကိုင်ထားတော့ မြွေဟောက်ကြီး ပါးပျဉ်းထောင်နေတာ ချက်ချင်းတွေ့ယင် တခါတဲရိုက်လိုက်ယင် ဒို့ပရိသတ်၊ ကိုယ့်အတွက် ကာကွယ်နိုင်ရေး တော်တော်စိတ်ချရတယ် မဟုတ်လား။

ဘာမှ လက်ထဲဆောင်မထားပဲ တောကြီးမြက်မဲဝင်သွား၊ ဟိုကျ လမ်းလေးကျဉ်းကျဉ်းကျပ်ကျပ် ငန်းကြီးတကောင် ပါး ပျဉ်းထောင်နေသတဲ့ဆိုတော့ အဲဒီတော့မှ ရှေ့တိုးရတော့မလိုလို နောက်ဆုတ်ရတော့မလိုလို ဟိုသစ်ပင်ဆွဲ ဒီသစ်ပင်ဆွဲနဲ့ ပါး ပျဉ်းထောင်နေတဲ့ငန်းက ကိုယ့်ကိုကိုက်ဖို့ အဆင်သင့်ဖြစ်နေပြီ။

ဆရာတော်။ ။ဘုန်းကြီးတို့ပရိသတ်၊ ပါးပျဉ်းထောင်နေတဲ့ ငန်းမြွေကြီးဟာ ကိုက်ဖို့ အဆင်သင့် ဖြစ်ပြီဟုတ်လား ။

ဝမ္မယောဂီများ။ ။မှန်ပါဘုရား။

ကိုက်ဖို့ရန် အဆင်သင့်ဖြစ်နေရက်နဲ့ ဘုန်းကြီးတို့ပရိသတ် လက်ထဲမှာ လက်နက်ကိုင်မထားလို့ရှိယင် အဲဒီ ပါးပျဉ်းထောင် နေတဲ့ မြွေကြီးက ကိုယ့်ကို လက်ဦးသွားလိမ့်မယ်။ အဲဒါကြောင့် ပါးပျဉ်းထောင်နေတဲ့ မြွေဆိုး မြွေဟောက်ကြီးတွေ မမိကို လက်မဦးခင် ကိုယ်ကနေပြီးတော့ ဟောဒီချစ်တဲ့သူနဲ့ တနေ့ ခွဲရမယ်ဆိုတဲ့ လက်နက်ကလေးကို ဆောင်ထားလိုက်တဲ့။

မကြာခင် တနည်းနည်းနဲ့ ခွဲခွာကြရမယ်၊ နှစ်ပေါင်း ငါး ဆယ်ခြောက်ဆယ်ဆိုတာ ဘာမှမကြာဘူး။ နှစ်ပေါင်း ရှစ်ဆယ် ကိုးဆယ် တရာဆိုတာ ဒီလောက ဘာမှ မကြာလိုက်ဘူး၊ မကြာ ခင် ခွဲခွာကြရမယ်။ ခွဲပြီတဲ့ပုဂ္ဂိုလ်လဲ ခွဲပြီးကြပြီနော်။ ခွဲပြီးတဲ့ ပုဂ္ဂိုလ်တွေကလဲပဲ အများကြီးပဲ၊ တခါတဲ လက်မှတ်ယူ တန်း စီပြီးတော့ စောင့်နေကြတယ်။

ချစ်တဲ့သူနဲ့ ခွဲတဲ့ပုဂ္ဂိုလ်တွေကလဲ ခွဲပြီးကုန်ပြီ။ လက်နက် ဆောင်မထားလို့ ရင်ထဲမှာ အဲဒီ ပိယဝိပ္ပယောဂဆိုတဲ့ မြှားဆိပ်တွေက တက်လို့လဲပဲ လောင်ပြီးမှ လက်နက်ကိုင်ထားလို့။ အဲဒါကြောင့် ကြိုတင်ပြီးတော့ လက်နက်ကလေးတခု ဆောင်လိုက်စမ်းပါတဲ့။ လောကမှာ အဆင်းရဲဆုံးတရားတွေ ရှာလိုက်တော့ ချစ်တဲ့သူနဲ့ ခွဲကြရတယ်ဆိုတာလဲပဲ အလွန်တရာ ဆင်းရဲတဲ့တရား ဒုက္ခထဲထည့်ထားနော်။ ဒီတော့ ချစ်တဲ့သူနဲ့ ခွဲရလို့ဖြစ်လာတဲ့ ဒုက္ခ။ ဘုန်းကြီးတို့ ဓမ္မပဒက ဘာဟောသုံး ဆိုလို့ရှိယင်—

ပိယတော ဇာယတေ သောကော၊ ပိယတော ဇာယတေ ဘယံ။
ပိယတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

(ခုဒ္ဒကနိကာယ၊ ဓမ္မပဒ အဋ္ဌကထာ၊ ဒု-၁၇၁)

ပိယတော၊ ချစ်ပါတယ်ဆိုတဲ့ ပိယဝတ္ထုကြောင့်။ (ဝါ) ချစ်အပ်တယ်ဆိုတဲ့ ပိယဝတ္ထုကြောင့်။ သောကော၊ ရင်ထဲမှာ တောက်လောင်တဲ့ သောကဆိုတဲ့ မီးသည်။ ဇာယတေ၊ ဖြစ်၏။

ရင်ထဲ တောက်လောင်တဲ့ သောကမီး ပိယဝတ္ထုကြောင့် ဖြစ်တယ်မဟုတ်လား။ ပိယဝတ္ထုကြောင့် ရင်ထဲလောင်လာတာ သောကမီး။

ပိယတော၊ ချစ်အပ်တဲ့ အဲဒီဝတ္ထုကြောင့်။ ဘယံ၊ ဘေး အမျိုးမျိုးသည်။ ဇာယတေ။ ဖြစ်လာတတ်တယ်။

ချစ်အပ်တဲ့ ပိယဝတ္ထုကြောင့် ဘေး ဒုက္ခတွေလဲပဲ အမျိုးမျိုး ဖြစ်လာတတ်ပါတယ်။ သာတဝတ္ထုကြောင့် ဒုက္ခတွေလဲ

အမျိုးမျိုးဖြစ်လာတတ်တယ်။ ဘေးတွေလဲ အများကြီးတွေ့တတ်တယ်။ လူလူချင်း တယောက်နဲ့ တယောက် ချစ်ခင်တာကို မပြောဆိုနဲ့၊ ပစ္စည်းလေးတခုကိုများ ချစ်ခင်မိပြီဆိုလို့ရှိယင် အဲဒီပုဂ္ဂိုလ်ဟာ တော်တော်တန်တန် ဒုက္ခဖြစ်သွားတယ်။

ထိုပစ္စည်းဝတ္ထုမရ ရတဲ့နည်းနဲ့ ရှာလိမ့်မယ်။ တရားသော နည်းနဲ့ ရယင်ရ၊ မရယင် မတရားသောနည်းနဲ့ ရှာလိမ့်မယ်။ မတရားသောနည်းနဲ့ ရှာပြီဆိုကတဲက အဲဒီပုဂ္ဂိုလ်ဟာ ဘေးတွေ့နေပြီဘဲ့။ ပဋ္ဌဝေရဘယသုတ္တန်ရယ်လို့ မြတ်စွာဘုရားဟောတယ် ဘေးကြီးငါးပါး။

မိမိပစ္စည်းဝတ္ထုတခုခုကို၊ ပိယဝတ္ထုတခုခုကို လိုချင်တယ်ဆိုတဲ့ ပိယသဘာဝကြောင့် ရှာတဲ့အခါကျတော့ တခါတခါ တရားသဖြင့် ရှာယင်လဲ အဲဒီပုဂ္ဂိုလ်ဟာ ရာဂမီးဘေး ဘောက်သွားသေးတယ်။ မတရားသဖြင့် ရှာကြပြီဆိုဘဲ့ အခါမှာဖြင့် ဘော့ လက်တွေ့ ဘာမီးလောင်သွားသလဲ ဆိုလို့ရှိယင် အဒိန္နာဒါနသိက္ခာပုဒ်နဲ့ တွဲပြီးတော့ အပါယ်လေးပါးမီး တခါတဲ လောင်သွားတယ်၊ ကာမဝတ္ထု ပိယဝတ္ထု သာတဝတ္ထုကို လိုချင်လို့ မတရားရှာယင် ဟုတ်လား။ အဒိန္နာဒါန သိက္ခာပုဒ်နဲ့ အဘွဲ့လိုက် အပါယ်မီးတွေက လောင်သွားပြီ။

"ဘယ်မီး လောင်သွားတာဘဲ့လဲ"

"အပါယ်မီး လောင်သွားပါတယ်ဘုရား"

အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာမဲ့ခဲ့၊ ဆင်းရဲတတ်ဘိ၊
လိုရှိမရ၊ ဘောဂပျက်စီး၊ ချေမီးသူခိုး၊ မွေခံဆိုးနှင့်၊

မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊
ဖြစ်တတ်ရှာသည်။ ။ရှောင်ကာအပြန် အကျိုးတည်း။
(ရတနာ့ဂုဏ်ရည်၊ မဟာဂန္ဓာရုံ ဆရာတော် အမရပူရ)

မတရားသဖြင့် ပစ္စည်းတွေကို ရှာကြမယ်၊ လောဘရမ္မက် ငမ်းငမ်းတက်ပြီးတော့ ဟောဒီ ကာမဝတ္ထု၊ ပိယဝတ္ထု၊ သာတ ဝတ္ထုတွေကို တရကြမ်း လိုက်မိစဲ့ ရှာမိတဲ့ပုဂ္ဂိုလ်တွေ မဘရား သောနည်းနဲ့ ဒီပစ္စည်းတွေကို ရမိပြီဆိုယင် အပါယ်လေးပါးမှ မီးတွေလောင်ပြီတဲ့။

ဒါကြောင့် ပဥ္စာရဘယသုတ္တန် ဆိုဘာမှာ ဘုရားမြတ်စွာ က အဒိန္နာဒါနသိက္ခာပုဒ် လွန်ကျူးခြင်းသည် အဲဒါ ဘေး ဘပါး၊ မတရားသောနည်းနဲ့ သူတပါးပစ္စည်း ယူခြင်းဖြင့် ဆိုပုဂ္ဂိုလ်ဟာ ဘေးတမျိုး ဆိုက်တယ်နော်။ အဲဒါကြောင့်—

ပိယတော၊ သခ်ါရ တရားတွေကို ချင်ပါတယ် ဆိုတဲ့ အကြောင်းကြောင့်။ ပိယတော၊ ပိယဝတ္ထုလို့ ခေါ်တဲ့ ပစ္စည်း ဝတ္ထု အစုစုကို ချစ်ခင်မိပါတယ် ဆိုတဲ့အကြောင်းကြောင့်။ ပိယတော၊ ပုဂ္ဂိုလ်အချင်းချင်း ချစ်မိ ခင်မိပါတယ် ဆိုတဲ့ အကြောင်းကြောင့်။ သောကော၊ တနေ့ကျယင်လဲ လောင် တယ် ဆိုတဲ့အကျိုးသည်။ ဇာယတေ၊ ဖြစ်လာတယ်။ ဘယ်၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာမှာ ဘေးဒုက္ခ အဖုံဖုံသည်။ ဇာယတေ၊ ဖြစ်လာတတ်တယ်။

ပိယတော၊ ချစ်ခြင်းမှ။ ဝိပ္ပမုတ္တဿ၊ လွတ်မြောက်တဲ့ ပုဂ္ဂိုလ် အား။ သောကော၊ စိုးရိမ်ခြင်းသည်။ န ဇာယတေ၊ မဖြစ်ပါ၊

ပိယတော၊ အချစ်မှ။ ဝိပ္ပမုတ္တဿ၊ ကင်းလွတ်နေတဲ့ ပုဂ္ဂိုလ်အား။ ဘယံ၊ ပဋုပ္ပန်သံသရာ နှစ်ဖြာမှာ ဘေးဒုက္ခ အဖုံဖုံသည်။ နတ္ထိ၊ မရှိ။ ကုတော၊ အဘယ်မှာ။ ဘယံ၊ ဘေးသည်။ ကုတော၊ အဘယ်မှာ။ နဇာယတေ၊ ဖြစ်ပေါ်၍မလာ။

"ဒီတော့ ပါဠိတော်အရ အချစ်ကြီးယင် မှတ်လိုက် အပူကြီးတယ်။ အချစ်ကြီးယင်"

"အပူကြီးပါတယ်ဘုရား"

"အချစ်နဲ့မှ အပူသက်သာတယ်။ ဒီကနေ့ ဘုန်းကြီးတို့ ပရိသတ်ရဲ့ လောကဟာ အပူအားကြီးတဲ့ လောကကြီး၊ ဘာ အားကြီးတဲ့ လောက"

"အပူအားကြီးတဲ့ လောကပါ ဘုရား"

အပူအားကြီးတဲ့ လောက၊ ဘာ့ကြောင့် ဒီအပူသောကမီး တွေ တောက်သလဲ အချစ်အားကြီးလို့။ ဒါလိုပြောယင် ပိယ ဝတ္ထု၊ သတ္တဝတ္ထုတွေမှာ ရာဂမီးတွေ စွဲနေတဲ့အတွက်ကြောင့် နောက်နားက သောကဆိုတဲ့ အကျိုးဆက် လော်င်တယ်တဲ့ နော်။

အဲဒါကြောင့် ဘုရားမြတ်စွာက ချစ်မိပြီဆိုကတဲကိုက တနေ့ ခွဲရမယ်ဆိုတာ ကြိုတင်စဉ်းစားထားကြတဲ့။ အဲဒါ လက်ထဲ တုတ်ကလေးတချောင်း ကိုင်ထားလိုက်လို့ ပြောတာ။

"ချစ်တဲ့ လူနဲ့ခွဲရလို့ သောကဆိုတဲ့ မြှေဟောက်ကြီးပါးပျဉ်း ထောင်နေတာ ဘုန်းကြီးတို့ပရိသတ် တွေ့တယ်မဟုတ်လား"

"တွေ့ပါတယ်ဘုရား"

အဲဒါကြောင့်—အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပိယေဟိ၊ ချစ်အပ်ကုန်သော။ မနာပေဟိ၊ စိတ်နှလုံးကို ရွှင်ပြုံးတိုးပွားစေ

တတ်ကုန်သော။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော ပုဂ္ဂိုလ်သတ္တဝါ သခ်ါရတို့နှင့်။ နာနာဘာဝေါ၊ သေပြီးတော့ ခွဲကြရတယ် ဆိုတာ။ ဝိနာဘာဝေါ၊ မသေပဲနဲ့လဲ ရှင်ကွဲ ကွဲကြရတယ်ဆိုတာ၊ အတ္ထိ၊ ရှိလေတော့၏။

ဣတိ၊ ဤသို့။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ တံ ပိယဝိပ္ပယောဂဒုက္ခံ၊ ထိုချစ်ခင် နှစ်သက်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ခွဲရဘဲအတွက်ကြောင့် ဖြစ်ပေါ်လာတဲ့ ပိယဝိပ္ပယောဂ ဒုက္ခကြီးကိုလဲပဲ။ ပုရေတရမေဝ၊ မခွဲရမီ ရှေးဦးစွာကပင်လျှင်။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်၍ နေကြရမယ်။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်ရှင် ဘုရားသခင်သည်။ စတုတ္ထံ၊ လေးခုမြောက်ဖြစ်သော။ အဘိဏှ ပစ္စဝေက္ခိတဗ္ဗံ၊ အမြဲတမ်းဆင်ခြင်နေရမည့် ဒေသနာတော်ကို။ ဒေသေတိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု—သာဓု-သာဓုပါဘုရား။

ပါဠိတော်ထုတ်လိုက်မယ်ဆိုလို့ရှိယင် သဗ္ဗေဟိ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ စာလုံးနဲ့နဲ မျှားသွားတယ်။ ဘုန်းကြီးတို့ ပရိသဘ် ဆိုဘို့ရန် ခက်တယ်။ ရမှာလဲမဟုတ်ဘူး။ အဲဒါ အသာထားပြီးတော့ ဘုန်းကြီး ဘာဆိုပေးလိုက်မလဲ ဆိုယင် ထွဋ်ခေါင်ဆရာတော်ဘုရားကြီးရဲ့ သံပေါက်ပဲ။ ဆိုပါ။

ဆရာတော်။ ။ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေကွင်းနောက်ဆုံး ရှိချေသည်တကား။" (သုံးကြိမ် လိုက်ဆိုပါ။)

**ဓမ္မယောဂီများ။** ။ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊
ကွေ့ကွင်းနောက်ဆုံး ရှိချေသည်တကား”
(သုံးကြိမ်ဆို)

ရဟန်းတော်များလဲပဲ တနေ့ငါ့တပည့် ငါ့ဒကာ- ဒကာမ တွေနဲ့ ခွဲရမယ်။ ကြိုတင်ဆင်ခြင်ထားရမယ်တဲ့ နော်။ ဘုန်းကြီး တပါး သူများကျတော့ ဟောလိုက်တဲ့ဖြစ်ခြင်း။ ပိယေဟိ ဝိပ္ပ ယောဂေါ ဒုက္ခော ကြပ်ကြပ်နှလုံးသွင်း။ သေခြင်းတရားဆို တာ လူတိုင်း မလွန်မြောက်နိုင်ဘူး။ ဘယ်နေရာဖြစ်ဖြစ်ဟော။ သူ့မယ်တော် သေပြီလဲဆိုရော အဲဒါ သူ့သာန်မှာ တအီးအီးနဲ့ ဘုန်းကြီး တခါတဲ့ ငိုတော့တာဆိုပဲ။ အဲဒီတော့ ဒကာကြီးတွေ က ပြော “အရှင်ဘုရား၊ သူများကျတော့ ဟောလိုက်တာ ဘုရား၊ ဘယ့်နှယ် ကိုယ့်အမေသေတော့ ငိုလိုက်တာ” ဆိုတော့ “ဟဲ့–အဲဒါက ငါ့အမေဟ”လို့ ဆိုသတဲ့နော်။ “မင်းတို့အမေ သေတော့ ငါ ဘာပြုလို့ ငိုစရာရှိသလဲ”တဲ့ နော်။

အေး–ဒါ့ကြောင့် ကြိုတင်ပြီးတော့ လက်ထဲ တုတ်ကလေး ကိုင်မထားယင် ချစ်တဲ့သူနဲ့ ခွဲရမယ်ဆိုတဲ့ မြွေဟောက်ကြီးနဲ့ ရင် ဆိုင်တွေ့တော့ ပြူးပြူးပြာပြာဖြစ်တတ်တယ်။ အဲဒီလို ပြူးပြူး ပြာပြာမဖြစ်ရလေအောင် ကြိုတင် လက်နက်ဆောင်ထား၊

သေပြီးတော့ ခွဲရတယ်ဆိုတဲ့ သဘော၊ မသေပဲနဲ့လဲ တနည်း နည်းနဲ့ ခွဲကြရမယ်ဆိုတဲ့သဘော၊ မသေပဲနဲ့ ခွဲဆိုဘာ ဘုန်းကြီး တို့ ပရိသတ်၊ သိဘယ်နော်။ မတတ်သာ ခပ်ခွာခွာနေရတယ် ဆိုဘာ လေးတွေ ရှိတယ်မဟုတ်လား အရပ်ထဲ။ တယောက်နဲ့တယောက် ချစ်တော့ချစ်သားပဲ။ ဟန်အလုပ်လွန်သွားပြီးတော့ အမှုလွန်

ပြီးတော့ ခွဲနေကြရတဲ့ အပူသယ်တွေ ရှိတယ်မဟုတ်လား။ သူ့အိမ်လဲ ငါမလိုက်ချင်၊ ငါ့အိမ်လဲ သူမလိုက်ချင်နဲ့ ချစ်တော့ ချစ်သားပဲ။ ဟန်လုပ်ယင်း မာန်လုပ်ယင်းနဲ့ ဟန်တွေ မာန်တွေ တင်းလွန်းလို့ အဲဒါ ခွဲခွာနေကြရတဲ့ အပူသယ်တွေ အများကြီး ရှိတယ်။

တခါတခါကျတော့ တာဝန်တခုခု ဆောင်ရွက်ရလို့ အမိန့်တာဝန်အရ မတတ်သာ တတ်သာ ခွဲခွာနေကြရတာတွေ ရှိတယ် မဟုတ်လား။ အဲဒါကို စာက ပိယဝိပ္ပယောဂ။ သူသည် အလွန်ဆင်းရဲတဲ့တရား တဲ့။

"ဘုန်းကြီးတို့ပရိသတ်၊ ဆင်းရဲတယ် မဟုတ်လား"

"ဆင်းရဲပါတယ်ဘုရား"

"သူတို့က လက်တွေ့မို့လို့ သိတယ်နေ့ာ်"

"မှန်ပါဘုရား"

"ဘုန်းကြီးတို့ ဟောထားတဲ့ ဓနိယသုတ္တန်ထဲမှာလဲပါတယ်။ ဓနိယနွားသဌေးကြီးက မဟီမြစ်ကမ်း နွားတင်းကုပ်ထဲမှာ သားလိမ္မာ သမီးလိမ္မာ ချွေးမတွေနဲ့ နွားအကောင်ပေါင်း ဘယ်လောက်နဲ့ နေသတဲ့လဲ ဒကာထွန်းကျော်ရေ့"

"သုံးသောင်းပါဘုရား"

"နွားအကောင်သုံးသောင်း၊ သားက"

"ဆယ်ယောက်ပါဘုရား"

အဲ ဓနိယ သားဖွားတာ တော်တော်လေး များသွားတယ်။ ဘုန်းကြီးတို့ ပါဠိတော်ထဲ ဖွားထားတာက ခုနစ်ယောက်ထဲတွေ

တယ်။ နဲနဲပိုသွားတယ်။ ခနိုယ သနားစရာ ဖြစ်သွားတယ်။ သားလိမ္မာ ခုနစ်ယောက်ရယ်၊ သမီးလိမ္မာ ခုနစ်ယောက်ရယ်၊ ချွေးမလိမ္မာ ခုနစ်ယောက်ရယ်၊ ဇနီးချော ဇနီးလှ လိမ္မာလှတဲ့ ဒကာမကြီးရယ်၊ နွားအကောင်သုံးသောင်းရယ်၊ မိုးကလေး တစိမ့်စိမ့် ရွာခဲ့ရယ်တဲ့ အုံ့မှိုင်း ဆိုတဲ့အချိန်မှာ ပျော်ပျော်ကြီး နွားတင်းကုပ်ထဲမှာ စောင်ခြုံလေးနဲ့ ကွေးပြီးတော့ နေတယ်။ အဲဒါ သူ့ဟာသူ ကျေနပ်လွန်းလို့။ သားနဲ့လဲ မခွဲရ၊ သမီးနဲ့လဲ မခွဲရ၊ ဇနီးနဲ့လဲ မခွဲရ၊ ချွေးမလေးတွေနဲ့လဲ အတူဘူ၊ နွားကလေးတွေနဲ့လဲ အတူတူဆိုတော့ ပျော်စရာကြီး ဖြစ်နေတယ် ပေါ့။

အဲဒီအချိန်မှာ ဒို့ ဒကာကြီးတွေလဲပဲ သားကလေးတွေနဲ့ တအိမ်တဲ၊ သမီးလေးတွေနဲ့ တအိုးဘအိမ်တဲ၊ ချွေးမတွေ မြေးတွေနဲ့၊ မြစ်တွေနဲ့ တအိုးတဲ တအိမ်တဲ ကိုယ့်စီး ကိုယ့်ပွားနဲ့ တခါတဲ့ မြေကြီး ဝင်းကြီးနဲ့ ပျော်ပျော်ကြီးသာဆိုယင် ဘယ့်နှယ်တုံးဗျာ။ ခနိယကြီးလို ဒူးကလေးများ နှန့်မလာပေဘူး လား''

''နှန့်လာပါတယ်ဘုရား''

အင်း ဒူးတင်နှန့်ယင် တော်သေးတာပေါ့နော်။ ခနိယ နွားသဌေးကြီးကတော့ ဘာပြောတုံးဆို သို့ရှိယင်—

မဟိယာ၊ မဟိမြစ်ကြီးရဲ့။ အနုတီရေ၊ ကမ်းပါး၌။ သပုတ္တဒါ ရေဟိ၊ အဲဒီ သားလိမ္မာခုနစ်ယောက် သမီးလိမ္မာ ခုနစ်ယောက် ချွေးမလိမ္မာ ခုနစ်ယောက် နွားအကောင် သုံးသောင်း ဇနီးချော

ဇနီးလှ ဒကာမကြီးနဲ့တကွ။ သမာနဝါသော၊ အတူတကွနေထိုင်ရသည်။ အသို၊ ကောင်းစွာစင်စစ် ဖြစ်ပါပေ၏။ တသ္မာ၊ ထိုကြောင့်မို့လို့။ ဒေဝါ၊ ပဇ္ဇုန်ခေါ်တဲ့ မိုးနတ်မင်း။ အထစေ ပတ္တယသိ၊ အကာယ်၌ တောင့်တလျှင်စွာ အသင်မိုးမင်း ရွာသွန်းလိုက်သည်ဖြစ်ပါအံ့၊ ဝဿ၊ အလိုရှိသမျှ ရွာလိုက်စမ်းပါ။

"သားတွေနဲ့အတူဘူ နေရလို့မပူဘူး။ ပိယဝိပ္ပယောဂဒုက္ခရှိသေးသလား"

"မရှိပါဘုရား"

"သမီးတွေနဲ့ အတူတူနေရလို့ ပိယဝိပ္ပယောဂဒုက္ခ"

"မရှိပါဘုရား"

"ချွေးမတွေနဲ့ အတူတူမို့လို့၊ ဇနီးချောဇနီးလှနဲ့ အတူဘူမို့လို့ ယခုလို မိုးဦးကလေးကျလာလို့ မိုးကလေးတစိမ့်စိမ့်နဲ့အနောက်တောင်လေကလေး တဖြူးဖြူးနဲ့ ကောင်းကင်က ညိုမဲလာတဲ့အချိန် တခြားစီနေရတဲ့သူတွေ အဲဒီလို မိုးကလေးတညိုညို ဖြစ်လာတဲ့အချိန် အလောင်ဆုံးပဲလို့ ပြောတာပဲ။ ဘယ့်နှယ်လဲ ဒကာ ကိုထွန်းကျော်ကြီး ဟုတ်ကဲ့လား"

"မှန်ပါတယ်ဘုရား"

"အေး—လက်တွေ့ သူတို့က အဲဒီလို ပိယဝိပ္ပယောဂဒုက္ခမရှိဘူး။ မိုးရွာချင်တိုင်း ရွာလိုက်စမ်းပါ။ ဒီတော့ ပိယဝိပ္ပယောဂမဖြစ်လို့ ပိယသမ္ပယောဂ ဖြစ်နေပြန်တော့လဲ တဖက်က ရာဂမီးမသက်သာဘူး။ ချစ်တဲ့သူနဲ့ အတူတူနေရတော့ ဘာမီးလဲဗျာ"

"ရာဂမီးပါဘုရား"
"အဲဒီချစ်တဲ့သူနဲ့ ခွဲလိုက်ရတော့ကော"
"သောကမီးပါဘုရား"

သောကမီးတဲ့။ အထက်မီး အောက်မီးဆိုတဲ့ မုန့်လိုနေလိမ့်မယ်ထင်တယ်။ ဘုန်းကြီးတို့ပရိသတ်။ အဲဒါ မြိုက်ထားတာက အထက်မီး အောက်မီးနော်။ မုန့်သာဆိုယင် ကျက်ပြီ၊ စားဖို့တောင်ကောင်းပြီ။ သံသရာတလျှောက်လုံးက မြိုက်ထားတာ အထက်မီးအောက်မီး။ အတူတူနေကြရလို့ ရာဂမီး။ ခွဲခွာပြီးတော့ နေကြရလို့ သောကမီး။ ဘယ်ဖက်ကမှ မသက်သာဘူး။

ဒီတော့ အချစ်အမုန်း နှစ်မျိုးစလုံးကုန်မှ ဘုန်းကြီးတို့ပရိသတ် သက်သာမယ်၊ ဟုတ်ကြပြီလား။ အေး– ဒါကြောင့် မို့လို ပိယဝိပ္ပယောဂဆိုတာက သောကအနေနဲ့ လောင်တဲ့မီး။ ပ်ယသမ္ပယောဂဆိုတာက ရာဂအနေနဲ့တောက်တဲ့မီး။ ဘယ်ဘက်ကမှ မသက်သာဘူး။ မီးလောင်အိမ်ကြီးထဲမှာ နေရပါတယ်။ ဒါကြောင့်–

အာဒိတ္တသ္မိံ အဂါရသ္မိံ၊ ယံ နီဟရတိ ဘာဇနံ။
တံ တဿ ဟောတိ အတ္ထာယ နော စ ယံ တတ္ထ ဍယှတိ။
(သံယုတ္တနိကာယ သဂါထာဝဂ္ဂ သံယုတ္တပါဠိ အာဒိတ္တ-၂၉)

မီးလောင်အိမ်ထဲကနေပြီတော့ ပစ္စည်းကို မြန်မြန်ထုတ်။
"မီးလောင်အိမ်ထဲနေတဲ့လူတွေ ဘာလုပ်ရလဲ"
"ပစ္စည်း မြန်မြန်ထုတ်ရပါတယ်ဘုရား"

အဲဒီအိမ်ကြီး မီးလောင်လို့ ပြာမကျသေးခင် ပစ္စည်းလဲ ထုတ်ထား။ ဒီမီးလဲပဲ ရေပုံးကလေးတွေနဲ့ ဆွဲဆွဲပြီးတော့ ဖျန်း အုံးမှဖြစ်မယ် မဟုတ်သား။ အဲဒါကြောင့် ရေပုံးကလေးတပုံး ပေးပါတဲ့။ ဘုရားရှင်ကိုယ်တော်မြတ်က အဲဒီခုစ်တဲ့သူတွေနဲ့ ကနေ့ ခွဲကြရမယ်ဆိုတဲ့အကြောင်း ကြိုတင်ပြီးတော့ ဆင်ခြင် ထား–တဲ့။

အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်၍ နေအပ်ပါ၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်ရှင် ဘုရားသခင်သည်။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ ကရုဏာရှေ့သွား မေတ္တာအာဖြင့် ဟောကြား တော်မူလိုက်ပါပေသတည်း။

သာဓု–သာဓု–သာဓုပါဘုရား။

(င) **"ကမ္မဿကောမှိ၊ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော။ ယံ ကမ္မံ ကရိဿာမိ ကလျာဏံဝါ ပါပကံဝါ တဿ ဒါယာဒေါ ဘဝိဿာမိတိ"**

## (၁) ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ

"ကမ္မဿကောမှိ၊ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော။ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမိ"တိ အဘိဏှံ ပစ္စဝေက္ခိ တဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။ (အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတ ပါဠိ အဘိဏှ-၆၃)

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ အဟံ၊ ငါသည်။ ကမ္မဿကော၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်။ အမှို၊ ဖြစ်၏။ ၁—ချက်။

အဟံ၊ ငါသည်။ ကမ္မဒါယာဒေါ၊ ကံပေးသမျှရကြယူကြရသည်။ အမှို၊ ဖြစ်၏၊ ကမ္မယောနိ၊ ကံသာလျှင် ဆင်းရဲဒုက္ခတို့၏ အကြောင်းရင်းဖြစ်သည်။ အမှို၊ ဖြစ်၏။ ကမ္မဗန္ဓု၊ ကံသာလျှင် ငါတို့ရဲ့ မိတ်ဆွေသဖွယ် အားကိုးရာရှိ၏။ ကံသာလျှင် ငါတို့ရဲ့ မိတ်ဆွေဖြင့်သည်။ အမှို၊ ဖြစ်၏၊ လေးချက်နော်။

ကမ္မပဋိသရဏော၊ ကံဆိုတဲ့ဘုရားသာလျှင် ငါတို့ရဲ့ အားကိုးရာ အားထားရာ မှီခိုရာရှိသည်။ အမှို၊ ဖြစ်၏။

"ဘယ်နှစ်ချက်လဲ"

"ငါးချက်ပါဘုရား"

"အေး—အဲဒါဆင်ခြင်ရမယ်"

အဟံ၊ ငါသည်။ ကလျာဏံဝါ ကမ္မံ၊ ကောင်းတဲ့ကံကိုပဲ ဖြစ်ဖြစ်။ ပါပကံဝါ ကမ္မံ၊ မကောင်းတဲ့ကံကိုပဲ ဖြစ်ဖြစ်။ ကရိဿာမိ၊ အကယ်၍ ပြုခဲ့မိသည်ဖြစ်အံ့၊ တဿ၊ ထိုငါပြုထားတဲ့ ကောင်းတဲ့ကံ မကောင်းတဲ့ကံ၏၊ ဒါယာဒေါ၊ ပေးသမျှကို သာလျှင်ရဘတ် ယူဘတ်သည်။ အမှို၊ ဖြစ်၏။

ဣတိ။ ဤသို့။ ဣတ္ထိယာ ဝါ၊ အမျိုးသမီးသည်ရင်း။ ပုရိသေန ဝါ၊ အမျိုးသားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်မှာနေတဲ့ သူသည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ အိမ်မှာမနေ ကျောင်းမှာနေတဲ့ ရှင်ရဟန်းသည်ရင်း။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်ပါ၏။

ဠတို၊ ဤသို့။ ဘ၇၀ါ၊ ဘုန်းတော်ခြောက်ပါးနှင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ပဥ္စမံ၊ ငါးခုမြောက်သော၊ အဘိဓမ္မာပစ္စယကြီးတဗ္ဗ၊ အမြဲဘမ်း ဆင်ခြင်နှလုံးသွင်းနေရမည့် အချက်ကို။ ဒေသေတိ၊ ကရုဏာရှေ့သွား မေတ္တာအားဖြင့် ဟောကြားတော်မူလိုက်ပါသတည်း။

"သာဓု–သာဓု–သာဓုပေါ့ဘုရား"

ပဥ္စမအချက် ဆင်ခြင်ကြရမှာက ရှေးနည်းက လေးချက်ကို ပြန်ကြည့်လိုက်စမ်း။

၁။ အိုရတဲ့ ဒုက္ခ၊
၂။ နာရတဲ့ ဒုက္ခ၊
၃။ သေရတဲ့ ဒုက္ခ၊
၄။ ချစ်ရတဲ့သူနဲ့ခွဲရတဲ့ ဒုက္ခ၊

"အဲဒီဒုက္ခတွေကို ဘုန်းကြီး တို့ပရိသတ်၊ ရချင်သလား၊ မရချင်ဘူးလား"

"မရချင်ပါဘုရား"

"မအိုပါလို့ ငါကဆိုလည်း၊ ငါ့ဆိုမရ၊ အိုကြရ၊ အနတ္တခန္ဓာကိုယ်"

ဘယ်လောက်ပဲ မအိုချင်ပါဘူးလို့ ပြောပြော အိုကြရတဲ့ အနတ္တခန္ဓာကိုယ်နော်။

"မနာပါလို့ ငါကဆိုလည်း၊ ငါဆိုမရ၊ နာကြရ၊ အနတ္တခန္ဓာကိုယ်"

ဘယ်လောက်ပဲ မနာချင်ပါဘူးပြောပြော နာကြရမယ်။

"မသေပါလို၊ ငါကဆိုလည်း၊ ငါဆိုမရ၊ သေကြရ၊ အနတ္တ ခန္ဓာကိုယ်"

မသေချင်ပါဘူးလို့ ဘယ်လောက်ပင် ဆုတောင်းဆုတောင်း တနေ့ သေကြရမယ်၊ ဒီလိုဟုတ်လား။

"မခွဲပါလို၊ ငါကဆိုလည်း၊ ငါဆိုမရ၊ ခွဲကြရ၊ အနတ္တ ခန္ဓာကိုယ်"

ဘယ်လောက်ပဲ ဘယ်သူနဲ့ မခွဲချင်ပါဘူးလို့ ပြောပြော၊ ငှက်ဖြစ်တောင် တကိုင်းထဲလို့ ဘယ်လိုပဲဆိုဆို၊ တနေ့ ခွဲကြရမယ်၊ ဒီလိုနော်။ အဲဒီလိုတော့ မဖြစ်ချင်တာ အကုန်ဖြစ်ရတယ် မဟုတ်လား။ အဲဒီလို မဖြစ်ချင်တာတွေအကုန်လုံး ဖြစ်ပြီဆိုတဲ့ တနေ့ နောက်ဆုံး သက်သာအောင် နှလုံးသွင်းရမည့်အချက်ကို ကမ္မဿကော-ဆိုတဲ့ အပိုဒ်နဲ့ ပေါင်းတယ်။

မအိုချင်ပဲနဲ့ အိုရတယ်၊ မနာချင်ပဲနဲ့ နာရတယ်၊ မသေချင်ပဲနဲ့ သေရတယ်၊ မခွဲချင်ပဲနဲ့ ခွဲကြရတယ်၊ အဲဒါတွေ မဖြစ်ချင်ဘူး။ ဘယ်လိုပဲနေနေ တနေ့ ဒီလေးမျိုး အကုန်လုံး ကြုံရတာချည်းပဲ။ ပဉ္စမအချက်ထဲမှာ သွားချုပ်တယ်နော်။

ကမ္မဿကော၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်။ အမှိ၊ ဖြစ်၏။

ကံသာလျှင် ကိုယ်ပိုင်တဲ့ဥစ္စာ၊ ကိုယ်ပိုင်တဲ့ဥစ္စာဟာ ကံဘရား ဆိုတော့ ဘုန်းကြီးတို့ ပရိသတ်၊စဉ်းစား။ ကံဘရားဟာ အကြမ်းအားဖြင့် ကုသိုလ်ဆိုတဲ့ ကံရယ်၊ အကုသိုလ်ဆိုတဲ့ ကံရယ်၊ ကောင်းတာ မကောင်းတာ နှစ်မျိုးရှိတယ်။

"ကိုယ်ပိုင်အနေနဲ့ သိမ်းပိုက်တော့မယ်ဆိုယင် ဘုန်းကြီးတို့ ပရိသတ်၊ ကောင်းတာကို ငါပိုင်လုပ်သလား၊ မကောင်းတာတွေကို ငါပိုင်လုပ်သလား"

"ကောင်းတာကို ငါပိုင်လုပ်ပါတယ်ဘုရား"

"လူ့လောက၊ လူ့ဓမ္မတာ ကောင်းတာမှန်သမျှ ငါပိုင်ချည်းပဲ၊ မကောင်းတာ နင်တို့ပေးမယ်၊ ဟုတ်ဘယ် မဟုတ်လား"

"မှန်ပါဘုရား"

'ကောင်းယင် ငါချည်း အကုန်ယူမယ်၊ မကောင်းယင် သူများ အကုန်ပေးမယ်၊ လူ့ဓမ္မတာရှိတယ် မဟုတ်လား"

"ရှိပါတယ်ဘုရား"

"ကိုင်း–ကုသိုလ်နဲ့ အကုသိုလ်၊ ကောင်းတဲ့ စေတနာနဲ့ မကောင်းတဲ့ စေတနာ၊ စေတနာကို ကံခေါ်တယ်နော်"

"မှန်ပါဘုရား"

"စေတနာဟံ ကမ္မံ ဘိက္ခဝေ ဝဒါမိ။ ဒီစေတနာလေး ကောင်းနေယင် ဒို့ပရိသတ်၊ ဘာကောင်းသလဲ"

"ကံကောင်းပါတယ်ဘုရား"

"စေတနာတွေ ယုတ်မာနေယင်"

"ကံတွေ ယုတ်မာနေပါဘယ် ဘုရား"

"ကံတွေ ယုတ်မာသွားတယ်၊ ကံမကောင်းဘူး၊ ငါ ကံကောင်းလိုက်တာလို့ဆိုယင် ငါ့စေတနာကောင်းလို့ပဲ၊ ငါ ကံမကောင်းဘူးဟေ့ဆိုလို့ရှိယင် ငါ့စေတနာယုတ်တယ်လို့ ကြွေးကြော်ဘာနဲ့ မတူဘူးလား"

"တူပါတယ်ဘုရား"

အဲဒါကြောင့် ငါကံဆိုးတယ်လို့ မပြောနဲ့၊ ငါစေတနာ ဆိုးလို့ဆိုတာ ကြေးကြော်ပြီးသား ဖြစ်သွားတယ်။

စေတနာသည် ကြံတိုင်းကြံတိုင်းဖြစ်တဲ့ စေတနာ၊ ပြောဘိုင်း ပြောတိုင်း နှုတ်မှာပါလာတဲ့စေတနာ၊ လုပ်တိုင်း လုပ်တိုင်း လက်နဲ့တွဲလာတဲ့စေတနာ။

အဲဒီ စေတနာလေးတွေဟာ လက်နဲ့တွဲတော့ ကာယကံလို့ ခေါ်တယ်။ နှုတ်နဲ့တွဲတော့ ဒီစေတနာကို ဝစီကံလို့ခေါ်လိုက် ပါတယ်။ စိတ်နဲ့တွဲတော့ ဒီစေတနာပဲ မနောကံလို့ခေါ်လိုက်ပါ တယ်။ တရားကိုယ် ကောက်လိုက်တဲ့အခါကျတော့ စေတနာ တလုံးတဲ့ရယ်။ အဲဒီစေတနာကိုပင်လျှင် အလုပ်တွေနဲ့ တွဲ၍တွဲ၍ ကံတဲ့။

"စေတနာကို အလုပ်နဲ့တွဲတော့ ဘာခေါ်သလဲ"

"ကံ ခေါ်ပါတယ်ဘုရား"

"ကောင်းတဲ့အလုပ်နဲ့တွဲယင်"

"ကုသိုလ်ကံပါဘုရား"

"ကောင်းတဲ့ ကံကုသိုလ်လို့ခေါ်မယ်၊ မကောင်းတဲ့အလုပ်နဲ့ တွဲခဲ့ယင် မကောင်းတဲ့ကံဆိုပြီးတော့ အကုသိုလ်ကံလို့ ခေါ်လိမ့် မယ်၊ ဒီလိုမဟုတ်လား"

"မှန်ပါ့ဘုရား"

"အိမ်ထဲ ရှိတဲ့ပစ္စည်းတွေ မကောင်းတာလေးများကျယင် အမိုက်ပုံထဲ အကုန်သွန်ပစ်ကြတယ် မဟုတ်လား"

"မှန်ပါ့ဘုရား"

“ဒါဖြင့် ဘုန်းကြီးတို့ပရိသတ်ရဲ့ ဟောဒီ ခန္ဓာအိမ်ထဲ လှောင်ထားတဲ့ ကောင်းတဲ့စေတနာ၊ မကောင်းတဲ့စေတနာ နှစ်မျိုးရှိရာတွင် အမိုက်သဖွယ်ဖြစ်နေတဲ့ မကောင်းတဲ့စေတနာတွေကို သွန်ပစ်ဖို့ မကောင်းဘူးလား”

“ကောင်းပါတယ်ဘုရား”

“ဒါပေမဲ့ လူများစုဟာ အဲဒါတွေ များများသိမ်းဆည်းမိနေကြတယ်”

“မှန်ပါ့ဘုရား”

“ကမ္မဿကာ-ကံသာလျှင် ငါ ပိုင်တဲ့ဥစ္စာ၊ ကိုယ်ပိုင်အဖြစ်နဲ့ သိမ်းရမှာ မကောင်းတာကို သိမ်းကြမလား၊ ကောင်းတာတွေကို သိမ်းကြမလား”

“ကောင်းတာကို သိမ်းကြမှာပါဘုရား”

“အေး-ကောင်းတာ ကိုယ်ပိုင်အဖြစ်နဲ့ များများကြီး စုဆောင်းကြ၊ အဲဒါ ကမ္မဿကာလို့ခေါ်တဲ့ ကိုယ်ပိုင်ဥစ္စာ၊ မကောင်းတဲ့ကိစ္စတွေကျတော့ ကိုယ်မပိုင်ဘူးရယ် ဆိုပြီးတော့ မြန်မြန်စွန့်ပစ်လိုက်တယ် မဟုတ်လား”

“မှန်ပါဘုရား”

## (၂) ကမ္မဿကတာ သမ္မာဒိဋ္ဌိ အရေးကြီးတယ်

အေး-ဒါ့ကြောင့်မို့လို့—

ကုသလကမ္မံ နာမ၊ ကုသိုလ်ကံမည်သည်ကား။ အနတ္ထဗျဥ္ဇနတော စေဝ၊ အကျိုးမဲ့ကို ဖျက်ဆီးတတ်ပါတယ်ဆိုတဲ့အကြောင်း

ကြောင့်ရှင်း။ အတ္တဇနန တော စ၊ ကောင်းတဲ့အကျိုးကိုဖြစ်စေတတ်ပါတယ်ဆိုတဲ့ အကြောင်းကြောင့်ရှင်း။ သကံ နာမ၊ ကိုယ်ပိုင် မည်လေဘော့၏။

ကုသိုလ်ကံဆိုတာက မိမိရဲ့အကျိုးစီးပွားကို ဖြစ်တတ်တဲ့အတွက်ကြောင့်ရှင်း၊ မိမိရဲ့အကျိုးစီးပွားမှဲ့ မကောင်းတာတွေကို ဖျက်ဆီးပစ်တတ်တယ်ဆိုတဲ့ အကြောင်းကြောင့်ရှင်း ကုသိုလ်တရားကျတော့ သကံနာမ–သကခေါ်တယ်။ ကမ္မရယ် - သကရယ် ဟုတ်လား၊ ကမ္မသကရယ် နောက်နားက တာ လေးနဲ့ ဒိဋ္ဌိလေးထည့်လိုက်ယင် ကမ္မဿကတာဒိဋ္ဌိ၊ သမ္မာနဲ့တွဲ အပြည့်အစုံ၊ ကမ္မဿကတာသမ္မာဒိဋ္ဌိ၊

"အေး–ဒီဥစ္စာကို ငါပိုင်အဖြစ်နဲ့ သိမ်းထားသင့်တယ်ဟေ့လို့ ယုံကြည်ယင် ဒိုပရိသတ်မှာ ဘာဒိဋ္ဌိရသလဲ"

"ကမ္မဿကတာသမ္မာဒိဋ္ဌိ ရပါတယ်ဘုရား"

ကမ္မဿကတာသမ္မာဒိဋ္ဌိ ငါတံနာတဲ့၊ သတ္တိကို ယုံကြည်တယ်ဆိုတဲ့ဥစ္စာဟာ ဉာဏ်ကိုဦးစီးတဲ့ မဟာကုသိုလ်စိတ်နော်၊ ဒီစေတနာရဲ့သတ္တိကို ယုံကြည်ခြင်းသည် ဉာဏ်ဦးစီးတဲ့ မဟာကုသိုလ်စိတ်။ အဲဒီ မဟာကုသိုလ်စိတ်သည် ကမ္မဿကတာ သမ္မာဒိဋ္ဌိဗျ။ ဒါဖြင့် ဒိုပရိသတ် သိမ်းပိုက်ရမှာ ကောင်းတာကို သိမ်းပိုက်ကြရလိမ့်မယ်ခနော်။

"မကောင်းတဲ့ အကုသိုလ်ကံတွေကျ၊ သိမ်းပိုက်ရမှာလား"

"မသိမ်းပိုက်ရမှာပါ ဘုရား"

"မသိမ်းပိုက်ရယင် မကောင်းတဲ့ကံသည် ကိုယ်ပိုင်တဲ့ဥစ္စာတဲ့လား၊ ကိုယ်မပိုင်တဲ့ဥစ္စာလား"

"ကိုယ်မပိုင်တဲ့ဉစ္စာပါ ဘုရား"

"ကောင်းတဲ့ကံ ကိုယ်မပိုင်ဘူးဆိုယင် အဲဒါ မြန်မြန်ကြီး စွန့်ပစ်မှဖြစ်မယ်"

"မှန်ပါဘုရား"

ဘာကြောင့် စွန့်ပစ်ရသလဲဆိုယင် အကြောင်းနှစ်ချက်ရှိ တယ်။

အကုသလံပဇဟထ၊ အကုသိုလ်ကံသည်ကား။ အနတ္ထာဇနနံတော စေဝ၊ အကျိုးမဲ့ မကောင်းတာတွေကို ဖြစ်စေတတ်ပါတယ်ဆို တဲ့ အကြောင်းကြောင့်ရင်း။ အတ္ထဗျဉ္စနတော စေဝ၊ အကျိုး စီးပွားချမ်းသာတွေကို ဖျက်ဆီးပစ်ပါတယ်ဆိုတဲ့ အကြောင်း ကြောင့်ရင်း။

"အကြောင်း ဘယ်နှစ်ပါးလဲ"

"

"အကုသိုလ်ကံသည် ကောင်းကျိုးချမ်းသာမှန်သမျှ အကုန် ဖျက်ပစ်တယ်၊ မကောင်းတဲ့ စေတနာဝင်တော့ ဒိုပရိသ ချမ်းသာသေးသလား"

"မချမ်းသာပါဘုရား"

"မကောင်းတဲ့စေတနာသည် ကောင်းကျိုးစီးပွားမှန်သမျှ အကုန်ဖျက်ဆီးပစ်တယ်၊ အကျိုးစီးပွားမဲ့ မကောင်းတာတွေကို ဖြစ်စေတတ်တယ်၊ အဲဒီအကြောင်းနှစ်ချက်တို့ကြောင့်—

အကုသလကမ္မံ၊ အကုသိုလ်ကံမည်သည်ကား။ ကမ္မံနာမ၊ ကံဟောသည်ပါတယ်။

"အဲဒီ အကြောင်းနှစ်ပါးကြောင့် ဒီ အကုသိုလ် စေတနာလေးကို 'ကံ'လို့ ခေါ်တယ်၊ ဘာလို့ခေါ်"

"ကံ လို့ ခေါ်ပါတယ်ဘုရား"

"ကံ လို့ခေါ်ပါ။ ဒါပေမဲ့ ကိုယ်ပိုင်အဖြစ်နဲ့ ယူရမှာလား"

"မယူရပါဘုရား"

ကမ္မံ နာမ၊ ကံတော့မည်ဘယ်။ ပန၊ သို့သော်လဲပဲ။ အနေ သကံ. ကိုယ်ပိုင်ဥစ္စာမဟုတ်။

ကံတော့ ဟုတ်တယ်။ ကိုယ်မပိုင်ဘူး ပယ်ပစ်ရမယ်။ အဲဒါကို ကွဲကွဲပြားပြား ကောင်းတာနဲ့ မကောင်းတာ ခွဲနားလည်တဲ့ ယုံကြည်တဲ့ အသိဉာဏ်သည် ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဟုတ်ပြီလား။ အဲဒါကို ကြပ်ကြပ် သဘောပေါက်အောင် နှလုံးသွင်းထားရမယ်တဲ့ ဒိုပရိသတ်။

ကမ္မဿကတာသမ္မာဒိဋ္ဌိမရှိယင် ဘယ်ကောင်းမှုပဲပြုပြု ဘုန်းကြီးတို့ပရိသတ်၊ မကောင်းမှုကိုပဲပြုပြု ဒါနရယ်၊ သီလရယ်၊ သမာဓိရယ်၊ ပညာရယ် ပြုခဲ့တဲ့ကောင်းမှုကိုပြုစမ်းပါ။ အဲဒီ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အခြေခံ အရင်းခံပြုမှသာလျှင်—

ပုဗ္ဗေဝ၊ ကုသိုလ်ကောင်းမှုရဲ့ ရှေးဦးစွာကသာလျှင်။ သုပရိသုဒ္ဓံ၊ အဲဒီကုသိုလ်ကောင်းမှုအား ကောင်းစွာ သန့်ရှင်းစင်ကြယ်၍ နေသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ကုသိုလ်ကောင်းမှု အစကတဲက သန့်ရှင်းဆိုဘာဟာ ဘာပြောသလဲ။ ကမ္မဿကတာ သမ္မာဒိဋ္ဌိပါမှ ဒီကုသိုလ်ဟာ သန့်ရှင်းတယ်။

"အရေးမကြီးဘူးလား၊ ကြီးသလား"

"အရေးကြီးပါတယ်ဘုရား"
"အဲဒီ ကမ္မသကတာ သမ္မာဒိဋ္ဌိကို ဖယ်ပစ်မယ်ဆိုယင် ဘုန်းကြီးတို့ပရိသတ်၊ ဗုဒ္ဓဘာသာရဲ့ နယ်ပယ်ရဲ့အပြင်ထွက်သွားတယ်ဆိုတာ မှတ်လိုက်"
"မှန်ပါဘုရား"

ကမ္မသကတာ သမ္မာဒိဋ္ဌိကို ပယ်ပစ်ယင် ဗုဒ္ဓဘာသာရဲ့အပြင်ဘက်ကို ရောက်သွားလိမ့်မယ်နော်။ အဲဒါကို အခြေခံကြပ်ကြပ်နှလုံးသွင်း၊ သမ္မာဒိဋ္ဌိဉာဏ်ရင့်သန်ဘို့ရန်။ ဒါကြောင့်–

ကမ္မဿကော၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၊ အမို၊ဖြစ်၏။ကမ္မဒါယာဒေါ၊ ကံပေးသမျှရယူကြရသည်။အမို၊ဖြစ်၏။

ကမ္မဒါယာဒပုဒ်ကို အဋ္ဌကထာနဲ့ ဋီကာဖွင့်ပုံလေး အလွန်ကောင်း။

ကမ္မုနာ ဒါတဗ္ဗံ အာဒိယတီတိ ကမ္မဒါယာဒေါ။

ကမ္မုနာ၊ ကံတရားသည်။ ဒါတဗ္ဗံ၊ ပေးသမျှကို။ အာဒိယတိ၊ ယူကြရမယ်။

"ဘုန်းကြီးတို့ပရိသတ်၊ ကံပေးသမျှကို ယူကြရမယ်တဲ့၊ ဘာပေးတာ ယူရမလဲ"
"ကံပေးတာ ယူကြရမှာပါဘုရား"

## (၃) ကံ ဉာဏ် ဝီရိယ ပြည့်စုံမှ

အေး—ကံဆိုတဲ့စေတနာ မပါဘဲနဲ့ ဉာဏ်နဲ့ဝီရိယ လုပ်ချင်တိုင်းလုပ်။ ဘုန်းကြီးတို့ပရိသတ်၊ သစ်ပင်စိုက်တဲ့အခါကျတော့

မျိုးစေ့ကြဲထား၊ ရေလဲပေးထား၊ မြေဩဇာလေးလဲထည့်ရမယ်။ ဒီလိုမဟုတ်လား။

အဲဒီမျိုးစေ့ကို မြေနဲ့ရေနဲ့ ပေါင်းမိမှ အပင်ပေါက်။ မြေကလဲ ကောင်းလိုက်တဲ့ ဖြစ်ခြင်း။ မြေဩဇာတွေ နင်းကန်ထည့်ထား။ မြေဩဇာတွေ အလွန်ကောင်း။ ရေတွေကလဲ ကောင်းလိုက်တာ တသွင်သွင်နဲ့။ မျိုးစေ့မှ မချပဲနဲ့ ဘာပင်ပေါက်မလဲ။ မြေဩဇာကောင်းချင်တိုင်း ကောင်းနေပစေ၊ ရေတွေ လောင်းချင်တိုင်း လောင်းစမ်းပါ။ မျိုးစေ့သာ မထည့်ထားယင် အဲဒီ စိုက်ခင်း ဘာပင်မှ မပေါက်ဘူး၊ ဟုတ်လား။

ဉာဏ်တွေ ရှိချင်တိုင်းရှိ၊ ဝီရိယ ကောင်းချင်တိုင်းကောင်း၊ စေတနာဆိုတဲ့ အဲဒီကံသာ မပါခဲ့ယင် ဒို့ပရိသတ်၊ ဘာအသီးမှ ဘာအကျိုးမှ မရဘူး။ အဲဒါကို ယုံမှ ဒို့ပရိသတ်၊ ကံ ဉာဏ် ဝီရိယစုံတယ်လို့ ခေါ်တယ်နော်။

"ဒါကြောင့် မျိုးစေ့တွေကိုတော့ ကြဲထားပါတယ်။ ရေမလောင်းပြန်ယင်လဲပဲ အဲဒီမျိုးစေ့အပင်ပေါက်အုံးမလား"

"မပေါက်တော့ပါဘုရား"

"အခြောက်တိုက် ခရောင်းတောထဲ သွားကြဲထားလို့ ဒီမျိုးစေ့က ဘာပင်မှ မလာဘူးနော်"

"မှန်ပါဘုရား"

ကိုင်း—ရေကလေးဖျန်းထားလို့ အပင်တော့ ပေါက်တယ်ထား။ အောက်က ကျောက်စရစ်ကုန်းဖြစ်နေပြန်ယင် ဒီအပင်လေး မကြာခင် သေမှာပဲ မဟုတ်လားလို့။ ဒါကြောင့် ကံတရား ဘယ်လောက်ပဲ ကောင်းနေနေ ဉာဏ်နဲ့ ဝီရိယ မကူပြန်

ယင်လဲပဲ ရေမလောင်းတဲ့ မြေဩဇာမရှိတဲ့ ကျတ်တည်းကုန်း မျိုးစေ့ကြဲသလို ဖြစ်တတ်တယ်၊ ငါ်လိုနေ၁်။

ဒါကြောင့် ဗုဒ္ဓဂေါတမသည် ကမ္မဝါဒ၊ ဝီရိယဝါဒ၊ ဉာဏဝါဒ ကံရယ်၊ ဉာဏ်ရယ်၊ ဝီရိယရယ် ဒီလိုလာရမယ်မဟုတ်လား။ အဲဒါ ကံကို ဖယ်မပစ်လိုက်နဲ့၊ မျိုးစေ့မပါပဲ လယ်ထွန်နေတာနေ၁်။ ဒိဌိရိုတ်၊ မျိုးစေ့ကောင်းမှ အပင်သန် အသီးသန်တယ်။ ဒါကြောင့် ကံပေးသမျှ ငါတို့ ရကြမယ်။ ကံသာလျှင် ငါပိုင်တဲ့ဥစ္စာ၊ ကံပေးသမျှကိုသာလျှင် ရထိုက်ယူထိုက်ပါတယ်။ အဲဒီလို ဆင်ခြင်ပြီးတော့ နေကြပါ။

အဲဒီလိုမှ မဆင်ခြင်တတ်ယင် လောဘတွေက အဲဒီကံပေါ်လွှမ်း၊ ဒေါသတွေ၊ မောဟတွေက ကံပေါ်လွှမ်းသွား၊ လောဘဦးစီးလုပ်မိယင် အမှားချည်းပဲ။ အခြေခံဖြစ်တဲ့ ခုနက စေတနာရဲ့ သတ္တိကို ကြိုတင်စဉ်းစားမထားပဲနဲ့ ငါလုပ် အကုန်ဖြစ်ရမယ်။ နင်းကန်တွန်းလုပ်တော့ အမှာဘွေ ဖြစ်ကုန်ရော။ ငါကြိုးစားယင် အကုန်ရရမယ်၊

"ကံမှ မပါပဲနဲ့ ဉာဏ်နဲ့ ဝီရိယ လုပ်ချင်တိုင်း လုပ်လို့ရပါ့မလား"

"မရနိုင်ပါဘုရား"

"အဲဒါကြောင့် ဒိဌိရိုသာ်၊ သက်သာစေချင်လို့ ဘုရားမြွက်စွာက ဝီရိယနဲ့ လွန်လွန်ကဲကဲ အလုပ်လုပ်ပြန်ယင် ပင်ပန်းတတ်တယ်။ ဥဒ္ဒစ္စဖြစ်လို့ ဉာဏ်နဲ့ လွန်လွန်ကဲကဲ လုပ်ပြန်ယင်လဲပဲ ကောက်ကျစ်တတ်တယ်။ ဉာဏ်လွန်ကဲတော့ ဘာဖြစ်လဲ"

"ကောက်ကျစ်တတ်ပါတယ်ဘုရား"

"ဝီရိယလွန်ကဲတော့ ပင်ပန်းတယ်၊ အဲဒါ ပင်ပန်းခြင်း၊ ကောက်ကျစ်ခြင်းတို့မှ လွတ်မြောက်သွားရလေအောင် ဉာဏ် ဘယ်လောက်ပဲကောင်းကောင်း၊ ဝီရိယ ဘယ်လောက်ပဲကြိုးစား နေနေ ကံမပါယင် မဖြစ်ဘူး။ ကံပေးသလောက်သာ ငါရမယ် လို့ ကြိုတင်နှလုံးသွင်းထားယင် ကောက်ကျစ်ခြင်း၊ ပင်ပန်းခြင်း တို့မှ မလွတ်ဘူးလား၊ လွတ်သလား"

"လွတ်ပါတယ်ဘုရား"

အဲဒါကြောင့် ဆင်ခြင်ကြပါ။ ကံတရားကို ဆင်ခြင်ပေးကြ ပါ။ ကံပေးသမျှ ငါတို့ရမယ်လို့ ကံသာလျှင် အကြောင်းရင်း ရှိတယ်လို့ အမြဲဘမ်း ဆင်ခြင်ကြပါ။ ချမ်းသာခြင်းရဲ့အကြောင်း ဆိုတာ ကောင်းတဲ့ စေတနာ၊ ဆင်းရဲခြင်းရဲ့အကြောင်းဆိုတာ က မကောင်းတဲ့ စေတနာ၊ အဲဒါကိုလဲ ကံသာလျှင် အကြောင်း ရင်းရှိတယ်လို့ ဆင်ခြင်ပါ။ ကံကိုသာလျှင် မိတ်ဆွေဖွဲ့ပြီးတော့ နေကြရမယ်။

"ကုသိုလ်နဲ့ အကုသိုလ် နှစ်ပါးတို့တွင် ဘယ်ကံကို မိတ် ဆွေဖွဲ့ပြီးတော့ နေကြရမလဲ"

"ကုသိုလ်ကံကို မိတ်ဆွေဖွဲ့နေရမှာပါဘုရား"

အေး—မိတ်ဆွေဖွဲ့ယင် အရင်ထဲလဲ ကောင်းတဲ့လူမှ ရွေးပြီး တော့ မိတ်ဆွေဖွဲ့။ ဘာကြောင့်တဲ့၊ လူကောင်းဆိုတာဟာ ငါ့ အတွက် အကျိုးဆောင်တယ်၊ လူကောင်းသည် ကောင်းကျိုးကို ဆောင်ရွက်သလိုပဲ၊ ကံကောင်းသည် ကောင်းကျိုးဆောင်ရွက် လို့ အဲဒီကံကောင်းကို မိတ်ဆွေဖွဲ့။ မကောင်းတဲ့ကံကျယင်

လူအဖြစ်နဲ့ အဲဒါ မျက်နှာလွှဲသွား၊ ကမ္မဗန္ဓုရဲ့ အဓိပ္ပာယ်နော်။ ဒါ့ကြောင့် ကောင်းတဲ့ကံသာလျှင် ငါ့အတွက် မိတ်ဆွေပါလို့ လဲပဲ အမြဲမပြတ် ဆင်ခြင်ပြီးတော့ နေပါ။

## (၄) အားကိုးစရာ ရှာကြည့်စမ်း

ကမ္မပဋိသရဏော–ကံဘုရားသာလျှင် ငါ့အတွက် အားကိုး ပြီးတော့ နေရပါတယ်။ တခါတခါ အမိ အားကိုးလို့မရဘူး၊ အဖ အားကိုးလို့မရဘူး၊ ဆွေမျိုး အားကိုးလို့မရဘူး၊ မိတ်ဆွေ ခင်ပွန်း အားကိုးလို့မရဘူး၊ ဆရာနဲ့ဘပည့် အားကိုးလို့မဖြစ်ဘူး၊ ဇနီး ခင်ပွန်း အားကိုးလို့မရဘူး။

"သူ့အားကိုး ငါ့အားကိုးနဲ့ အားကိုးစရာမရဘူး၊ တခါ တခါ မဖြစ်ဘူးလား"

"ဖြစ်ပါတယ်ဘုရား"

"ဟိုလူ့အားကိုး၊ ဒီလူ့အားကိုး၊ ဘာမှ အားကိုးစရာ ရှာ မရတဲ့ တနေ့ကျယင် ကိုယ့်ကံကို ကိုယ်အားကိုး၊ ဘာ အားကိုး မလဲ"

"ကိုယ့်ကံကို အားကိုးရမှာပါဘုရား"

"ဘုန်းကြီးတို့ ပရိသတ်မှာ အားကိုးစရာအပြည့်အစုံရှိတယ်။ အဲဒီ အားကိုးစရာဆိုတာဟာ ကောင်းတာနဲ့ မကောင်းတာ ခွဲ လိုက်တော့ စေတနာကောင်းယင် ကံကောင်း၊ စေတနာ မကောင်းယင် ကံမကောင်းဆိုတော့ မကောင်းတာ အားကိုး မလား၊ ကောင်းတာ အားကိုးမလား"

"ကောင်းတာ အားကိုးမှာပါဘုရား"

"ကောင်းတဲ့ကံဆိုတဲ့ အဲဒီကုသိုလ်စေတနာသည်သာလျှင် ငါ့အတွက် အားကိုးစရာရှိတယ်။ဒို့ပရိသတ်၊ ဆည်းပူးစုဆောင်းထားတဲ့ ကုသိုလ်လေးတွေကို ကိုယ့် ကုသိုလ်လေးတွေကို ပြန်ပြန်ကြည့်လိုက်လို့ရှိယင် အားကိုးစရာတွေ ရမှာလား၊ မရမှာလား"

"မရမှာပါဘုရား"

"အေး–ဒို့ အားကိုးစရာ မဲ့နေတဲ့ပုဂ္ဂိုလ်တွေဆိုပြီးတော့ အားမငယ်လိုက်ကြနဲ့နော်"

"မှန်ပါဘုရား"

"ဒီတော့ တရားဟောဘုန်းကြီးလဲ အားမကိုးနဲ့၊ တရားပြဆရာလဲ အားမကိုးနဲ့၊ အမိနဲ့ အဖလဲ ဘယ်သူ့ဘယ်သူမှ အားမကိုးနဲ့၊ ဘာ အားကိုးရမလဲ။ ကိုယ့်စေတနာလေးရှိ ကိုယ်အားကိုးနေလိုက်။ စေတနာလေး အားကိုးနေတဲ့ ပုဂ္ဂိုလ်တွေဟာ အများကြီး သက်သာတယ်။ မိအားကိုး၊ ဖအားကိုး၊ သား၊ သမီး၊ ဇနီး ခင်ပွန်း၊ ဆရာ၊ တပည့် အားကိုးနေကြတော့ အဲဒီ အားကိုးရာတွေဟာ ပြိုလဲ ခွဲရပြီဆိုတော့ မပူဘူး လား၊ ပူသလား"

"ပူပါတယ်ဘုရား"

အဲဒါကြောင့်မို့လို့ တခြားထွက် အားမကိုးကြနဲ့၊ အပူသက်သာအောင်လို့။ ကိုယ်ဆည်းပူးနေတဲ့ စေတနာလေးကိုပဲ အားကိုးနေလိုက်ယင် သက်သာရာရပါတယ်၊ ဟုဘ်ပြီနော်၊ ဒါကြောင့်—

ကမ္မပစ္စယသရဏော၊ ကံသာလျှင် ငါ့အတွက် အားကိုးရာရှိသည်။ ,အမှီ၊ ဖြစ်လေတော့၏။ အဟံ၊ ငါသည်။ ကလျာဏံ ဝါ ကမ္မံ၊ ကောင်းတဲ့ကံ၊ကိုပဲဖြစ်ဖြစ်။ ပါပကံဝါ ကမ္မံ၊ မကောင်းတဲ့ ကံကိုပဲဖြစ်ဖြစ်၊ ကရိဿာမိ၊ ပြု၏။ တဿ၊ ထို ငါပြုထားတဲ့ စေတနာရဲ့ (ဝါ)ကောင်းတဲ့ကံ မကောင်းတဲ့ကံရဲ့။ ဒါယာဒေါ၊ ပေးသမျှကိုသာလျှင် ငါရသည်ဟူသည်။ ဘဝိဿာမိ၊ ဖြစ်ရပေလိမ့်မည်။

ငါလုပ်လေသမျှ ကောင်းတာတွေလုပ်လုပ်၊ မကောင်းတာတွေလုပ်လုပ်၊ မကောင်းတာလုပ်ယင် မကောင်းတဲ့ စေတနာကြောင့် ငါ မကောင်းကျိုးရမယ်၊ ကောင်းတာတွေ ကြံမိ၊ ပြောမိ၊ လုပ်မိယင် ကောင်းတဲ့စေတနာကြောင့် ကောင်းကျိုးတွေ ငါရမယ်လို့။

ဣတိ၊ ဤသို့။ ဣတ္ထိယာ ဝါ၊ အမျိုးသမီးသည်၎င်း။ ပုရိသေန ဝါ၊ အမျိုးသားသည်၎င်း။ ဂဟဋ္ဌေန ဝါ၊ အိမ်မှာနေတဲ့ လူသည်၎င်း။ ပဗ္ဗဇိတေန ဝါ၊ အိမ်မှာမနေ ကျောင်းမှာနေတဲ့ ရှင်ရဟန်းသည်၎င်း။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်၍နေအပ်ပါတော့၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ပဉ္စမံ၊ ငါးခုမြောက်ဖြစ်သော။ အဘိဏှပစ္စဝေက္ခိတဗ္ဗံ၊ အမြဲတမ်း ဆင်ခြင်ထိုက်ပေသော။ ဓမ္မံ၊ တရားကို။ ဒေသေတိ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူလိုက်ပါပေသတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

ဆင်ခြင်ရမည့် အနက် ငါးခု ဘုန်းကြီးတို့ပရိသတ် စုံသွားတယ်နော်။ စုံသွားတဲ့အခါကျတော့ ဒီ ငါးခု ဆင်ခြင်ယင် ဘာအကျိုးတရားတွေရသလဲ။ ရတဲ့ အကျိုးတရားငါးမျိုးကို မြတ်စွာဘုရား နောက်ထပ် တဆက်တည်း ပြပါတယ်။

## အကျိုးတရား ၅ပါး

(က) အိုခြင်းတရား ဆင်ခြင်ရတဲ့အကျိုး။

ကတမဉ္စ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ "ဇရာဓမ္မောမှိ၊ ဇရံ အနတီတော"တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။
(အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ ပါဠိ အဘိဏှ-၆၃)

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ဣတ္ထိယာဝါ၊ အမျိုးသမီးသည်ရင်း။ ပုရိသေနဝါ၊ အမျိုးသားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်မှာနေတဲ့ လူသည်ရင်း။ ပဗ္ဗဇိတေနဝါ၊ အိမ်မှာမနေ ကျောင်းမှာနေတဲ့ရှင်ရဟန်းသည်ရင်း။

ကတမဉ္စ အတ္ထဝသံ၊ အဘယ်အကျိုးထူးကို။ သမ္ပဿံ-သမ္ပဿန္တော၊ ကောင်းစွာ မြော်မြင်မိသည် ဖြစ်၍။ (ဝါ) ပဋိစ္စ၊ အကြောင်းပြု၍။ အဟံ၊ ငါသည်။ ဇရာဓမ္မော၊ အိုခြင်းသဘောရှိသည်။ အမှိ၊ ဖြစ်၏။ ဇရံ၊ အိုခြင်းသဘောကို တရားကို။ အနတီတော၊ ဘယ်လိုနည်းနဲ့မှ မလွန်မြောက်နိုင်သည်။ အမှိ၊ ဖြစ်လေတော့၏။ ဣတိ၊ ဤသို့။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်ရပါသနည်း။

ဘယ်အကျိုးတရား မျှော်ကိုးပြီးတော့ ငါသည် အိုခြင်း သဘောရှိ၏။ အိုခြင်းသဘောကို ငါသည် မလွန်မြောက်နိုင်ချေ။ အဲဒီလို ဆင်ခြင်ရပါသလဲလို့ မြတ်စွာဘုရား ကိုယ်တော်တိုင် မေးခွန်းပြန်ပြီး ထုတ်ဖော်မှုခဲ့ပါတယ်။ ဒီမေးခွန်းမှာ ကြည့်လိုက်၊ ငါသည် အိုခြင်းသဘောရှိတယ်၊ အိုခြင်းသဘော ငါ မလွန်မြောက်နိုင်ဘူးရယ်လို့ ဆင်ခြင်ယင် ဘာအကျိုးရှိသလဲလို့ ဒီလို အမေးထုတ်ပြီးတော့ နောက်နားက အဖြေဆက်တည်း ထွက်လာတယ်။

အတ္ထိ ဘိက္ခဝေ သတ္တာနံ ယောဗ္ဗနေ ယောဗ္ဗနမဒေါ၊ ယေန မဒေန မတ္တာ ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ။

တဿ ဣမံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော ယော ယောဗ္ဗနေ ယောဗ္ဗနမဒေါ၊ သော သဗ္ဗသော ဝါ ပဟီယတိ၊ တနု ဝါ ပန ဟောတိ။ ဣဒံ ခေါ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ "ဇရာဓမ္မောမှိ၊ ဇရံ အနတီတော" တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

(အင်္ဂုတ္တရနိကာယ၊ ပဉ္စနိပါတပါဠိ အဘိဏှ-၆၃)

ဘိက္ခုဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီး တို့။ သတ္တာနံ၊ လူရောနတ်ပါ သတ္တဝါအပေါင်းတို့၏။ ယောဗ္ဗနေ၊ အရွယ်၏နုပျိုခြင်း၌။ ယောဗ္ဗနမဒေါ၊ အရွယ် နုပျိုခြင်း အကြောင်းပြုပြီးတော့ ဖြစ်ပေါ်လာတဲ့ မာန်မာနတရားသည်။ အတ္ထိ၊ ရှိလေတော့၏။

အရွယ်နုပျိုတဲ့ပုဂ္ဂိုလ်တွေကလဲ မိမိနုပျိုနေတာ၊ တင့်တယ်နေတာ၊ သပ်ရပ်နေတာ၊ လှပနေတာ၊ ရှုချင်စဖွယ်ကောင်းနေတာ၊ ခန္ဓာကိုယ် အချိုးအဆစ်ပြေပြစ်နေတာ အကြောင်းပြုပြီးတော့ တက်နေတဲ့ မာန်မာနတရားဆိုတာ ဖြစ်တတ်ပါတယ်။ ကြပ်ကြပ်လှလာပြီဆိုသင် အဲဒီအလှကြောင့် မာနကြီးပြီးတော့ နေတတ်တယ်။ ဒီလိုဆိုမှ ပိုရှင်းတယ်မဟုတ်လား။

အရွယ်နုပျိုတဲ့ပုဂ္ဂိုလ်တွေက ငါငယ်သေးတာပဲဟဲ့ဆိုပြီးတော့ မာနတွေ တက်နေတတ်တယ်၊ ငယ်ဂုဏ်ဆိုမဟုတ်လား။အဲဒီငယ်ဂုဏ်အကြောင်းပြုပြီးတော့ တက်နေတဲ့မာန၊ လှတာအကြောင်းပြုပြီးတော့ တက်နေတဲ့ မာနဆိုတာ လောကမှာရှိတတ်တယ်။

ယောနမဒေန၊အကြင်လှဂုဏ် အရွယ်နုပျိုတဲ့ဂုဏ် အကြောင်းပြုပြီးတော့ တက်နေတဲ့မာနတရားဖြင့်။ မတ္တာ၊ ယစ်မူး၍ နေကြကုန်သော။ သတ္တာ၊ လူရှာ နတ်ပါ သတ္တဝါအပေါင်းတို့သည်။ ကာယေန စ၊ ကိုယ်ဖြင့်ရင်း။ ဝါစာယ စ၊ နှုတ်ဖြင့်ရင်း။ မနသာ စ၊ စိတ်ဖြင့်ရင်း။ ဒုစ္စရိတံ၊ မကောင်းတဲ့အကျင့်ကို။ စရန္တိ၊ ကျင့်သုံးတတ်လေကုန်တော့၏။

ငါငယ်သေးတာပဲဟ ဆိုပြီးတော့ အဲဒါ မာနထောင်ပြီးတော့ ဒုစရိုက်တွေ ကျင့်သုံးတတ်တယ်။ ငါ့ရဲ့ ခန္ဓာကိုယ် အချိုးအဆစ် ပြေပြစ်ပြီးတော့ မြင်သူတကာ ငေးလောက်အောင်လှတယ်ဟဆိုပြီးတော့အမျိုးသမီးကလဲပဲ အမျိုးသားတွေအပေါ်မှာထောင် အမျိုးသားတွေကလဲ အမျိုးသမီးတွေအပေါ် အလှနဲ့ပတ်သက် မာနတွေ ထောင်ပြီးတော့ မကောင်းတဲ့ ဒုစရိုက်တွေ လွန်ကျူးမိတတ်ပါတယ်တဲ့ဗျာ။

ဘုရားမြတ်စွာ မြင်တော်မူလိုက်ပုံ တယ်အံ့သြစရာကြီးဗျ နော်။ အလှအခြေခံပြီးတော့ လောကကြီး ဒုက္ခပေးသွားတာ တွေ ရှောက်ပြောယင် ဘုန်းကြီးတို့ ပရိသတ်၊ သာဓကတွေ အများကြီး လာလိမ့်မယ်၊ဘုန်းကြီးတို့ ဗုဒ္ဓစာပေထဲကြည့်ကြည့်၊ လောကစာပေမှာပဲကြည့်ကြည့် မျက်မြင်အနေနဲ့ပဲ ကြည့်ကြည့် လှလို့အဘွက်ကြောင့်မို့လို့ ရုပ်ဆင်းအင်္ဂါ သပ်ရပ်တာတွေ အကြောင်းပြုပြီးတော့ ဒုစရိုက်တွေ လွန်ကျူးသွားကြတဲ့ အမျိုးသားတွေ၊ အမျိုးသမီးတွေဟာ ဒီလောကမှာ အများ ကြီးပါနော်။

မိမိကိုယ်တိုင်ကလဲပဲ အဲဒီ ဒုစရိုက်နယ်ထဲကို ရောက်ရောက် ပြီ တော့ သွားကြတာ ရှိတတ်ပါတယ်၊ မိမိက မရောက်ကောင်းမှ မိမိအလှကြောင့် သူတပါးကဆွဲဆောင်လို့ ရောက်သွားကြတာ တွေ ရှိလိမ့်မယ်နော်။ ဘုန်းကြီးတို့ သာသနာတော်မှာ လှမ်း ပြီးတော့ ကြည့်မယ်ဆိုလို့ရှိယင်လဲပဲ ဘုန်းကြီးတို့ ဟောထားပြီး သားဖြစ်တဲ့ အမ္ဗပါလီဆိုတဲ့ ဒကာမကြီးကြည့်လိုက်၊ သီရိမာဆိုတဲ့ ဒကာမကြီးတွေ ကြည့်လိုက်၊ လှတဲ့အဘွက်ကြောင့် ဒုက္ခများ ကြတာ မဟုတ်လား။

အနောက်ဥရောပ ရာဇဝင်မှာ ကြည့်လိုက်ပါ။ အီဂျစ် ဘုရင်မကြီး ကလီယိုပါထရာဆို မဟုတ်လား။ အလှမာန်ယစ်ပြီး တော့ ဥရောပစစ်ပွဲကြီးတွေ သူ့အခြေခံပြီး အကြီးအကျယ် ဖြစ်ကြတယ်။ ဒါကြောင့်—

ယော ယောဗ္ဗနေ ယောဗ္ဗနမဒေါ။

ယောဗ္ဗနေ၊ အရွယ်၏နုပျိုခြင်း၌။ ယော ယောဗ္ဗနမဒေါ၊ အကြင်အရွယ်နုပျိုခြင်းကို အကြောင်းပြုပြီးတော့ ဖြစ်ပေါ်၍ လာတဲ့ မာန်မာနတရားသည်။ အတ္ထိ၊ ရှိလေတော့၏။

ဇလီယိုပါဆရာဆိုတဲ့ ဘုရင်မကြီး သူ့အကြောင်းခံဖြစ်လိုက်တဲ့ စစ်ပွဲတွေ အဲဒီ အီဂျစ်တပတ်လည် အရှေ့အလယ်ပိုင်းတစ်ဝိုက်မှာ အကြီးအကျယ်ပဲ၊ နောက်ဆုံးပိတ်ကျတော့ ဘယ်လိုဖြစ်သွားသလဲ၊ မြွေကြီးတွေနဲ့ သူ့ကိုယ်သူ အကိုက်ခံပြီးတော့ သေသွားရတဲ့ဘဝကို ရောက်ပါတယ်ဗျနော်။ မြွေကြီးတွေ ပချုပ်နဲ့ ဆောင်ထား၊ သူများလက်ထဲတော့ ငါ့အလှကို တခါတဲ ပစ်မပေးလိုက်ဘူး၊ ကိုယ့်ကိုကိုယ် သတ်သေတော့မယ်ဆိုပြီး မြွေကိုက်ခံရပြီးတော့ သေသွားတယ်။

ဘာလဲ ယောဗ္ဗနမာန်၊ လှတာ အကြောင်းပြုပြီးတော့ တက်တဲ့မာန်ကြောင့် လူပေါင်းမြောက်မြားစွာလဲ ဒုက္ခဖြစ်ပါတယ်။ မိမိကိုယ်တိုင်လဲပဲ အကြီးအကျယ် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ရရှာတယ်တဲ့ဗျ ဟုတ်ပလား။

သာသနာတော် ဥပ္ပလဝဏ်တို့ ကြည့်အုံးမလား။ လှလိုက်တဲ့ဖြင့်ခြင်း သူဌေးသမီးလောက နေမပြစ်အောင် လှဘယ်။ အဲဒါနဲ့ လှလွန်းလို့ လူတကာ နောက်က တဝိုင်းဝိုင်းဖြစ်နေတော့ စိတ်ညစ်ပြီးတော့ ခေါင်းက ဆံပင်ရိတ်၊ သာသနာတော် ဝင်လိုက်တယ်။ သာသနာတော်ဝင်တော့လဲပဲ အဲဒီအလှဟာ သူ့အတွက် အန္တရာယ်ကြီး ဖြစ်တယ်။

အဲဒီ ဥပ္ပလဝဏ်ထေရီမ ဆွမ်းခံပြန် ကျောင်းဆောင်ထဲ သက်နုံးလေး လဲမယ်ကြံရုံ ရှိသေးတယ်။နောက်ကနေလိုက်လာတဲ့

နန္ဒသဗွေးသားဟာ ဥပ္ပလဝဏ်ကို မတရား ကြံစည်ပါတယ်။ အဲဒီမှာ ပျက်စီးသွားတာက ဘယ်သူလဲဆိုတော့ နန္ဒသဗွေး သားပဲ။ ဥပ္ပလဝဏ်ကတော့ ရဟန္တာမကြီးဖြစ်နေတဲ့အတွက် ကြောင့် သူ့အတွက် ဘာမှ ပြဿနာမဖြစ်ဘူး နော်။

ဒါကြောင့် လှူဆိုတာဟာ ကိုယ်လဲ ဒုက္ခဖြစ်တယ်၊ သူများ လဲ ဒုက္ခဖြစ်စေတယ်။ ဥမ္မာဒန္တီတို့၊ ပဘာဝတီတို့ ပြောအုံး မလား၊ မဆုံးနိုင်ဘူး။ လားအုံးမယ် ဒွိပရိသတ်၊ ရှိပစေတော့ ဟုတ်လား။ အဲဒါကြောင့်မို့သို့ လှူဘယ်ဆိုတာ ကိုယ့်အတွက် မဟုတ်ဘူး။ သူများအတွက် လှူပေးရတာ။ ကြင်ကြပ်ဇဥ်းစာ ။ လှူချင်တဲ့ အမျိုးသမီးကလေးတွေ ကိုယ့်အတွက် ကိုယ်လှူရတာ မဟုတ်ဘူး။ သူများအတွက် လှူပေးရတာ။ အမယ် သိပ်မလှူချင် ကြနဲ့။ ဒါကြောင့်—

ယော ယောဗ္ဗနေ ယောဗ္ဗနမဒေါ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ယောဗ္ဗနေ၊ အရွယ်၏ နုပျို ခြင်း၌။ ယောဗ္ဗနမဒေါ၊ အရွယ်နုပျို တင့်တယ်ခြင်းကို အကြောင်းပြုပြီးတော့ ဖြစ်ပေါ်တဲ့ မာန်မာနသည်။ အတ္ထိ၊ ဖြစ်တတ်ပါတယ်။ ယောဗ္ဗနမဒေန၊ အကြင်မာန်မာန တရား ဖြင့်။ (ဝါ) လှတယ်ဆိုတဲ့ မာန်မာနတရား အလှဂုဏ်ယစ်မူးနေ တဲ့ မာန်မာနတရားဖြင့်။ မတ္တာ၊ ယာင်မူး၍နေကြတဲ့။ သတ္တာ၊ လူရော နတ်ပါ သတ္တဝါအပေါင်းတို့သည်။ကာယေန၊ ကိုယ်ဖြင့် ၎င်း။ ဝါစာယ၊ နှုတ်ဖြင့်၎င်း။ မနသာ၊ စိတ်ဖြင့်၎င်း။ ဒုစ္စရိတံ၊ မကောင်းတဲ့အကျင့်ကို။ စရန္တိ၊ ကျင့်သုံးတတ်လေကုန်တော့၏။

တံ ဌာနံ၊ ထို မကြာခင် ဘယ်လောက်ပဲ "နုနယ်ရုပ်ဆင်း၊ တင့်တယ်ခြင်းကား၊ အိုမင်းနောက်ဆုံးပါဘကား" လို့ ဆိုတဲ့ အကြောင်းအရာတွေကို။အဘိဏှံ၊ အမြဲဘမ်းသာလျှင်။ပစ္စဝေက္ခ တော၊ဆင်ခြင်၍ နေသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ တာနိ ဒုစ္စရိဘာနိ၊ ထိုဒုစရိုက်တရားတို့သည်။ သဗ္ဗသော၀၊ အကြွင်းမဲ့အားဖြင့်လဲပဲ။ ပဟီယန္တိ၊ ကင်းပျောက်ကြလေကုန် ဘော့၏။ တနု ၀ါ ပန၊ ခေါင်းပါးသည်လည်း။ ဟောတိ၊ ဖြစ်လေတော့၏။

"နုနယ်ရုပ်ဆင်း၊ ပျိုမျစ်ခြင်းကား၊ အိုမင်းနောက်ဆုံး ရှိချေ ၏။" ကြပ်ကြပ်နှလုံးသွင်းလာလို့ရှိယင် အဲဒီအလှ မကြာခင် ပျက်စီးမှာပဲ။ ဘယ်သောက်ပဲ နုပျိုနေနေ အိုခြင်းမှာ အဆုံး သတ်တယ်လို့ ကြပ်ကြပ်နှလုံးသွင်းတဲ့ ပုဂ္ဂိုလ်သည် ရလာတဲ့ အကျိုးက—

(၁) အလှ အကြောင်းပြုလို့၊ အရွယ် နုပျိုတာ အကြောင်းပြုလို့ တက်တဲ့မာနဟာ တဖြေးဖြေးကျ ဆင်းသွားတယ်။ မကြာခင် ဒီအလှပျက်စီးတော့မှာပဲ ဆိုပြီးတော့ ဇရာသဘော နှလုံးသွင်းယင် နုပျိုတာ အကြောင်းခံ တက်နေဘဲ့ 'မာနဟာ လျော့ပါးသွား တယ်၊ ကျဆင်းသွားတယ်၊ လုံးလုံးပျောက်ချင်လဲ ပျောက်သွားလိမ့်မယ်။

(၂) အဲဒီအလှဂုဏ်ကို ယစ်နေတဲ့မာန ကျဆင်း သွားယင် မာနအခြေခံဖြစ်တဲ့ ဒုစရိုက်တရားတွေလဲပဲ ထိုပုဂ္ဂိုလ် မလုပ်ဖြစ်တော့ပါဘူး။

အဲဒီအကျိုးတရား မျှော်ကိုးပြီးတော့ ငါသည် အိုရမည့် သဘော ရှိတယ်ဆိုခြင်းကို မလွန်မြောက်နိုင်ချေတကားရယ်လို့ အမြဲတမ်း ဆင်ခြင်ကြပါ။ ဒါအကျိုးတရား ထုတ်ပြတာနော်။

## (ခ) နာခြင်းတရား ဆင်ခြင်ရတဲ့အကျိုး

ကိဉ္စ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ "ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတော" တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

(အင်္ဂုတ္တရနိကာယ-ပဉ္စကနိပါတ ပါဠိ၊ အဘိဏှ၊ ၆၃)

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ဣတ္ထိယာ ဝါ၊ အမျိုးသမီးသည်ရင်း။ ပုရိသေန ဝါ၊ အမျိုးသားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ အိမ်မှာနေတဲ့လူသည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ အိမ်မှာမနေ ကျောင်းမှာနေတဲ့ ရှင်ရဟန်းသည်ရင်း။

ကိဉ္စ အတ္ထဝသံ၊ အဘယ်အကျိုးထူးကို။ သမ္ပဿံ-သမ္ပဿန္တော၊ ကောင်းစွာမြော်မြင်သည်ဖြစ်၍။ ပဋိစ္စ၊ စွဲ၍။ အဟံ၊ ငါသည်။ ဗျာဓိဓမ္မော၊ နာဖျားရခြင်း သဘောရှိ၏။ ဗျာဓိံ၊ အနာရောဂါနှိပ်စက်ခံရမည့် သဘောကို။အနတီတော၊ ဘယ်လို နည်းနဲ့မှ မလွန်မြောက်နိုင်သည်။ အမှိ၊ ဖြစ်သေတော့၏။ ဣတိ၊ ဤသို့။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်ရပါသနည်း။

ငါသည် အနာရောဂါ နှိပ်စက်ခံရမည့် သဘောရှိ၏။ ရုပ်တရား ရကတဲက အနာရောဂါတွေ ရပြီးသားပါ။ ရုပ်တရား ရကတဲက အနာရောဂါတွေကို ငါရပြီးပြီ။ ဘယ်လောက်ပဲ ကျန်းမာတယ်လို့ ငါ၏ ခန္ဓာကိုယ်သည် ရှင်ဗာကုလနဲ့ တူဘယ်လို့ ဘယ်လိုပဲ ကြိမ်းဝါးနေနေ ရုပ်တရားကြီးကပင်လျှင် အနာရောဂါတုံးကြီးပါ။

ရှင်ဗာကုလလို အနာရောဂါကင်းပါတယ်လို့ ကြိမ်းဝါးနေနေ ဘုန်းကြီးတို့ပရိသတ် ရုပ်တရားရကတဲက ရောဂါအစုအပုံကြီး ရနေပြီလို့။ အဲဒီလို မပြတ်မပြတ် ဆင်ခြင်ရတာဟာ ဘာအကျိုးရှိသလဲဆိုလို့ရှိယင်—

အတ္ထိ ဘိက္ခဝေ သတ္တာနံ အရောဂျေ အာရောဂျမဒေါ၊ ယေန မဒေန မတ္တာ ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ။

တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော ယော အာရောဂျေ အာရောဂျမဒေါ၊ သော သဗ္ဗသော ဝါ ပဟီယတိ၊ တနု ဝါ ပန ဟောတိ။ ဣဒံ ခေါ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ "ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတော"တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

(အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ အဘိဏှ၊ ၆၃-၆၄)

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။ သတ္တာနံ၊ လူရောနတ်ပါ သတ္တဝါအပေါင်းတို့၏။ အာရောဂျေ၊ အနာကင်းပါတယ်ဆိုတဲ့ အကြောင်းကြောင့်။ (ဝါ) အာရောဂျေ၊ အနာကင်းတဲ့အဖြစ်၌။ ယော အာရောဂျမဒေါ၊ အကြင်အနာကင်း၍ ကျန်းမာခြင်းရနေတဲ့ မာနတရားသည်။ အတ္ထိ၊ လောကသတ္တဝါတွေမှာ ရှိတတ်ပါတယ်။

ကျန်းမာတဲ့လူတွေကလဲပဲ မာန်တက်တယ်တဲ့။ ဘယ့်နှယ်မာန်တက်သလဲဆိုလို့ရှိယင် အာရောဂျမာန်၊ အနာကင်းတာအခြေခံပြီး ငါကျန်းမာသေးသားပဲကွာ၊ ဥပုသ်စောင့်ဖို့ ခဏထားအုံးမှ၊ တရားအားထုတ်ဘို့လဲ ဆိုင်းထားအုံးမှ။ ငါကျန်းမာသေးတယ်။ ကိစ္စမရှိဘူး။ နေမကောင်းတဲ့အချိန်ကျမှ ငါဝေဒနာစိုက်ပြီးတော့ ရှုလိုက်မယ် မဟုတ်လား။

"မာနအခြေခံ အာရောဂျမာန်တဲ့။ ဒကာ ထွန်းကျော်ရေ နေ့ဘ်"

"မှန်ပါဘုရား"

အနာကင်းတဲ့ပုဂ္ဂိုလ်တွေက နောက်တခါ မိမိအနာကင်းတာအကြောင်းပြုပြီးတော့ ဆေးပုလင်း အိတ်ထဲထည့်သွင်းနေရတဲ့ လူ ကြည့်ပြီးတော့ "အဲဒီလူကွာ အမြင်ကပ်စရာကောင်းလိုက်တာ၊ သွားလေရာရာ ဆေးပုလင်းတွေဆောင်လှချည်လား" ကိုယ်အနာကင်းတာ အကြောင်းပြုပြီးတော့ ဟိုလူကို အထင်သေး။ အဲဒါ မာနတမျိုးပဲ။ အဲဒီလို ကိုယ့်ကိုယ်ကိုအထင်ကြီး၊ အနာကင်းမှုကြောင့် သူတပါးကို အထင်သေးလာလို့ရှိယင်—

ယေန မဒေန၊ အကြင်မာနတရားဖြင့်။ မတ္တာ၊ ယစ်မူးပြီး တော့နေကြတဲ့ သတ္တဝါအပေါင်းတို့သည်။ ကာယေန စ၊ ကိုယ်ဖြင့်ရင်း။ ဝါစာယ စ၊ နှုတ်ဖြင့်ရင်း။ မနသာ စ၊ စိတ် ဖြင့်ရင်း။ ဒုစ္စရိတံ၊ မကောင်းတဲ့အကျင့်တွေကို။ စရန္တိ၊ ကျင့်သုံး တတ်လေကုန်တော့၏။

ကြပ်ကြပ်ကျန်းမာတဲ့ပုဂ္ဂိုလ်ဟာ တရားမေ့ပြီးတော့ ဒုစရိုက် နယ်ထဲမှာ ရောက်နေတတ်တယ်တဲ့ ဟုတ်လား။ အဲဒါကြောင့် မို့လို့ ဘုရားမြတ်စွာက ငါသည် ရုပ်တရားကြီးရကတဲက ရော ဂါတုံးကြီးရထားတာ။ ကျန်းမာခြင်းဆိုတာဟာ ရောဂါဖြစ် တာမှာ အဆုံးသတ်တယ်လို့ ကြပ်ကြပ်နှလုံးသွင်း။ အနာကင်း မှု အကြောင်းပြုဖြစ်တဲ့ အာရောဂျမာန်ဟာ သက်သာပါတယ်။

အနာကင်းတာ အကြောင်းပြု တက်နေတဲ့ အာရောဂျမာန် သက်သာယင် အဲဒီမာနကြောင့် ဒုစရိုက်နယ်ထဲကို ဒီလူ မရောက် တော့ဘူးတဲ့။ တနေ့တော့ ဘယ်လောက်ကျန်းမာတဲ့ ရုပ်ကြီး ပဲဖြစ်ဖြစ် ရောဂါတခုခုနဲ့ သေမှာပဲလို့ နှလုံးသွင်းထားယင် အဲဒီ ပုဂ္ဂိုလ်ဟာ တဖြေးဖြေး တရားနဲ့ နီးနီးလာတယ်နော်။

"ရုပ်တရားရကတဲက ရောဂါတုံးကြီးရတာပဲလို့ ဆင်ခြင်နေ လိုက်တာနဲ့ တပြိုင်နက်တဲပဲ အဲဒီပုဂ္ဂိုလ်ရဲ့စိတ်ထဲမှာ တခါတဲ မနေ့ာဒုစရိုက်တွေ - ရှင်းမသွားပေဘူးလား"

"ရှင်းသွားပါတယ်ဘုရား"

စိတ်ထဲ မနော‌ဒုစရိုက်တွေရှင်းယင် ဝစီဒုစရိုက်၊ ကာယဒုစ ရိုက်ဆိုတာလဲ ရှင်းတာပါပဲ။ အဲဒါကြောင့်မို့လို့ အနာကင်း ကွာကျန်းမာတာ အကြောင်းပြုတက်နေတဲ့ မာန်မာနတရားတွေ

လို့ခေါ်တဲ့ အာရောဂျမာန် ကျဆင်းခြင်းဆိုတဲ့ အကျိုးတရား မျှော်ကိုးပြီးတော့ ငါသည် ဘယ်လောက်ကျန်းမာတယ်လို့ ပြောပြော အနာရောဂါနှိပ်စက်တာမှာ အဆုံးသတ်လိမ့်မယ်လို့ ကြပ်ကြပ်ဆင်ခြင်။ ငါသည် ဘယ်လောက်ပဲ ကျန်းမာတယ်လို့ ပြောပြော အနာရောဂါနှိပ်စက်မှုမှာ အဆုံးသတ်ရမယ်လို့ ဆင်ခြင်ကြပြန်တော့ မာနကင်းခြင်းဆိုတာရယ်၊ မာနကြောင့် ဒုစရိုက်နယ်က လွတ်မြောက်ခြင်းဆိုတာရယ်ဆိုတဲ့ အကျိုးတရားတို့ ရပါတယ်။

တသ္မာ၊ ဒါကြောင့်။ အဟံ၊ ငါသည်။ ဗျာဓိဓမ္မော၊ အနာရောဂါနှိပ်စက်ခံရမည့်သဘောရှိသည်။ အမှိ၊ ဖြစ်၏။ ဗျာဓိံ၊ အနာရောဂါ နှိပ်စက်ခံရမည့်သဘောကို၊ အနတီတော၊ ဘယ်လိုနည်းနဲ့မှ မလွန်မြောက်နိုင်သည်၊ အမှိ၊ ဖြစ်လေတော့၏။

ဣတိ ဣမံ အတ္ထဝသံ၊ ဤကဲ့သို့ အာရောဂျမာန်လို့ခေါ်တဲ့ မာနကင်းခြင်း အကျိုးတရားကို။ ပဋိစ္စ၊ စွဲပြီးတော့။ သမ္ဗုဒ္ဓော-သမ္ဗုဒ္ဓဿ၊ အဲဒီအကျိုး ကောင်းစွာမျှော်ကိုးနေတဲ့ ယောဂီသူမြတ်သည်။ ဣဒံ ဌာနံ၊ ဘယ်လောက်ပဲကျန်းမာတယ်လို့ ပြောပြော ရောဂါနှိပ်စက်လိမ့်မယ်လို့ဆိုတဲ့ အကြောင်းအရာကို။ အဘိဏှံ၊ အမြဲဘမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ကောင်းစွာမသွေ ဆင်ခြင်၍ နေရပါပေသတည်း။

"သာဓု-သာဓု-သာဓုပါဘုရား။

## (ဂ) သေခြင်းတရား ဆင်ခြင်ရတဲ့အကျိုး

ကိဥ္စ ဘိက္ခဝေ အဘ္ထဝသံ ပဋိစ္စ “မရဏဓမ္မောမှိ၊ မရဏံ အနတီတော”တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

(အင်္ဂုတ္တရနိကာယ ပဥ္စကနိပါတပါဠိ အဘိဏှ-ဒ၄)

အမျိုးသမီးပဲဖြစ်ဖြစ်၊ အမျိုးသားပဲဖြစ်ဖြစ်၊ ရှင်ရဟန်းပဲ ဖြစ်ဖြစ် ငါသည် သေရမည့်သဘောရှိ၏။ သေခြင်းတရားကို မလွန်မြောက်နိုင်ပါဘူးရယ်လို့ ဘာ့ကြောင့် အဲဒါကို ဆင်ခြင် ရပါသလဲဆိုယင် အကျိုးတရားက—

> အတ္ထိ ဘိက္ခဝေ သတ္တာနံ ဇီဝိတေ ဇီဝိတမဒေါ၊ ယေန မဒေန မတ္တာ ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ၊ တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော ယော ဇီဝိတေ ဇီဝိတမဒေါ၊ သော သဗ္ဗသော ဝါ ပဟီယတိ၊ တနု ဝါ ပန ဟောတိ။
>
> (အင်္ဂုတ္တရနိကာယ ပဥ္စကနိပါတပါဠိ၊ အဘိဏှ-ဒ၄)

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ အဟံ၊ ငါသည်။ မရဏဓမ္မော၊ သေရမည့်သဘောရှိ၏။ မရဏံ၊ သေခြင်းကို။ အနတီတော၊ မလွန်မြောက်နိုင်သည်။ အမှိ၊ ဖြစ်ရလေတော့၏။ ဣတိ၊ ဤသို့၊ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခတော၊ ဆင်ခြင်၍ နေသည်ရှိသော်။ [သတ္တာနံ၊ လူရော နတ်ပါ သတ္တဝါအပေါင်းတို့၏။ ဇီဝိတေ၊ အသက်ရှင်ပြီး

တော့ နေရပါတယ်ဆိုတဲ့ ဘဝတခု၌။ ယော ဇီဝိတမဒေါ၊ အကြင်အသက်ရှည်ခြင်း အခြေခံပြီးတော့ ဖြစ်လာတဲ့မာနတရားသည်။ အတ္ထိ၊ ဖြစ်တတ်ပါတယ်။

အသက်ရှည်တဲ့ ပုဂ္ဂိုလ်များကလဲ အသက်ရှည်တာအခြေခံမာနနဲ့ ယစ်မူးတတ်တယ်။ အသက်ရှည်လွန်းပြန်ယင်လဲပဲ တရားမေ့ဘယ် မဟုတ်လား။ ဒါကြောင့် ဘုရားပွင့်တဲ့ခေတ်များကြည့်လိုက်ယင် စိတ်ဝင်စားစရာ တယ်ကောင်း။

သက်တမ်းတရာအောက် လူတွေ သက်တမ်းတရာအောက်ဖြစ်တဲ့ ခေတ်မျိုးလဲပဲ မြတ်စွာဘုရား မပွင့်။ လူတွေ သက်တမ်းတသိန်းထက်ပိုပြီးတော့ ရှည်တဲ့ခေတ်မျိုးလဲ မြတ်စွာဘုရား မပွင့်။ တသိန်းတမ်းရဲ့အောက် တရာတမ်းရဲ့အထက် အဲဒီအကြားမြတ်စွာဘုရား ပွင့်ရတယ်။

လူတွေ အသက်တရာတမ်းရဲ့အောက် ရောက်သွားလို့ ခုနစ်ဆယ်၊ ရှစ်ဆယ်၊ ငါးဆယ်၊ ခြောက်ဆယ် ဟုတ်လား။ ဆယ်နှစ်တမ်းခေတ်၊ အဲဒီခေတ်မျိုး ဘုရားမပွင့်ဘူးဆိုတာ ကိန်းသေမှတ်လိုက်။ ဘာပြုလို့ ထိုခေတ်မျိုး ဘုရားမပွင့်သလဲ။ အလွန်တရာ ဆုတ်ယုတ်နေတဲ့ခေတ်တဲ့။ ဒုစရိုက်တွေက မှောင်ထုကျနေတဲ့ အချိန်မျိုး ဘုရားပွင့်လို့ တရားဟောပေမဲ့ အဲဒါ အချည်းနှီးပါပဲ၊ ဟုတ်လား။

ပိုရှင်းအောင် ပြောရယင် သိပ်မိုက်နေတဲ့လူကို တရားဟောဘို့ရန် မလွယ်ဘူးပေါ့။ ဒါကြောင့် အလွန်မိုက်လွန်းအားကြီးနေတဲ့ ဆုတ်ခေတ်တရာတမ်းရဲ့အောက်မှာ ဘုရားမပွင့်ဘူးဆိုတာ မှတ်ထား။ ကိုင်း-ဆုတ်ခေတ်မပွင့်တော့ တက်တဲ့ခေတ်မှ

ပွင့်သလားလို့ဆိုတော့ တက်တဲ့ခေတ် ပွင့်တာတော့ ဟုတ်ပြီ။ တသိန်းတမ်းရဲ့အထက် တက်သွားပြီ။ လူတွေ အသက်ရှည်လိုက်တာ တသန်းတို့၊ တကုဋေတို့၊ အသင်္ချေယျ မရေမတွက်နိုင်အောင် အသက်တွေ ရှည်။

အဲဒီလောက် အသက်တွေရှည်နေတဲ့ခေတ်ကြီးများလဲ ဘုရားမပွင့်ဘူး။ ဘာဖြစ်လို့ ထိုခေတ်မျိုး မပွင့်သလဲ။ အနိစ္စဘုရားဟောချင်တိုင်းဟော အနိစ္စ အဲဒီလူတွေ မယုံဘူး၊ အသက်ကသိန်း-သန်း-ကုဋေ မရေနိုင်အောင် ရှည်နေတဲ့အခါကျတော့သေတယ်ဆိုတာ သူတို့က ထမင်းထုပ်နဲ့တောင် ရှာရအုံးမှာကိုဗျ၊ အဲဒါကြောင့်မို့လို့ အသက်ရှည်ပြီဆိုယင် လူတွေဟာ တရားဝေးပါတယ်နော်။

ဒါကြောင့် ဗြဟ္မာ့ပြည်မှာ အသက် ကမ္ဘာနဲ့ချီပြီးတော့ရှည်တဲ့ ဗြဟ္မာကြီးတွေမှာ ဒိဋ္ဌိစွဲဆိုဘာ သိပ်မှန်တာပေါ့။ ခုဘဝလဲ ငါပဲ၊ ဟိုဘဝတုန်းကလဲ ငါပဲ၊ တလျှောက်လုံး ငါချည်းပဲဖြစ်နေတော့ အဲဒီမှာ သဿတ ဒိဋ္ဌိကြီး ဝင်လာရောမဟုတ်လား။ ယခုဘဝ ငါ၊ ဗြဟ္မာဖြစ်ပြန်တော့လဲပဲ ကမ္ဘာပေါင်း သိန်းနဲ့သောင်းနဲ့ချီပြီးတော့ အသက်ရှည်အုံးမယ်ဆိုတော့ ဘယ့်နှယ်တဲ့လဲ၊ အနိစ္စဆိုတာ ဟုတ်မထင်ပါဘူး၊ နိစ္စပါပဲ။

သဿတဒိဋ္ဌိက လက်ရှိ အသက်ရှည်တဲ့ အခြေအနေကြည့်ပြီးတော့လဲ သဿတဒိဋ္ဌိ၊ အတိတ်က ဘဝဟောင်းတွေ ပြန်ပြီးတော့ ပုဗ္ဗေနိဝါသအဘိညာဉ်နဲ့ တွေ့မိတဲ့ မြင်မိတဲ့အတွက်ကြောင့်လဲပဲ သဿတဒိဋ္ဌိ ဟုတ်လား။ ကိုင်း-ပြောအုံးမယ်။ သူ့ရဲ့၊

သဿတဒိဋ္ဌိမှာ ဉစ္ဆေဒဒိဋ္ဌိက နောက်ဆင့်ဘယ်နှယ်လာသလဲ။ အတိတ်ဘဝ ပြန်ကြည့်လိုက်တာ ကမ္ဘာလေးဆယ်တွေ့ရတယ်။

"ကမ္ဘာ ဘယ်လောက်တွေ့လဲ"

"လေးဆယ် တွေ့ရပါတယ်ဘုရား"

ပုဗ္ဗေနိဝါသ အဘိညာဉ်တန်ခိုးနဲ့ ကြည့်လိုက်တာ ကမ္ဘာလေးဆယ်မြင်တယ်။ ကမ္ဘာလေးဆယ်ရဲ့ ဟိုဘက် ရုပ်အစဉ် နာမ်အစဉ် သူ ဘာမှမမြင်ဘူး၊ ကျန်နေရော အဲဒီမှာ။ အဲဒီတော့ ကမ္ဘာလေးဆယ်ရဲ့ ဟိုဘက်က ဘာသတ္တဝါမှမရှိတဲ့ ဉစ္ဆေဒဒိဋ္ဌိကြီး ဖြစ်သွားပြန်ရော မဟုတ်လား။

"ကမ္ဘာလေးဆယ်ရဲ့ ဒီဘက်မှာ သတ္တဝါတွေရှိတယ်။ ကမ္ဘာလေးဆယ် ဒီဘက်က သတ္တဝါတွေကလဲပဲ ကမ္ဘာလေးဆယ်လုံးလုံး သူချည်း တဆက်တည်း ဖြစ်လာတယ်ဆိုတော့ ဘာဒိဋ္ဌိလဲ"

"သဿတဒိဋ္ဌိပါဘုရား"

"ယခုလက်ရှိ ရနေတာကလဲ ကမ္ဘာနဲ့ချီ အသက်ရှည်ရတယ်ဆိုတော့ နိစ္စသဿတနဲ့ ဉစ္ဆေဒ မလာဘူးလား"

"လာပါတယ်ဘုရား"

ဒါကြောင့် အသက်ရှည်ပြီးတော့ အဘိညာဉ်ရယင် သဿတဒိဋ္ဌိ ဉစ္ဆေဒဒိဋ္ဌိ အစွန်းထွက်ဖို့ရန် တယ်မလွယ်ဘူး။ အဘိညာဉ်ဆိုတာဟာ သာသနာတော်က အဲဒါ သစ်ပင်ကြီးတပင်ရဲ့ အကာလောက် မြတ်စွာဘုရားက ဟောပါတယ်။ အနှစ်သာရဆိုတာ မဂ်တရား၊ ဖိုလ်တရားဆိုတဲ့ ဉာဏ်ပိုင် ကျတော့မှ အဲဒါ၊ အနှစ်၊ အဘိညာဉ်တန်ခိုးဆိုတာ သာသနာမှာ အကာပဲ ရှိသေးတယ်။

ဈာန်တရားဆိုဘာ အခေါက်လောက်ပဲရှိသေးတယ်။ သီလတရား ဆိုတာကတော့ အခွံလောက်ပဲ ရှိသေးတယ်။

သီလ-သာသနာပြင်ပ ဒိဋ္ဌိတွေကလဲ သူ့သီလနဲ့သူ ရှိတာပဲ။ ဈာန်တရား-ဒိဋ္ဌိတွေလဲ ဈာန်တရားရကာပဲ။ သာသနာပခေတ်ကြီးမှာ သီလကျင့်လို့လဲ ဖြစ်ဘယ်။ ဈာန်အားထုတ်လို့လဲ ရတယ်။ အဘိညာဉ်အားထုတ်လို့သဲ ရဘယ်။ အဲဒါကြောင့် သာသနာ့သစ်ပင်ကြီးရဲ့ အခွံ၊ အခေါက်၊ အကာတွေ အနှစ်သာရကာ ဉာဏ်ဆိုတဲ့ နေရာရောက်မှ ဒိဋ္ဌိပရိယတ်၊ အနှစ်ရတာနော်။

အေး-ယခုပြောနေတာကတော့ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဆိုဘာ၊ အသက်ရှည်လွန်းတဲ့ အဘိညာဉ်ရ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်တတ်ပါတယ်ဆိုတဲ့ အကြောင်း သတိထား။ အဲဒီတော့ အသက်ရှည်ယင် မာနဆိုတာ ဖြစ်ပါလိမ့်မယ်။ ဘာမာန်တဲ့လဲဆိုယင် ဇီဝိတမာန်။

"ဘာမာန်တဲ့"

"ဇီဝိတမာန်ပါဘုရား"

နုပျိုတဲ့ပုဂ္ဂိုလ်များကျတော့ ယောဗ္ဗနမာန်၊ ကျန်းမာတဲ့ ပုဂ္ဂိုလ်တွေကျတော့ အာရောဂျမာန်၊ အသက်ရှည်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ဇီဝိတမာန် လာရော။

ယေန မဒေန၊ အကြင်အသက်ရှည်ဘာ အကြောင်းကြောင့်ပြီး ဖြစ်ပေါ်လာတဲ့ မာန်မာနတရားဖြင့်။ မတ္တာ၊ ယစ်မူးပြီးတော့ နေကြတဲ့။ သတ္တာ၊ လူဈေနတ်ပါ သတ္တဝါအပေါင်းတို့သည်။ ကာယေန စ၊ ကိုယ်ဖြင့်ရင်း၊ ဝါစာယ စ၊ နှုတ်ဖြင့်ရင်း။ မန

သာ စ၊ စိတ်ဖြင့်ရှင်း။ ဒုစ္စရိတံ၊ မကောင်းတဲ့ အကျင့်တွေကို။ စရန္တိ၊ ကျင့်သုံးတတ်လေကုန်ဘော့၏။

သွားရော။ မာနကြီးယင် ဒုစရိုက်နယ်ထဲကို ဝင်သွားရော၊ ဟုတ်လား။ ငါက အသက်ရှည်တယ်ဟာ ဆိုပြီးတော့ ငယ်တဲ့သူတွေ အထင်သေး။ အသက်ရှည်တယ်ဟာ ဆိုပြီး အသက်တိုတဲ့ လူတွေ အပြစ်တင်၊ အဲဒီလို ဖြစ်လာလို့ရှိယင် တဖြည်းဖြည်းနဲ့ ဝစီဒုစရိုက်က စလာတယ်မဟုတ်လား။ ငါ အသက်ရှည်သေးတာပဲကွာ။ ဝိပဿနာတရားဆိုတာ ကိုးဆယ်ကျော်မှ အားထုတ်ကြစို့။ လေးဆယ်၊ ငါးဆယ်၊ ခြောက်ဆယ် ပျော်ပျော်ကြီးနေလိုက်အုံးမယ်။ သွားရော၊ ဒုစ္စရိတံ စရန္တိနော်။

တံ ဌာနံ၊ ထိုကဲ့သို့ ဘယ်လောက်ပဲအသက်ရှည်ရှည် မကြာခင် သေရမယ်ဆိုတဲ့ အကြောင်းကို။ အဘိဏှံ၊ အမြဲဘမ် သာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်၍နေသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ဝါ၊ ထိုယောဂီပုဂ္ဂိုလ်၏။ တာနိ ဒုစ္စရိတာနိ၊ ထို ဒုစရိုက်တရားတို့သည်။ သဗ္ဗသော၊ အကြွင်းမဲ့အားဖြင့်။ ပဟီယန္တိ၊ ကင်းပျောက်ကြလေကုန်တော့၏။ တနုဝါ ပန၊ ခေါင်းပါးသည်မူလည်း။ ဟောန္တိ၊ ဖြစ်ကုန်၏၊

အဲဒါကို မကြာခင် ငါသေရမယ်ဆိုတာကို ကြပ်ကြပ်နှလုံးသွင်းပြီးတော့ ပေးပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်သည် မိမိသန္တာန်အသက်ရှည်တာ အခြေခံနေတဲ့ မာနတရားတွေလဲ ကျဆင်းလာမယ်။ မာနတွေလျော့ပါးသွားယင် ဒုစရိုက်တွေလဲ ခေါင်းပါးလာလိမ့်မယ်ဆိုတဲ့ အကျိုးတရားမျှော်ကိုပြီးတော့ ဒီအချက်ကိုဆင်ခြင်ရပါတယ်နော်။

## (ဃ) ခွဲခွာရခြင်းကို ဆင်ခြင်ရတဲ့အကျိုး

ကိဉ္စ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ "သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ" တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

(အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ အဘိဏှ-၆၄)

ချစ်တဲ့သူတွေနဲ့ သေကွဲရှင်ကွဲ တကွဲတပြားနဲ့ ခွဲရမယ်ဆိုတဲ့ အကြောင်းကို ဘာ့ကြောင့် ဆင်ခြင်ရသလဲ၊ ဘယ်အကျိုးမျှော်ကိုးပြီးတော့ ဆင်ခြင်ရသလဲ၊ ဒီလိုအမေးထုတ်ယင် မြတ်စွာဘုရား အဖြေထွက်လာဘာက–

အတ္ထိ ဘိက္ခဝေ သတ္တာနံ ပိယေသု မနာပေသု ယော ဆန္ဒရာဂေါ ယေန ရာဂေန ရတ္တာ ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ၊ တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော ယော ပိယေသု မနာပေသု ဆန္ဒရာဂေါ၊ သော သဗ္ဗသော ဝါ ပဟီယတိ၊ တနု ဝါ ပန ဟောတိ။

(အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ အဘိဏှ-၆၄)

ဘိက္ခဝေ၊ ရဟန်းတို့၊ ဗြိသတ်လေးပါး ချစ်သား ချစ်သမီးတို့၊ သတ္တာနံ၊ လူရောနတ်ပါ သတ္တဝါအပေါင်းတို့၏၊ ပိယေသု၊ ချစ်အပ်သောအရာဝတ္ထု ပုဂ္ဂိုလ် သတ္တဝါ သင်္ခါရတို့၌၊ မနာပေသု၊ စိတ်နှလုံးကိုတိုးပွားစေတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ သင်္ခါရတို့၌၊

-ယော ဆန္ဒရာဂေါ၊ အကြင်ပြင်းထန်စွာ တပ်မက်နေတဲ့ ဆန္ဒရာဂ တရားသည်။ အတ္ထိ၊ ရှိလေတော့၏။

ချစ်တဲ့ပုဂ္ဂိုလ်ရဲ့အပေါ်မှာ ဆန္ဒရာဂဆိုတာ ဖြစ်၍ ဖြစ်၍ နေကြပါတယ်။

ယေန ရာဂေန၊ အကြင်ဆန္ဒရာဂ တရားဖြင့်။ ရတ္တာ၊ တပ်မက်၍ နေကြကုန်သော။ သတ္တာ၊ လူရောနတ်ပါ သတ္တဝါ အပေါင်းတို့သည်။ ကာယေန စ၊ ကိုယ်ဖြင့်၎င်း။ ဝါစာယစ၊ စိတ်ဖြင့်၎င်း။ ဒုစ္စရိတံ၊ မကောင်းတဲ့အကျင့်တွေကို။ စရန္တိ၊ ကျင့်သုံးတတ်လေကုန်တော့၏။

ဒီပါဠိတော်အပိုဒ် စဉ်းစားကြည့်လိုက်စမ်း၊ ပိယဝတ္ထု အခြေခံပြီးတော့ ဘာတွေ ဖြစ်နေတုံးဆိုယင် ဆန္ဒရာဂတွေ ဖြစ်တယ်။

“ဒီပရိသတ်မှာ ဘာတွေဖြစ်”

“ဆန္ဒရာဂတွေ ဖြစ်ပါတယ်ဘုရား”

ပိယဝတ္ထုအခြေခံ ဆန္ဒရာဂ၊ မနာပ–စိတ်နှလုံးတိုးပွားစရာကောင်းတယ်ဆိုတဲ့ အရာဝတ္ထုအကြောင်းခံပြီးတော့ ဆန္ဒရာဂ၊ ဆန္ဒ=လိုလားခြင်း၊ ရာဂ=စွဲမက်၍နေခြင်း၊ အဲဒါနှလုံးသွင်းလိုက်တော့ ပြင်းထန်တဲ့ ရာဂတဲ့။ ချစ်ခင်လို့ရှိယင် ဘာဖြစ်လဲ ပြင်းပြင်းထန်ထန် ရာဂနဲ့ ချစ်နေကြတယ်။

ပစ္စည်းကိုပဲချစ်ချစ် လူလူချင်းပဲဖြစ်ဖြစ်ပေါ့၊ အဲဒီ သက်ရှိ သက်မဲ့ အရာဝတ္ထုတွေရဲ့အပေါ်မှာ ချစ်ဘယ်ဆိုတဲ့ သဘော တရားကိုယ်ထောက်လိုက်တော့ ဆန္ဒရာဂ။ ဆန္ဒရာဂ ပြင်းထန်သာတဲ့နေ့ကျယင် ကြည့်လိုက်–

ကာယေန ဒုစ္စရိတံ စရန္တိ၊ မကောင်းတဲ့ဒုစရိုက်တွေလဲ လုပ်ကရော။ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ လက်နဲ့မလုပ်တောင် ပါးစပ်ကပြောပြီတဲ့။ပြင်းထန်တဲ့ရာဂကြောင့် ပါးစပ်ကလဲ မကောင်းတာတွေ ပြောတတ်တယ်။ မနသာ ဒုစ္စရိတံ စရန္တိ။ ပါးစပ်နဲ့ မပြောဖြစ်သေးယင် စိတ်ထဲမှာ ကြံနေကြပြီ။

ဘာကြောင့်လဲ ချစ်တဲ့အတွက်ကြောင့် ဆန္ဒရာဂဖြစ်။ ဆန္ဒရာဂကြောင့် မကောင်းဘာ ကြံမိတယ်။ မကောင်းဘာပြောမိတယ်။ မကောင်းတာလုပ်မိပါတယ်။ ပိယ-ချစ်ခြင်းဆိုတဲ့ဘာရားကြောင့် အပြင်းအထန် ဆန္ဒရာဂတွေ စွဲမက်ပြီးတော့ လူသတ်တာတွေ ခိုးတာတွေ မတရားလုပ်တာတွေ လောကမှာ ရှောက်ပြောယင် ဒိုပရိသတ်ရေ သိပြီးသားတွေ ဖြစ်လိမ့်မယ်။

ယခုနက ဘုန်းကြီးတို့ပြောခဲ့တဲ့ ဥပ္ပလဝဏ်နဲ့ သခင္ဒးသားနန္ဒတို့ကို ကြည့်လိုက်။ လုလိုက်တဲ့ ဥပ္ပလဝဏ်ထေရီ၊ ဆန္ဒရာဂအပြင်းအထန့်ဖြစ်၊ပိယသဘာဝကြောင့် ကာယေန ဒုစ္စရိတံ စရန္တိ ဖြစ်သွားတယ်မဟုတ်လား။ ချစ်လွန်းတဲ့အတွက်ကြောင့် ဒုစရိုက်ကိုလွန်းကျူး မိကြတယ်နော်။ ဆန္ဒရာဂပြင်းပြင်းထန့်ထန်ဖြစ်ကြပြီဆိုတဲ့နေ့မှာ ကာယဒုစရိုက်တွေဖြစ်ဘတ်ပါဘယ်။ ဝစီ ဒုစရိုက်တွေလဲဖြစ်တတ်ပါတယ်။ မနောဒုစရိုက်တွေလဲဖြစ်တတ်၂ါဘယ်၊ တသွာ၊ ဒါ့ကြောင့်မို့လို့-

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။ တံ ဌာနံ၊ ထိုချစ်ခင်နှစ်သက်တဲ့ပုဂ္ဂိုလ်သတ္တဝါသခ်ါရခေတွနဲ့ဘယ်လောက်ပဲချစ်နေနေ တနေ့ ပစ်ကြရ ခွဲကြရမယ်ဆိုတဲ့ အကြောင်းကို။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခတော၊ ဆင်ခြင်၍နေတဲ့။.

တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ဝါ- ထိုယောဂီပုဂ္ဂိုလ်၏။ သော၊ ထိုပြင်းပြင်းထန်ထန် ချစ်နေတဲ့ ဆန္ဒရာဂသည်။ သဗ္ဗသော၀၊ အကြွင်းမဲ့အားဖြင့်လဲပဲ။ ပဟီယတိ၊ ကင်းပျောက်လေတော့၏။ တနည်း ဝါ ပန၊ ခေါင်းပါးသည်မူလည်း။ ဟောတိ၊ ဖြစ်၏။

မကြာခင် ချစ်တဲ့သူနဲ့ခွဲရလိမ့်မယ်လို့ ကြပ်ကြပ်နှလုံးသွင်း။ ဆန္ဒရာဂဆိုတာ ကင်းပါဘယ်နော်။ ခစ်တဲ့သူနဲ့ကွဲရမယ်လို့ ကြပ်ကြပ် နှလုံးသွင်းယင်လဲ အဲဒီ ချစ်တဲ့သူ့ရဲ့အပေါ်မှာ ဆန္ဒတွေရော ရာဂတွေရော တဖြည်းဖြည်း လျော့ပါးသွားတယ်ဟုတ်လား။ ဆန္ဒရာဂလျော့သွားယင် သူ့အခြေခံဖြစ်တဲ့ ဒုစရိုက်တွေလဲ ကင်းပျောက်ကုန်ပါလိမ့်မယ်။

"ဆန္ဒရာဂကြောင့်ဖြစ်မယ့် ဒုစရိုက်တွေ ဖြစ်အုံးမှာလား"

"မဖြစ်တော့ပါဘုရား"

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ဣမံ အတ္ထဝသံ၊ ဤဆန္ဒရာဂ ကင်းပျောက်ခြင်း ဆန္ဒရာဂ အခြေခံဖြစ်တဲ့ ဒုစရိုက်ကင်းပျောက်ခြင်းဆိုတဲ့ အကျိုးတရားကို။ သမ္ပဿံ- သမ္ပဿန္တော၊ ကောင်းစွာထင်ထင် မြော်မြင်မိသည်ဖြစ်၍။ အဘိဏှံ၊ အမြဲဘမ်းသာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။ ဒေသေတိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူလိုက်ပါပေသတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

ပိယဝိပ္ပယောဂကို ကြိုတင်စဉ်းစားထားတဲ့အတွက်ကြောင့် ဆန္ဒရာဂ လျော့ပါးတယ်။ ဆန္ဒရာဂလျော့ပါးယင် ဒုစရိုက်တွေ လျော့ပါးလာမယ်။ အဲဒီအကျိုး မျှော်ကိုးပြီးတော့ ချစ်တဲ့သူတွေနဲ့ တနေ့ခွဲရမှာပဲ ဆိုတာကို ဉ်းစားထားပါ။

## (င) ကံတရား ဆင်ခြင်ရတဲ့အကျိုး

ကိဉ္စ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ "ကမ္မဿကောမှိ၊ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမိ" တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

(အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ၊ အဘိဏှ—၆၄)

ချစ်သားတို့၊ ကမ္မဿကော၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏။ ကမ္မဒါယာဒေါ၊ ကံပေးသမျှ ငါတို့ ရကြယူကြရမယ်။ ကမ္မဗန္ဓု၊ ကံကိုသာလျှင် ငါ့ဘို့ မိတ်ဆွေဖွဲ့ရမယ်။ ကမ္မပဋိသရဏော၊ ကံကိုသာလျှင် မှီအားကိုးရမယ်၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ ကောင်းတာပဲလုပ်လုပ် မကောင်းတာပဲ လုပ်လုပ် မကောင်းတာလုပ်ယင် မကောင်းတာ ငါရမယ်၊ ကောင်းတာလုပ်ယင်၊ ကြံသင်၊ ပြောယင် ကောင်းတာတွေ ငါ ရမယ်လို့ ဘာ့ကြောင့် ဘယ်အကျိုး မျှော်ကိုးပြီးတော့ ဆင်ခြင်ရ သလဲလို့ အမေးထုတ်ပြီးတော့ အဖြေကို ဘုရားမြတ်စွာက—

အတ္ထိ ဘိက္ခဝေ သတ္တာနံ ကာယဒုစ္စရိတံ ဝစီဒုစ္စရိတံ မနောဒုစ္စရိတံ။

(အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ၊ အဘိဏှ—၆၄)

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ သတ္တာနံ၊ လူရောနတ်ပါ သတ္တဝါတို့ရဲ့။ ကာယဒုစ္စရိတံ၊ ကိုယ်နှင့် လွန်ကျူးထားတဲ့ ဒုစရိုက်သည်။ ဝစီဒုစ္စရိတံ၊ နှုတ်နဲ့ပြောထားတဲ့ ဝစီဒုစရိုက်သည်။ မနောဒုစ္စရိတံ၊ စိတ်ထဲက ကြံထားတဲ့ မနောဒုစရိုက်သည်။ အတ္ထိ၊ သတ္တဝါတွေမှာ အနည်းနဲ့ အများ ဆိုတာ လူတိုင်းမှာ ရှိတတ်ကြပါတယ်။

ကြည့်လိုက်၊ လူရောနတ်ရော ဘယ်သူပဲဖြစ်ဖြစ် ယခုဘဝ ဘယ်လောက် ကောင်းပါတယ်ပြောပြော၊ သံသရာတုန်းက ကောင်းချင်မှ ကောင်းခဲ့မှာ၊ နှုတ်နဲ့ လက်နဲ့ စိတ်နဲ့ မကောင်းတာတွေ ကြံထားတာ၊ ပြောထားတာ၊ လုပ်ထားတာ လူတိုင်းမှာ အနည်းနဲ့ အများတော့ ရှိပြီးသားပါ။ ရှိကြတယ်နော်။ အဲဒီလို မကောင်းတာ လုပ်ထားတာရှိယင် ပြောထားတာ၊ ကြံထားတာရှိယင်—

တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော သဗ္ဗသော ဝါ ဒုစ္စရိတံ ပဟီယတိ၊ တနု ဝါ ပန ဟောတိ၊

(အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတ ပါဠိ၊ အဘိဏှ—၆၅)

တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ် ကံပေးသမျှ ရယူကြရမယ် ကံကိုသာလျှင် မှီဘဲဆွေမျိုးဖွဲ့ရတယ် ကံသာလျှင် အားကိုးရာရှိတယ်လို့ မပြတ်

မပြတ် နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်အား။ တာနိ၊ ထိုဒုစရိုက်တရားတို့သည်။ သဗ္ဗသော၀၊ အကြွင်းမဲ့အားဖြင့်လဲပဲ၊ ပဟီယတိ၊ ကင်းပျောက်လေတော့၏။ တနု ၀ါ ပန၊ ခေါင်းပါးသည်မူလည်း။ ဟောတိ၊ ဖြစ်လေဘော့၏။

ဒုစရိုက်တရားတွေ အကယ်၍ လွန်ကျူးထားတာရှိယင် အဲဒီ ပုဂ္ဂိုလ်က ကံဘရားကို ကြပ်ကြပ်နှလုံးသွင်း စဉ်းစား။ ကံအကြောင်း တွေးယင်း တွေးယင်းနဲ့ တဖြည်းဖြည်း ဒီအဘိကျ ဒေသနာတော်အရ သဘောပေါက်လာတာက ဟာ—ကံရဲ့ အကြောင်းအကျိုးတွေ တကယ်ရှိသကိုးလို့ စိတ်ထဲ ဖြန်းကနဲ ဉာဏ်ထဲဝင်တာနဲ့ အလိုင်နက်တဲ့ ငါလုပ်ထားတာတွေ မကောင်းတာတွေ အများကြီးပဲ ဆိုပြီးတော့ တွေးပြီး ကြောက်တယ်။ သဟောတ္တပ္ပ မမှသံဝေဂဉာဏ် အဲဒီအခါနဲ့ ဖြစ်ပါလိမ့်မယ်။ ငါလုပ်ထားတာတွေ မနဲဘူးဟ ဆိုပြီး ကြောက်တဲ့စိတ်တွေ ဝင်လာလိမ့်မယ်တဲ့နော်။

ငါ့မှာ ကောင်းတာတွေ များများကြီး လုပ်ထားတာရှိတယ် ဆိုလို့ရှိယင်လဲပဲ မိမိလုပ်ထားတဲ့ ကောင်းတဲ့ကံတွေကို အားကိုးပြီးတော့ ဝမ်းသာတယ်၊ ပီတိပါမောဇ္ဇတွေ ဖြစ်ပေါ်လာပါလိမ့်မယ်။ ဒါ့ကြောင့် ကံဘရားအကြောင်း စဉ်းစားလို့ရှိယင် မကောင်းတာတွေ တဖြည်းဖြည်း နဲသွားတယ်၊ မကောင်းဆိုတဲ့ ကံတွေ တဖြည်းဖြည်း ခေါင်းပါးသွားတယ်၊ ကောင်းတဲ့ကံများကို တဖြည်းဖြည်း ဆည်းပူးမိပါတယ်။ ထိုဆည်းပူးပြီးသား ဖြစ်တဲ့ ကောင်းတာတွေကို တွေးပြီးတော့လဲ ပီတိပါမောဇ္ဇ ရတယ်၊ မကောင်းတာတွေကို လုပ်ထားတာတွေ တွေးပြီးတော့

လဲပဲ ကြောက်သန့်တယ်ဆိုတဲ့ ဟိန်ဩတ္တပ္ပတွေ ဝင်လာတယ်။ အဲဒီအကျိုး မျှော်ကိုးပြီးတော့ ကံတရားကို ကြပ်ကြပ် နှလုံးသွင်းပေး ချစ်သားတို့။ မြတ်စွာဘုရား ဒီလို မိန့်ပါတယ်ခနော်။

"ကိုင်း–အကျိုးတရားငါးပါး ဖော်ပြတဲ့ ပါဠိတော်ငါးပိုဒ် ဘုန်းကြီးတို့ပရိသတ် စုံသွားပြီ မဟုတ်လား"

"မှန်ပါ စုံသွာ ပါပြီ ဘုရား"

(က) ဇရာသဘောဆင်ခြင်ဆိုတာက ယောဗ္ဗနမာန် ကျဆင်းဘို့ရန်အတွက်၊

(ခ) ဗျာဓိသဘောဆင်ခြင်ရမယ်ဆိုတာက အာရောဂျမာန် ကျဆင်းဘို့ရန်အတွက်၊

(ဂ) မရဏသဘော ဆင်ခြင်ရမယ်ဆိုတာက ဇီဝိတမာန် ကျဆင်းဘို့ရန်အတွက်၊

(ဃ) ချစ်တဲ့သူနှင့်ခွဲရမှာကို ဆင်ခြင်ရမယ်ဆိုတာက ဆန္ဒရာဂ ခေါင်းပါးဘို့ရန်အတွက်၊

(င) ကံအကြောင်းတရားကို ထပ်တလဲလဲ ဆင်ခြင်ရမယ်ဆိုတာက ကမ္မသကတာသမ္မာဒိဋ္ဌိဉာဏ် ရင့်သန်ဘို့ရန်အတွက်။

"ဒီအကျိုးတွေ မျှော်ကိုးပြီးတော့ ဒီငါးချက် မပြတ်ဆင်ခြင်။ ဒီလိုဟောတယ်မဟုတ်လား"

"မှန်ပါဘုရား"

"ကိုင်း—ငါးခုတလီပြီးပစေ ဘုန်းကြီးတို့ ပရိသတ်ရေ။ နောက်ထပ် ငါးခုတလီပြီးအောင် ဟောလိုက်မယ် ဒို့ပရိသတ်၊ အကြေးမထားတော့ဘူးဗျနော်"

"မှန်ပါ့ဘုရား"

## ပြေပြေစရာ အကြောင်း ၅—ချက်

## (သို့မဟုတ်) မဂ်ဉာဏ်ဖြစ်ပေါ်နိုင်တဲ့ အကြောင်း ၅-ချက်

### (က) ငါတယောက်တဲ အိုရတာပု မဟုတ်ပဲ

သ ခေါ သော ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ။

(အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတပါဠိ၊ အဘိဏှ ၆၅)

နောက် ငါးခုတတွဲက လွယ်ဘယ်။ ဘုန်းကြီးတို့က ၎င်းနည်းနဲ့ သွားမှာ၊ ဘာပြုလို့ ၎င်းနည်းသွားမလဲ။ ပါဠိတော်က ငါးပိုဒ်သာဖြစ်နေတာ သေသေချာချာကြည့်လိုက်တော့ အဓိပ္ပာယ်က တခုတဲရယ်။ ပါဠိတော် ငါ့ပိုဒ်ဟောပါတယ်၊ အဓိပ္ပာယ် တခုတဲရယ်။ ယခု ပြောပြီးတဲ့ ငါးခုကတော့ ပါဠိတော်လဲ ငါးပိုဒ်ထွက်လာတယ်။ အဓိပ္ပာယ်ကလဲ ငါးမျိုးပဲထွက်တယ်။ နောက်ရှိနေတဲ့ အပိုင်ငါးခုကတော့ ပါဠိတော်ငါးပိုဒ် ဘယ်လိုပဲဟောဟော အကျိုးက တခုတဲ ဖော်ပြတာ ဖြစ်တယ်။ အဲဒီ တခုတည်းသော အကျိုးကို ဖော်ပြတဲ့ ပါဠိတော်ငါးပိုဒ်ကို ဘုန်းကြီးတို့ ပရိသတ် နားထောင်ပြီးယင် ဒီသုတ္တန် ပြီးပြီလို့ မှတ်လိုက်၊

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ သ ခေါ သော အရိယသာဝကော၊ ထိုကဲ့သို့ ဆင်ခြင်နေတဲ့ အရိယာသာဝက သည်။ ဝါ၊ အရိယာဖြစ်ဖို့ မျှော်ကိုးနေတဲ့ ဘုရားရဲ့ တပည့် သား သမီးသည်။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်လေ တော့၏။

နောက်ထပ်ဆင်ခြင်တဲ့ နည်းတနည်း—

“န ခေါ အဟညေဝေကော ဇရာဓမ္မောမှိ၊ ဇရံ အနတီတော။ အထ ခေါ ယာဝတာ သတ္တာနံ အာဂတိ စုတိ ဥပပတ္တိ၊ သဗ္ဗေ သတ္တာ ဇရာဓမ္မာ ဇရံ အနတီတာ” တိ။

(အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတပါဠိ၊ အဘိဏှ-၆၅)

အဟညေဝေကော၊ ငါတယောက်တည်းသာလျှင်။ ဒို့ပရိ သတ်၊ သတိထား။ အဟညေဝေကော၊ ငါတယောက်တည်း သာလျှင်။ ဇရာဓမ္မော၊ အိုရမည့်သဘောရှိသည်။ န၊ မဟုတ် ချေ။

ပထမ ရှေ့က ငါးပိုဒ်အခန်း ငါးပိုဒ်ပေးသာ ခဲ့တာကတော့ ကိုယ်ခန္ဓာထဲ ကိုယ့်ဉာဏ်သွင်းထားရမယ်။

အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။

အဇ္ဈတ္တံ၊ မိမိရဲ့ အဇ္ဈတ္တကာယ၌၊ ကာယာနုပဿီ၊ အဲဒီကာယ မှာ ရှိနေတဲ့ ဇာတိဇရာ ဗျာဓိမရဏတွေကို မပြတ်ရှုမှတ်၍ နေ သည်ဖြစ်၍၊ ဝိဟရတိ၊ နေ၏။

အဇ္ဈတ္တကာယမှာ ရှုရတဲ့သဘော ရှော ငါးပိုဒ်၊ ယခု နောက်တပိုဒ်ထွက်လာတာက မိမိရဲ့ အဇ္ဈတ္တကာယ ရှုမှတ်နေရုံနဲ့လဲပဲ အဲ ဒွိပရိသတ်၊ အားမရ တင်းမတိမ်ကြဘူးဆိုယင် ဉာဏ်ကြီးတဲ့ပုဂ္ဂိုလ်တွေ ဗဟိဒ္ဓကိုလဲ ချဲ့ပြီးတော့ အာရုံယူပါ ဟုတ်လား။

ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။

"သတိပဋ္ဌာန်မှာ အဇ္ဈတ္တ၊ ဗဟိဒ္ဓ နှစ်ပါးမဟောဘူးလား"
"ဟောပါတယ်ဘုရား"

မိမိကိုယ်ကာယအတွင်း ရှိနေတဲ့ ဇာတိ ဇရာ ဗျာဓိ မရဏကိုလဲ ဆင်ခြင်။ အပြင်အပ လောကကြီးတခုလုံး ရှိတဲ့ သတ္တဝါ အားလုံးတို့ရဲ့ ဇာတိ ဇရာ ဗျာဓိ မရဏကိုလဲပဲ ဆင်ခြင်။ အဇ္ဈတ္တနဲ့ ဗဟိဒ္ဓ အတွင်းအပြင်နှစ်ခု ဖပ်ပြီးတော့ သွားအောင် ဒီလို မဟုတ်လား။ အဲဒီတော့ သင်္ခါရလောကကြီးတခုလုံး ယောဂီရဲ့ ဉာဏ်ထဲ အကုန်သိမ်းကျုံးပြီးတော့ ဝင်သွားရော။

အဲဒီလိုဆင်ခြင်လိုက်တော့ အေး—ဒါ့ကြောင့် ငါတယောက်တဲသာ အိုရမှာမဟုတ်ပဲ၊ တခါတခါ အိုဆိုတာ ကိုယ်တယောက်တဲထင်ပြီး အားငယ်နေတတ်သေးတယ်။ အကုန်လုံး သိမ်းကျုံးယူလိုက်တော့ သက်သာသွားတယ်။ ငါတယောက်တဲမှမဟုတ်ပဲ၊ အများနဲ့ဖြစ်ဘာပဲဆိုတော့ နဲနဲလေးတော့ သက်သာတယ်နော်။ အဲဒါ အရပ်ထဲ တွေ့ကရာ ဆင်ခြင်တဲ့ ဥစ္စာမျိုးပေါ့ ဟုတ်လား။ ဒါ့ကြောင့်—

အဟညေဝကော၊ ငါဘယောက်တည်းသာလျှင်။ ဇရာ ဓမ္မော၊ အိုရမည့်သဘောရှိသည်။ န၊ မဟုတ်ချေသေး။ အဟ ညေဝကော၊ ငါဘယောက်တည်းသာလျှင်။ ဇရံ၊ အိုရမည့် သဘောကို။ အနတီတော၊ မလွန်မြောက်နိုင်သည်ကား။ န၊ မဟုတ်ချေသေး။

အထခေါ၊ အဟုတ်သော်ကား။ ယာဝတာ ယတ္တကာနံ၊ အကြွင်းမဲ့လောက်ကုန်သော။ သတ္တာနံ၊ လူရောနတ်ပါသတ္တဝါ တို့၏၊ အာဂတိ ဂတိ၊ ထိုဘဝမှ ဤဘဝသို့ လာရခြင်း။ စုတိ ဥပပတ္တိ၊ စုတိ ပဋိသန္ဓေဆိုဘာ။ အတ္ထိ၊ ရှိလေတော့၏။ တေသံ တေသံ သတ္တာနံ၊ ထိုထို စုတိ ပဋိသန္ဓေ မပြတ်မသွေ တည်ရှိ၍ နေတဲ့ သတ္တဝါတို့အား။ တေသော သတ္တာ၊ ထို ထို စုတိပဋိသန္ဓေ မပြတ်မသွေ ရှိ၍ရှိ၍ နေကြကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန် သော။ သတ္တာ၊ လူရော နတ်ပါ သတ္တဝါအားလုံးတို့သည်။ ဇရာဓမ္မာ၊ အိုရမည့်သဘောရှိကြလေကုန်၏။ ဇရံ၊ အိုရမည့် သဘောကို။ အနတီတော၊ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်သတ္တဝါ တစုံတယောက်မျှ လွန်မြောက်နိုင်ခြင်း မရှိကြ လေကုန်။

အကုန်လုံး သိမ်းကျုံးပြီးတော့ ဆင်ခြင်သွားတယ်၊ ဒီလို မဟုတ်သား၊ ငါတယောက်တဲ့သာလျှင် အိုရမှာမှ မဟုတ်ပဲ၊ ငါ တယောက်တဲ့သာလျှင် အိုခြင်းသဘောကို မလွန်မြောက်နိုင် သေးတာမှ မဟုတ်ပဲ၊ စုတိ ပဋိသန္ဓေရှိနေတဲ့ ဟောဒီ သတ္တ လောကကြီးတခုလုံး အိုတဲ့သဘောက မလွန်မြောက်နိုင်ဘာပါ တကားရယ်လို့–

တဿ တံ ဌာနံ အဘိဏှံပစ္စဝေက္ခတော၊ ဒီအကြောင်းကို ထပ်တလဲလဲ ဆင်ခြင်နေတဲ့ပုဂ္ဂိုလ်အား။ ဝါ၊ သူရော ငါရော တလောကလုံးကို သိမ်းကျုံးဆင်ခြင်နေတဲ့ပုဂ္ဂိုလ်အား။ မဂ္ဂေါ၊ မဂ်ဆိုတဲ့တရားသည်။ သဉ္ဇာယတိ၊ ဖြစ်ပွားရှိလာတတ်ပါတယ်။

(အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတပါဠိ-အဘိဏှ-၆၅)

အဲဒီအချိန် ထိုယောဂီရဲ့သန္တာန်မှာ မဂ်ဉာဏ်ပေါ်လာတတ်တယ်။ ပါဠိတော်က တဲ့တဲ့ပြောထားတယ်။ ဒီတော့ ဇရာရယ် ဗျာဓိရယ် မရဏရယ် ထိုအကြောင်းအရာမျာကို ဝိပဿနာ ဉာဏ်ထဲရောက်အောင် သမ္ဘာတရားတို့ရဲ့ ဝိပရိဏာမအချက်ကို ကျယ်ကျယ်ပြန့်ပြန့် ဘုန်းကြီးပြောခဲ့ပါပြီ။

မဂ်ဉာဏ်ဖြစ်တာဟာ ဝိပဿနာထဲရောက်မှဖြစ်တယ် မဟုတ်လား။ ငါအိုရအုံးမယ်၊ ရှိရှိသမျှ သတ္တဝါတွေလဲ အိုကြရအုံးမှာပဲ၊ အဲဒါလောက်နဲ့တော့ မဂ်ဉာဏ်မဖြစ်ဘူး။ အိုတယ်ဆိုတဲ့ ဥစ္စာဟာ ရုပ်တရားကြီးရဲ့ ရင့်ကျက်သွားတဲ့သဘော။ နောက် တနည်းပြောရယင် အိုတယ်ဆိုတဲ့ဥစ္စာဟာ ရုပ်တရားကြီးကို ဘာ တဲ့တုံးဗျာ၊ တေဇောဓာတ် လေးပါးထဲက ဘုန်းကြီးပြောခဲ့ တာ။

"ဘာတေဇော လောင်တာတဲ့"

"မေ့ကုန်ပြီ၊ မြန်မြန်လေးပြောလိုက် ဒွိုပရိသတ်"

"ဇီရဏတေဇောပါဘုရား"

"ဇီရဏတေဇော၊ ဘာတေဇောတဲ့"

"ဇီရဏတေဇောပါဘုရား"

အဒေး—ဇိရဏလို့ခေါ်တဲ့ တေဇောရုပ်က ဖောက်ပြန်လာတဲ့ အတွက်ကြောင့် အဲဒီ ဘေဇော မဟာဘုတ်ကို မှီနေရတဲ့ ကြွင်း ကျန်တဲ့ ဥပါဒါရုပ်တွေ ဖောက်ပြန်ကုန်တယ်၊ ဇရာရဲ့သဘော၊ အဲဒီလို ရုပ်တရားရဲ့ ဝိပရိဏာမ သဘာဝ ကြပ်ကြပ်ဆင်ခြင်နိုင် မှုသာလျှင်–

မဂ္ဂေါ၊ ဝိပဿနာဉာဏ်လို့ခေါ်တဲ့ လောကီပဉ္စင်္ဂိကမဂ်သည်။ သဉ္ဇာယတိ၊ ဖြစ်ပေါ်၍လာလေတော့၏။

သမ္မာဒိဋ္ဌိရယ် သမ္မာသင်္ကပ္ပရယ် သမ္မာဝါယာမရယ် သမ္မာ သတိရယ် သမ္မာသမာဓိရယ် ငါး၊ အဲ ၂ ကို ပဉ္စင်္ဂိကမဂ်လို့ခေါ် တဲ့ အင်္ဂါငါးပါးနှင့် ပြည့်စုံနေတဲ့ လောကီဝိပဿနာဉာဏ်မှာ ဖြစ်ပေါ်နေတဲ့ မဂ်တရားသည်။ သဉ္ဇာယတိ၊ ဖြစ်ပေါ်၍လာ လေတော့၏။ မဂ်တချုး၊ လောကီမဂ်ကနေ တဆင့်တက်၊ အဲဒီ ဉာဏ်ကို တိုးတက်ပွားများအာ ထုတ်သွားမယ်ဆိုလို့ရှိယင်–

သော တံ မဂ္ဂံ အာသေဝတိ၊ ဘာဝေတိ၊ ဗဟုလီကရောတိ။

(အင်္ဂုတ္တရနိကာယ ပဋ္ဌာနနိပါတပါဠိ၊ အဘိဓာ-၆၅)

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ တံ မဂ္ဂံ၊ ထိုကဲ့သို့ဖြစ်ပေါ် လာတဲ့ ဝိပဿနာမဂ်ကို။ အာသေဝတိ၊ ထပ်ဘလဲလဲ ရုပ်တရား တွေ ဖောက်ပြန်နေတဲ့အချက်ကို မှီဝဲ၍နေသော ဘာ့၏။ ဘာဝေ တိ၊ ပွားများ၍နေလေတော့၏။ ဗဟုလီကရောတိ ကြိမ်ဖန် များစွာ လေ့လ ၍နေလေတော့၏။

တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော
ဗဟုလီ ကရောတော သံယောဇနာနိ သဗ္ဗသော
ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။

(အင်္ဂုတ္တရနိကာယပဉ္စကနိပါတပါဠိ၊ အဘိညာ-၆၅)

တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော၊ အဲဒီမဂ်ကို ကြိမ်ဖန်များစွာ ပွားများလေ့လာမှီဝဲနေတဲ့ပုဂ္ဂိုလ်အား။ သံယောဇနာနိ၊ သံယောဇဉ်တရားဆယ်ပါးတို့သည်။ သဗ္ဗသော၊ အကြွင်းမဲ့ အားဖြင့်။ ပဟီယန္တိ၊ ကင်းပျောက်ကြလေကုန်တော့၏။ အနုသယာ၊ အနုသယတရားခုနစ်ပါးတို့သည်။ ဗျန္တီ၊ ကင်းကွာ၍သွားကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်တော့၏။

ယောဂီရဲ့ဉာဏ်ထဲ ပေါ်လာတာက ငါသည် အိုရမည့်သဘော ရှိ၏၊ အိုခြင်းသဘောကို မလွန်မြောက်နိုင်ချေ၊ ဒါလောက် ဆင်ခြင်ယင် သံဝေဂဉာဏ်ဖြစ်ပြီ။ အဲဒီ သံဝေဂဉာဏ်အခြေခံပြီး ရုပ်တရားရဲ့ ဖောက်ပြန်ပုံကို ဝိပဿနာရောက်အောင် ဆင်ခြင် လိုက်တဲ့အခါကျတော့ လောကီဝိပဿနာမဂ်၊ ထိုမှတဆင့်တက် လောကုတ္တရာမဂ်ဆိုတာတွေ ပေါ်ပေါက်လာပြီးတော့ သံယော ဇဉ် ဆယ်ပါး အနုသယ ခုနစ်ပါးတို့ ကင်းစင်ကြတယ်။

ဇရာသဘော ကြုပ်ကြုပ်ဆင်ခြင်၊ ဝိပဿနာမဂ်နဲ့ လောကုတ္တရာ မဂ် ဆိုတဲ့ မဂ်နှစ်ပါးဝင် သံယောဇဉ်တွေစင် ဟုတ်လား။

## (ခ) ငါတယောက်တဲ နာရတာမှ မဟုတ်ပဲ

"န ခေါ အဟညေဝေကော ဗျာဓိဓမ္မော၊ ဗျာဓိံ အနတီတော။ အထ ခေါ ယာဝတာ သတ္တာနံ အာဂတိ ဂတိ စုတိ ဥပပတ္တိ၊ သဗ္ဗေ သတ္တာ ဗျာဓိဓမ္မာ ဗျာဓိံ အနတီတာ"တိ။

(အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတ ပါဠိ၊ အဘိဏှ-၆၅)

အဟညေဝေကော၊ ငါတယောက်တည်းသည်သာလျှင်။ ဗျာဓိဓမ္မော၊ အနာရောဂါနှိပ်စက်ခံရတဲ့ သဘောရှိသည်။ န၊ မဟုတ်သေး။ အဟညေဝေကော၊ ငါတယောက်တည်းသည်သာလျှင်။ ဗျာဓိံ၊ အနာရောဂါနှိပ်စက်ခံရမည့် သဘောကို။ အနတီတော၊ မလွန်မြောက်နိုင်သည်။ န၊ မဟုတ်သေး။

အထ ခေါ၊ အဟုတ်သော်ကား။ ယာဝတာ သတ္တာနံ အာဂတိ ဂတိ စုတိ ဥပပတ္တိ၊ စုတိပဋိသန္ဓေ မပျက်မသေ ရှိ၍ နေကြတဲ့ သတ္တဝါမှန်သမျှ။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ လူရောနတ်ပါ အဲဒီ စုတိပဋိသန္ဓေရှိကြတဲ့ သတ္တဝါအပေါင်းတို့သည်။ ဗျာဓိဓမ္မာ၊ ဖျားနာရခြင်းသဘော ရှိကြပေကုန်၏။ အနာရောဂါနှိပ်စက်ခံရတဲ့သဘော ရှိကြလေကုန်၏။ ဗျာဓိံ၊ အနာရောဂါနှိပ်စက်ခံရမည့်သဘောတွေကို၊ အနတီတာ၊ ဘယ်လူ ဘယ်နတ် ဘယ်ပြဟ္မာ ဘယ်သတ္တဝါ တစုံတယောက်ကမျှ မလွန်မြောက်နိုင်ကြလေကုန်။

တဿ တံ ဥာနံ အဘိဏှံ ပစ္စဝေက္ခတော မဂ္ဂေါ သဉ္ဇာယတိ။

(အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ အဘိဏှ-၆၅)

တဿ တံ ဥာနံ အဘိဏှံ ပစ္စဝေက္ခတော၊ ဒီအကြောင်း ထပ်တလဲလဲ ကိုယ်ရော သူပါ ဒီလိုဖြစ်ရမှာပါလို့ ဆင်ခြင်နေသောပုဂ္ဂိုလ်အား။ မဂ္ဂေါ၊ လောကီမဂ်လောကုတ္တရာမဂ်ဆိုတဲ့ အဲဒီမဂ်ဉာဏ်သည်။ သဉ္ဇာယတိ၊ ဖြစ်ပွား၍ လာလေတော့၏။

တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။

(အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ အဘိဏှ-၆၅)

တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော၊ ဒီမဂ်ကို ထပ်လဲလဲ ပွားများပြီးတော့ နေခဲ့မယ်ဆိုယင်ဖြင့်။ သံယောဇနာနိ၊ သံယောဇဉ်တရားဆယ်ပါးတို့သည်။ ပဟီယန္တိ၊ ကောင်းစွာမသွေ့ ကင်းပျောက်ကြလေကုန်တော့၏။ အနုသယာ၊ အနုသယတရား ခုနစ်ပါးတို့သည်။ ဗျန္တီ၊ ကင်းကွာ၍ သွားကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်တော့၏။

ငါတယောက်တည်းသာလျှင် နာရမည့်သူသော ရှိသည်မဟုတ်သေး။ သုံးလောက ရှိရှိသမျှ သတ္တဝါတွေ အကုန်လုံး နာကြမှာချည်းပဲလို့ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာန ဇရာ ဗျာဓိသဘော ထပ်တလဲလဲ ဆင်ခြင်နေတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ မဂ်ဉာဏ်ဆိုတာ

ဖြစ်လာပါလိမ့်မယ်။ မဂ်ဉာဏ်ဝင်လိုက်တာနဲ့ တပြိုင်နက်တဲ သံယောဇဉ်နဲ့ အနုသယတွေ ကုန်သွားပြီတဲ့။ ဒီတော့ယင် ဗျာဓိဘာများပြောစရာလိုသေးသလဲ။ အနာရောဂါဆိုတာဟာ ဘာတရားတဲ့လဲ။

“အနာရောဂါဆိုတာ ဘာတရားလဲ”

“ရုပ်တရားပါဘုရား”

အေ —ရုပ်တရား။ အဲဒါလေး မမေ့လိုက်နဲ့။ ရောဂါဖြစ်တယ်ဆိုတာ ရုပ်တရားဖောက်ပြန်တာ။ ရုပ်ကို ရှုပြီဆိုသင် ရောဂါရပြီ။ ဒါကြောင့် ဗျာဓိပိ ဒုက္ခာ လို့ ဆင်ခြင်နေတဲ့ အဘိဏှဒေသနာတော် နှလုံးသွင်းတဲ့ ဒို့ယောဂီများသည် ရောဂါဖြစ်တာနဲ့ တပြိုင်နက်တဲ ရုပ်တွေရဲ့ ဖောက်ပြန်ပုံကို ဉာဏ်ထဲပေါ်အောင်ယူ၊ ဝိပဿနာမဂ်လာတယ်။ ရုပ်တရားသဘောကျ၊ သမ္မာဒိဋ္ဌိဖြစ်ပြီပေါ့ဗျနော်၊

ရုပ်တရားရဲ့လက္ခဏာ စဉ်းစားပြီဆိုကတဲက သမ္မာသင်္ကပ္ပဖြစ်ပြီပေါ့။ အဲဒီချင်နဲ့ ရုပ်ရဲ့လက္ခဏာတွေ ထင်လာပြီဆိုကတဲက သမ္မာသမာဓိ၊ သမ္မာသတိတို့ ဝင်နေပြီမဟုတ်လား။ အဲဒါကြောင့် မဂ္ဂေါ သဥ္စာယတိ တဲ့။ မဂ်ဉာဏ်ဖြစ်ဆိုတာ အဲဒါ။

“အဲဒီလို မဂ်ဉာဏ်ဝင်တာနဲ့ တပြိုင်နက်တဲ အနာရောဂါကင်းလို့ ကျန်းမာခြင်းဆိုတဲ့ ဆုလာဘ်ကြီးရတဲ့အတွက်ကြောင့် မာနထောင်နေတာတွေ လာအုံးမလား”

“မလာတော့ပါဘုရား”

အေး—မာနသံယောဇဉ်၊ မာနာနုသယ အဲဒီအချိန် ကုန်ပါတယ်။

## (ဂ) ငါတယောက်တဲ့ သေရတာမှ မဟုတ်ပဲ

နခေါ အဟညေဝကော မြရဏဓမ္မော မရဏံ အနတီတော။

(အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ အဘိဏှ-၆၅)

သေရတယ်ဆိုတာ ငါသာလျှင် သေရတယ်မဟုတ်သေး။ လောက ရှိရှိသမျှသတ္တဝါအကုန်လုံး သေးခြင်းမှာ အဆုံးသတ်ပါတယ်။ သင်္ခါရလက္ခဏာ သုံးချက်မှာ ဝယလက္ခဏာမဟုတ်လား။ မရဏတရားဆိုတာ သင်္ခါရအားလုံးတို့ရဲ့ ဝယသဘော။ ဇာတိဆိုသည်ကား သင်္ခါရအားလုံးတို့ရဲ့ ဥပ္ပါဒသဘော။ ဇရာနဲ့ ဗျာဓိဆိုတာ သင်္ခါရအားလုံးတို့ရဲ့ အညတတ္တသဘော။

ဒါကြောင့် ပျက်တယ်ဆိုတဲ့သဘော ဝယသဘော။ အဲဒီ မရဏသဘော ထပ်တလဲလဲ ဆင်ခြင်နေတဲ့ပုဂ္ဂိုလ်သည် ငါသာ လျှင် သေရတာမဟုတ်သေး။ ငါသာလျှင် သေခြင်းကို မလွန် မြောက်နိုင်သည် မဟုတ်သေး။ သုံးလောကရှိနေတဲ့ သတ္တဝါမှန် သမျှ အကုန်လုံး တမြုံလုံး တပြင်လုံး သေကြရမှာချည်းပဲလို့ မိမိသူတပါး နှစ်ဦးသာ ထပ်တူထပ်မျှ ဆင်ခြင်လို့ရှိယင် မဂ္ဂေါ လောကီမဂ် လောကုတ္တရာမဂ်ဆိုတဲ့ မဂ်နှစ်ပါးသည်။ သဉ္ဇာယတိ၊ ဖြစ်ပွား၍ လာလေတော့၏။

မဂ်ဉာဏ်ဖြစ်ပေါ်လာလို့ရှိယင် အဲဒီမဂ်ကို ထပ်တလဲလဲ မှီဝဲတဲ့ ပုဂ္ဂိုလ်အား အနုသယတရား သံယောဇဉ်တရားတို့ဟာ ကင်း ပျောက်ကုန်တယ်။ မရဏသဘောဆိုတာ ဝယသဘောပါပဲ၊

ရုပ်တရားကြီးရဲ့ ပျက်စီးတဲ့သဘော၊ နာမ်တရားရဲ့ ပျက်စီးတဲ့ သဘော၊ အာယုလို့ခေါ်တဲ့ ရုပ်ဇီဝိတ နာမ်ဇီဝိတရဲ့ အနိစ္စအချက် ဥသ္မာလို့ခေါ်တဲ့ ကမ္မဇတေဇောရဲ့ အနိစ္စအချက်၊ ဝိညာဉ်ရဲ့အနိစ္စ အချက်၊ အဲဒါမရှဏာခေါ်တယ်။ အာယု ဥသ္မာ ဝိညာဉ် သုံးခုရဲ့ အနိစ္စရောက်ပုံ နှလုံးသွင်းယင် ဒို့ပရိသတ်၊ မရဏာဿတိ ဖြစ်ပါ တယ်နော်။

ပရမတ္ထဓာတ်သား ကျကျနန ဖော်ရှုတာမို့လို့ ဝိပဿနာလဲပဲ ဖြစ်ပါတယ်။ ရုပ်ဇီဝိတ နာမ်ဇီဝိတရဲ့ အနိစ္စ၊ ဥသ္မာဆိုတဲ့ အပူငွေ့ ကလေးရဲ့ အနိစ္စ၊ ဝိညာဉ်ဆိုတဲ့ဘာရားရဲ့ အနိစ္စ၊ ဒီတရားသုံးမျိုး ရဲ့ အနိစ္စလက္ခဏာ ကြပ်ကြပ်ဆင်ခြင်မိပြီဆိုယင်ဖြင့် မဂ္ဂေါ သဉ္ဇာယတိ၊ ဝိပဿနာမဂ်ဉာဏ် ဖြစ်ပေါ်လာပါတယ်။

တံ မဂ္ဂံ၊ အဲဒီမဂ်ကို။ အာသေဝတော၊ မှီဝဲမယ် ဆိုလို့ရှိ ယင်။ ဘာဝယတော၊ ထပ်တလဲလဲ ပွားများနေခဲ့မယ်ဆိုယင်။ ဗဟုလီကရောတော၊ ကြိမ်ဖန်များစွာ လေ့လာနေကြမယ် ဆို ယင်။ သံယောဇနာနိ၊ သံယောဇဉ်တို့သည်ရင်း။ အနုသယာ၊ အနုသယ တရားတို့သည်ရင်း။ သဗ္ဗသော၊ အကြွင်းအကျန် မရှိ သောအားဖြင့်။ ပဟီယန္တိ၊ ကင်းပျောက်ကြလေကုန်တော့၏။ ဒါမှမဟုတ် တနု ဝါ ပန၊ ခေါင်းပါးသည်လည်း။ ဟောတိ၊ ဖြစ်၏။

(ဃ) ငါတယောက်တဲသာ ခွဲခွာရတာမှ မဟုတ်ပဲ

သ ခေါ သော ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ။

(အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတပါဠိ၊ အဘိဏှ၊ ၆၅)

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့၊ သ ခေါ သော အရိယသာဝကော၊ ထိုကဲ့သို့ ဆင်ခြင်နေတဲ့ အရိယာရဲ့ တပည့်သည်၊ ဝါ၊ အရိယာဖြစ်ဖို့ရန် မျှော်မှန်းနေတဲ့ သာဝကသည်။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင် စဉ်းစားလေတော့၏၊

“န ခေါ မယှေဝေကဿ သဗ္ဗေဟိ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ။ အထ ခေါ ယာဝတာ သတ္တာနံ အာဂတိ ဂတိ စုတိ ဥပပတ္တိ၊ သဗ္ဗေသံ သတ္တာနံ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ”တိ။ တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော မဂ္ဂေါ သဉ္ဇာယတိ၊ သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ။ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ သဗ္ဗသော ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။

(အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတပါဠိ၊ အဘိဏှ၊ ၆၅)

မယှေဝေကဿ၊ ငါတယောက်တည်းသည်သာလျှင်။ ပိယေဟိ၊ ချစ်အပ်ကုန်သော။ မနာပေဟိ၊ စိတ်နှလုံးကို တိုးပွား

စေတတ်ကုန်သော။ သဗ္ဗဟိ၊ အလုံးစုံကုန်သော ပုဂ္ဂိုလ် သတ္တဝါသင်္ခါရတို့နှင့်။ နာနာဘာဝေါ ဝိနာဘာဝေါ၊ သေကွဲ ရှင်ကွဲ ခွဲရတယ်ဆိုတာ။ နာ၊ မဟုတ်သေး။

ချစ်တဲ့သူတွေနဲ့ခွဲရတယ်ဆိုတာ ငါတယောက်တဲမှ မဟုတ်ပဲ။

အထ ခေါ၊ အဟုတ်သော်ကား။ ယာဝတာ သတ္တာနံ အာဂတိ ဂတိ စုတိ ဥပပတ္တိ၊ သုံးလောကရှိနေတဲ့ စုတိပဋိသန္ဓေ မကင်းကြသေးတဲ့ သတ္တဝါမှန်သမျှ၊ သဗ္ဗေသံ သတ္တာနံ၊ အလုံးစုံကုန်သော သတ္တာဝါတို့အား။ ပိယေဟိ၊ ချစ်အပ်ကုန်သော။ မနာပေဟိ၊ ပီတိနှလုံးတို့ကို တိုးပွားစေတတ်ကုန်သော။ နာနာဘာဝေါ ဝိဘာဝေါ၊ သေကွဲ ရှင်ကွဲ ခွဲရတယ်ဆိုတာ။ ဟောန္တိ၊ ဖြစ်ကုန်တော့၏။

ဣတိ၊ ဤသို့။ တံ ဌာနံ၊ ထိုအကြောင်းအရာကို။ အဘိဏှံ၊ အမြဲတမ်းသာလျှင်။ ပစ္စဝေက္ခတော၊ ငါတွင်မဟုတ်ပဲ သုံးလောကရှိသမျှ သတ္တဝါမှန်သမျှ တနေ့အကုန်လုံး ခွဲကြရမယ် ဆိုတဲ့ အချက်ကို ဆင်ခြင်၍နေသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ် အား။ မဂ္ဂေါ၊ လောကီမဂ် လောကုတ္တရာမဂ်ဆိုတဲ့ တရားသည်။ သဉ္ဇာယတိ၊ ဖြစ်ပွား၍ လာလေတော့၏။

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ တံ မဂ္ဂံ၊ ထိုဖြစ်ပွား၍ လာတဲ့ လောကီမဂ် လောကုတ္တရာမဂ်ကို။ အာသေဝတိ၊ မှီဝဲ၏။ ဘာဝေတိ၊ ပွားများ၏။ ဗဟုလီကရောတိ၊ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။ တံ မဂ္ဂံ၊ ထိုကဲ့သို့ ဖြစ်လာတဲ့မဂ်ကို။ အာသေဝတော၊ မှီဝဲ၍နေသော။ ဘာဝယတော၊ ပွားများ၍ နေသော။ ဗဟုလီကရောတော၊ ကြိမ်ဖန်များစွာ အလေ့အလာ

ပြု၍ နေသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ (ဝါ) ထိုယောဂီပုဂ္ဂိုလ်၏။ သံယောဇနာနိ၊ သံယောဇဉ်ကြိုး ဆယ်မျိုးတို့သည်။ သဗ္ဗသော၊ အကြွင်းအကျန် မရှိတဲ့အားဖြင့်။ ပဟီယန္တိ၊ ကင်းပျောက်ကြလေကုန်တော့၏။ အနုသယာ၊ အနုသယတရားခုနစ်ပါးတို့သည်။ ဗျန္တိ၊ ကင်းကွာ၍ သွားကြလေကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်တော့၏။

## (င) ကံပေးသမျှ ငါတယောက်တဲ့မှ မဟုတ်ပဲ

သ ခေါ သော ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ၊ န ခေါ အဟမေဝေကော ကမ္မဿကော ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပ္ပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမိ။ အထ ခေါ ယာဝတာ သတ္တာနံ။

(အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ ပါဠိ၊ အဘိဏှ-၃၆)

အစရှိသည့်ဖြင့် သ ခေါ သော အရိယသာဝကော၊ ထိုအရိယာ၏ တပည့်သည်။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်စဉ်းစားလေတော့၏။

အဟမေဝေကော၊ ငါတယောက်တည်းကသာလျှင်။ ကမ္မဿကော၊ ကံသာလျှင် ငါ့ပိုင်တဲ့ ဥစ္စာရှိသည်။ ကမ္မဒါယာဒေါ၊ ကံပေးသမျှ ရယူရသည်။ န အမှိ၊ မဟုတ်သေးပါ။

ကံပေးသမျှ ရဆိုတာ ငါတယောက်တဲ့ မဟုတ်ဘူး။ ငါ တယောက်တဲမှ ကံကနိုပ်စက်တယ်၊ ကျန်တဲ့လူတွေကျတော့ ဖြဟ္မာ ဗိဿကြိုး ဘာညာတွေက စောင့်ရှောက်တယ်လို့ ထင်ခဲ့ယင် တဖြည်းဖြည်း ကိုယ့်ကံကိုယ်ယုံတဲ့ ဉာဏ်လေးပါ ဟိုဘက်ယိုင် သွားရော။ အဲဒါကြောင့် ကံတရားပေးသမျှ ရတယ်ယူတယ် ဆိုဘာ ငါတယောက်တဲ မဟုတ်ဘူး၊ သူတို့လဲ ကံပေးသမျှ ရတာပါပဲ။ အဲဒီလို အချား မိမိနဲ့ထပ်တူ ထားခဲ့ယင် မိမိလဲပဲ အများလုပ်နေတဲ့နောက်ကို ယောင်ပြီးတော့ မလိုက်တော့ဘူး ပေါ့ခနော်။

မိမိရဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ဟာ သတ္တလောကကြီး တခုလုံးအပေါ်ကို ကျယ်ပြန့်သွားတဲ့အတွက်ကြောင့် အဲဒီအချိန် မှာ ပဋိစ္စသမုပ္ပါဒ်ဉာဏ်များတောင် ရလာပါလိမ့်မယ်။ ဘဝ ပစ္စယာ ဇာတိဆို မဟုတ်လား။ ဘဝပစ္စယာ၊ ကမ္မဘဝဆိုတဲ့ စေတနာကြောင့်။ ဇာတိ၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးဖြစ်တယ် ဆိုတဲ့ ဇာတိဒုက္ခ ကြီးလာတယ်။ အဲဒီလို ပဋိစ္စ သမုပ္ပါဒ် ဉာဏ်မှာ တခါတဲဝင်ပြီးတော့—

တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော မဂ္ဂေါ သဉ္ဇာယတိ။

(အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတပါဠိ၊ အဘိဏှ-၆၆)

လောကီဝိပဿနာမဂ်သည် ဖြစ်ပွား၍လာလေတော့၏။

တံ မဂ္ဂံ၊ အဲဒီဝိပဿနာမဂ်ကို။ ပစ္စဝေက္ခတော၊ ဆင်ခြင်၍ နေသော။ အာသေဝတော၊ မှီဝဲ၍နေသော။ ဘာဝယတော၊

ပွားများ၍နေသော။ တဿ၊ ယောဂီပုဂ္ဂိုလ်အား။ သံယော ဇနာနိ၊ ကမ္မသကတာ သမ္မာဒိဋ္ဌိရဲ့ ပြောင်းပြန်ဖြစ်နေတဲ့ နတ္ထိက မိစ္ဆာဒိဋ္ဌိလို့ခေါ်တဲ့ သံယောဇဉ်တွေဟာ။ ပဟီယန္တိ၊ ကင်း ပျောက်ကြလေကုန်တော့၏။

"ကံဘုရား ကြုပ်ကြုပ်နှလုံးသွင်း၊ ကမ္မသကတာ သမ္မာဒိဋ္ဌိ ဝင်ယင် နတ္ထိကဒိဋ္ဌိ ရှိအုံးမှာလား"

"မရှိတော့ပါဘုရား"

"အေး—နတ္ထိကဒိဋ္ဌိတို့၊ အဟေတုကဒိဋ္ဌိတို့၊ အကိရိယဒိဋ္ဌိတို့ တခါတဲ ရှင်း၊ အဲဒါကိုပင်လျှင်—

သံယောဇနာနိ၊ သံယောဇဉ်တို့သည်။ ပဟီယန္တိ၊ ကင်း ပျောက်ကြလေကုန်တော့၏။ အနုသယာ၊ အနုသယတရားတို့ သည်။ ဗျန္တိ၊ ကင်းကွာကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။

(အင်္ဂုတ္တရနိကာယ၊ ဆက္ကနိပါတပါဠိ၊ အဘိဏှ-၆၆)

သံယောဇဉ်တွေ မကုန်သေးတောင်မှ ခေါင်းပါးသွားပြီ။ ကံတရား ဆင်ခြင်၊ ကမ္မသကတာ သမ္မာဒိဋ္ဌိဝင်တဲ့အတွက်ကြောင့် ဒိဋ္ဌိသံယောဇဉ်ကင်းသွားပါတယ်၊ ဒိဋ္ဌာနုသယ ရှင်းသွားပါ တယ်။ ကမ္မသကတာ သမ္မာဒိဋ္ဌိဉာဏ် ရင့်သန်လာတဲ့ အချိန်မှာ နော်။ အဲဒီ အကျိုးမျှော်ကို ပြီးတော့လဲပဲ ဒီလိုဆင်ခြင်ရပါ တယ်တဲ့။

ဣတိ ဣမံ အဋ္ဌသံ၊ ဤပြောပြထားခဲ့တဲ့ အကျိုးထူး တရားငါးပါးကို။ သမ္ပဿံ-သမ္ပဿန္တော၊ ကောင်းစွာမြော်မြင် ဆင်ခြင်အပ်သည်ဖြစ်၍။ (ဝါ) ဆင်ခြင်မိသည်ဖြစ်၍။ ဣမာနိ

ပဉ္စ အဘိဏှ ပစ္စဝေက္ခိတဗ္ဗဋ္ဌာနာနိ၊ အမြဲတမ်းဆင်ခြင်ရပါတယ် ဆိုတဲ့ အဘိဏှပစ္စဝေက္ခိတဗ္ဗ ဓမ္မကထာဒေသနာတော်ကို။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဒေသေတိ၊ ကရုဏာရှေ့သွား မေတ္တာအားဖြင့် ဟောကြားတော်မူလိုက်ပါပေသတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

ဒီသုတ္တန်ထဲမှ ယခုနောက်ဆုံးအပိုဒ်မှာ ဆင်ခြင်ရမဲ့ အချက်များနဲ့တကွ အကျိုးတရားတွေ အတွဲလိုက်ပြသွားပါတယ်။

(၁) နခေါ အဟညေဝေကော ဇရာဓမ္မော ဇရံ အနတီတော ငါတယောက်တဲသာလျှင် အိုရတာမှမဟုတ်ပဲ၊ သတ္တဝါ မှန်သမျှ အကုန်လုံး အိုကြရမှာချည်းပဲ။ အဲဒီလိုလဲ အများနဲ့ငါနဲ့ ထပ်တူသား ဆင်ခြင်လိုက်။

(၂) နခေါ အဟညေဝေကော ဗျာဓိဓမ္မော ဗျာဓိံ အနတီတော၊ ငါတယောက်တဲ ရုပ်ဍကတဲက အနာရောဂါရလာတာ မဟုတ်ပဲ၊ အများနဲ့ မိမိ ထပ်တူသား ဆင်ခြင်လိုက်။

(၃) နခေါ အဟညေဝေကော မရဏဓမ္မော မရဏံ အနတီတော၊ ငါတယောက်တဲ သေရတာမှမဟုတ်ပဲ၊ သုံးလောကရှိသမျှသတ္တဝါမှန်သမျှ သေခြင်းမှာ အဆုံးသတ်တယ်။ မိမိနဲ့ သူတပါး နှစ်ဦးသား ထင်တူထား၊ အဲဒီလိုလဲ ဆင်ခြင်ပါ။

(၄) နခေါ မယှေဝေကဿ သဗ္ဗေဟိ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ၊ ချစ်တဲ့သူတွေနဲ့ ခွဲကြရတယ်ဆိုတာ ငါတယောက်တဲမှ မဟုတ်ပဲ၊ အချစ်နှင့်တဲ့သတ္တဝါ

မှန်သမျှ အကုန်လုံး ခွဲရတာမှာ အဆုံးသတ်တယ်။ အဲဒီလိုလဲ ဆင်ခြင်ပါ။

(၅) နခေါ်အဟညေဝေကော ကမ္မဿကော အစရှိသည်ဖြင့် ငါတယောက်တဲသာလျှင် ကံပေးသမျှ ရတာယူတာမှ မဟုတ်ပဲ၊ အများ သူငါတွေလဲပဲ ကံပေးသမျှ ရကြယူကြရတာချည်းပဲ။ အဲဒီလိုလဲ ဆင်ခြင်ပါ။

အဲဒီလို ငါးမျိုးဆင်ခြင်ကြည့်မယ်ဆိုယင်ဖြင့် မဂ္ဂေါ သဉ္ဇာယတိ၊ မဂ်ဉာဏ်ရောက်လာပါလိမ့်မယ်။ အဲဒီလို ရောက်လာတဲ့ မဂ်ဉာဏ်ကို ထပ်ကာ ထပ်ကာပွားများယင်ဖြင့် သံယောဇဉ်ဆယ်ပါး ကင်းကွာသွားပါလိမ့်မယ်။ သံယောဇဉ်ဆယ်ပါး ကင်းကွာရုံနဲ့ မပြီးပါပဲနဲ့ အနုသယတရားခုနစ်ပါးတို့ပါ ကင်းကွာ၍ သွားကြပါလိမ့်မယ်လို့ ဆင်ခြင်ခြင်းတရားငါးပါးနဲ့ဘက္ကအကျိုးတရားငါးပါး နောက်ဆုံ အပိုဒ်ကျတော့ အတွဲလိုက် မြပါတယ်။

ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ဣတိ၊ ဤသို့။ အဘိဏှပစ္စဝေက္ခိတဗ္ဗဋ္ဌာနာနိ၊ အမြဲတမ်းသာလျှင် ဆင်ခြင်ရပါမယ်ဆိုတဲ့ အကြောင်းတရားတို့သည်ကား။ ဣမာနိ ပဥ္စ၊ ဤငါးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်တော့၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းမောင်း သဒ္ဓေးကျောင်း၌။ ဘိက္ခူ၊ (ဓမ္မသဝနာ) တရားနာဘို့ရန်အလို့ငှာ ကြွရောက်လာကြတဲ့ ရဟန်းတော်အရှင်မြတ်တို့ကို။ ဣမာနိ အဘိဏှပစ္စဝေက္ခိတဗ္ဗဒေသနာနိ၊ ဤဆင်ခြင်

ရမည့် အချက်ငါးချက်ကို ဖော်ပြတဲ့ အဘိဏှ ပစ္စဝေက္ခဏတဗ္ဗ ဒေသနာတော်ကို။ ဒေသေတိ၊ ကရုဏာရွှေထား မေတ္တာအားဖြင့် ဟောကြားတော်မူလိုက်ပါပေတော့သတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

အေး–အဘိဏှပစ္စဝေက္ခဏတဗ္ဗသုတ္တန်တရား အစအဆုံး အကုန်လုံး အပြီးသို့ရောက်ပြီ။ ဒွိပရိသတ်၊ ခုနကသံပေါက်ကလေးတွေ ပြန်နှလုံးသွင်း။ ထွင့်ခေါင်ဆရာတော်ရဲ့သံပေါက် လေးခုနော်။ ကိုင်း–တခေါက်တိုင်ပေးမယ် သုံးခေါက်ဆို။

"နုနယ်ရုပ်ဆင်း၊ ပျိုမျစ်ခြင်းကား၊ အိုခြင်း နောက်ဆုံး ရှိချေသည်တကား"

"နုနယ်ရုပ်ဆင်း၊ ပျိုမျစ်ခြင်းကား၊ အိုခြင်း နောက်ဆုံး ရှိချေသည်တကား" (သုံးကြိမ်)

"ရောဂါကင်းရှင်း၊ ကျန်းမာခြင်းကား၊ နာခြင်း နောက်ဆုံး ရှိချေသည်တကား"

"ရောဂါကင်းရှင်း၊ ကျန်းမာခြင်းကား၊ နာခြင်း နောက်ဆုံး ရှိချေသည်တကား" (သုံးကြိမ်)

"ဇီဝိန်တင်းလင်း၊ သက်ရှင်ခြင်းကား၊ သေခြင်း နောက်ဆုံး ရှိချေသည်တကား"

"ဇီဝိန်တင်းလင်း၊ သက်ရှင်ခြင်းကား၊ သေခြင်း နောက်ဆုံး ရှိချေသည်တကား" (သုံးကြိမ်)

"ချစ်ခင် ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေ့ကွင်း နှောက်ဆုံး ရှိချေသည်တကား "

"ချစ်ခင် ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေ့ကွင်း နောက်ဆုံးရှိချေသည်တကား" (သုံးကြိမ်)

(တရားသိမ်း နိဂုံးဂါထာ)

အဘိဓမ္မာပစ္စဝေက္ခဏာဗုဒ္ဓသုတ္တန် တရားတော် စာအုပ်ကို ရန်ကုန်မြို့၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် ၇-နေ မိဘများ အမှူးပြုသော ဦးကြူး-ဒေါ်ခင်မြင့် တို့၏ မ-တည် ပဒေသာပင် ရန်ပုံငွေဖြင့် ထုတ်လုပ်၍ ဤစာအုပ်မှ ဖြစ်ပေါ်လာသော ဓမ္မပူဇာတို့ကို သဲကုန်မြို့ သံဃာ့ဆေးရုံတွင် တက်ရောက်ကုသတော်မူကြသော ဂိလာနရဟန်းတော်များအား ဆေးပစ္စည်းအလို့ငှာ လှူဒါန်းပါ၏။